7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၂မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်

ဂ ရက် သတင်းဂျာနယ်
# 7 DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၂)၊ အမှတ်(၂၂) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်၊ ဗုဒ္ဓဟူး ၊ (ဩဂုတ် ၇ ၊ ၂၀၁၃)

TRI
LIVES BRILLIANTLY



ရှစ်လေးလုံးအရေးတော်ပုံ အထူးသတင်းပေးပို့ချက်များ

# ရှစ်လေးလုံး အရေးတော်ပုံအပြီး ၂၅နှစ်အကြာ

အိဖြူလွင်၊ ရန်မျိုးနိုင်

"နိုင်ငံတော်တစ်ဝန်းလုံးတွင် အဘက်ဘက်မှ ယိုယွင်းနေသော အခြေအနေကို အချိန်မီထိန်းသိမ်းနိုင်ရန်အတွက် ပြည်သူပြည်သားအားလုံးအကျိုးငှာ တပ်မတော်သည် အောက်ပါလက်ငင်းတာဝန်များကိုထမ်းဆောင်ရန်ယနေ့မှစ၍ နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို လုံးဝတာဝန်ယူလိုက်သည်. . . "ဆိုသည့်

၁၉၈၈ခုနှစ်စက်တင်ဘာလ ၁၈ရက် တနင်္ဂနွေနေ့မြန်မာစံတော်ချိန် ညနေ ၄နာရီတွင် မြန်မာ့အသံမှ အမျိုးသားတစ်ဦး၏ လေးနက်စွာ ကြေညာသံထွက်ပေါ်လာချိန်တွင် ၂၂နှစ်တာကြာမြင့်မည့် စစ်အာဏာရှင်လက်အောက်သို့မြန်မာတစ်နိုင်ငံလုံး ကျရောက်သွားပြီဖြစ်သည်။

စာ(၈)သို့

ရှစ်လေးလုံးအရေးတော်ပုံကာလ ရန်ကုန်မြို့လယ်တစ်နေရာတွင် တစ်ပါတီအာဏာရှင်စနစ်ကို ဆန့်ကျင်ဆန္ဒပြနေသော ပြည်သူများ

## ကျောင်းသားတို့၏ မြေအောက်တိုက်ပွဲ

ဥက္ကာကိုကို၊ သန်းဌေး

ရဲစခန်းအချင်းချင်းပေးပို့သည့် ဖမ်းဆီးရမည့်လူစာရင်း၌ အမည်တစ်ခုအား မြို့နယ်ချင်းမှားယွင်းထည့်သွင်းခဲ့ခြင်းက နောက်ဆုံးနှစ်ရူပဗေဒကျောင်းသား ကိုကျော်မင်းယုကို ပြည်သူ့အရေးတော်ပုံကြီးတွင် ဆက်လက်ပါဝင်ဆင်နွှဲရန် ကံကြမ္မာက တာဝန်ပေးအပ်လိုက်ခြင်းဟု ဆိုရပါမည်။

သွေးလွှမ်းသောတံတားနီအရေးအခင်း(၁၉၈၈မတ်လ၁၆)ရက်နေ့နောက်ပိုင်းတွင် သူအပါအဝင် ကျောင်းသား ကျောင်းသူများစွာ၊ ပြည်သူများစွာအတွက် နောက်ထပ်သွေးလွှမ်းသည့် အိပ်မက်ဆိုးများ ရေတွက်မရအောင် ပေါ်ပေါက်လာတော့ပါမည်။ လူငယ်တွေစိတ်ဓာတ်များ တက်ကြွနေသော်လည်း လေထုက ညို့ငင်ထိုင်းမှိုင်းလျက်။

အချပ်ပို(F)သို့

## ရဲသားကြီးတွေ တာဝန်ကျေဖို့လိုပြီ

အောင်သစ်လွင်

မှုခင်းဖြစ်စဉ်များတွင် မှားယွင်းဖမ်းဆီးခြင်း၊ အထက်အရာရှိအချို့၏ ဖိအားကြောင့် သံသယရှိသူကို တရားခံအဖြစ်ထွက်ဆိုဝန်ခံစေခြင်း၊

စာ(၈)သို့

## တတိယလှိုင်းတွင်ပါခဲ့သော်လည်း

အောင်သူရ

ကမ္ဘာတွင် ဒီမိုကရေစီပြောင်းလဲမှုလှိုင်းလုံး သုံးလုံးရှိခဲ့ရာ ရှစ်လေးလုံးအရေးတော်ပုံမှာ တတိယလှိုင်းတွင် ပါဝင်ခဲ့သော်လည်း မြန်မာမှာ ဒီမိုကရေစီနိုင်ငံအဖြစ်သို့ မကူးပြောင်းနိုင်ခဲ့

"စစ်တပ်ဆိုတာ ပစ်ရင်မှန်အောင်ပစ်တယ်။ မိုးပေါ် ထောင်ပြီးခြောက်တာ မပါဘူး" ဟု အာဏာရှင် ဦးနေဝင်း၏စိန်ခေါ်သံကို ၁၉၈၈ ဇူလိုင် ၂၃ရက် ညစနာရီသတင်းမှ ပြည်သူများအားလုံး ကြားခဲ့ရသည်။

အချပ်ပို(G)သို့

## အစွန်းရောက်ရာသီဥတုကိုရင်ဆိုင်ရန် အစိုးရအမြဲနောက်ကျ

အချပ်ပို(H)သို့



7 DAY NEWS JOURNAL
Vol.12, No.22 • AUGUST 7 , 2013

# အခြေခံဥပဒေကို မပြင်သမျှ မြန်မာ – အမေရိကန်ဆက်ဆံရေး ပုံမှန်မရောက်နိုင်

**ထားထားမြင့်**

**ဝါရှင်တန်၊ ဩဂုတ်-၂**

မြောက်ကိုရီးယားနှင့် ဆက်ဆံရေးကို အဆုံးမသတ်သမျှ ကချင်နှင့် အခြားတိုင်းရင်းသားလူမျိုးများနှင့် ငြိမ်းချမ်းရေး မရသမျှ အမေရိကန်နှင့် မြန်မာ ဆက်ဆံရေးသည် အပြည့်အဝပုံမှန်အခြေအနေသို့ ရောက်ရှိမည်မဟုတ်ကြောင်း အမေရိကန်အထက်လွှတ်တော်အမတ် မက်ကော်နယ်လ်က ကြေညာထုတ်ချက်ထုတ်ပြန်လိုက်သည်။

အရပ်သားအစိုးရကို စစ်တပ်က လက်မခံသမျှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်မဖော်နိုင်သမျှ အမေရိကန်-မြန်မာစစ်ရေးဆက်ဆံရေး အကန်အသတ်ဖြင့်သာ ရှိသွားမည်ဟု ၎င်းကဆိုသည်။



*ဒေါ်အောင်ဆန်းစုကြည်၊ မက်ကော်နယ်လ်နှင့် ကန်လွှတ်တော်အမတ်တစ်ဦး*

စစ်တပ်ကို အရပ်သားအစိုးရလက်အောက်တွင်ထားရှိရေးအပါအဝင် မြန်မာနိုင်ငံအခြေခံဥပဒေတွင်ပြန်လည်ပြုပြင်သင့်သည့် အချက်လေးချက် ပါဝင်သော ကြေညာချက်ကို ကြာသာပတေးနေ့က အမေရိကန်လွှတ်တော်တွင် မက်ကော်နယ်လ်သမ္မတ အိုဘားမားဆီသို့ လျှောက်လဲ ထုတ်ပြန်ခဲ့သည်။

ပြန်လည်ပြုပြင်ပြောင်းလဲရေးပုံစံအရ တပ်မတော်ကို အရပ်သားအစိုးရအုပ်ချုပ်မှုအောက်တွင် ထားရှိရန်လိုအပ်လာပြီဖြစ်ပြီး လက်ရှိသမ္မတ ဦးသိန်းစိန်သည် ထိန်းချုပ်နိုင်သည့် အာဏာမရှိကြောင်း အခြေခံဥပဒေအရ သမ္မတသည် စစ်တပ်၏ အကြီးအကဲမဟုတ်ဘဲ သီးခြားဖြစ်နေသည်ဟု မက်ကော်နယ်လ်ကဆိုသည်။ ထိုသို့ထိန်းချုပ်နိုင်သည့် အာဏာမရှိသည့်အတွက် မြောက်ကိုရီးယားအရေးနှင့် ငြိမ်းချမ်းရေးကိစ္စများတွင် မြန်မာစစ်တပ်က စိတ်တိုင်းကျ လုပ်ကိုင်နေသည်ဟု မက်ကော်နယ်လ်က ထောက်ပြခဲ့သည်။

မြန်မာနိုင်ငံ၏ ပြောင်းလဲမှုများကို တစ်ကမ္ဘာလုံးက စောင့်ကြည့်ခဲ့ကြပြီး မြန်မာနိုင်ငံ၏ လက်ရှိတည်ရှိနေသော အဓိကပြဿနာမှာ အခြေခံဥပဒေ ပြုပြင်ပြောင်းလဲရန်လိုအပ်ချက်ပင်ဖြစ်သည်ဟု ၎င်းက ထောက်ပြသည်။

အခြေခံဥပဒေတွင် စစ်တပ်က ထိန်းချုပ်နေမှု၊ ခေါင်းဆောင်ကို လွတ်လပ်စွာ ရွေးချယ်ခွင့်မရှိမှု၊ တရားစီရင်ရေးစနစ်လွတ်လပ်စွာမရှိမှုနှင့် တိုင်းရင်းသားများကို အခြေခံဥပဒေအရ ကာကွယ်ခြင်းမရှိသည့်အချက်တို့ကို အဓိကပြုပြင်သင့်သော အချက်များအဖြစ် လွှတ်တော်အမတ် မက်ကော်နယ်လ်က တင်သွင်းထောက်ပြသွားပါသည်။

# ဂျပန်တွင်ပြုလုပ်မည့် လုပ်ငန်းခွင်ဘေးကင်းရေးသင်တန်း မြန်မာမှ သုံးဦးတက်ရောက်မည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ဩဂုတ်-၃**

ဂျပန်နိုင်ငံတွင် ၁၂ ရက်ကြာ ပြုလုပ်မည့် လုပ်ငန်းခွင်ဘေးကင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှု (Occupational Safety and Health Management) သင်တန်းသို့မြန်မာနိုင်ငံမှ သုံးဦးတက်ရောက်ရန် ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) အသင်းဝင်များထဲမှ ရွေးချယ်စေလွှတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယင်းသင်တန်းကို ဂျပန်နိုင်ငံ ပင်လယ်ရပ်ခြားကျွမ်းကျင်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်နှင့် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ HIDA (ယခင် AOTS) မှ ကြီးမှူးကျင်းပမည်ဖြစ်သည်။

ယင်းကို ဂျပန်နိုင်ငံ အိုဆာကာမြို့ Kansai Kenshu Center တွင် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၇ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

သင်တန်းသားများ ရွေးချယ်ရာတွင် ဘွဲ့ရရှိပြီး အင်္ဂလိပ်စာ စကား ကျွမ်းကျင်စွာရေးသားပြောဆိုနိုင်သူ အသက်(၂၆)နှစ်မှ ၄၅ နှစ်အတွင်းရှိ သင်တန်းခေါင်းစဉ်နှင့် သက်ဆိုင်သည့် လုပ်ငန်းအတွေ့အကြုံရှိသူ အကြီးတန်းမန်နေဂျာများနှင့် Occupational Safety Health (OSH) Management နှင့်ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံရှိသူများကို ဦးစားပေးသွားမည်ဖြစ်သည်။

သို့သော် လျှောက်ထားသူမှာ ပြီးခဲ့သော ငါးနှစ်အတွင်း ဂျပန်နိုင်ငံတွင် ကျင်းပခဲ့သည့် Employer's Organization Cooperation Programs သို့ တက်ရောက်ဖူးခြင်းမရှိသူ မည်သူမဆို လျှောက်ထားနိုင်မည်ဖြစ်သည်။

ရွေးချယ်ခံရသော သင်တန်းသားများအတွက် လေယာဉ်စရိတ်နှင့် နေထိုင်စားသောက်စရိတ် အဝဝကို HIDA မှ ကျခံပေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်လိုသူများမှာ လျှောက်လွှာတစ်စောင်လျှင် ၂၀၀ ကျပ်နှုန်းဖြင့် UMFCCI ရှိ HRD ဌာနတွင် လာရောက်ထုတ်ယူဖြည့်စွက်ပြီး ဩဂုတ် ၁၂ ရက်အထိ လျှောက်ထားနိုင်မည်ဖြစ်သည်။

# ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရန်ကုန်) ပြန်လည်ရွေးချယ်

**အောင်သူရ**

**ရန်ကုန်၊ဩဂုတ်-၃**

ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်)၏ အလုပ်အမှုဆောင်ပြန်လည်ရွေးချယ်ရာတွင် အတွင်းရေးမှူးရာထူးသာ အပြောင်းအလဲဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။

ယခင်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သောဦးသီဟအောင်မှာ ယခုနှစ် ပြန်လည်ရွေးချယ်ရာတွင် ဒုဥက္ကဋ္ဌအဖြစ်ပြန်လည်ရွေးချယ်ခံရပြီး လစ်လပ်သွားသော အတွင်းရေးမှူးရာထူးအတွက် ဦးပြည့်ဖြိုးဦး(ဖိုးစိန်ဟိုတယ်) အရွေးချယ်ခံရကြောင်းသတင်းရရှိသည်။

“ဒီနှစ်ထူးခြားတာက ဇဟိုအလုပ်မှုဆောင်ရာထူးက အရင်လို ၂ နှစ်မဟုတ်တော့ဘဲ ၃ နှစ်ဖြစ်သွားတယ်။ ဇဟိုအလုပ်အမှုဆောင်အဖွဲ့ကိုလည်း အရင် ၂၂ ယောက်ကနေ ၂၇ ယောက်တိုးချဲ့လိုက်တယ်”ဟု ဒုဥက္ကဋ္ဌအဖြစ် အရွေးခံရသော ဦးသီဟအောင်ကပြောသည်။

မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်)တွင် ဇဟိုအလုပ်မှုဆောင်အဖြစ် ပြန်လည်အရွေးခံရသူများမှာ ဥက္ကဋ္ဌဦးတင်ဝင်း၊ ဒုဥက္ကဋ္ဌငါးဦးမှာ ဦးမောင်မောင်၊ ဦးသိန်းဝင်း၊ ဦးတင်မြင့်၊ ဦးခင်မောင်ပြုံးနှင့် ဦးသီဟအောင်တို့ဖြစ်ပြီး အတွင်းရေးမှူးအဖွဲ့တွင် ဦးပြည့်ဖြိုးအောင်၊ ဦးနေအောင်ကို၊ဦးနေဇော်အောင်နှင့် ဒေါ်သိဂီလင်းတို့ဖြစ်သည်။






7 DAY NEWS JOURNAL
Vol.12, No.22 • AUGUST 7 , 2013

# ပုဂံတွင် လုယက်မှုများ မကြာခဏဖြစ်ပွားနေ၍ ခရီးသွားလုပ်ငန်းထိခိုက်မည်ကို ပူပန်နေ

**ငြိမ်းချမ်း**

**ရန်ကုန်၊ ဩဂုတ်-၅**

ရှေးဟောင်းမြို့တော်ပုဂံညောင်ဦးမြို့တွင် ယခုနှစ်အတွင်း နိုင်ငံခြားခရီးသွားများထံမှ ပစ္စည်းလုယက်မှုခုနစ်ကြိမ်ဆက်တိုက်ဖြစ်ပွားခဲ့ခြင်းကြောင့် ခရီးသွားလုပ်ငန်းအပေါ် ထိခိုက်မည်ကိုဒေသခံအများစုနှင့် ခရီးသွားလုပ်ငန်းရှင်အချို့ စိုးရိမ်နေကြသည်။

“ဒီလိုအမှုတွေဖြစ်နေတော့ လာမယ့်ရာသီမှာဝင်လာမယ့်ဧည့်သည်ကတော့ အနည်းငယ်လျော့ကျသွားနိုင်တာပေါ့။ ရဲတွေရော၊ ခရီးသွားနဲ့ သက်ဆိုင်တဲ့ဌာနတွေရော မနားတမ်းလုပ်နေတဲ့ကြားကကို အခုလိုဖြစ်နေတာ”ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဦးစီးဌာန (ပုဂံဇုန်)ဦးစီးအရာရှိ ဦးအောင်ဇော်မိုးကပြောသည်။

ပုဂံဒေသသည် ခရီးသွားလုပ်ငန်းကိုသာ မှီခို၍ စီးပွားရေးလုပ်ငန်းများအများစုလုပ်ကိုင်နေပြီး ဟိုယခင်နှစ်များတွင် ခရီးသွားများအပေါ် ပစ္စည်းလုယူမှုများမရှိဘဲ ကူညီစောင့်ရှောက်မှုများသာရှိခဲ့သည်။ သို့သော်ယခုနှစ်ပိုင်းအတွင်းလုယက်မှုမကြာခဏဖြစ်ပွားနေ၍ ခရီးသွားများသာမက ဒေသခံများပင် စိုးရိမ်ပူပန်လာသည်။

ဩဂုတ် ၃ ရက်ည ၇ နာရီတွင် ဆူးလေကုန်းအုပ်စုများအနီး၌ ပြင်သစ်နိုင်ငံသူတစ်ဦးကို တုတ်ဖြင့်ရိုက်၍ ပစ္စည်းများလုယူခံရပြီး ယခုနှစ်တွင် ခုနစ်လအတွင်း ပုဂံ ညောင်ဦးသို့လာရောက်သော ကမ္ဘာလှည့် ခရီးသွားများထံမှ ပစ္စည်းလုယူမှုခုနစ်ကြိမ်မြောက်ဖြစ်ပွားခဲ့ပါသည်။ အဆိုပါဖြစ်ပွားမှုခုနစ်မှုတွင် နှစ်မှုတွင်သာ တရားခံများကို ဖမ်းဆီးမိခဲ့သည်။ အဆိုပါနှစ်မှုတွင် တစ်မှုမှာ အသက် ၁၉ နှစ်အရွယ် ၉ တန်း ကျောင်းသား ၃ ဦးဖြစ်နေပြီး ကျန်တစ်မှုမှာ အသက်နှစ်ဆယ် လူငယ်တစ်ဦးဖြစ်သည်။

အမှုအများစုတွင် တရားခံများကို ဖမ်းဆီးနိုင်ခြင်းမရှိသောကြောင့် ယခုလိုပစ္စည်းလုယူမှုများ ဆက်တိုက်ဖြစ် ပေါ်နေခြင်း ဖြစ်ကြောင်း ပြောဆိုမှုများရှိလာသည်။ “အရင်အမှုတွေကလည်း ကောင်းကောင်းမမိတော့လုပ်မယ့်သူက ပိုလုပ်ရဲလာတယ်လို့ထင်တယ်။ အမှုတိုင်းကို မိတယ်ဆိုရင် လုပ်မယ့်သူကလည်း မလုပ်ရဲတော့ဘူးပေါ့။ ဆက်ဖြစ်နေရင် ဧည့်သည်အဝင်တွေ ထိခိုက်နိုင်တယ်။ ပုဂံကိုလာရင်လည်းအနည်းငယ်ကြောက်စိတ်ဝင်နေမယ်”ဟု မြန်မာနိုင်ငံဧည့်လမ်းညွှန်များ အသင်းဥက္ကဋ္ဌ၊ ပုဂံဒေသတွင်း ဧည့်လမ်းညွှန်များအသင်း ဥက္ကဋ္ဌ ဦးဇော်ဝင်းချိုက ပြောသည်။

ပုဂံဒေသတွင် ရဲအင်အားမလုံလောက်ခြင်း၊ လမ်းဘေးမီးတိုင်များမရှိခြင်း၊ ခရီးသွားများ စောင့်ရှောက်သော ရဲတပ်ဖွဲ့များမှာ နာမည်ကြီးဘုရားများတွင်သာလုံခြုံရေးယူခြင်းနှင့် ပုဂံဒေသတွင် လူငယ်များအကြားမူးယစ်ဆေးဝါးများပျံ့နှံ့လာပြီး ယခုဖြစ်ပွားခဲ့သောအမှုများမှာ လူငယ်အများစုဖြစ်နေခြင်းကြောင့် လာရောက်မည့်ခရီးသွားများအတွက် ခရီးသွားလုပ်ငန်းကျွမ်းကျင်သူများက စိုးရိမ်နေကြသည်။

“ဖြစ်နေတာက လူပြတ်တဲ့နေရာတွေမှာဖြစ်နေတာ။ အဓိကစက်ဘီးစီးတဲ့ နိုင်ငံခြားသားတွေဖြစ်နေတာ။ လူစည်ကားတဲ့နေရာတွေမှာ လုံခြုံရေးယူတော့ ဘာထူးမှာလဲ”ဟု ပုဂံရှေးဟောင်းယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ဦးဝင်းမောင်က ပြောသည်။



*ဆည်းဆာချိန်အလှကို ရွှေဆံတော်ဘုရားပေါ်မှ မှတ်တမ်းတင် ရှုစားနေသော ကမ္ဘာလှည့်ခရီးသွားများ* ဓာတ်ပုံ - ငြိမ်းချမ်း

ပုဂံညောင်ဦးသို့ယခင်နှစ်များတွင် ကမ္ဘာလှည့်ခရီးသွား (၈၀,၀၀၀) ဝန်းကျင်သာလာရောက်ခဲ့သော်လည်း ၂၀၁၂ ခုနှစ်တွင် ပုဂံညောင်ဦးဒေသသို့ကမ္ဘာလှည့်ခရီးသွား ၁၆၂၉၀၃ ဦးလာရောက်ခဲ့သည်။ မိုးတွင်းပိုင်းတွင် ပုဂံညောင်ဦးသည် ဧည့်အဝင်နည်းပါးသည့်ရာသီအဖြစ်သတ်မှတ်ထားသော်လည်း ယခုနှစ် ဇူလိုင်လအတွင်း ခရီးသွားဧည့်သည် ၇၅၁၉ ဦး လာရောက်ခဲ့သည်။

“တရားခံကို အမြန်ဆုံးမိအောင် လုပ်နေပါတယ်။ ဧည့်သည်တွေကလည်း လူသူပြတ်တဲ့နေရာတွေကို သွားနေတော့ ပိုဆိုးတာပေါ့”ဟု ကမ္ဘာလှည့်ခရီးသွားများစောင့်ရှောက်ရေးရဲတပ်ဖွဲ့ (ပုဂံညောင်ဦး)မှ တာဝန်ရှိသူ တစ်ဦးကဆိုသည်။

“ဒီလိုအမှုတွေတော့ အိမ်နီးချင်းနိုင်ငံတွေမှာလည်းဖြစ်နေတာပါပဲ။ ဧည့်သည်အဝင်ကတော့ မထိခိုက်နိုင်ပါဘူး။ ပုဂံကိုရောက်ရင်တော့ ဒီလိုမျိုးလုယူခံနေတယ်လို့တော့ သူတို့က ထင်သွားမှာပေါ့”ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ ဒေါ်စပယ်အောင်ကပြောသည်။

ပုဂံဒေသတွင် ယခုလိုဖြစ်မှုများဖြစ်ပွားနေခြင်းကြောင့် ပုဂံဒေသတွင်းဧည့်လမ်းညွှန်များအသင်းမှ နိုင်ငံတော်သို့စာတင်အကြောင်းကြားသွားမည်ဖြစ်ပြီး ဒေသတွင်းဌာနပေါင်းစုံမှ အလုပ်ရုံဆွေးနွေးပွဲတစ်ခု ပြုလုပ်သင့်ကြောင်း ဦးဇော်ဝင်းချိုကပြောသည်။



7 DAY NEWS JOURNAL
Vol.12, No.22 • AUGUST 7 , 2013

CRIME မှုခင်းသတင်း CORNER

## ခရိုင်ပညာရေးမှူး အဆောင်ထဲသို့ ကျူးကျော်သူကို အရေးယူ

**ကျော်ဇေယျ**

**နေပြည်တော်၊ ဩဂုတ်-၂**

နေပြည်တော် ခရိုင်ပညာရေးမှူးအဆောင်ဝင်းတွင် နေထိုင်သူ အမျိုးသမီးတစ်ဦး၏ အဆောင်အတွင်းသို့ အမျိုးသားတစ်ဦးက အချိန်မတော်အိမ်ကျော်တက်ခဲ့၍ ကာယကံရှင်အမျိုးသမီးက အမှုဖွင့်ထားကြောင်း ရဲမှတ်တမ်းများတွင်ဖော်ပြထားသည်။

နေပြည်တော်ခရိုင်ပညာရေးမှူးရုံးတွင်တာဝန်ထမ်းဆောင်နေသော အသက်(၂၈)နှစ်အရွယ်အမျိုးသမီးသည် ဩဂုတ် ၄ရက် နံနက် ၄နာရီ၃၀မိနစ်တွင် နေပြည်တော် ခရိုင်ပညာရေးမှူးရုံးဝင်းအတွင်းရှိအဆောင်၌ အိပ်ပျော်နေစဉ် လူတစ်ဦး ပြူတင်းပေါက်မှ အဆောင်ထဲသို့ဝင်ရောက်လာ၍ ၎င်းသည် အဆောင်ထဲမှ ထွက်ပြေးခဲ့ပြီးတစ်ခြံဝင်းထဲရှိ အထက်အရာရှိတစ်ဦး၏ အိမ်သို့သွားကာ အကူအညီတောင်းခံခဲ့သည်ဟုဆို၏။

အဆိုပါအထက်အရာရှိက အဖော်တစ်ဦးနှင့်အတူ လိုက်လာပြီး ဝန်ထမ်းအမျိုးသမီး၏ အဆောင်တွင်း ဝင်ရောက်လာသူကို စစ်ဆေးမေးမြန်းရာ ယင်းမှာ ရဲနောင် (၃၀)နှစ်၊ ကွန်ပျူတာစာစီစာရိုက်လုပ်ငန်း၊ မင်္ဂလာသာစံရပ်ကွက်၊ နေပြည်တော်၊ ပျဉ်းမနား မြို့ဖြစ်ကြောင်း ရဲမှတ်တမ်းတွင် ဖော်ပြထားသည်။

သို့ဖြစ်၍ အဆောင်တွင်းနေထိုင်သူအမျိုးသမီးက တရားလိုပြု တိုင်တန်းလာသဖြင့် နေပြည်တော်၊ ပျဉ်းမနား မြို့မရဲစခန်းတွင် ပြစ်မှုပုဒ်မ ၄၅၆ (အချိန်မတော် အိမ်ပေါ် သို့ ပုန်းလျှိုးကွယ်လျှိုးတက်ရောက်မှု)ဖြင့် အမှုဖွင့်ထားကြောင်း သတင်း ရရှိသည်။

# ရခိုင်ပြည်နယ်တွင် သစ်ခိုးထုတ်မှုများ ထိရောက်စွာအရေးယူမှုမရှိသေး

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဩဂုတ်-၃**

ရခိုင်ပြည်နယ်ရှိ နယ်စပ်မြို့နယ်များတွင် သစ်ခိုးထုတ်မှုများ မကြာခဏဖြစ်ပွားလျက် ရှိပြီး တိုင်ကြားသော်လည်း အရေးယူမှုများမရှိကြောင်း ဒေသခံများက ပြောသည်။

ရသေ့တောင်နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် တရားမဝင်သစ်ခုတ်မှုများပြားနေပြီး ပြည်နယ်ဝန်ကြီးချုပ်ထံ စာရေး၍ တိုင်ကြားသော်လည်း အရေးယူမှုမရှိဘဲ ပို၍သာ များပြားလာသည်ဟု ရသေ့တောင်မြို့နယ် ဒေသခံများကပြောသည်။

“ရွာသားတွေက အိမ်ဆောက်ဖို့အတွက်ပဲခုတ်ကြတာ။ အခုက စီးပွားရေးသမားတွေက ခုတ်ကြတာ။ တစ်လကို တန်ချိန်မနည်းဘူး”ဟု ရသေ့တောင်မြို့နယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလှမောင်သိန်းကပြောသည်။

ထိုသို့ တရားမဝင်သစ်ခုတ်မှုများနှင့်ပတ်သက်၍ သေချာစွာစိစစ်ရန် ညွှန်ကြားထားပြီး ဖမ်းဆီးရမှုမှာလည်း နှစ်တန်၊ သုံးတန်ဝန်းကျင်သာ၍ တရားစွဲအရေးယူမှုမရှိသေးကြောင်း ရခိုင်ပြည်နယ် သစ်တောဝန်ကြီးက ပြောသည်။

“ဒေသခံတွေကတော့ တိုင်ကြားစာတင်ထားတယ်။ ဖမ်းမိလည်း နည်းတယ်ဆိုတော့ တရားစွဲလို့မရဘူး။ ဖမ်းမိတာလည်း အများကြီးတော့မရှိပါဘူး။ သစ်တောတွေလည်း ပြုန်းတီးနေပြီ” ဟု ၎င်းကပြောသည်။

# မော်တော်ယာဉ်ဇုန်ဖွင့်နိုင်ရန် စီစဉ်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဩဂုတ်-၃**

တစ်နေရာတည်းတွင် မော်တော်ယာဉ်ဆိုင်ရာ ဝန်ဆောင်မှုများပြီးပြည့်စုံစွာပေးနိုင်ရန် နိုင်ငံတကာကဲ့သို့ပင်ဖွင့်လှစ်နိုင်ရန်မြေဧက ၃၀၀ ခန့် ကျယ်ဝန်းသော မော်တော်ယာဉ်ဇုန်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းမြန်မာနိုင်ငံမော်တော်ယာဉ်ထုတ်လုပ်သူနှင့် ကုန်သည်လုပ်ငန်းရှင်များအသင်းမှ သတင်းရရှိသည်။

အဆိုပါမော်တော်ယာဉ်ဇုန်များတွင်မော်တော်ကားအရောင်းပြခန်းများအပြင် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းရေးဝန်ဆောင်မှုလုပ်ငန်းများပါထည့်သွင်းသွားမည်ဖြစ်ကြောင်းသိရသည်။

“နေရာတော့ ဘယ်နေရာဆိုတာ အတိအကျမသတ်မှတ်ရသေးဘူး။ အကြမ်းဖျင်းလှည်းကူးဘက်လောက်မှာတော့ မှန်းထားတယ်”ဟုအဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါဇုန်တွင်ပြည်တွင်းမှတင်သွင်းရောင်းချသော အရောင်းပြခန်းများအပြင် နိုင်ငံတကာမှ ဝင်ရောက်လာသော လုပ်ငန်းရှင်များ၏ အရောင်းပြခန်းများပါ ပါဝင်နိုင်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်းလည်း သိရသည်။

ယင်းသို့ပြုလုပ်နိုင်ရန် မော်တော်ယာဉ်အသင်းမှ ဦးစီးလုပ်ဆောင်သွားမည်ဖြစ်ပြီး တိုင်းဒေသကြီး ခွင့်ပြုချက်ရယူပြီးပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးထံတွင် ခွင့်ပြုမြေနေရာရရှိရေးတောင်းဆိုသွားရန်စီစဉ်ထားကြောင်း သိရသည်။

မြေနေရာကို ကားအရောင်းပြခန်းပိုင်ရှင်များစုပေါင်းကာ ဝယ်ယူသွားမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

လက်ရှိပြည်တွင်း၌ မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ မူဝါဒများပြောင်းလဲချိန်မှစကာ မော်တော်ယာဉ်အရောင်းပြခန်းဖွင့်လှစ်ထားသော နေရာပေါင်း ၁၃၀ ကျော်ရှိနေပြီဖြစ်ကြောင်း သိရသည်။



Life
7 DAY NEWS JOURNAL
Vol.12, No.22 • AUGUST 7 , 2013


ထားထားမြင့်

# ချက်တင်မှပြောကြား ချစ်စကားများ

သူနှင့်ရွယ်တူတန်းတူ မိန်ကလေးများ အလယ်မှာတော့ ဇင်မာက ထင်ရှားပေါ်လွင်သူတစ်ယောက်သာတည်း။ မိဘများကလည်း လူလတ်တန်းစားသုံးနိုင်စွဲနိုင်သူများ။ ကိုယ်တိုင်ကလည်း ဝင်ငွေကောင်းသော ခရီးသွားဧည့်လမ်းညွှန်တစ်ယောက်ဖြစ်သည်။ ရန်ကုန်မြို့ထဲက ကိုယ်ပိုင်တိုက်ခန်းမှာ မိဘများနှင့်နေသည်။ ကိုယ်ပိုင်ကားကို ကိုယ်တိုင်မောင်းသည်။ ဝတ်နိုင်၊ စားနိုင်၊ သုံးစွဲနိုင်သည်။ ထို့ထက်ပိုပြီး မော်ကြွားစရာကောင်းသည်ကား ဇင်မာ၏ ချစ်သူမှာ အမေရိကားမှာ အခြေချနေသော မြန်မာလုပ်ငန်းရှင်တစ်ဦးဖြစ်သည်။ ဇင်မာ့ကိုမြန်မာနိုင်ငံသို့လာပြီး လက်ထပ်ကာ အမေရိကားကို ခေါ်ယူသွားမည်ဖြစ်သည်။ ထို့အတွက် ဇင်မာက လိုအပ်တာတွေပြင်ဆင်နေပြီး စိတ်လှုပ်ရှားပျော်ရွှင်လို့မဆုံးနိုင်။ ဇင်မာငယ်စဉ်ကတည်းက သွားချင်နေသောအမေရိကကို တစ်သက်လုံး ပြောင်းနေခွင့်ရတော့မည်။

သို့သော်လည်း မန္တလေးက ခင်ကျော့ကျော့ဆိုသော အလွတ်ကျူရှင်ဆရာမလေးတစ်ယောက်၏ ဖုန်းစကားကို လက်ခံရရှိသည့်အချိန်မှာတော့ ဇင်မာ၏ အမေရိကန်အိပ်မက်များ တစ်စစီပြိုကွဲသွားရပါလေပြီ။

"အဲဒီ မန္တလေးက မိန်းကလေးက ကျွန်မနဲ့ အွန်လိုင်းကတစ်ဆင့် ချစ်နေကြတဲ့ အမေရိကန်ကရည်းစားက သူ့ရည်းစားတဲ့။ သူ့ကိုလည်း ကျွန်မလိုပဲ ဟိုလူက လက်ထပ်ပြီး အမေရိကကို ခေါ်သွားမယ်လို့ ကတိပေးထားသတဲ့လေ။ ကျွန်မတို့နှစ်ယောက် အပြင်မှာဆုံရှင်းကြတယ်"







မန္တလေးမှခင်ကျော့ကျော့ကလည်း ဇင်မာ့လိုပင် မိကောင်းဖခင်ပညာတတ်မိန်းကလေးတစ်ဦးဖြစ်ပါသည်။ သူတို့နှစ်ယောက်စလုံး အမေရိကမှ ဆူရှီလုပ်ငန်းပိုင်ရှင်တစ်ဦးဆိုသူ ယောကျ်ားတစ်ဦးကို Facebook အင်တာနက်စာမျက်နှာမှတစ်ဆင့် သိကျွမ်းကာ ချစ်သူတွေဖြစ်ခဲ့ကြပြီး သူတို့ကို လက်ထပ်ပြီး အမေရိကသို့ ခေါ်ယူမည်ဆိုသော စကားကို ယုံကြည်ကာ ပြင်ဆင်ခဲ့ကြသူများဖြစ်သည်။ တကယ်တမ်းတွင်မူ ထိုသူက အမေရိကတွင်နေပြီး အင်္ဂလိပ်စကားပင် ကောင်းစွာမပြောတတ်သော ဆူရှီဆိုင်အလုပ်သမားတစ်ဦးသာဖြစ်သည်ဟု ဇင်မာက ရှင်းပြသည်။

"နောက်ပိုင်း အမေရိကက မြန်မာအသိတွေကနေ စုံစမ်းကြည့်တော့ အဲဒီလူက လူလိမ်ပါ။ မလေးရှားဒုက္ခသည်စခန်းကတစ်ဆင့် အမေရိကကို ရောက်သွားတယ်။ ဆူရှီဆိုင်ပိုင်ရှင်လည်းမဟုတ်ဘူး။ အလုပ်သမား။ အမေရိကမှာနေတာကိုအထင်ကြီးတဲ့မြန်မာပြည်က လက်ထပ်မယ့် မိန်းကလေးရှာနေသူဆိုပြီးဖေ့စ်ဘွတ်ခ်နဲ့ ဂျီတော့ခ်ကနေ ချက်တင်ပြောပြီး လိုက်လိမ်နေတာ"

ဇင်မာနှင့် ခင်ကျော့ကျော့တို့တွင်သာမက ပြည်ပရောက် မြန်မာနိုင်ငံသားအမျိုးသားအချို့က ဖေ့စ်ဘွတ်ခ်၊ ဂျီတော့ခ်ကဲ့သို့ အင်တာနက်က သိကျွမ်းရင်းနှီးပြီး မိန်းကလေးများကို လိမ်လည်လှည့်စားသူ အများအပြားရှိလာနေပြီဖြစ်ပါသည်။ အချို့မိန်းကလေးများဆိုလျှင် ငွေကြေးပါဆုံးရှုံးရသည်များရှိသည်။ အမျိုးသားအများစုကတော့ခ်ဖေ့စ်ဘွတ်ခ်၊ ဂျီတော့ခ်များမှတစ်ဆင့် ရင်းနှီးအောင်လုပ်ကာ သူတို့က ပြည်ပမှာနေပြီး သင့်တော်သော မြန်မာအိမ်ထောင်ဘက်ချစ်သူကို ရှာဖွေနေသူများဟု ပြောဆိုကြလေ့ရှိသည်။

ရန်ကုန်မြို့၊ စမ်းချောင်းနေ မအေးခိုင်က "ကျွန်မစင်ကာပူက ကိုချမ်းမြေ့ရင်ဆိုတဲ့ အင်ဂျင်နီယာတစ်ယောက်နဲ့ ဂျီတော့ခ်မှတစ်ဆင့် ကြိုက်ခဲ့ပါတယ်။ ချစ်သူတွေဖြစ်သွားပြီး နေ့တိုင်းကျွန်မတို့ စကားပြောပါတယ်။ သူက ကျွန်မကိုလက်ထပ်ပြီးစင်ကာပူခေါ်မယ်ပြောတော့ သိပ်ဝမ်းသာတာပေါ့။ ရန်ကုန်ကနေ သူမှာတဲ့ပစ္စည်းတွေ၊ စားစရာတွေ ပုံမှန်ပို့ပေးခဲ့ပါတယ်"

သူနှင့်လက်ထပ်မည့် ချစ်သူအဖြစ်မအေးခိုင်က ထိုအမျိုးသားလိုချင်သည့်ငါးသလောက်ဥကြော်၊ ငါးကြီးကျပ်တိုက်ကအစ လက်ဖက်အဆုံး စားချင်သည်များကို ရန်ကုန်မှ စင်ကာပူသို့ ၂နှစ်ကြာတင်ပို့ခဲ့သည်။

စာမျက်နှာ (၆)သို့



7DAY NEWS JOURNAL
Vol.12, No.22 • AUGUST 7 , 2013

စာမျက်နှာ(၅)မှ

## ချက်တင်မှပြောကြား ချစ်စကားများ

တစ်ခါတစ်ရံတွင်လည်း သူလိုအပ်သည့်ကိစ္စအတွက် မအေးခိုင်က ရန်ကုန်ကနေ ငွေစိုက်ထုတ်ပေးရသည်လည်းရှိ၏။ စကိုက်(Skype) ဖြင့်လည်း နေ့တိုင်းလို စကားပြောနေသည့်အတွက် လူချင်းကလည်း အတော်ရင်းနှီးလာခဲ့ပြီ။

သို့သော်လည်း ထိုအမျိုးသား မြန်မာပြည်ပြန်ရောက်သည့်အခါ နောက်ယောင်ခံလိုက်စုံစမ်းကြည့်သည့်အခါတွင် ကလေးတစ်ယောက်အဖေ အိမ်ထောင်သည်အမျိုးသားတစ်ဦးဖြစ်နေသည်ကို မအေးခိုင်အံ့သြစွာသိလိုက်ရသည်။

"သူကတော့ လိမ်သေးတယ်လေ။ ကျွန်မ သူ့အိမ်ကိုလိုက်သွားပြီး သူ့မိန်းမနဲ့ သားကိုတွေ့ခဲ့တယ်ပြောမှ ဝန်ခံတာ။ သူအိမ်ထောင်ရှိမှန်းသိရင် ကျွန်မကလည်း လက်ခံမှာ မဟုတ်ပါဘူး။ အခုက လူလွတ်ယောင်ဆောင် လိမ်လည်ပြီး ကျွန်မကို စားစရာတွေ၊ လိုချင်တာတွေ ပုံမှန် ၂နှစ်လောက်ပို့ခိုင်းခဲ့တယ်"

အမေရိကနှင့်အနောက်နိုင်ငံများတွင် အင်တာနက်မှတစ်ဆင့် တွေ့ဆုံသိကျွမ်းရင်းနှီးကာ အိမ်ထောင်ပြုသူများ၊ အင်တာနက်ချိန်းဆိုဝန်ဆောင်မှုများ အတော်တွင်ကျယ်အောင်မြင်နေသော်လည်း မြန်မာလူမျိုးများအကြားမှာတော့ ပြည်ပရောက် မြန်မာအမျိုးသား အချို့က လိမ်လည်ပြီး အမျိုးသမီးများကိုလိမ်ညာအသုံးချနေတာကိုတွေ့ရသည်။

အထူးသဖြင့် အမေရိကရောက် မြန်မာအမျိုးသားအချို့မှာ အမေရိကဆိုလျှင် အထင်တကြီးရှိသည့် အမျိုးသမီးအချို့ကို မက်လုံးပေးပြီး အွန်လိုင်းတွင် လိမ်ညာချစ်ကျွမ်းဝင်နေသည်ဟု ဆိုသည်။ ဆန်ဖရန်စစ္စကိုမှ ကိုအောင်လင်းက "အချို့မြန်မာတွေက အမေရိကကိုနိုင်ငံရေးအရ ဒုက္ခသည်နဲ့ ရောက်လာတယ်။ ဟိုကလူနေမှုနဲ့မဝင်ဆံ့ဘူး။ ပညာလည်းမတတ်တော့ အလုပ်ကြမ်းပဲလုပ်ရတယ်။ အိမ်လွမ်းနာကျနေတော့အလကားနေ ဖေ့စ်ဘွတ်ခ်၊ ဂျီတော့ခ်သုံးရာကနေ အမေရိကကို အထင်ကြီးတဲ့ မိန်းကလေးတွေနဲ့ တွေ့တော့ အဲဒီလို ဇာတ်လမ်းတွေ ထွင်ပြောနေကြတာပဲ။ ဘေးလူတွေက သတိပေးလည်း မယုံကြဘူး"

မြန်မာအမျိုးသားများ ယခုကဲ့သို့အင်တာနက် လူမှုရေးစာမျက်နှာများဆီမှ စကားပြောကမ်းလှမ်းပြီး ချစ်သူ ရည်းစားရှာဖွေကြသည်မှာ ရုရှားနိုင်ငံ၌ ပညာသွားသင်သော မြန်မာစစ်တပ်အရာရှိအများစုက ၂၀၀၆ ခုနှစ်ကတည်းက စတင်ခဲ့ခြင်းဖြစ်ပါသည်။ ထိုအထဲတွင် တကယ်မလိမ်မညာဘဲ ချစ်ကြိုက်ခဲ့ပြီး မြန်မာပြည်ပြန်ရောက်သည့်အခါ အိမ်ထောင်ပြုလက်ထပ်ကြသည့်စုံတွဲများလည်းရှိပါသည်။

"ကျွန်မ အမျိုးသားနဲ့ကျွန်မက အွန်လိုင်းမှာပဲ သိခဲ့ကြတာပါ။ သူရုရှားမှာသွားနေတုန်း မြန်မာချက်တင်ကနေတစ်ဆင့် သိခဲ့တယ်။ အဲဒီတုန်းကတော့ဂျီတော့ခ်တောင်ခေတ်မစားသေးဘူး။ အစကတော့ ကျွန်မက မယုံပါဘူး။ ဒါပေမဲ့ သူကရိုးသားတယ်။ သူ့အိမ်လိပ်စာ၊ မိဘဘယ်သူ အကုန်ပြောတယ်။ ကျွန်မကလည်း သွားကြည့်တော့ ဟုတ်တယ်အမှန်ပဲ။ ပြန်လာတော့လည်း ကျွန်မဆီ လာတွေ့တယ်လေ"

ရုရှားပြန် ဗိုလ်မှူးတစ်ဦးနှင့် မကြာမီကမှ ခမ်းနားစွာ လက်ထပ်ယူထားသည့်မန္တလေးမှမလင်းပြည့်က ပြောကြားခြင်းဖြစ်သည်။ မိန်းကလေးတစ်ဦး အနေဖြင့် အွန်လိုင်းမှ ချစ်သူရည်းစားထားလိုပါက စစ်မှန်သော သူများလည်းရှိကြောင်း သို့သော် ကိုယ့်ဘက်ကလည်းအလွယ်တကူ မယုံကြည်ဘဲ လိပ်စာ၊ မိဘနောက်ကြောင်းအခြေအနေကို အနည်းငယ်စုံစမ်းလေ့လာပြီးမှ ရှေ့တိုးသင့်သည်ဟု မလင်းပြည့်က ဆိုပါသည်။

"ဥပမာ ဖြစ်နိုင်တာတွေ လောက်ပဲ ပြောရမယ်လေ။ ကြိုက်တာ လပိုင်း၊ အပြင်မှာလည်းတစ်ယောက်နဲ့တစ်ယောက်မတွေ့ရသေးဘူး။ လက်ထပ်ပြီး အမေရိကကိုခေါ်မယ်ဆိုတာမျိုးက သိပ်မဖြစ်နိုင်ဘူး။ တကယ်တမ်းမိန်းကလေးတွေတွက်သလို ယောကျ်ားလေးဘက်ကလည်း တွက်တာပဲ"

စာမျက်နှာ(၁၈)သို့




## ခရမ်းသီးကြော်

ဝက်သားနဲ့ခရမ်းသီးနှပ်ဆီပြန်လေး ကြိုက်တဲ့လူတွေ ပုံစံတစ်မျိုး နဲ့မြည်းစမ်းလို့ရအောင် ဝိုက်ဖီကဒီတစ်ပတ်ပြင်ဆင်ထားတာပါ။

ဒီဟင်းအတွက်လိုအပ်တာတွေကတော့ဝက်ပေါင်သား ၁၀ကျပ်သား၊ ခရမ်းသီးစိမ်းအလုံးသေးသွယ်သွယ်တစ်လုံး၊ ရှမ်းနံနံတို့ပဲ လိုပါတယ်။

ပထမဆုံးဝက်ပေါင်သားကို အရသာနယ်ပြီး ပြုတ်ပါမယ်။ ပြီး ရင်ပါးပါးလေးလှီးထားပါ။ ခရမ်းသီးကိုလည်းအခွံမန္ဒာဘဲ ခပ်ပါးပါးလှီးပါ။ ပြီးရင် ကြက်သွန်ဖြူ လေးတက်လောက်ကိုဓားပြား ရိုက်ပါမယ်။

အားလုံးအဆင်သင့် ဖြစ်ပြီဆိုရင် ဆီအနည်းငယ်ထည့်ထားတဲ့ ဒယ်အိုးထဲကို ကြက်သွန်ဖြူထည့်ပါ။ ခရမ်းသီးထည့်ပါမယ်။ အရသာနဲ့ ပဲငံပြာရည်ထည့်ပါ။ ပါးပါးလှီးထားတဲ့ ဝက်ပေါင်သားကို ထည့်လိုက်ပါ။ နောက်ဆုံးမှာတော့ ရှမ်းနံနံလေးအုပ်လိုက်ရင် ချိုဆိမ့်နေတဲ့ ခရမ်းသီးကြော်ဟင်းလျာ သုံးဆောင်နိုင်ပါပြီ။






# ကျွန်းပြန်များပြောသည့် ကိုကိုးကျွန်းနိဂုံး

**အောင်ခိုင်**

ဗိုလ်ချုပ်နေဝင်း၏ တော်လှန်ရေးကောင်စီအစိုးရလက်ထက် ၁၉၆၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်ပြည်ထောင်စုနေ့။

အချိန်ကားညဥ့်၁၂နာရီခန့်။

ပန်းဆိုးတန်းဆိပ်ကမ်း တံတားဝဲယာတစ်ဖက်တစ်ချက်တွင် မောင်းပြန်ရိုင်ဖယ်ကိုယ်စီ ကိုင်ဆောင်ထားသော စစ်သားများက သတိအနေအထားဖြင့် နေရာယူထားသည်။

ဘေးပတ်ဝန်းကျင်သို့ မမြင်နိုင်စေရန် ပြတင်းပေါက်မှန်တံခါးများကို ထုံးဖြူသုတ်ထားသော ဟီးနိုးဘတ်စ်ကားများ ဆိပ်ကမ်းအတွင်းသို့ ဝင်ရောက်လာသည်။

အင်းစိန်ထောင်မှ ခေါ်ဆောင်လာသည့် အကျဉ်းသားများမှာ ဘတ်စ်ကားပေါ်မှဆင်း၍ ကျောက်ရုပ်ကဲ့သို့တန်းစီနေသည့် စစ်သားများကြားမှ တန်းစီကာ ဆိုက်ကပ်ထားသောသင်္ဘောပေါ်သို့ တက်ရောက်ကြရသည်။

ဗိုလ်ချုပ်နေဝင်း အစိုးရလက်ထက်တွင် အတိုက်အခံနိုင်ငံရေး အင်အားစုများကို ကိုကိုးကျွန်းအကျဉ်းစခန်းသို့ ပို့ဆောင်ညှဉ်းပန်းရာတွင် ၁၉၅၈ခုက ပထမအကြိမ်ဖြစ်ပြီး ယခု ၁၉၆၉တွင် ဒုတိယအကြိမ် ပို့ခြင်းဖြစ်သည်။




ဓာတ်ပုံ -လင်းလင်း

*အတိတ်က အမည်ဆိုးဖြင့်ကျော်ကြားခဲ့သော မြန်မာနိုင်ငံတောင်ပိုင်း၊ အိန္ဒိယသမုဒ္ဒရာအတွင်း တည်ရှိသော ကိုကိုးကျွန်းကို တွေ့ရစဉ်။*

*ကိုကိုးကျွန်းပြန် ရဲဘော်တင်အောင်ကို တွေ့ရစဉ်*

ကိုယ့်ရေတွင်း ကိုယ်တူး၊ ကိုယ့်ထင်းကိုယ်တိုင်ခွဲ၊ ကိုယ့် ထမင်းကိုယ်ချက်ဟူသည့် ကိုယ်ထူကိုယ်ထစနစ်ဖြင့် တည်ထောင်ထားသည့် ကိုကိုးကျွန်းအကျဉ်းစခန်းသည် အတိုက်အခံနိုင်ငံရေးသမားများကို အရက်စက်ဆုံး ဖိနှိပ်ရန် စနစ်တကျစီမံထားသည့် စီမံကိန်းတစ်ခုဖြစ်သည်ဟု ကိုကိုးကျွန်းပြန်များက ၄င်းတို့၏ အတွေ့အကြုံကို နှစ်ပေါင်း ၄၀ကျော် အကြာတွင် ပြန်ပြောင်း ပြောပြကြသည်။

ယင်း ကိုယ်ထူကိုယ်ထ အကျဉ်းစခန်းစနစ် အထမြောက်သွားပါက နိုင်ငံရေးအကျဉ်းသမားများကို ထပ်မံပို့ဆောင်ဖိနှိပ်မည့် အစီအစဉ်ရှိကြောင်းတွေ့မြင်လာရသဖြင့် ကျွန်းဖျက်သိမ်းရေး အစာငတ်ခံတိုက်ပွဲဝင်ရန်ဆုံးဖြတ်ခဲ့ကြသည်ဟုလည်း တစ်ကျွန်းပြန်များကဆိုသည်။



ဓာတ်ပုံ - အောင်ခိုင်

"အစာငတ်ခံတိုက်ပွဲဆိုတာ ကိုယ့်အခွင့်အရေးကစလို့ နိုင်ငံရေး တောင်းဆိုချက်တွေအထိ ရည်ရွယ်ချက်အမျိုးမျိုးနဲ့ မိမိခန္ဓာကိုယ်ကို လက်နက်အဖြစ်သုံးပြီး နိုင်ငံရေးအရဖိအားကိုအုပ်စုလိုက် အသုံးပြုတိုက်တာဖြစ်တယ်"ဟု ကိုကိုးကျွန်းပြန်ဦး(ရဲဘော်)ချိုက ပြောသည်။

ရသင့်သည့်အခွင့်အရေးများအတွက် တိုက်ပွဲများ အကြိမ်ကြိမ်ဆင်နွှဲခဲ့ပြီး ကျွန်းဖျက်သိမ်းရေးအပြီးသတ် အစာငတ်ခံခဲ့သော ၅၃ ရက်ကြာ တိုက်ပွဲအပြီးတွင် ရှစ်ဦးကျဆုံးခဲ့ပြီး အာဏာရှင်စနစ်၏ ဖိနှိပ်ရေးပေါ်လစီ စီမံကိန်းကြီးကို ရိုက်ချိုးပစ်နိုင်ခဲ့ကြခြင်းလည်းဖြစ်သည်။

"တစ်ယောက်ကျသွားတယ် ကြွေးကြော်သံတွေနဲ့ တောင်းဆိုကြတယ်။ အာဏာပိုင်တွေက လာကြည့်တယ်။ အားလုံးကိုတိုက်ပွဲပြီးမှ ဂူဏ်ပြုအခမ်းအနားနဲ့ မြှုပ်တာ။ မပြီးခင်မှာ ဒီအတိုင်းပဲထားတာ"ဟု ကိုကိုးကျွန်းအစာငတ်ခံတိုက်ပွဲတွင်ပါဝင်ခဲ့သည့် ဦး(ရဲဘော်)တင်အောင်ကအတွေ့အကြုံကိုပြန်ပြောပြသည်။

စာမျက်နှာ(၃၂)သို့



7 DAY NEWS JOURNAL
Vol.12, No.22 • AUGUST 7 , 2013

မျက်နှာဖုံးမှ

# ရဲသားကြီးတွေ တာဝန်ကျေဖို့လိုပြီ

စွပ်စွဲသူနှင့် စွပ်စွဲခံရသူတို့ကြား ကိုယ်ကျိုးရှာသောရဲအရာရှိအချို့ကြောင့်အမှန်တရားနှင့်ဖြောင့်ဖြောင့်ကြီးဆန့်ကျင်သွားသည့်ဖြစ်စဉ်များ လူမှုဝန်းကျင်တွင်တွေ့ကြုံခဲ့ရသလို ယင်းကဲ့သို့ ရင်ဆိုင်နေရသူများလည်း ရှိနေသည်။

ပြည်သူ့ဝန်ကိုထမ်းနေကြသော နိုင်ငံ့ဝန်ထမ်းများအားလုံးက ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ရှိသည့် သန့်ရှင်းသည့်အစိုးရဖြစ်အောင် ကြိုးပမ်းပြီး နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးကိစ္စအဝဝ၌ ပြည်သူလူထုဗဟုပြုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန် နိုင်ငံတော်သမ္မတဦးသိန်းစိန်က အစိုးရဌာနအဖွဲ့အစည်းများ၏ စီမံအုပ်ချုပ်မှုစနစ်တိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ မိန့်ခွန်းပြောကြားခဲ့သည်။

သမ္မတက ထိုသို့ပြောကြားခဲ့သော်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်လက်အောက်ရှိအောက်ခြေရဲတပ်ဖွဲ့ဝင်အချို့တွင် ရဲဥပဒေမလိုက်နာသော အကျင့်ပျက်ရဲဝန်ထမ်းအချို့ပါဝင်နေသောကြောင့် နေပြည်တော်ရဲတပ်ဖွဲ့ဌာနချုပ်မှ ကြီးကြပ်ကာဖမ်းဆီးအရေးယူခဲ့ရသည်။

ဒေသအချို့တွင် ဖြစ်ပွားခဲ့သော မှုခင်းဖြစ်စဉ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာမြို့နယ်လူထုမှ ရဲတပ်ဖွဲ့ဝင်များအပေါ် ကျေနပ်မှုမရှိဘဲ စေဖန်မှုများဆူညံနေပြီး ယခုကဲ့သို့အခြေအနေမျာမြန်မာနိုင်ငံရဲတပ်ဖွဲ့အပေါ် အရိပ်မည်းထိုးလျက်ရှိသည်။

ရန်ကုန်တောင်ပိုင်းခရိုင်ကျောက်တန်းမြို့နယ်၌ ဖြစ်ပွားနေသည့် မှုခင်းဖြစ်စဉ်ဆိုလျှင်သက်ဆိုင်ရာမြို့နယ်ရဲစခန်းအပေါ် မြို့နေလူထု၏ ယုံကြည်မှုမှာသုညအမှတ်အောက်ရောက်သွားခဲ့ရပြီး ရဲတပ်ဖွဲ့ဝင်များကို လှောင်ရယ်သည်အထိပင်တန်ဖိုးမဲ့ခဲ့ရသည်။

ငါးနှစ်အရွယ်သူငယ်တန်းကျောင်းသူလေးတစ်ဦး အဓမ္မပြုကျင့်ခံရသည့်ဖြစ်စဉ်တွင် ကလေးငယ်ကိုယ်တိုင်က လူကြီးတစ်ဦးက အဓမ္မပြုကျင့်ကြောင်း ထုတ်ဖော်ပြောဆိုပြီး မှုခင်းဆရာဝန်ကြီး၏ဆေးစာတွင်လည်း အရွယ်ရောက်ပြီးသူ လူကြီးတစ်ဦး၏ အဓမ္မပြုကျင့်ခြင်းခံခဲ့ရကြောင်း သုံးသပ်ချက်ပါဝင်သော်လည်း မြို့နယ်ရဲစခန်းတာဝန်ရှိသူများက သူငယ်တန်းကျောင်းသားလေး ၁၇ ဦးကို သံသယရှိသူများအဖြစ်စစ်ဆေးရန်စီစဉ်ခဲ့သည်။ ယင်းသို့စီစဉ်ခဲ့ခြင်းကို မြို့နယ်ကျန်းမာရေးနှင့်ပညာရေးတာဝန်ရှိသူများက အပြင်းအထန်ကန့်ကွက်ခဲ့ကြပြီး ဌာနဆိုင်ရာအချင်းချင်းပင်တင်းမာမှုမျိုးဖြစ်ခဲ့သည်။ နောက်ဆုံးတွင် ကျောင်းသားမိဘများစုပေါင်း၍ နိုင်ငံတော်သမ္မတဆီဦးတည်တိုင်ကြားခဲ့ကြပြီး ယင်းအမှုတွဲကို နေပြည်တော်ရဲတပ်ဖွဲ့အဆင့်မြင့်ရဲအရာရှိများက လွှဲပြောင်းယူပြီး စစ်ဆေးရသည်အထိ အခြေအနေဆိုးရွားခဲ့ရသည်။

"အမှုမှန်ပေါ်ပေါက်ဖို့အတွက်ရဲက လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်ပေးဖို့တာဝန်ရှိတယ်။ တာဝန်မယူဘူးဆိုရင် တရားဥပဒေစိုးမိုးရေးမရှိလို့ဘဲ"ဟု တရားလွှတ်တော်ရှေ့နေ ဦးဝိုင်ဆာခ်ကပြောသည်။

ရဲလက်စွဲဥပဒေတွင် လျှို့ဝှက်အက်ဥပဒေအရ ထုတ်ဖော်ပြောခွင့်မရှိသော်လည်း အချို့သောရဲဝန်ထမ်းများ၏ လုပ်ရပ်အပေါ် ယုံကြည်မှုမရှိတော့ခြင်းကြောင့် လက်နက်ကိုင်ရဲတပ်ဖွဲ့နှင့် ပြည်သူလူထုကြားတွင် တံတိုင်းများစွာခြားနားသွားခဲ့ရသည်။ ရဲနှင့်ပြည်သူလက်တွဲကူဆိုသည့်ထက်တွဲမည့်လက်များပိုမိုအလှမ်းကွာခဲ့ရသည်။

"ဆွမ်းဆန်ထဲမှာ ကြက်ချေးရောသလိုပါဘဲ။ တပ်ဖွဲ့ဝင်တစ်ယောက်ကြောင့် ရဲတပ်ဖွဲ့ရဲ့လုပ်ဆောင်ချက်တွေအပေါ် မယုံကြည်တော့တာမျိုး မဖြစ်စေချင်ပါဘူး။ ဥပဒေချိုးဖောက်တဲ့ ရဲတပ်ဖွဲ့ဝင်ကိုစစ်ဆေးဖော်ထုတ်ပြီး ထိထိရောက်ရောက်အရေးယူနေပါတယ်"ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရဲအရာရှိတစ်ဦးကပြောသည်။

မည်သည့်အချိန်ကပင် အမြစ်တွယ်နေသည်ကို မသိနိုင်သောမူးယစ်ဆေးဝါးမှုများတွင် ရဲအရာရှိများပါဝင်ပတ်သက်နေသောကြောင့် စစ်ကိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိ ခရိုင်နှင့် မြို့နယ်အဆင့်ရဲအရာရှိအချို့ကိုမြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ စစ်ဆေး အရေးယူခဲ့သည်။

မကြာသေးမီက ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်ရှိ ဖုန်းဆိုင်တစ်ဆိုင်ကို လူငယ်တစ်စုဖောက်ထွင်း ဝင်ရောက်သောအမှုတွင် ဖမ်းဆီးရမိသူများထဲ၌ ရဲအရာရှိတစ်ဦးနှင့် ဆွေမျိုးတော်စပ်သူလူငယ်တစ်ဦးပါဝင်နေသောကြောင့် အမှုကိုကိုင်တွယ်ဖြေရှင်းရာတွင် ဘက်လိုက်မှုများရှိနေ သည်ဟု ဖုန်းဆိုင်ပိုင်ရှင်ကစွပ်စွဲ ခဲ့သည်။ ၎င်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ အဆင့်ဆင့်တိုင်ကြားရာ သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်သုံးဦးအား စုံစမ်းစစ်ဆေးရေးခုံရုံးဖွင့်၍ အထက်အရာရှိများက စစ်ဆေးရသည်အထိ အမှုမှာ ရှုပ်ထွေးနေခဲ့သည်။

ထိုအခြေအနေများထက်ကြီးမားကျယ်ပြန့်သော မှုခင်းပြဿနာများ အတိတ်မှာရေရာယခုလက်ရှိ ပစ္စုပန်မှာပါရှိနေဆဲဖြစ်သည်။ တစ်နိုင်ငံလုံး အုန်းအုန်းကျွက်ကျွက်ဖြစ်ခဲ့သော ရန်ကုန်မြို့ X2O သကြၤန်မဏ္ဍပ်ဗုံးပေါက်ကွဲမှုတွင် ပေါက်ကွဲသံကြား၍လာရောက် သတင်းယူသောသတင်းသမားတစ်ဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့ကာ ဗုံးဖောက်ခွဲမှုတရားခံအဖြစ် အတင်းအကျပ်ဝန်ခံထွက်ဆိုစေခဲ့ပြီး မတရားအသင်း၊နယ်စပ်ဖြတ်ကျော်၊ အီလက်ထရွန်နစ်ဆက်သွယ်ရေးဥပဒေများဖြင့် စွပ်စွဲကာ ထောင်ဒဏ် ၁၈နှစ်ချမှတ်ခံခဲ့ရကြောင်း အဆိုပါသတင်းသမားက ၎င်းရင်ဆိုင်တွေ့ကြုံခဲ့ရသော အခြေအနေကိုပြောသည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလက နိုင်ငံတော်သမ္မတ၏ ဒုတိယအကြိမ်မြောက်လွတ်ငြိမ်းချမ်းခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာခဲ့သော်လည်း ထောင်ထဲတွင် နေခဲ့ရသည့်အချိန်များက လူငယ်တစ်ယောက်၏ အရှိန်နှင့် လှမ်းနေသော ခြေလှမ်းများအတွက် ခလုတ်ကန်သင်းဖြစ်ခဲ့ရသည်။

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ဆက်သွယ်ရေးရုံးဝန်းအတွင်းဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုဖြစ်စဉ်တွင်လည်းမသင်္ကာသူအချို့ကိုခေါ်ယူစစ်ဆေးခဲ့သည်မှာ စစ်ဆေးခံရသူတို့ စိတ်ပိုင်းဆိုင်ရာပြဿနာများရင်ဆိုင်ခဲ့ရသည်အထိ ပြင်းထန်ခဲ့သည်။ အမှုတစ်ခုဖြစ်ပွားပါက အထက်အရာရှိချုပ်များ၏ ဖိအားကြောင့် အမှုကို အမှန်ထက်အမြန်ပေါ်ပေါက်စေလိုသော ဆန္ဒကြောင့် သံသယရှိခံရသူအချို့ စိတ်ဒဏ်ရာရခဲ့ကြသည်။

"ရဲဆိုတာ ဥပဒေအရ လက်နက်ကိုင်ဆောင်ခွင့်ရှိပြီး မည်သူ့ကိုမဆို သံသယရှိမှုနဲ့ ဖမ်းဆီး စစ်ဆေးနိုင်တဲ့ အခွင့်အရေးလည်း ရှိတယ်။ ဒါကြောင့်ကိုယ်ကျင့်တရားကောင်းပြီး စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်နေဖို့လိုအပ်ပါတယ်"ဟု ဥပဒေပညာရှင်ဦးခင်ဇော်(မရမ်းကုန်း)ကအကြံပြုသည်။

အစိုးရသစ်လက်ထက်တွင် ရဲတပ်ဖွဲ့ဝင်များ၏ လစာနှင့်အခွင့်အရေးများ နိုင်ငံတော်မှ ပိုမိုထောက်ပံ့ပေးခဲ့ပြီး ယခင်စစ်အစိုးရလက်ထက်က ဝတ်ဆင်မည့် ရဲယူနီဖောင်းကိုပင် ကိုယ့်စရိတ်နှင့်ကိုယ် ဝတ်ဆင်ခဲ့ရခြင်းမျိုးကြောင့် အောက်ခြေရဲတပ်ဖွဲ့ဝင်များသည်လည်း လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုများပြားခဲ့ရခြင်းဖြစ်ကြောင်း နေပြည်တော်ရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲအရာရှိကြီးတစ်ဦးက ၎င်းရင်ဆိုင်ဖြတ်သန်းခဲ့ရသော အခြေအနေကို သုံးသပ်ပြောကြားသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ကလည်း ဥပဒေချိုးဖောက်သည့်ဖြစ်စဉ်များတွင်ထိထိရောက်ရောက် အရေးယူနိုင်ရန်အတွက် အရာရှိအင်အားတစ်ရာခန့်ပါဝင်သော အထူးရဲတပ်ဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး အရေးယူအပြစ်ပေးမှုများ သိသိသာသာပြုလုပ်လာခဲ့သည်။

"လစာတွေ ခံစားခွင့်တွေကို နိုင်ငံတော်က တိုးပေးခဲ့တယ်။ အဲ ဒီအခြေအနေကို မရောက်ဘဲ ကိုယ်ကျိုးအတွက် အာဏာကို တလွဲအသုံးချမယ်ဆိုရင်တော့ ကိုယ့်သားကို ကိုယ်ပြန်ပြီး ယစ်ပူဇော်ရသလိုခံစားရပေမယ့် ထိထိရောက်ရောက်ဖော်ထုတ်အရေးယူမှာပါ"ဟုနေပြည်တော်ရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲအရာရှိကြီးတစ်ဦးက ပြောသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်ကလည်း ကျန်ရှိနေသော အစိုးရသက်တမ်းကာလအတွင်း နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးကဏ္ဍများတွင် အရေးပါသည့် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ဥပဒေနှင့်အညီ ပြုမူလုပ်ဆောင်ကြရန် တိုက်တွန်းပြောကြားထားသည်။

"နိုင်ငံရေးပညာရှင်တွေပြောနေကြတဲ့ တရားဥပဒေစိုးမိုးရေးရှိဖို့ဆိုတာ ရဲရော၊ ပြည်သူရော ဥပဒေကို နားလည်ပြီး တစ်ဦးနဲ့တစ်ဦး ထိန်းကျောင်းသွားဖို့လိုအပ်ပါလိမ့်မယ်"ဟုဥပဒေပညာရှင်ဦးခင်ဇော်(မရမ်းကုန်း)က ပြောသည်။

မျက်နှာဖုံးမှ

# ရှစ်လေးလုံးအရေးတော်ပုံအပြီး ၂၅နှစ်အကြာ

၈၈၈၈ အရေးတော်ပုံသည် လုံထိန်းတပ်ဖွဲ့များ၊ စစ်တပ်၏ တိုက်ခိုက်ရေးတပ်မများကို သုံး၍ မောင်းပြန်ရိုင်ဖယ်များ၊ စက်သေနတ်များ၊ သံချပ်ကာကားများနှင့် စစ်မြေပြင်တွင် ထိုးစစ်ဆင်သကဲ့သို့ တိုက်ခိုက်ခဲ့ခြင်းဖြစ်၍ သမိုင်းစဉ်တစ်လျှောက်တွင် အရက်စက်ဆုံးသော နှိမ်နင်းမှုကြီး အဖြစ် အမည်းစက်ထင်ခဲ့ပေသည်။

ထိုသို့ တစ်နိုင်ငံလုံးပါဝင်သည့် အရေးတော်ပုံဆန္ဒပြပွဲကြီးကို စစ်တပ်က ရက်စက်စွာ နှိမ်နင်းပြီး နိုင်ငံတော်အာဏာသိမ်းခဲ့ခြင်းသည်မှန်ကန်သည်ဆိုသော အယူအဆကို ပြီးခဲ့သည့် ၂၃ နှစ်တာကာလလုံးတွင် အာဏာရှင်များက ဆုပ်ကိုင်ထားခဲ့ကြသည်။

လွန်ခဲ့သည့် ၂၅ နှစ်က ကမ္ဘာကပင် အထိတ်တလန့်နှင့် စောင့်ကြည့်ခဲ့ရသော ဒီမိုကရေစီတိုက်ပွဲကြီးကို အာဏာရှင်အသိုင်းအဝန်းက တိုင်းပြည်ကို ချောက်ထဲကျမည့်အရေးမှ ကယ်တင်ခဲ့သည်ဟု ဆိုခဲ့သလို ဒီမိုကရေစီအသိုင်းအဝိုင်းကလည်း တစ်တိုင်းပြည်လုံး၏ လိုလားချက်ဆန္ဒကို ထုတ်ဖော်ပြသခဲ့သည့် အရေးတော်ပုံတိုက်ပွဲကြီးဟု သတ်မှတ်ခဲ့ကြသည်။

အိပ်မက်ဆိုးများအလွန်ယခု ၂၅ နှစ်ကြာခဲ့ချိန် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ရောက်ရှိပြီဟု ပြောနိုင်ချိန်တွင်တော့ တိုက်ပွဲဝင်သူနှင့် နှိမ်နင်းသူ နှစ်ဖက်စလုံးက မှန်ခဲ့ပါသည်ဟု တာဝန်ရှိခဲ့သူအချို့က ပထမဆုံးအကြိမ်ထုတ်ပြောလာကြပြီဖြစ်သည်။

၈၈ တွင်လူထုကမကြိုက်သော တစ်ပါတီအာဏာရှင်စနစ်ကို ဖြုတ်ချခဲ့သည်မှာလည်း မှန်ကန်ပြီး နိုင်ငံတော်ပြိုကွဲမည့် အန္တရာယ်ကိုကာကွယ်သည်မှာလည်း မှန်ကန်ပါသည်ဟု ယနေ့သဘောထားတင်းမာသူဟု ပြုပြင်ပြောင်းလဲရေးသမားများက သတ်မှတ်ထားကြသည့် ပြည်ခိုင်ဖြိုးပါတီထိပ်ပိုင်းခေါင်းဆောင် တစ်ဦးဖြစ်သူ ဦးအောင်သောင်းက ပြောကြားသည်။

"စစ်တပ်က အာဏာသိမ်းတဲ့ နည်းအပြင် အခြားနည်းရှိသလားဆိုရင် အာဏာမသိမ်းလို့မရအောင် လုပ်ခဲ့တယ်။ အကွက်ဆင်ခဲ့တယ်လို့ ပြောရမှာပေါ့"အရေးတော်ပုံကာလတွင် ကိုယ်တိုင်ပါဝင်ခဲ့သူဖြစ်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးဟောင်း ဝင်းထိန်ကလည်း ပြောကြားခဲ့သည်။

သို့သော်မင်းမဲ့စရိုက်ဖြစ်သော ဂိုဒေါင်ဖောက်မီးရှို့မှုများဖြစ်ရန်၊ လူသတ်ခေါင်းဖြတ်မှုများဖြစ်ရန်စစ်တပ်ကပင် အကွက်ချစီစဉ်ပေးခဲ့ခြင်းဖြစ်သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တစ်ဦးဖြစ်သည့် ဗိုလ်ကြီးဝင်းထိန်က ဆိုလိုခဲ့ခြင်းဖြစ်သည်။

မြန်မာ့အရေးကျွမ်းကျင်သူသတင်းစာဆရာတစ်ဦးဖြစ်သည့် ဘာတီးလ်လင့်တနာကလည်းနိုင်ငံတော်အာဏာသိမ်းခြင်းမှာ လတ်တလောဆုံးဖြတ်ချက်မဟုတ်ဘဲ စနစ်တကျပြင်ဆင်၍ ကျွမ်းကျင်စွာ ညွှန်ကြားခဲ့သည့် အစီအစဉ်တစ်ခုသာဖြစ်သည်ဟု သူ၏ Burma's Struggle for Democracy စာအုပ်တွင် သုံးသပ်ခဲ့သည်။

ဗျူဟာမှူးတစ်ဦးအဖြစ်တာဝန်ယူခဲ့ပြီး ယခုအရပ်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြုပြင်ပြောင်းလဲရေးများလုပ်ဆောင်နေသည့် ဦးတင်မောင်ဦးက "နှစ်ဖက်အမြင်ကတော့ ကျွန်တော်အနေနဲ့ ခုအချိန်ပြောရရင် နှစ်ဖက်စလုံးမှန်တာပဲ။ နိုင်ငံရေးလှုပ်ရှားသူတွေက နိုင်ငံရေး လှုပ်ရှားမှုအရ ဒီမိုကရေစီနိုင်ငံ ထူထောင်ဖို့ကြိုးစားတယ်။ တစ်ဖက်ကလည်း တိုင်းပြည်ချောက်ထဲမကျအောင် ဆွဲတယ်ပေါ့။ ဒီတော့ အစိုးရကလည်း သူ့အလုပ်သူလုပ်ခြင်းဖြစ်ပါတယ်"ဟု ဆိုသည်။

အရပ်သားအစိုးရဖြစ်လာပြီး ဗိုလ်ချုပ်ကြီးဟောင်းများက နိုင်ငံကို ပြုပြင်ပြောင်းလဲနေပြီဆိုသော ယနေ့အချိန်အထိ အရေးတော်ပုံကို မျက်မြင်မကြုံတွေ့လိုက်ရဘဲ ပုံသွင်းထားသည့် အတိုင်းသာ သိရှိခဲ့သူ မျိုးဆက်သစ်တပ်မတော်သားအချို့သည်လည်း ၈၈သည် မင်းမဲ့စရိုက်ဖြစ်လာသောကြောင့် တပ်မတော်က အာဏာသိမ်းလိုက်ခြင်းဟု လက်ခံနေကြဆဲဟုလည်း အဆိုပါတပ်မတော်သားများကို မေးမြန်းမှုများအရ သိရှိရသည်။

ထိုအချက်များကပင် အသက်ပေးခဲ့ရသူများ၊ လူမသိသူမသိအစပျောက်သွားရသူများ၊ ဘဝသက်တမ်းကို အကျဉ်းထောင်ထဲတွင်နှစ်ကြာရှည်စွာကုန်ဆုံးခဲ့ရသူများစသဖြင့် မကျက်နိုင်သေးသော ဒဏ်ရာများကြောင့်နိုင်ငံကိုလွတ်လပ်ရေးရအောင် ဆောင်ကြဉ်းပေးခဲ့သော တပ်မတော်နှင့်ပြည်သူကြားတွင် ယုံကြည်မှုပျက်ပြားခဲ့ပြီး ပြန်လည်သင့်မြတ်ရေးကို အပြင်းအထန်ကြိုးစားထူထောင်နေရဆဲ ဖြစ်နေခြင်းဖြစ်သည်။

ယနေ့ခံစားနေရသော တစ်ပိုင်းတစ်စသော အပြောင်းအလဲသည်ပင် အရေးတော်ပုံကာလ၏ နောက်ဆက်တွဲ အကျိုးရလဒ်များအဖြစ် စစ်အာဏာရှင်များက ပုံဖော်ပြောင်းလဲပေးခြင်းဟု ပြည်သူပြည်သားအားလုံးက ယုံကြည်ထားကြသည်။

အပြောင်းအလဲသည် ပြီးပြည့်စုံသော အနေအထားသို့ မရောက်သေးသော်လည်း နောက်မျိုးဆက်သည် ၁၉၈၈ လှုပ်ရှားမှုမျိုးဆက်သစ်ပေါ်တွင် ကျေးဇူးကြွေးအများကြီးတင်ရှိနေပြီး ၈၈ တွင်လှုပ်ရှားခဲ့သူများသည်တကယ့်သူရဲကောင်းများဖြစ်သည်ဟု ၈၈ အရေးတော်ပုံကာလကို ကမ္ဘာလုံးက သိရှိအောင်ထုတ်လွှင့်ပေးခဲ့သူ ဘီဘီစီသတင်းထောက် ခရစ်တိုဖာဂါးနတ်က ပွဲတင်သံဂျာနယ်သို့ ထုတ်ဖော်ပြောကြားခဲ့သည်။

"သမိုင်းကြောင်းနဲ့ယှဉ်ရင် ၂၅ နှစ်ဆိုတာ သိပ်မကြာလှသေးတာမဟုတ်တဲ့အတွက် ကျွန်မအနေနဲ့ မပြီးဆုံးသေးတဲ့ အရေးတော်ပုံတစ်ခုကို ဆက်လက်ဆင်နွှဲနေတယ်လို့ပဲ သဘောထားပါတယ်"ဟု ၂၅ နှစ်ကြာခံစားချက်အတွက် ဒီမိုကရေစီဘုရင်မဟု တင်စားခြင်းခံရသူ ဒေါ်အောင်ဆန်းစုကြည်ကဆိုသည်။

သို့သော် တပ်မတော်ထိပ်ပိုင်းခေါင်းဆောင်များနှင့် ဒီမိုကရေစီအသိုင်းအဝိုင်းက ယခုကျင်းပမည့် ရှစ်လေးလုံးငွေရတုအထိမ်းအမှတ် အခမ်းအနားကိုထောက်ခံခဲ့ကြသော်လည်း အတိတ်က ဖြစ်ရပ်များသည် အနာဂတ်တွင် သင်ခန်းစာယူရမည့်အဖြစ်များသာဖြစ်သည်ဟု ပြောကြားခဲ့ကြသည်။

ငွေရတုအခမ်းအနားသို့ အစိုးရထိပ်ပိုင်းအရာရှိများကဖိတ်ကြားသည့်အတွက်လည်း လိုလားချက်များအပြည့်အစုံမရရှိသေးသည့်အချိန်တွင် ယင်းသို့ အခမ်းအနားဖိတ်ကြားခြင်းကို လက်မခံနိုင်ဟု ဆိုကာ ၈၈ တွင် ဦးဆောင်လှုပ်ရှားခဲ့သူများကပင် အခမ်းအနားစီစဉ်သူများကို ကန့်ကွက်နေမှုများနှင့် ကွဲပြဲမှုများရှိနေပြီဖြစ်သည်။

"သမိုင်းဆိုတာ အထောက်အကူပဲဖြစ်ရမယ်။ အတိတ်ဆိုတာ အနာဂတ်အတွက် အထောက်အကူပဲဖြစ်ရမယ်။ အနာဂတ် တိုးတက်ရေးအတွက် ချုပ်ကိုင်ထားတာမျိုးမဖြစ်ရဘူး။ အချို့က သမိုင်းရဲ့ချုပ်ကိုင်မှုကို အရမ်းခံတယ်လို့ထင်တယ်"ဟု ဒေါ်အောင်ဆန်းစုကြည်ကပြောကြားသည်။

## ဝန်ထမ်းအလိုရှိသည်

- **အထွေထွေဝန်ထမ်း** — **ကျား(၁၀)ဦး**
  အသက်(၂၀-၃၅)နှစ်
- **ယာဉ်မောင်း (ကျွမ်းကျင်)** — **ကျား(၂)ဦး**
  အသက်(၂၅-၄၀)နှစ်
- **ရုံးဝန်ထမ်း** — **ကျား(၂)ဦး**
  Computer Word, Excel ကျွမ်းကျင်စွာသုံးနိုင်ရမည်။

**အမှတ်(၄၅)၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေ၊ ရန်ကုန်။**
**ဖုန်း-၀၉-၇၃၀ ၂၇၇၃၃**

# ဝင်ငွေကြွေးရှိသူတို့ ခိုနားရာ

ဝတ်ရည်အောင်

"လှူဒါန်းရတဲ့ ကုသိုလ်ကြောင့် ဖြစ်လေရာ ဘဝတိုင်းမှာ အခုလိုအခြေအနေမျိုး မကြုံဆုံရပါစေနဲ့။ ဝင်ငွေကြွေးရှိရင်လည်း ဒီဘဝ၊ ဒီမျှနဲ့ပဲ ကျေပါစေတော့" ဆိုသည့် ဆုတောင်းသံခပ်တိုးတိုးက စေတီရင်ပြင်ရှိ ဘုရားဝတ်ပြုသူတစ်ဦးဆီမှ ထွက်ပေါ်လာသည်။

ရန်ကုန် စိတ်ကျန်းမာရေးဆေးရုံတွင် တက်ရောက်ကုသနေသူများကို ရန်ကုန်မြို့အတွင်းသို့ ဘုရားဖူး ပို့ဆောင်ပေးသည့် အစီအစဉ်တွင် ပါဝင်လာသည့် ဆေးရုံတက်ရောက်ကုသနေသူ အမျိုးသမီးတစ်ဦး၏ ဆုတောင်းစကားသံဖြစ်သည်။

စိတ်ကျန်းမာရေး ပြဿနာသည် ကူးစက်မြန်ပြီး သေဆုံးနှုန်းမြင့်မားသော ရောဂါများကဲ့သို့ အလေးပေးခံရမှု နည်းပါးနေသော်လည်း သတိမမူမိသည့် ရောဂါအဖြစ် လူထုအတွင်း ဖြစ်ပွားမှုများ ပြားလာသည်။

စိတ်ပိုင်းဆိုင်ရာ ပြဿနာအမျိုးမျိုးဖြင့် ထိုအမျိုးသမီးအပါအဝင် စိတ်ကျန်းမာရေးဆေးရုံ (ရန်ကုန်)တွင် နှစ်စဉ် လူနာ တစ်သောင်းကျော် တက်ရောက်ကုသနေပြီး ပြီးခဲ့သည့်နှစ်က လူနာ ၁၇,၀၀၀ ကျော်ဆေးကုသမှုခံယူခဲ့ကာ အမျိုးမျိုးသော စိတ်ပိုင်းဆိုင်ရာ ရောဂါများအပြင် အရက်၊ မူးယစ်ဆေးဝါးများကြောင့်စိတ်ဖောက်ပြန်သည့် လူနာဦးရေလည်း နှစ်စဉ်များပြားလာသည်။

တစ်နိုင်ငံလုံးရှိ ထိုကဲ့သို့သော စိတ်ကျန်းမာရေးလူနာများအတွက် နိုင်ငံတော်မှ ပြည်တွင်းအသားတင်ထုတ်လုပ်မှု GDP ၏ ၀ ဒသမ ၀၀၃ ရာခိုင်နှုန်း ရန်ပုံငွေချထားပေးခဲ့ရာ စိတ်ကျန်းမာရေးဆေးရုံ(ရန်ကုန်)အတွက် ပြီးခဲ့သည့်နှစ်က ငွေကျပ်သိန်း ၄,၀၀၀ ရရှိခဲ့သည်ဟု တာဝန်ရှိသူက ပြောသည်။

ပြည်တွင်းတွင် နိုင်ငံတကာနှင့် ပြည်တွင်းလူမှုအဖွဲ့အစည်း တစ်ရာကျော်ခန့်ရှိပြီး ထိုအဖွဲ့အစည်းအများစုမှာ ကျန်းမာရေး၊ ဘုန်းတော်ကြီးသင်ပညာရေး၊ နာရေးကူညီမှု၊ သဘာဝဘေးနှင့် စစ်ဒဏ်ခံစားရသူများ ကယ်ဆယ်ထောက်ပံ့ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစသည့် လုပ်ငန်း အမျိုးမျိုးကို စိတ်ဝင်စားကြသော်လည်း စိတ်ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများအတွက် ထောက်ပံ့မှုနှင့်ဆိုင်သည့် အဖွဲ့အစည်းမရှိသေးပေ။

နိုင်ငံတော်မှထောက်ပံ့သည့် ထိုငွေကြေးသည် လူနာများ၏ အာဟာရကျွေးမွေးစရိတ်၊ ဆေးဝါးစရိတ်၊ လူနာသုံးပစ္စည်းများ၊ အဆောက်အအုံ မွမ်းမံဆောက်လုပ်မှုစသည့် အထွေထွေ အသုံးစရိတ်များ ကာမိစေရန် ရုန်းကန်နေရသည်။

ထို့အပြင် တစ်ဖက်တွင်လည်း ဆေးရုံတင်ပြီး စွန့်ပစ်သွားသည့် လူနာများလည်း များပြားလာရာ ဆေးရုံ ရေရှည်ရပ်တည်ရေးတွင် ဝန်ထုပ်ဝန်ပိုးများ ပိုမိုများပြားလာကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာကျော်စိုးက ပြောသည်။

ယမန်နှစ်က ထိုဆေးရုံတွင် စွန့်ပစ်လူနာဦးရေ ၃၅၉ ယောက်ရှိခဲ့ပြီး ယခုနှစ်တွင် ၄၂၅ ယောက်အထိ များပြားလာကာ နိုင်ငံတော်မှ ဆေးဝါး ထောက်ပံ့ပေးသော်လည်း လူမှုဖူလုံရေးနှင့် နိုင်ငံတကာမှ NGO၊ INGO များထံမှအထောက်အပံ့တော့ လုံးဝမရရှိသေးကြောင်း ဆေးရုံအုပ်ကြီးက ပြောသည်။

"ကျွေးမွေးစရိတ်ကတင် ချထားပေးတဲ့ငွေကြေးရဲ့ ၆၅ ရာခိုင်နှုန်းလောက်အထိ တာသွားတယ်။ အခုကတော့ အလှူရှင်တွေကြောင့် တောင့်ခံနိုင်သေးတယ်။ ဒါပေမဲ့ ဘယ်အချိန်ထိ တောင့်ခံနိုင်မလဲတော့ မသေချာပါဘူး" ဟု ဆေးရုံအုပ်ကြီးက ပြောသည်။

ဆေးရုံတက်၍ ရောဂါကုသပြီး ပျောက်ကင်းသည့်အချိန် မိသားစုဝင်များထံ ပြန်လည်ရောက်ရှိသူများ ရှိသကဲ့သို့ စိတ်ရောဂါခံစားနေရသူ မိသားစုဝင်အား ပြန်လည် လက်မခံလိုသည့်အတွက် နေရပ်လိပ်စာ အမှားပေး၍ ဆေးရုံတင်ခဲ့သူများ၊ ဆေးရုံတင်ပြီး အခြားနေရာသို့ တိမ်းရှောင်သွားသူများ၊ ပြန်လည်လက်မခံလိုသူ မိသားစုဝင်များကြောင့် ဆေးရုံတွင် နာတာရှည်ထားရှိထားသည့် လူနာအရေအတွက်လည်း များပြားလာခြင်းဖြစ်သည်။

"ဆေးရုံမှာ စွန့်ပစ်လူနာတွေလည်းရှိတယ်။ အချို့ဆိုလည်း နာတာရှည်နဲ့ ဆေးရုံမှာ နှစ် ၃၀ လောက်ရှိတဲ့ သူတွေလည်း ရှိတယ်။ အဲဒီသူတွေကို ဆေးရုံကပဲ ထောက်ပံ့ထားတာ" ဟု စိတ်ကျန်းမာရေးဆေးရုံတွင် တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစား စိတ်ကျန်းမာရေးဆရာဝန်တစ်ဦးက ပြောသည်။

စာမျက်နှာ(၁၀)သို့

# မိခင်နို့တစ်မျိုးတည်း မတိုက်ကျွေးခြင်းမှာ ငါးနှစ်အောက်ကလေး သေဆုံးမှု၏ နံပါတ်တစ်အကြောင်းရင်းဖြစ်

ရဲနောင်



**ရန်ကုန်၊ ဩဂုတ်-၃**

အမေရိကန်နိုင်ငံ ဝါရှင်တန်ရှိ ကျန်းမာရေးသက်ရောက်မှု သုတေသနအရ မြန်မာနိုင်ငံတွင် အသက်ငါးနှစ်အောက်ကလေး သေဆုံးမှု၌ပါဝင်သည့် အကြောင်းရင်းများတွင် မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးမှုမရှိခြင်းသည် နံပါတ် ၁ နေရာ၌ ရှိနေကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံတွင် မွေးကင်းစမှ အသက် ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းတိုက်ကျွေးမှုနှုန်းမှာ ၁၀၀လျှင် ၂၄ ယောက်သာရှိသည်ဟု ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)ကထုတ်ပြန်သည်။

ကလေးငယ်များအား မိခင်နို့ကိုဆောလျင်စွာ တိုက်ကျွေးခြင်းသည် ပထမဆုံးကာကွယ်ဆေးဖြစ်ပြီး ငွေကုန်ကြေးကျအသက်သာဆုံးနှင့် အထိရောက်ဆုံးသော အသက်ကယ်ဆေးဟု ဩဂုတ်လ ပထမပတ်တွင်ပြုလုပ်သော မိခင်နို့တိုက်ကျွေးမှုသီတင်းပတ်တွင် UNICEF က အသိပေးခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း မွေးကင်းစမှအသက်ခြောက်လအထိ ကလေးငယ်များကို မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရန် ညွှန်ကြားထားသည်။

"မွေးကင်းစကနေ အသက်ခြောက်လအထိ ကလေးငယ်တွေကို မိခင်နို့ တစ်မျိုးတည်း တိုက်ကျွေးရမှာပါ။ ဖြည့်စွက်စာ၊ ရေဘာမှ တိုက်စရာမလိုပါဘူး။ မိခင်နို့မှာ ကလေးအတွက် ပြီးပြည့်စုံတဲ့ အာဟာရဓာတ်တွေ ပါဝင်ပါတယ်" ဟု ရန်ကုန်ကလေးဆေးရုံကြီးမှ လက်ထောက်ဆရာဝန်တစ်ဦးက ပြောသည်။

မိခင်နို့ တစ်မျိုးတည်းသာ တိုက်ကျွေးမှုကြောင့် ကလေးငယ်များတွင် ကူးစက်တတ်သောရောဂါများမှ ကာကွယ်ခြင်း၊ ရင်ကျပ်နှင့် ယားနာကဲ့သို့သော ရောဂါများ ဖြစ်ပွားမှုမှ ကာကွယ်ပေးခြင်း၊ ဉာဏ်ရည် ထက်မြက်စေခြင်း အကျိုးများရရှိစေသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) က ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံတွင် အသက်ငါးနှစ်အောက်ကလေးသေဆုံးမှုမှာ ကလေးငယ် ၁,၀၀၀ လျှင် ၇၀ နီးပါးရှိသည်ဟု သိရသည်။


# တောင်ပေါ်သား
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
တောင်ကြီး–ရန်ကုန်–မန္တလေး–နေပြည်တော်–ဘားအံ–ကော့ကရိတ်–မြဝတီ
တောင်ပေါ်သားယာဉ်လိုင်းမှ

တောင်ကြီး ⟷ ရန်ကုန်
ညနေ(၆)နာရီ

ရန်ကုန် မှ နေပြည်တော်
နံနက်(၈)နာရီ
နေ့လည်(၁)နာရီ
ညနေ(၄)နာရီ
ည(၇း၃၀)

နေပြည်တော် မှ ရန်ကုန်
နံနက်(၁၁း၃၀)
နံနက်(၁၁း၃၀)
ည(၉း၃၀)
ည(၁၀း၃၀)

ရန်ကုန် မှ မန္တလေး
ည(၇း၃၀)

မန္တလေး မှ ရန်ကုန်
ည(၉)နာရီ

ရန်ကုန်မှ ဘားအံ ၊ ကော့ကရိတ် ၊ မြဝတီ
ည(၇)နာရီ

ကော့ကရိတ် မှ ရန်ကုန်
ညနေ(၅)နာရီ

တောင်ကြီး ⟷ မန္တလေး
ည(၇)နာရီ

တောင်ကြီး ⟷ နေပြည်တော်
ည(၇)နာရီ

နေပြည်တော် မှ မန္တလေး
ည(၇း၃၀)နာရီ

မန္တလေး မှ နေပြည်တော်
နေ့လည်(၂)နာရီ

အထက်ပါ ခရီးစဉ်တွေကို အထက်ပါယာဉ်ထွက်ချိန်အတိုင်း ပုံမှန်ပြေးဆွဲနေပြီဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
တောင်ပေါ်သားယာဉ်လိုင်းမိသားစု
အထူးကျေးဇူးတင်ရှိပါသည်။
၀၈၁-၂၁၂၁၀၈၈ ၊ ၀၉-၄၂၀၁၃၀၀၆၈ ၊ ၀၉-၅၃၁၂၄၅၅၄ ၊ ၀၉-၅၁၂၄၅၁၆ ၊ ၀၆၇-၂၆၂၄၁ ၊ ၀၅၈-၄၁၀၀၄၅ ၊ ၀၂-၃၁၀၁၃




7 DAY NEWS JOURNAL
Vol.12, No.22 • AUGUST 7 , 2013

# နီပေါမျက်စိဆရာဝန်များ အခမဲ့ခွဲစိတ်ပေးမည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဩဂုတ်-၃**

လာမည့် အောက်တိုဘာ ၁၅ရက်တွင် နီပေါနိုင်ငံဆရာဝန်အဖွဲ့မှ အတွင်းတိမ်လူနာများအား အခမဲ့ ခွဲစိတ်မှု ပြုလုပ်ပေးမည်ဖြစ်၍ ဝေဒနာရှင်များလာရောက်စာရင်း ပေးသွင်းနိုင်ကြောင်း ရန်ကုန်မျက်စိဆေးရုံကြီးမှ သတင်းရရှိသည်။

Fred Hollows ဖောင်ဒေးရှင်း၏ အစီအစဉ်ဖြင့် အောက်တိုဘာလတွင် နီပေါနိုင်ငံသားမျက်စိအထူးကုဆရာဝန်ဒေါက်တာSan-dwk Ruit နှင့် အဖွဲ့မှနောက်ဆုံး အသုံးပြုနေသည့် နည်းပညာဖြင့် ခွဲစိတ်မည်ဖြစ်ကြောင်း မျက်စိဆေးရုံ၏ ဆေးရုံအုပ်ဒေါက်တာညွန့်အောင်ကပြောသည်။

"လူများများကိုခွဲစိတ်နိုင်ဖို့စီစဉ်ထားတော့ လူနာတွေဆေးရုံမှာ စာရင်းလာပေးနိုင်ပါတယ်" ဟု ဒေါက်တာညွန့်အောင်က ပြောသည်။

မြန်မာနိုင်ငံတွင် မျက်စိနှင့်ပတ်သက်သည့်ရောဂါများတွင် အတွင်းတိမ်သည် အဖြစ်များဆုံးဖြစ်ပြီး မျက်စိဆေးရုံတွင်လည်း အတွင်းတိမ်လူနာမှာ အများဆုံးဖြစ်ကြောင်း သတင်းရရှိသည်။

ရန်ကုန်မျက်စိဆေးရုံကြီးတွင် တစ်ပတ်လျှင် ငါးရက်ဖြင့်နေ့စဉ်အတွင်းတိမ်လူနာ ၃၀ခန့်အား ခွဲစိတ်ကုသပေးနေပြီး သွားလာရေးခက်ခဲသည့် မြို့ရွာများသို့လည်း မျက်စိဆရာဝန်များသွားရောက်၍ အတွင်းတိမ်လူနာများအား ခွဲစိတ်ကုသမှုများ ဆောင်ရွက်နေသည်။

ထို့အပြင်ယခုလ ၁၂ရက်မှ ၁၆ရက်အထိ တောင်ကိုရီးယားနိုင်ငံမှဆေးပညာရှင်များကလည်း ရန်ကုန်မျက်စိဆေးရုံကြီးတွင် အတွင်းတိမ်လူနာများအား ခွဲစိတ်ကုသမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အသက်ကြီးလာခြင်းနှင့်ခန္ဓာကိုယ်ဇီဝဖြစ်စဉ်များပြောင်းလဲမှုများကြောင့် မျက်စိအတွင်းပိုင်းတွင်ရှိသည့် မှန်ဘီလူးထူထဲ မာကျောလာခြင်းတို့ကြောင့် အတွင်းတိမ်ရောဂါဖြစ်ပွားခြင်းဖြစ်ပြီး မြန်မာနိုင်ငံအလယ်ပိုင်း၊ အပူပိုင်းဒေသများတွင် ရေတိမ်နှင့် အတွင်းတိမ်ကြောင့် မျက်စိကွယ်သူ များပြားကြောင်း သတင်းရရှိသည်။

မျက်စိကွယ်သည့်အကြောင်းအရင်းများမှာ မျက်ခမ်းစပ်ရောဂါ၊ ရေတိမ်၊ အတွင်းတိမ်၊ မျက်စိအတွင်းပိုင်းအလွှာပျက်စီးသည့်ရောဂါ၊ စက်ရုံအလုပ်များနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကြောင့် ဖြစ်ပွားသည့် မျက်စိထိခိုက်ဒဏ်ရာရရောဂါများမှာ အများဆုံးဖြစ်သည်။

Praram 9 ဆေးရုံ၏ အထက်မြန်မာပြည် ရုံးခွဲအား ဩဂုတ်လ 5 ရက်နေ့မှစ၍ မန္တလေးမြို့ စွမ်းဟိုတယ်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။
ရုံးခန်းသစ်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အနေဖြင့် ကျန်းမာရေးစစ်ဆေးမှု (Medical Check up)အစီအစဉ်များကို
50% discount အထူးနှုန်းထားဖြင့် (18.8.2013 )ရက်နေ့မှ (31.8.2013) ရက်နေ့အထိ ရောင်းချမည်ဖြစ်ပါကြောင်း
လူနာသစ်၊ လူနာဟောင်းများအား သတင်းကောင်းပါးအပ်ပါသည်။
အသုံးပြုနိုင်သည့်ကာလမှာ ဝယ်ယူသည့်နေ့မှစ၍ (31.5.2014) အထိ အသုံးပြုနိုင်ပါသည်။
21st Anniversary
PRARAM 9 HOSPITAL
Bangkok, Thailand
ရန်ကုန်ရုံးခွဲ - အမှတ်(45)၊ River View Garden Housing(အလုံတာဝါအနောက်) ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။
Ph : 01-228799, 09 - 731 46977, 09 - 731 46988, 09 - 51 36 554
E-mail : knl.praram9@gmail.com
မန္တလေးရုံးခွဲ - စွမ်းဟိုတယ်၊ ၂၆လမ်း × ၆၈ လမ်းထောင့်၊ မန္တလေးမြို့၊ Ph : 09 402533407
E-mail : praram9.mdy@gmail.com

## စာမျက်နှာ(၉)မှ

## ဝင်ငွေကြွေးရှိသူတို့ ခိုနားရာ

စိတ်ကျန်းမာရေးဆေးရုံသို့ တစ်ဦးချင်းအပါအဝင် ကုမ္ပဏီအဖွဲ့အစည်းများ၊ သင်တန်းကျောင်း တက္ကသိုလ်များမှစုပေါင်း၍ လာရောက်လှူဒါန်းမှုများအား ဆေးရုံမှ အမိက အားထားနေရသည်။

"စားချင်တာကို ကိုယ့်ဘာသာကိုယ်သိပြီး စားနိုင်တဲ့သူတွေကို ကျွေးတာထက်စာရင် ကြိုက်တာကို ဝယ်မစားနိုင်၊ ကျွေးမယ့်သူလည်း နည်းတဲ့သူတို့ကိုစဉ်းစားမိတာပါ" ဟု လာမည့်ရက်ပိုင်းအတွင်း မွေးနေ့အလှူသွားရောက်ပြုလုပ်မည့် အသက် ၂၅ နှစ်အရွယ် အမျိုးသားတစ်ဦးက သူ၏လှူဒါန်းရန်ရွေးချယ်မှုနှင့်ပတ်သက်၍ ပြောသည်။

ဆေးရုံတက်ရောက်နေသော ပျမ်းမျှအတွင်းလူနာ၉၀၀ အတွက် လိုအပ်သည့် နံနက်စာ၊ နေ့လယ်၊ ညစာအပြင် လူနာတစ်ဦးအတွက် တစ်နေ့စာစရိတ်၊ ဆေးဝါးနှင့် လူနာသုံးပစ္စည်းများ လိုအပ်လျက်ရှိသည်။

"အချို့လာလှူတဲ့သူတွေဆိုရင် သူတို့နဲ့အတူ သီချင်းဆိုကြတာ၊ လက်သည်းဆိုးဆေးတွေ ယူလာပြီး ဆိုးပေးကြတာနဲ့ လူကိုအုံနေတာ။ အဲဒီအခြေအနေက သူတို့ကို ဆေးကုသတာထက် ပိုကောင်းတဲ့ စိတ်ပိုင်းဆိုင်ရာကိုလည်း ရစေတယ်" ဟု ဆေးရုံအုပ်ကြီးက ပြီးခဲ့သည့်ရက်ပိုင်းတွင် အောင်မြင်သူ ကုမ္ပဏီ၏ အလှူ၌ အလှူရှင်များအားပြောကြားသည့် ကျေးဇူးတင်စကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

နေ့လယ်၁၂နာရီဝန်းကျင်အဆောင်အသီးသီး၏ စားသောက်ခန်းရှေ့တွင် အလှူရှင်များ၏ လှူဒါန်းမှုအား သာဓုခေါ် ဆုတောင်းပေးနိုင်ရန် တန်းစီထိုင်နေကြပြီး ဆုတောင်းစကားကိုရှေ့ဆုံး၌ထိုင်နေသည့် အမျိုးသမီးတစ်ဦးက စတင်တိုင်ကြားလိုက်သည့်အခါ လူ ၁၀၀ ကျော်က တညီတညာတည်း ဆုတောင်းမေတ္တာ ပို့သကြသည်။

"နောက်လည်း လာလှူဦးနော်။ အလှူရှင်လာရင် အသားဟင်းစားရတယ်။ အဲဒါကြောင့် အလှူရှင်ကိုပဲ မျှော်နေရတာ" ဟု အသက် ၅၀ ခန့် အမျိုးသမီးကြီး၏ စကားသံက စားသောက်ခန်းအတွင်း အလှူရှင်တို့၏ ရယ်မောသံနှင့်အတူ ပျံ့လွင့်လာသည်။



# Regional

7DAY NEWS JOURNAL

Vol.12, No.22 • AUGUST 7 , 2013





နတ်ချစ်တောင် သမင်ဘေးမဲ့တော နယ်နိမိတ် ဧရိယာသတ်မှတ်ထားသည်ကို တွေ့ရစဉ် ဓာတ်ပုံ- မျိုးမင်းဦး

## လက်ပံတောင်းတောင်စီမံကိန်းအတွင်းရှိ သမင်များကို နတ်ချစ်တောင် ဘေးမဲ့ဥယျာဉ်တွင် မွေးမြူမည်

**မျိုးမင်းဦး**

**မုံရွာ၊ ဩဂုတ်-၃**

လက်ပံတောင်းတောင် ကြေးနီစီမံကိန်း နယ်မြေအတွင်း နေထိုင်ကျက်စားသော သမင်များကို အနီးရှိနတ်ချစ်တောင်သမင်ဘေးမဲ့ဥယျာဉ်တွင် ထားရှိမွေးမြူသွားမည်ဖြစ်ကြောင်း မြန်မာဝမ်ပေါင်ကုမ္ပဏီမှ အရာရှိတစ်ဦးက ပြောကြားသည်။

နတ်ချစ်တောင် သမင်ဘေးမဲ့ဥယျာဉ်ကို ၃၂ ဧက အကျယ်သတ်မှတ်ထားပြီး သမင်များထားရှိမည့် ဥယျာဉ်ကို ၂၆ ဧက အကျယ်အဝန်းသတ်မှတ်ထားကာ မကြာမီ သမင်များ ပြောင်းရွှေ့မွေးမြူမည်ဟု သတင်းရရှိသည်။

လက်ပံတောင်းတောင်ခြေတွင် သီတင်းသုံးနေထိုင်သော မြေပြင်သာဝိပဿနာရိပ်သာ ဆရာတော်တစ်ပါးက "လက်ပံတောင်းတောင်မှာ ကျက်စားနေတဲ့ သမင်တွေက တန်ခူး၊ ကဆုန်ရေခန်းချိန်ဆိုရင် မြေပြင်သာရိပ်သာအနီးက ရေကန်ကို ရေသောက်ဆင်းလေ့ရှိပါတယ်။ အများဆုံးက သမင်တွေ ဖြစ်ပြီး ချေတွေ၊ ယုန်တွေလည်း ရှိပါတယ်။ ရှေးအယူအဆတွေကြောင့် ကျေးရွာတွေအတွင်း သမင်လေးတွေဝင်ရင်တောကောင်ဝင်တယ်ဆိုပြီး သတ်ကြဖြတ်ကြတာ တစ်နှစ်ကို အနည်းဆုံး သမင်ငါးကောင်ကနေ ဆယ်ကောင်ဝန်းကျင်အထိ သေနေရတယ်"ဟု ဆိုသည်။

လက်ပံတောင်းတောင်တွင် ကျက်စားနေသော သမင်များ မျိုးသုဉ်းပျောက်ကွယ်မှု မရှိစေရေးအတွက် သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြေရေး ဦးစီးဌာနတို့ ပူးပေါင်း၍ နတ်ချစ်တောင်သမင်ဘေးမဲ့ခြံတွင် သမင်များနှင့် အခြားသတ္တဝါလေးများအား ပြုစုစောင့်ရှောက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရှင်ဗွေယန်မြို့နယ်တွင် စီဒီအမ်အေ ဖုန်းလိုင်းဖွင့်ချိန် နည်းသည့်ပြဿနာ မပြေလည်သေး

**နန်းအောင်**

**ရန်ကုန်၊ ဩဂုတ်-၃**

ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်အတွင်းရှိ ရှင်ဗွေယန်မြို့နယ်ခွဲတွင် စီဒီအမ်အေ ၄၅၀ မဂ္ဂါဟတ်ဇ် ဖုန်းလိုင်းဖွင့်ချိန် နည်းနေသည့်ပြဿနာများတစ်နှစ်ကျော် ကြာပြီဖြစ်သော်လည်း ပြေလည်မှု မရှိသေးကြောင်း ရှင်ဗွေယန်မြို့နယ်ခွဲမှ ဒေသခံတစ်ဦးက ပြောကြားသည်။

ရှင်ဗွေယန်မြို့နယ်ခွဲတွင် ချပေးသည့် စီဒီအမ်အေ ၄၅၀ ဖုန်းလိုင်းဖွင့်ချိန်မှာ နံနက် ၇ နာရီမှ ည ၇ နာရီအထိသာဖြစ်၍ ဒေသခံများ ဆက်သွယ်ရေးတွင် အခက်အခဲရှိနေသည်ဟုဆိုသည်။

"ဒေသမှာအရေးအကြောင်း တစ်ခုခုနဲ့ ဖုန်းဆက်သွယ်မယ်ဆိုရင် ဖုန်းလိုင်းတွေက ပိတ်ထားတော့ ဘယ်လိုမှ ဆက်သွယ်လို့မရဘူး" အထက်ကနေ ဖုန်းလိုင်းဖွင့်ပေးတဲ့ အချိန်က အရမ်းနည်းလွန်းတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာတွင် ရှင်ဗွေယန်မြို့နယ်ခွဲအတွက် စီဒီအမ်အေဖုန်းများ စတင်အသုံးပြုခွင့်ရခဲ့ပြီး ဖုန်းလိုင်းဖွင့်ချိန်နည်းနေသည့်ပြဿနာမှာ ယနေ့အချိန်ထိကြုံတွေ့နေရကြောင်း သတင်းရရှိသည်။

"ကျွန်တော်တို့ဒေသက အဖွဲ့အစည်းတွေကတော့ မနှစ်တုန်းကပဲ ကချင်ပြည်နယ်အစိုးရ အဖွဲ့ကို တင်ပြထားပြီးပါပြီ။ နှုတ်နဲ့ရော၊ စာနဲ့ရော၊ ပါတီလွှတ်တော်ကိုယ်စားလှယ်တွေ့နဲ့ရော တင်ပြထားပြီးဖြစ်ပါတယ်။ အခုချိန်ထိတော့ ဘာမှထူးခြားမှုမရှိသေးဘူး" ဟု ရပ်မိရပ်ဖတစ်ဦးကပြောကြားသည်။

ရှင်ဗွေယန်မြို့နယ်ခွဲနှင့် နီးသည့်တနိုင်း၊ နန်းယွန်း၊ ပန်ဆောင်မြို့များတွင် မိုဘိုင်းဖုန်းလိုင်း ဖွင့်ချိန် နံနက် ၆ နာရီမှ ည ၁၀ နာရီခွဲအထိရရှိကြသော်လည်း ရှင်ဗွေယန်မြို့နယ်ခွဲတွင် နံနက် ၇ နာရီမှ ည ၇နာရီအထိ သာရရှိကြောင်း သတင်းရရှိသည်။

ရှင်ဗွေယန်မြို့နယ်ခွဲ မိုဘိုင်းဖုန်းလိုင်းဖွင့်ချိန်အချိန်နည်းပါးမှုနှင့်ပတ်သက်၍ ကချင်ပြည်နယ် မိုဘိုင်းတာဝန်ခံရုံးသို့ဆက်သွယ်မေးမြန်းခဲ့သော်လည်း ဆက်သွယ်မှုမရခဲ့ပေ။




7 DAY NEWS JOURNAL
Vol.12, No.22 • AUGUST 7 , 2013

# ရှမ်းလူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ ပထမအကြိမ်ကျင်းပ

**ဖွဲ့ညက်**
**ရန်ကုန်၊ဩဂုတ်-၃**

ရှမ်းလူငယ်အင်အားထု ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ Tai Education Fund Committ-ee က ကြီးမှူး၍ ဆယ်နှစ်ကျော်ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်း ကော်မတီဥက္ကဋ္ဌဖြစ်သူ အင်္ဂလိပ်စာပါမောက္ခ(ငြိမ်း)ဒေါ်နန်းဟွမ်လိတ်ကပြောသည်။

ယင်းကော်မတီကို လွန်ခဲ့သည့် ဆယ်နှစ်ခန့်က စတင်၍ ပြည်ပတွင် သွားရောက်လုပ်ကိုင်နေသော ရှမ်းတိုင်းရင်းသားများနှင့် ပြည်တွင်းမှ လုပ်ငန်းရှင်များ စုပေါင်းကာ တည်ထောင်ခဲ့ခြင်းဖြစ်ပြီး နှစ်စဉ်ထူးချွန်ထက်မြက်သောကျောင်းသား/သူ ၂၅ဦးအား ထောက်ပံ့ငွေပေးအပ်ခဲ့သည်ဟု ၎င်းကပြောသည်။

သို့သော် ယခုနောက်ပိုင်းနှစ်များတွင် ထောက်ပံ့ငွေပေးအပ်ရာ၍ မိမိတို့၏ ပြည်နယ်ကို ပြန်လည်အကျိုးပြုစေမည့် ကျန်းမာရေးမှူး၊ သူနာပြု၊ သားဖွားဆရာမ၊ မူလတန်းဆရာ၊ ဆရာမဖြစ်လာမည့် ကျောင်းသား/သူများကို ထောက်ပံ့ပေးချင်သောကြောင့် လျှောက်လွှာဖြင့်ခေါ်ယူခဲ့သော်လည်း အပြည့်အဝမလုပ်ဆောင်နိုင်သေးကြောင်း ၎င်းကပြောသည်။ "စာပဲတော်ပြီး အောင်သွားရင်လည်း ကိုယ့်အတွက်ပဲကိုယ်ကြည့်တဲ့လူဖြစ်သွားမှာစိုးလို့ "ဟု ဆွေးနွေးပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ဒေါ်နန်းဟွမ်လိတ်ကပြောသည်။

ယခုဆွေးနွေးပွဲတွင် ဩဂုတ် ၃ရက် နံနက်မှ ညနေအထိ ဖိတ်ကြားထားသူများက ကျောင်းသား/သူ ၂၅ဦးကို ယဉ်ကျေးမှုဆိုင်ရာကိစ္စများမိမိတို့ရပ်ရွာများတွင် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများလုပ်ဆောင်ရန် စသဖြင့်ဟောပြောကြမည်ဖြစ်ပြီး ဩဂုတ် ၄ရက်တွင် ကျောင်းသားများထံမှ ပြန်လည်ဆွေးနွေးမှုများ ပြုလုပ်ပေးသွားမည်ဟု ၎င်းကပြောသည်။

ယခုဆွေးနွေးပွဲမှ မိမိတို့ရပ်ရွာများတွင် ဖွံ့ဖြိုးတိုးတက်စေရန် မည်ကဲ့သို့ လုပ်ဆောင်သင့်သည်ဟု ဆိုသော စိတ်ဓာတ်ရရှိစေရန် ရည်ရွယ်ခြင်းဖြစ်ပြီး ယခုနှစ်တွင် စတင်ပြုလုပ်ခြင်းသည် ထောက်ပံ့ငွေပေးထားသော ကျောင်းသားများနှင့် အဆက်အသွယ်မပြတ်စေလိုသောကြောင့်ဟု ဒေါ်နန်းဟွမ်လိတ်ကပြောသည်။

"အန်တီတို့က သူတို့တိုးတက်ရာ တိုးတက်ကြောင်းကို ကူညီပေးမယ်။ သူတို့ဘက်ကလည်း ရှမ်းပြည်ရဲ့တိုးတက်ရာတိုးတက်ကြောင်းကို ဘယ်ထောင့်ကပဲဖြစ်ဖြစ်လုပ်ပေးအောင်ဆိုတဲ့ဟာက ဒီထောက်ပံ့ခြင်းလုပ်ငန်းအတွက် Bond ပါပဲ"ဟု ၎င်းကပြောသည်။

ဆက်သွယ်ရေးကွန်ရက်အားနည်းမှုကြောင့်ယခင်ထောက်ပံ့ငွေပေးအပ်နေသော ကျောင်းသားကျောင်းသူများနှင့် အဆက်အသွယ်နည်းသောကြောင့် ယခုကဲ့သို့ ဆွေးနွေးပွဲပြု လုပ်ပေးခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

# နွေစပါးဈေး အနည်းငယ် ပြန်ကျ

**သန်းထူး**
**နေပြည်တော်၊ ဩဂုတ်- ၃**

နွေစပါးများ ဈေးကွက်သို့ စတင်ရောက်ချိန်က တင်းတစ်ရာလျှင် ၄၇၀,၀၀၀ ဖြင့် စံချိန်တင်အမြင့်ဆုံး ဈေးပေါက်ခဲ့သော်လည်း ယခုရက်ပိုင်းတွင်မူ၄၀၀,၀၀၀ကျပ်ဝန်းကျင်သာ ရှိတော့ကြောင်း လယ်သမားများက ပြောဆိုကြသည်။

"ဈေးကတဖြည်းဖြည်းကျနေပါပြီ။ အခုဆို လေးသိန်းလောက်ပဲရှိတော့တယ်"ဟု နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ လက်ပန်တန်းကျေးရွာမှ လယ်သမားဦးရှမ်းကြီးကပြောသည်။ ဇူလိုင်ပထမပတ်ကမူနွေစပါးတင်း ၁၀၀ လျှင် ကျပ် ၄၇၀,၀၀၀ ရှိခဲ့ကြောင်း ဆန်စက်လုပ်ငန်းရှင်ကိုနေစိုးက ဆိုသည်။

စံပြစိုက်ခင်းမဟုတ်သော အခြားလယ်များတွင် ဒေသမျိုးများဖြစ်သည့် ဆင်းသုခ၊ ဆင်းသွယ်လတ်စသည့်စပါးမျိုးများကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် တင်း ၁၀၀ ကျော်အထိ ထွက်ရှိခဲ့ပြီး ယခုနှစ်တွင် အထွက်နည်းသော လယ်များပင် တင်း ၈၀ ဝန်းကျင်သာ ထွက်ရှိကြောင်း နွေစပါးစိုက် လယ်သမားများက ပြောသည်။



*စပါးခြွေစက်ဖြင့် ခြွေနေစဉ်*
ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

"တင်းရှစ်ဆယ်ဆိုလည်း ဒီဈေးနဲ့ဆိုမြတ်ပါတယ်။ ကျွန်တော်တို့က တစ်ဧကစရိတ် တစ်သိန်းလောက်ပဲကုန်တယ်လေ"ဟုဆင်းသွယ်လတ် စပါးစိုက်ပျိုးခဲ့သော ကိုဖြူဝင်းက ဆိုသည်။ ငွေကြေး၊ နည်းပညာ၊ စက်အင်အား၊ ရေစသည်ဖြင့် ပံ့ပိုးမှုအပြည့်အဝ ပေးထားသော ပုလဲသွယ်စပါးစိုက်ခင်းများမှာမူ တစ်ဧကလျှင်အနည်းဆုံး တင်း ၁၄၀ ထွက်ရှိကြောင်းတာဝန်ရှိသူများက ပြောကြားသည်။

ဆည်ရေသောက်ဧကခြောက်သောင်းကျော်ရှိသောနေပြည်တော်တွင်ဆည်ရေကို မြို့ပြအတွက် ခွဲဝေအသုံးပြုလာရခြင်း ယမန်နှစ်မိုးနည်း၍ လှောင်ရေလျော့နည်းခြင်းများကြောင့် နွေစပါးစိုက်ဧကလည်း လျော့နည်းလာကြောင်း ဒေသခံလယ်သမားအချို့က ပြောသည်။

# ပဋိပက္ခတားဆီးရေးကော်မတီ(မန္တလေး) တရားဝင်ရပ်တည်နိုင်ရန်စီစဉ်

**ညီညီဇော်**
**မန္တလေး၊ဩဂုတ်-၃**

ပဋိပက္ခဖန်တီးမှုများ ကြိုတင်ကာကွယ်တားဆီးရေးကော်မတီ (မန္တလေး)ကို အသစ်ပြန်လည်ဖွဲ့စည်းလိုက်ပြီဖြစ်ပြီး တရားဝင်အသင်းအဖွဲ့တစ်ခုအဖြစ်မှတ်ပုံတင်နိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဩဂုတ် ၃ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့အိုရီယန်တယ်ဟောက်စ်ခန်းမ၌ ဘာသာအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကာ ကော်မတီအသစ်ပြန်လည်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

နိုင်ငံတစ်ဝန်းပဋိပက္ခများဖြစ်ပွားနေချိန် ဧပြီလဆန်းပိုင်းက စတင်ကာ ပဋိပက္ခဖန်တီးမှုများကြိုတင်ကာကွယ်တားဆီးရေးကော်မတီ(မန္တလေး)ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ဖွဲ့စည်းစဉ်အချိန်က အသင်းသက်တမ်းကို ၃ လသတ်မှတ်ခဲ့ခြင်းကြောင့် ဇူလိုင် ၇ ရက်တွင်အသင်းကိုရပ်ဆိုင်းလိုက်ခြင်းဖြစ်သည်။

အခမ်းအနားတွင် ဗုဒ္ဓဘာသာဆရာတော်များကအသင်းပြန်လည်ဖွဲ့စည်းရန် ဆန္ဒရှိ၊မရှိကို မေးမြန်းခဲ့ကြရာ ဘာသာပေါင်းစုံမှထောက်ခံခဲ့သောကြောင့်အသစ်ပြန်လည်ဖွဲ့စည်းလိုက်ခြင်း ဖြစ်သည်။

မန္တလေးမြို့မှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အစ္စလာမ်၊ ဟိန္ဒူနှင့် ခရစ်ယာန်ဘာသာဝင်ဆရာတော်များပါဝင်ပြီး ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများ၊ဘဏ္ဍာရေးမှူး၊သတင်းပြန်ကြားရေး၊ စာရင်းစစ် အစရှိသဖြင့်အဖွဲ့ဝင် ၂၉ဦးဖြင့်ပြန်လည်ဖွဲ့စည်းလိုက်ခြင်းဖြစ်သည်။ ပဋိပက္ခ ဖန်တီးမှုများကြိုတင်ကာကွယ်တားဆီးရေး ကော်မတီ(မန္တလေး)မှ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသည့်ဦးစိန်လှအောင်က "ပဋိပက္ခ အသွင်ဆောင်လာလို့ရှိရင် မည်သည့် နေရာ၊မည်သည့် ပြဿနာဖြစ်ဖြစ် မန္တလေးဖြစ်စေ၊ ပတ်ဝန်းကျင်ဖြစ်စေ၊နိုင်သလောက် သွားရောက်ဖြေရှင်းပေးပါမယ်။ ဘာသာရေးပဋိပက္ခလည်း အဖြစ်မခံနိုင်ဘူး။ လူမျိုးရေးပဋိပက္ခလည်း အဖြစ်မခံနိုင်ဘူး။ ကျွန်တော်တို့ရသလောက်၊ နိုင်သလောက်ကြိုးစားသွားမှာပါ။ ကော်မတီထိုင်ပြီးဆိုရင် လိုင်စင်ဆောင်မှတ်ပုံတင်ဖို့အထိ ရည်ရွယ်ချက်ရှိပါတယ်"ဟု ပြောသည်။




နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
"ဖွားရာ ပွင့်ရာ စက်လှည့်ရာ စံရာ၍လေးမည်၊ သံဝေဇနိယ လေးဌာန ဖူးကြအလီလီ၊ အပွါယ်လေးဝမလားရ လားရာလှနတ်ပြည်"ဟူသော ဆောင်ပုဒ်နှင့်အညီ နီလာဘုရားဖူးအဖွဲ့မှဗုဒ္ဓဘာသာဝင်တိုင်း ဗုဒ္ဓဂယာသို့ရောက်ရှိရန် ရည်ရွယ်ချက်ဖြင့် ပို့ဆောင်ခြင်းဖြစ်ပါသည်၊
(၆) ညအိပ် (၇) ရက်ခရီး — သိရိလင်္ကာ (စွယ်တော်ဖွင့်ပွဲ) + ဘန်ကောက် (မြဘုရား)
စရိတ်ငြိမ်း (၁၂.၅) သိန်း ( ထွက်ခွာမည့်နေ့ — ၁၅.၈.၂၀၁၃ )
(၇)ရက်ခရီး - သံဝေဇနီယလေးဌာန (ဖွား၊ပွင့်၊ဟော၊စံ)(အိန္ဒိယ - နီပေါ) → ၈.၅သိန်း(စရိတ်ငြိမ်း)၊ (၁၂)ရက်ခရီး - ၉ သိန်း(စရိတ်ငြိမ်း)
(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန + နယူးဒေလီ (မဟာသတိပဋ္ဌာန်)၊တပ်ချ်မဟာ၊ ကိုလ်ကတ္တား (Shopping နှင့် ဗဟုသုတရစရာ နေရာများ) → ၁၀သိန်း (စရိတ်ငြိမ်း)
၂၀၁၃–၁၄ခုနှစ်ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များကို (၂၇.၉.၁၃)မှ စတင်ထွက်ခွာမည်ဖြစ်၍စရံငွေ(၁)သိန်းဖြင့်ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
ဘုရားဖူးဓမ္မမိတ်ဆွေများ၏တောင်းဆိုမှုအရ Promotion ကာလကို (၁.၇.၁၃)မှ (၃၁.၈.၁၃) အထိ တိုးမြှင့်လိုက်ပြီးဖြစ်ကြောင်းဓမ္မမိတ်ဆွေမိတ်ဟောင်းမိတ်သစ်များအား သတင်းကောင်းပါးအပ်ပါသည်။
ဗုဒ္ဓဂယာခရီးစဉ်ကို Promotion ကာလအတွင်း စရံငွေ(၁)သိန်း ပေးသွင်းပါက တစ်ဦးချင်း လိုက်ပါလျှင် (၅)သောင်းကျပ် လျှော့ပေးမည်ဖြစ်ပြီး၊ (၈)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးပါမည်။
အထူးအစီအစဉ်အနေဖြင့် နယ်မှဘုရားဖူးခရီးသည်များအတွက် ထွက်ခွာမည့်ခရီးစဉ်မတိုင်မီ (၁၀) ရက်အတွင်း လိုက်ပါနိုင်ကြောင်းနှင့်ရန်ကုန်နှင့်မန္တလေးမြို့များတွင် တည်းခိုနိုင်ရန် ကုမ္ပဏီမှ အခမဲ့ဝန်ဆောင်မှုပေးပါမည်။
တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ အပတ်စဉ် ခရီးစဉ်များ ထွက်ရှိပါသည်၊
ရန်ကုန်ရုံးချုပ် အမှတ်-၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(ခုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
မန္တလေးရုံးခွဲ - အမှတ် (၁၁၃)၊ လမ်း ၃၀၊ ၆၅x၆၆လမ်းကြား၊မင်းကွန်းတိုက်တန်း၊ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့
☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉၊ မန္တလေးရုံးခွဲ -၀၉-၄၇၂၂၀၈၅၊ ၀၉-၄၇၂၂၂၀၈၆၊ ၀၉-၄၀၁၇၄၄၄၀၄၊ ၀၉-၄၂၈၂၁၇၂၅၁

7 DAY NEWS JOURNAL
Vol.12, No.22 • AUGUST 7 , 2013

## မန္တလေးတွင် ဇူလိုင်လမီးလောင်ဆုံးရှုံးမှုအများဆုံးဟုဆို

**ညီညီဇော်**

**မန္တလေး**- မန္တလေးတိုင်းဒေသကြီးတွင် ဇူလိုင်တစ်လလုံး မီးလောင်ကျွမ်းမှု (၁၂)ကြိမ်ဖြစ်ပွားခဲ့ရာ ပြီးခဲ့သည့်လများထက် အနည်းငယ်လျော့ကျခဲ့သော်လည်း ဆုံးရှုံးမှု တန်ဖိုးမှာ အများဆုံး ဖြစ်ကြောင်း သတင်းရရှိသည်။

မီးလောင်ကျွမ်းမှုဖြစ်စဉ်များမှာ မေလက (၁၉)ကြိမ်လောင်ကျွမ်းခဲ့ပြီး ကျပ်သိန်း ၁၀၀ ကျော် ဆုံးရှုံးကာ ဇွန်လတွင်လည်း(၁၉) ကြိမ်ဖြစ်ပွားကာ ကျပ် ၇၃ သိန်းကျော် ဆုံးရှုံးကြောင်း၊ ဇူလိုင်လတွင်မူ မီးလောင်ကျွမ်းမှုအကြိမ်ရေ (၁၂)ကြိမ်ဖြစ်ပွားကြောင်း၊ ယခင်လများထက်မီးလောင်ကျွမ်းမှုအကြိမ်ရေ လျော့ကျသည်ဟု ဆိုနိုင်သော်လည်း ဆုံးရှုံးမှု တန်ဖိုးမှာ ကျပ်သိန်း ၄၀၀ ကျော် ဆုံးရှုံးခဲ့၍ သုံးလတာကာလအတွင်း အများဆုံးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ဇူလိုင် ၁၂ ရက်က ပုသိမ်ကြီးမြို့နယ်၊ သစ်ချိုကုန်းကျေးရွာမှာ လျှပ်စစ်မီးဘုတ်ခုံ အပူလွန်ကဲရာကနေ စလောင်တဲ့မီးကြောင့် အိမ်က ၁၁ အိမ်၊ ဂိုဒေါင်က နှစ်လုံး မီးလောင်ကျွမ်းခဲ့တယ်။ ဂိုဒေါင်နှစ်လုံးထဲက စပါးတင်းပေါင်း ၇,၅၀၀ ကျော်လည်း ပါတာကြောင့် အားလုံး စုစုပေါင်း ကျပ်သိန်းပေါင်း ၃၅၁ သိန်း ဖြစ်ခဲ့တာမို့ များသွားတာပါ" ဟု မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မီးလောင်ကျွမ်းမှု ဖြစ်စဉ်များသည် မန္တလေးမြို့ပေါ် ချမ်းအေးသာစံ၊ ချမ်းမြသာစည်၊ အမရပူရမြို့နယ်များနှင့် ပုသိမ်ကြီး၊ ကျောက်ဆည်၊ တောင်သာ၊ ပြင်ဦးလွင် အစရှိသည့်မြို့နယ်များတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါမီးလောင်ကျွမ်းမှုများသည် မီးဖိုမီးမှ တစ်ဆင့် လောင်ကျွမ်းမှုလေးကြိမ်၊ ပေါ့ဆမှုကြောင့် သုံးကြိမ်၊ လျှပ်စစ်ပစ္စည်းကြောင့် လေးကြိမ်၊ ရှို့မီးကြောင့်တစ်ကြိမ် ဖြစ်ပွားကြောင်း သတင်းရရှိသည်။

## မောင်တောနယ်စပ်တွင် နေ့စားလပေးပညာရေးဝန်ထမ်း ၁၉၀ ကျော် စတင်ခန့်ထား

**မောင်ကံ**

**မောင်တော**- ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် မောင်တောနယ်စပ်ဒေသရှိအခြေခံပညာကျောင်းများနှင့် ပညာရေးဌာနတွင် တာဝန်ထမ်းဆောင်နိုင်ရန် ဆရာ/ဆရာမအပါအဝင်အခြားပညာရေးဝန်ထမ်း ၁၉၇ ဦးအား ဩဂုတ် ၁ ရက်မှ စတင်ခန့်ထားလိုက်ပြီဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သတင်းရရှိသည်။

မောင်တော နယ်စပ်ဒေသတွင် နေထိုင်နေသည့် လူဦးရေမှာ များပြားသည့်အတွက် ကျောင်းသား၊ ကျောင်းသူအရေအတွက်မှာလည်း များပြားပြီး ကျောင်းသားအချိုးအလိုက် ဆရာ/ဆရာမဦးရေမှာလည်း လိုအပ်ချက်များစွာရှိနေခဲ့သည်။ ယခုခန့်အပ်လိုက်သည့် ပညာရေးဝန်ထမ်းများတွင် ဆရာ/ဆရာမပေါင်း ၁၅၀ ဦး၊ အထွေထွေလုပ်သား ၂၇ဦး၊စာရေးရှစ်ဦး၊ ရုံးအကူ ကိုးဦး၊ ခေတ်ခွဲလေးဦး၊ စာကူး/စာလှည့်တစ်ဦး၊ ဥယျာဉ်တစ်ဦး၊ သန့်ရှင်းရေးနှစ်ဦးနှင့် စက်မောင်းတစ်ဦးတို့ဖြစ်ကြောင်းသိရသည်။

"ဩဂုတ် ၁ ရက်ကစပြီး ခန့်အပ်စာထွက်ပါတယ်။ တာဝန်ကျတဲ့သူတွေအားလုံး သက်ဆိုင်ရာကျောင်းအသီးသီးကို သွားရောက်တာဝန်ထမ်းဆောင်ကြရမှာဖြစ်ပါတယ်။ အခုလိုကျောင်းတွေမှာ ဝန်ထမ်းတွေ များလာတော့ အရင်ကျနေတဲ့ ဆရာ/ဆရာမတွေအတွက်လည်း ပိုကောင်းသွားတာပေါ့" ဟု ပညာရေးရုံးမှ ဝန်ထမ်းတစ်ဦးက ပြောသည်။

သို့သော်လည်း နယ်များတွင် တာဝန်ကျသည့် ဆရာ/ဆရာမများအတွက်နေရာထိုင်ခင်းလိုအပ်ချက်မှာ ရှိလာကြောင်း မူလတန်းကျောင်းအုပ်ဆရာကြီးတစ်ဦးက ပြောကြားသည်။ "ဆရာ/ဆရာမတွေ အသစ်ကျလာတော့ နေရာထိုင်ခင်းက လိုလာပါပြီ။ ကျောင်းတွေမှာဆရာ/ဆရာမနေဖို့နေရာမရှိပါဘူး။ ပြီးတော့ လုံခြုံရေးပိုင်းကလည်းရှိသေးတော့ကောင်းတာရှိသလို လိုအပ်ချက်တွေရှိနေတာလည်း ရှိပါတယ်" ဟု ပြောကြားသည်။



## မိုးခေါင်၍ သီးနှံပျက်စီးခဲ့သည့် တောင်သူများအား စိုက်စရိတ်ချေးငွေ ပြန်ဆပ်ရမည့် ကာလရွှေ့ဆိုင်းမည်

**သန်းထူး**

**နေပြည်တော်** - မြန်မာနိုင်ငံ အလယ်ပိုင်းဒေသရှိ မိုးခေါင်၍သီးနှံများ ပျက်စီးခဲ့သော တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေ ပြန်ဆပ်ရမည့်ကာလကို ရွှေ့ဆိုင်းပေးမည့်အပြင် သီးနှံထပ်စိုက်ရန် လိုအပ်သောမျိုးစေ့နှင့် အချိန်မီ စိုက်ပျိုးနိုင်ရန် ထွန်စက်များကိုပါ စေလွှတ်ကူညီပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မိုးခေါင်ရေရှားသော နွားထိုးကြီးမြို့၊ မြင်းခြံ၊ တောင်သာနှင့် ငါန်းဇွန်မြို့နယ်မှ တောင်သူများနှင့် ဩဂုတ် ၂ ရက်က တွေ့ဆုံစဉ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်က ယခုကဲ့သို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

"သီးနှံမျိုးစေ့တွေ ပံ့ပိုးသွားမှာပါ။ ဘယ်လောက် လိုအပ်တယ်။ ဘယ်လောက်ပံ့ပိုးမယ်ဆိုတာ အခုစာရင်းလုပ်နေပါတယ်" ဟုစိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူက ပြောကြားသည်။

စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကလည်း ပြည်ထောင်စုဝန်ကြီး ပြောသကဲ့သို့ ထွန်စက်ကြီးများ ပေးပို့မည်ဖြစ်ကြောင်း အဆိုပါဒေသတွင် လတ်တလော မိုးရွာမည့်အချိန်နှင့် အချိန်ကိုက် ပြန်လည်စိုက်ပျိုးနိုင်စေရန် ကူညီသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါဒေသအတွက် ထုတ်ချေးထားသော သီးနှံစိုက်ပျိုးစရိတ်များကိုလည်း နောင်စိုက်မည့် သီးနှံပေါ်ချိန်အထိ ရွှေ့ဆိုင်းပေးရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနမှ ဦးချစ်ကျော်ကလည်း မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတွင် ရေရရှိရေးအတွက် နှစ်ရှည်အစီအစဉ် တစ်ရပ်ရေးဆွဲ ဖြေရှင်းသင့်ကြောင်း အကြံပြု ပြောကြားသည်။

နွားထိုးကြီးမြို့နယ်တွင် မိုးခေါင်၍ နှမ်းစိုက်ခင်းအားလုံး ဆုံးရှုံးခဲ့ကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နေပြည်တော်တွင် ဇူလိုင် ၂၈ ရက်က ပြောကြားခဲ့သည်။

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် ဇူလိုင် ၃၀ ရက်တွင် အဆိုပါ ဒေသသို့ ထွက်ခွာပြီးနောက် ထုတ်ပြန်သော သတင်းတွင် နွားထိုးကြီးမြို့နယ်၌ နှမ်း၊ ပဲစင်းငုံ၊ မြေပဲ စသည့်သီးနှံများ ပျက်စီးကြောင်း၊ မိုးနှမ်းဧက တစ်သိန်းခွဲကျော်အနက် ဧက ၆၀၀၀ ခန့် လုံးဝပျက်စီးခဲ့ပြီး ဧကနှစ်သောင်းကျော်မှာ ထိခိုက်မှုများ ကြုံတွေ့နေရကြောင်း ထုတ်ပြန်ခဲ့သည်။

လိုင်းကဒ် (SIM Card) မလို၊ ကွန်ပျူတာမလိုပဲ နိုင်ငံခြားဖုန်း ပြောနည်း



စတင်လေ့လာ အခြေခံ ဖုန်း အသုံးပြုနည်းပညာ
ANDROID PHONE for STARTER
ဖုန်းSettingထည့်သွင်းခြင်း၊ ဖုန်းဖြင့်အင်တာနက် ချိတ်နည်း
မလေးရှား၊ စင်္ကာပူ၊ အမေရိကန်၊ ထိုင်း၊ ဂျပန်
စသည့် နိုင်ငံများသို့ တိုက်ရိုက်ခေါ်ဆိုနိုင်ပြီ။
လိုင်းကဒ် (SIM Card) မလို၊ ကွန်ပျူတာမလိုပဲ နိုင်ငံခြားဖုန်း ပြောနည်း
Bluetooth, Zyapa, Message ပို့နည်းမျိုးစုံ Anti Virus ထည့်သွင်း Update လုပ်သုံးနည်း၊ Website လိပ်စာများမှတ်တမ်းမကျန်ခဲ့စေချင်ရင်၊ အနှောင့်အယှက်ပေးဖုန်း No.များကို Blacklist လုပ်မယ်၊ သတင်းမီဒီယာ ဌာနများရဲ့ Message အခမဲ့ရယူနည်း၊ ဖုန်း Lock တကယ်ကျ သလား စမ်းသပ်ပြီးဖြည်နည်း။
ဉာဏ်ကြွယ်

ဖုန်းဆော့ဝဲလ် ဆိုင်ရာ ပြုပြင်နည်း



ANDROID ROOT GUIDE
ဖုန်းဆော့ဝဲလ်ဆိုင်ရာပြုပြင်နည်း
မင်းသန့်အောင်
Androidရဲ့ ICS, 4.0.1~4.0.4, Jellybean 4.1.1,4.1.2 တို့ရဲ့ Root လုပ်နည်းများ။ Offical Firmwareပြန်ထည့်နည်း။
Mobile Phone များရဲ့ OS ကို Root လုပ်ပြီး ထိန်းချုပ်နည်း။
နာမည်ကြီးဖုန်းများကို Root ဖေါက်ပြီး လက်တွေ့ ပြထားတယ်။ Phone ထဲသို့ မြန်မာစာ Font နှင့် မြန်မာစာ Keyboard ထည့်သွင်းနည်း။ Mobile Phone မှ အင်တာနက်ချိတ်ဆက် အသုံးပြုနည်း။ Phone ထဲမှ အချက်အလက် Data များ မပျက်စီးအောင် Recovery Backup လုပ်ထားနည်း စသည်တို့ပါဝင်တယ်။

စတင်လေ့လာ အခြေခံကွန်ပျူတာ



မျိုးသူရ
စတင်လေ့လာ
အခြေခံကွန်ပျူတာ
ကွန်ပျူတာ စတင်ဝယ်ယူတော့မယ်ဆိုရင်
လိုအပ်တဲ့မသိမဖြစ်အချက်အလက်များနှင့် ကွန်ပျူတာ ဆက်စပ်သုံးပစ္စည်းများအကြောင်း ၊ ကွန်ပျူတာတစ်လုံး တပ်ဆင်ထားပုံနှင့် စတင်အသုံးပြုနည်း၊ မသိမဖြစ် window Opertating System Software နှင့် Application Software များအကြောင်း၊ Software များ Install ပြုလုပ်ပြီး အသုံးပြုနည်း၊ File များ၊ Folder များကို စနစ်တကျ ထားနိုင်ဖို့ Mycomputer, Start Menu, Window Media တို့ကို ကျွမ်းကျင်စွာ အသုံးပြုနည်း။
ကွန်ပျူတာ စတင်အသုံးပြုတော့မယ်ဆိုရင်
မဖြစ်မနေသင်ယူရမည့်ကွန်ပျူတာအခြေခံနည်းပညာများဖြစ်သည့် Word, Excel, Power point,NeroExpress,Photoshopတို့ကို အသေးစိတ်ရှင်းပြထားသည်။

ထွက်ပြီ မနောဖြူစာပေ — ဖုန်း–၀၉–၇၃၂၄၉၈၀ ၊ ၀၉ ၇၃၀ ၄၃၈၇၃ E-mail : manawphyu.books@gmail.com ထွက်ပြီ

7 DAY NEWS JOURNAL
Vol.12, No.22 • AUGUST 7 , 2013

# ရာသီပြောင်းလဲမှုကြောင့် စိုက်ပျိုးရေ အခက်ကြုံမည်ကို ခရမ်းချဉ်စိုက်တောင်သူများ စိုးရိမ်

**မျိုးမင်းဦး**

**မုံရွာ-ဩဂုတ်-၅**

ယခုနှစ်မိုးရာသီတွင် ရာသီဥတုပြောင်းလဲမှုများကြောင့် မုံရွာမြို့နယ်၊ ကြီးအုပ်ကျေးရွာအတွင်း စိုက်ပျိုးသော ခရမ်းချဉ်စိုက်ခင်းများ ပျက်စီးမည်ကို စိုးရိမ်နေရကြောင်း ကြီးအုပ်ကျေးရွာဒေသခံတောင်သူများကပြောကြားသည်။

“ဒီဒေသမှာ ခရမ်းချဉ်စိုက်ခင်းတွေကို ၂၀၀၅ ခုနှစ် နောက်ပိုင်းမှ စစိုက်ခဲ့တာ။ အဲဒီအချိန်တုန်းက စိုက်ပျိုးတဲ့သူ သုံးဦးပဲရှိခဲ့တာ။ဒီဒေသက ချောင်းတွေထဲက ရေထွက်တွေကို အားကိုးပြီး စိုက်ခဲ့တာ။ ကြီးအုပ်ကျေးရွာတစ်ရွာတည်းမှာ ခရမ်းချဉ်စိုက်ခင်း တစ်ရာကျော်ရှိတယ်။ ဗောဓိတစ်ထောင်တောင်ဘက်က တောင်ကျချောင်းကြီးတွေဖြစ်တဲ့ ထူးကြီးချောင်း၊ ကျုပ်ပင်ချောင်း၊ မယ်ပိန်မချောင်းတွေကို အားကိုးပြီး စိုက်တဲ့ခရမ်းစိုက်ခင်းတွေ စိုက်ရေမရလို့ အခက်ကြုံနေပြီ” ဟု ကြီးအုပ်ကျေးရွာဒေသခံ ခရမ်းချဉ်စိုက်တောင်သူတစ်ဦးက ပြောသည်။

ကြီးအုပ်ကျေးရွာအတွင်း ခရမ်းချဉ်အများဆုံးစိုက်ပျိုးသူ ဦးဝင်းဇော်ဦးက “ပြီးခဲ့တဲ့နှစ်တုန်းက မယ်ပိန်မချောင်းကိုပိတ်ထားလို့ ဘန်စီဆည်ကရေနဲ့ စိုက်သူပိုများတယ်။ ပြီးခဲ့တဲ့နှစ်တုန်းက ဘန်စီဆည်ရေနဲ့ ခရမ်းချဉ်စိုက်ဧက သုံးဆယ်ကျော်ရှိခဲ့တာ၊ ဒီနှစ်ငါးဆယ်ကျော်အထိစိုက်သူပိုများလာတယ်။ ဘန်စီဆည်ရေနဲ့စိုက်သူပိုများတဲ့အချိန်မှာ ဆည်ကကောသွားတာရော၊မိုးနည်းတာရောကြောင့် ဆည်ရေခန်းသွားတဲ့အတွက် ခရမ်းချဉ်စိုက်ခင်းတွေ ရေသွင်းမြောင်းမှာ ရေမသွင်းနိုင်ဘဲ ရေခွက်နဲ့ အပင်ရေလောင်းရတဲ့အခြေအနေရောက်နေပြီ”ဟု ဆိုသည်။



*ယခုနှစ်ပိုင်းများတွင် ရာသီဥတု အပြောင်းအလဲက ခရမ်းချဉ်သီးဈေးကွက်ကို တိုက်ရိုက် သက်ရောက်နေသည်*

ဓာတ်ပုံ- မျိုးမင်းဦး

မုံရွာမြို့နယ် ဗောဓိတစ်ထောင်တောင်တန်းနှင့် ရွှေမြင်တင်တောင်တန်းအကြား ကြီးအုပ်ကျေးရွာတွင် လွန်ခဲ့သောဆယ်စုနှစ်များဆီက တစ်နှစ်လျှင်နှစ်သီးစိုက်ပျိုးနိုင်ခဲ့ရာမှ ယခုနှစ်တွင် မိုးဦးသီးနှံလုံးဝစိုက်ပျိုးနိုင်ခြင်းမရှိဘဲ မိုးနှောင်းသီးနှံတစ်သီးသာ စိုက်ပျိုးနိုင်ကြောင်း သိရှိရသည်။ အခြားသော ပဲစင်းငုံ၊ ဝါ၊ ပြောင်း၊ ကုလားပဲစိုက်ပျိုးသူအနည်းငယ်သာရှိပြီး မုံရွာဈေးကွက်တွင် အစောဆုံးတင်ပို့ ရောင်းချနိုင်သည့် ခရမ်းချဉ်စိုက်ခင်းများကြောင့်သာ ဝင်ငွေရရှိသည့်အတွက် ခရမ်းချဉ်စိုက်ပျိုးသူပိုမိုများပြားလာခြင်းဖြစ်သည်။ ခရမ်းချဉ်စိုက်ခင်းများကိုဆည်ရေ၊ ချောင်းရေများဖြင့် အဓိကစိုက်ပျိုးခဲ့ရာ ယခုနှစ်ပြောင်းလဲလာသောရာသီဥတုကြောင့် ခရမ်းချဉ်စိုက်ပျိုးသူများ ရေအတွက်အခက်ကြုံရသည်ဟု ဆိုသည်။ ကြီးအုပ်ဒေသတွင် ခရမ်းချဉ်စိုက်ခင်းများကို ယခုနှစ်ဇွန်လဆန်းပိုင်းတွင်စတင်စိုက်ပျိုးခဲ့ပြီး စက်တင်ဘာလဆန်းပိုင်းတွင်ဈေးကွက်သို့စတင်ရောင်းချနိုင်မည် ဖြစ်ကြောင်း ခရမ်းချဉ်စိုက်တောင်သူများက ပြောကြားသည်။

ဗောဓိတစ်ထောင်တောင်တန်းမှ စီးဆင်းလာသော ချောင်းရေ၊ စိမ့်ရေ၊ စမ်းရေများဖြင့် စိုက်ပျိုးသော ကြီးအုပ်ဒေသ ခရမ်းချဉ်စိုက်ခင်းများတွင် စိုက်ပျိုးရေအခက်အခဲကြောင့် ရေခိုးသောက်စနစ်ဖြင့် စိုက်ပျိုးစနစ်ပြောင်းလဲစိုက်ပျိုးသူများပင်ရှိသည်။ ရေသွင်းရန်အခက်အခဲရှိသော စိုက်ခင်းများတွင် ရေခွက်ငယ်များဖြင့် အပင်ရေလောင်းသည့်စနစ်ကိုပင် ကျင့်သုံးနေရသူများရှိသည်ဟု ဆိုသည်။ အဆိုပါဒေသတွင် ပြည်တွင်းစိုက်ပျိုးရေးလုပ်ငန်းတစ်ခုမှ ခရမ်းချဉ်မျိုးစေ့အသစ်များကို ဒေသနှင့် ကိုက်ညီမှုရှိ၊ မရှိ ယခုနှစ်တွင် စမ်းသပ်စိုက်ပျိုးလျက်ရှိရာ မုံရွာမြို့နယ်အတွင်း အများဆုံးစိုက်ပျိုးသော ခရမ်းချဉ်မျိုးစေ့များမှာ (၉၀၉) (၀၄၄-မျှားနီ)၊ (၇၀၁-မျှားနီ ပလက်တီနမ်) စသည့်ခရမ်းချဉ် မျိုးစေ့များ အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း မုံရွာဒေသခံခရမ်းချဉ်စိုက်တောင်သူများက ပြောသည်။

ဗောဓိတစ်ထောင် ဘန်စီဆည်ကို ၂၀၀၄ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး တမံအလျားပေ ၉၀၀၊ တမံအမြင့် ၂၅ ပေ၊ ရေလှောင်ပမာဏ ၁၂၅ ဧကရှိသည်။

ဘန်စီဆည်ရေဖြင့် ဧက ၁၀၀ ကျော် စိုက်ပျိုးရေသုံးစွဲရကြောင်း သိရှိရသည်။ ကြီးအုပ်ကျေးရွာတွင် ခရမ်းချဉ် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာသည့် နောက်ပိုင်း အနီးပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် လှည်းတား၊ မြင်စီ၊ ဘန် စီ၊ ခတက္ကန်တောင်ရွာ၊ ခတက္ကန်မြောက်ရွာ၊ ဆည်ကြီးတော၊ သစ်ညိုပင်စသည့်ကျေးရွာများတွင် လည်း ခရမ်းချဉ်စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့စိုက်ပျိုးနေကြောင်း သိရှိရသည်။

# ရွှေပါရမီဖောင်ဒေးရှင်းကျန်းမာရေးအလှူတော်သို့ လူနာတစ်သောင်းကျော် ဆေးဝါး ကုသမှုခံယူ

**မျိုးမင်းဦး**

**မုံရွာ၊ ဩဂုတ်-၅**

မဟာဗောဓိတစ်ထောင်ကျောင်းတိုက်သံဃာ့ဆေးရုံတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ကျန်းမာရေးအလှူကို ဩဂုတ် ၂ ရက်မှ ၄ ရက်အထိ ဆေးဝါးကုသမှုပေးခဲ့ရာ လူနာပေါင်း တစ်သောင်းတစ်ထောင့်ခြောက်ရာနှစ်ဆယ့်တစ်ဦး ဆေးဝါးကုသမှုခံယူခဲ့ကြောင်း ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းအတွင်းရေးမှူး ဦးမင်းလွင်ကပြောကြားသည်။

“ဒီဒေသကလူတွေကအခြားဒေသတွေနဲ့ မတူတာက ဆေးဝါးကုသမှုကို ခံယူလိုစိတ် သိပ်များနေတယ်။ မနက်မိုးမလင်းခင်ကတည်းက အသင့်ဖြစ်နေပြီ။ ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းအနေနဲ့လည်းကျေးလက်ဒေသကဝေဒနာရှင်လူနာတွေနဲ့ အထူးကုဆရာဝန်ကြီးတွေကို ချိတ်ဆက်ပေးချင်ပါတယ်။ကုသတဲ့ဆရာဝန်နဲ့ လူနာနဲ့က မမျှဘူး”ဟု ဦးမင်းလွင်ကပြောကြားသည်။

ဆေးဝါးကုသမှုဆောင်ရွက်ပေးသော ပရဟိတဆရာဝန်ကြီးများထက် လူနာဦးရေအလွန်များပြားပြီးဩဂုတ်၄ရက်ညနေ၅နာရီအထိ ဆေးကုသမှုရပ်နားချိန်တွင် လူနာဦးရေတစ်ရာ့ ခြောက်ဆယ်ခန့် ကျန်ရှိနေခဲ့ ကြောင်းသိရှိရသည်။

အဆိုပါလူနာများအား မုံရွာပြည်သူ့ဆေးရုံကြီးနှင့် ချိတ်ဆက်ကာ ဆေးဝါးကုသမှုလုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပြီး ဆေးဝါးကုသမှုကုန်ကျစရိတ်ကို ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းက ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ကြောင်းရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၏ ကျန်းမာရေးအလှူ၌ ဆေးဝါးကုသမှုခံယူခဲ့သော ပုလဲမြို့နယ်ဒေသခံတစ်ဦးက “ညကတည်းကရွာကထွက်လာတာ။ ဒီမှာ စားဖို့သောက်ဖို့လည်း စီစဉ်ပေးတယ်။လူနာတွေလည်းအရမ်းများတယ်”ဟု ဆိုသည်။

ရွှေပါရမီကျန်းမာရေး ဖောင်ဒေးရှင်းမှ သထုံ၊ ရေနံချောင်း၊ တောင်တွင်းကြီး၊ မင်းတပ်၊ တီးတိန်၊ တောင်ကြီး၊ မူဆယ်၊ မြစ်ကြီးနားစသည့် မြို့ကြီးများတွင် ဆေးဝါးကုသမှုလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး (၁၈) ကြိမ်မြောက်အဖြစ် မုံရွာမြို့နယ်အတွင်း ဆေးဝါးကုသမှု လုပ်ငန်းများဆောင်ရွက်ခြင်းဖြစ်သည်။ တစ်လလျှင် တစ်ကြိမ်နှုန်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ရွှေပါရမီကျန်းမာရေးအလှူတော်ကျင်းပရန် မြို့ သုံး မြို့မှ ဖိတ်ကြားမှုများရှိသည်။

အဆိုပါ မြို့များအနက် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်ဒေသမှ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရန် မုံရွာမြို့သို့လာရောက်လေ့လာမှုများရှိကြောင်းသိရှိရသည်။

ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်
သံဝေဇနိယ နှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ၊ အာဂရာ တပ်ချ်မဟာ နေရာများသို့ (၁၄ည / ၁၅ ရက် MAI ) ခရီးစဉ် 950 USD + ၅၀၀၀ဝိ/-
သံဝေဇနိယ ( ၄ )ဌာန နှင့် ဗုဒ္ဓဌာနများ (၇ည/ ၈ရက်) ခရီးစဉ် 850 USD + ၅၀၀၀ဝိ/-
(ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ အောက်တိုဘာလ (၅) ရက်နေ့မှ စ၍ အပတ်စဉ် စနေနေ့တိုင်း ထွက်ခွာပါမည်။)
ယိုးဒယား နှင့် သီရိလင်္ကာ စွယ်တော် (၆ည / ၇ရက်) ခရီးစဉ် 1550 USD + ၅၀၀၀ဝိ/-
ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဝါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးတာဝါ၊ ဓမ္မစေတီလမ်း၊ စမ်းချောင်း၊
ဖုန်း - 536348, 537707, 537708,09 500 1763, 09 501 3727, 09 7322 5849, 09 516 4664
မဇ္ဈိမဒေသသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ပဟန်း၊ ရန်ကုန် • ဖုန်း - 545215, 545216, 555173
ပုဒ္ဓဓမ္မဒါနစေတနာရှင်များအဖွဲ့-ရွှေမြင်တင်ဦးညို- အမှတ် (၁၂)၊ မြို့သစ် (၁)လမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန် • ဖုန်း- 542236
မန္တလေးရုံးခွဲ-(၃၀၀-B)၊၆၂ လမ်း၊၂၈×၂၉ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး •ဖုန်း -09 402 64 8989, 09 5300305

ပြည်ပလုပ်ငန်းရှင်များ နေထိုင်ရန်နှင့် ရုံးခန်းများဖွင့်လှစ်ရန်အတွက်
ရွှေအုန်းပင်အိမ်ယာနှင့်ပြည်ပလုပ်ငန်းရှင်များနေထိုင်ရန် သင့်တော်သော အိမ်ယာတိုက်ခန်းများကို အမြန်ငှားလိုပါသည်။
Ph: 503783, 504298, 09-420742176
Email: pyaewasay@gmail.com

Education
7 DAY NEWS JOURNAL
Vol.12, No.22 • AUGUST 7 , 2013

# “ မြန်မာနိုင်ငံအပါအဝင် နိုင်ငံအတော်များများကတော့ ဆရာတွေကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့လိုအပ်နေတာပါ ”

## ဗြိတိသျှကောင်စီ(မြန်မာ)မှ ညွှန်ကြားရေးမှူး ကယ်ဗင်မက်ကန်ဇီနှင့် တွေ့ဆုံခြင်း

**နေလင်းထွန်း**

အစိုးရတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရှင်များနှင့် နိုင်ငံတကာ ကျွမ်းကျင်သူများ တက်ရောက်ဆွေးနွေးခဲ့သော မြန်မာနိုင်ငံ၏ အဆင့်မြင့်ပညာရေး မြှင့်တင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇွန်လကုန်တွင် ဗြိတိသျှကောင်စီ (မြန်မာ)က စီစဉ်ဆောင်ရွက်ခဲ့သည်။ မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှုတွင် အဓိကအခန်းကဏ္ဍမှ ကူညီနေသည့် ပြည်ပအဖွဲ့အစည်းတစ်ခုဖြစ်သော ဗြိတိသျှကောင်စီ (မြန်မာ)၏ ညွှန်ကြားရေးမှူး ကယ်ဗင်မက်ကန်ဇီနှင့် တွေ့ဆုံမေးမြန်းထားသည်များမှ ထုတ်နုတ်ဖော်ပြလိုက်သည်။

**မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် ဘယ်လိုအပိုင်းတွေက ကူညီပံ့ပိုးနေတယ်ဆိုတာ ပြောပြပေးပါ။**

မြန်မာ့ပညာရေးအတွက် ကွဲပြားခြားနားတဲ့ နည်းလမ်းတွေနဲ့ ကျွန်တော်တို့ ကူညီပံ့ပိုးပေးနေပါတယ်။ အဓိက ကူညီနေတဲ့ နည်းလမ်းနှစ်မျိုးရှိပါတယ်။ လက်ရှိပညာရေး ပြုပြင်ပြောင်းလဲရေး မူဝါဒတွေအပေါ် အကြံပေးတယ်။ CESR နဲ့ အဆင့်မြင့်ပညာရေး ဥပဒေအသစ်ကို ကြီးကြပ်ဖို့ လွှတ်တော်က ဖွဲ့စည်းလိုက်တဲ့ ကော်မတီဖြစ်ပါတယ်။ တခြားနည်းလမ်းက လူ့စွမ်းအားမြှင့်တင်မှုသင်တန်းတွေ ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ အခု တက္ကသိုလ်က အင်္ဂလိပ်စာဆရာတွေကို သင်တန်းပေးဖို့ အမျိုးသားအင်္ဂလိပ်စာ သင်ကြားရေးဗဟိုဌာနနဲ့ အတူလုပ်နေပါတယ်။ အင်္ဂလိပ်စာ ဆရာ၊ ဆရာမတွေရဲ့ တွေ့ဆုံဆွေးနွေးပွဲတွေကိုလည်း နှစ်စဉ်ဆောင်ရွက်နေပါတယ်။

**မြန်မာ့အဆင့်မြင့် ပညာရေးမြှင့်တင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကနေ ဘာတွေလေ့လာခဲ့ရပါသလဲ။**

ပညာရေးမှာ အကျုံးဝင်တဲ့သူတွေ အများကြီး ပါဝင်လာကြတယ်။ ပညာရေးအပေါ် အမြင်အမျိုးမျိုး ကွဲပြားတဲ့သူတွေလည်း အများကြီးတက်ရောက်ကြတယ်။ ပညာရေးမှာ ဘာတွေပါဝင်သင့်တယ်၊ ဘယ်လိုလုပ်သင့်တယ်၊ တိုင်းရင်းသားလူနည်းစုအတွက် ဂရုပြုဆောင်ရွက်ရမယ့် ဘာသာစကားသင်ကြားမှု၊ အားလုံးပါဝင်ရေး၊ ပညာသင်ယူခွင့်နဲ့ ပတ်သက်တာတွေ ဆွေးနွေးခဲ့ကြပါတယ်။ ပညာရေးနယ်ပယ်စုံအတွက်ဆွေးနွေးခဲ့တဲ့အတွက် အများကြီးလေ့လာခဲ့ရပါတယ်။

**လက်ရှိမြန်မာ့ပညာရေးအပေါ် ဘယ်လိုသုံးသပ်ချင်ပါသလဲ။**

အစိုးရက ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် ဦးစားပေးဆောင်ရွက်နေတယ်။ ဘာလို့လဲဆိုတော့ ပြုပြင်ပြောင်းလဲဖို့လည်း လိုအပ်နေပါတယ်။ အဲဒါကတော့ ရှင်းပါတယ်။ ဆရာ၊ ဆရာမတွေအတွက် ထောက်ပံ့မှုပိုမိုလိုအပ်နေတယ်။ ကျောင်းသားတွေအတွက် လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်တဲ့ ပညာရေးရရှိဖို့ လိုအပ်နေတယ်။ ကျောင်းနေတဲ့ ကလေးအရေအတွက်မြင့်တက်ဖို့ လိုအပ်နေတယ်။ တက္ကသိုလ်ကျောင်းသားဦးရေလည်း တိုးလာဖို့လိုအပ်နေတယ်။ မြန်မာနိုင်ငံအနေနဲ့ကောင်းမွန်တဲ့ပညာရေးစနစ်တစ်ခုလိုအပ်နေတယ်လို့ ကျွန်တော်မြင်ပါတယ်။ လူအများအပြားကလည်း အဲဒီအတွက်ဆောင်ရွက်နေကြပါတယ်။

**ဘယ်လိုနယ်ပယ်မှာ အဆောတလျင်ပြုပြင်ပြောင်းလဲဖို့လိုအပ်နေတယ်လို့ မြင်ပါသလဲ။**

နယ်ပယ်အစုံကတော့ပြုပြင်ပြောင်းလဲဖို့ လုံးဝလိုအပ်နေပါတယ်။ ကျွန်တော့်အနေနဲ့ ပြောင်းဖို့ဆိုတာထက် တိုးတက်ဖို့လိုတယ်လို့ ပြောချင်တယ်။ ကျွန်တော်တို့အနေနဲ့ အဓိကစိတ်ပူနေတာ တစ်ခုက ဘာသာစကားကိစ္စ ဖြစ်ပါတယ်။ ကလေးတွေအနေနဲ့ သူတို့ရဲ့ ကိုယ်ပိုင်ဘာသာစကားကို သင်ယူဖို့ အခွင့်အလမ်းရှိရေးနဲ့ သူတို့လိုအပ်တဲ့ တခြားဘာသာစကားတွေကိုလည်း သင်ယူခွင့် ရရှိဖို့ဖြစ်ပါတယ်။



**အစိုးရရဲ့ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေး (CESR) နဲ့ ပုဂ္ဂလိကအဖွဲ့ဖြစ်တဲ့ ပညာရေးပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာ ကွန်ရက် (NNER)တို့ရဲ့ ကွဲပြားခြားနားချက်ကို ဘယ်လိုသုံးသပ်ချင်ပါသလဲ။**

ဒီမေးခွန်းကိုဖြေဖို့ ကျွန်တော့်မှာ အရည်အချင်း မပြည့်မီလောက်ပါဘူး။ ကျွန်တော်က NNER ထက် CESR နဲ့ ပိုပြီး ရင်းနှီးကျွမ်းဝင်မှုရှိပါတယ်။ CESR က နိုင်ငံတကာအကြံပေးတွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေက ပံ့ပိုးဆောင်ရွက်နေတာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနလည်း ပါဝင်ပါတယ်။ ဘက်စုံပါဝင်တဲ့ လေ့လာသုံးသပ်မှုဖြစ်ပါတယ်။ NNER ကတော့ ပညာရေးမှာ အကျုံးဝင်သူတွေအများကြီးရဲ့ အကြံပြုချက်တွေနဲ့ ကျယ်ပြန့်တယ်လို့ မြင်ပါတယ်။ ကျွန်တော့်အနေနဲ့ မှတ်ချက်ပေးချင်တာကတော့ ဒီနှစ်ခုစလုံးက စိတ်ဝင်စားဖို့ကောင်းတဲ့ လေ့လာသုံးသပ်ချက်ဖြစ်တယ်။ ဒီနှစ်ခုကို အတူတကွယှဉ်တွဲပြီးတော့ ကွဲပြားခြားနားတဲ့ ရှုမြင်မှုတွေကနေ ပိုမိုလေ့လာနိုင်ပါတယ်။ အဲဒါက ပညာရေးပြုပြင်ပြောင်းလဲမှုမှာ အရေးကြီးတဲ့အစိတ်အပိုင်းလို့ ကျွန်တော်မြင်ပါတယ်။

**ဗြိတိန်တက္ကသိုလ်တွေနဲ့ မြန်မာတက္ကသိုလ်တွေရဲ့ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တွေကို ပြောပြပေးပါ။**

စိတ်ကူးအတွေးတွေ အများကြီးရှိနေပြီးတော့ ဆွေးနွေးနေဆဲအဆင့်ပဲ ရှိသေးတယ်။ ဒီနှစ်အစောပိုင်းက ယူကေတက္ကသိုလ်ကိုယ်စားလှယ်အဖွဲ့တွေ ဒီကိုလာရောက်လည်ပတ်ခဲ့ပါတယ်။ ပညာရေးကဏ္ဍမှာ ဆောင်ရွက်နေသူတွေနဲ့ တွေ့ဆုံစကားပြောကြတယ်။ ယူကေတက္ကသိုလ်တွေအနေနဲ့ ဒီမှာဘယ်လိုအခွင့်အလမ်းတွေရှိနေတယ်ဆိုတာ သတင်းပေးနိုင်ဖို့ ကြိုးစားခဲ့တာ ဖြစ်ပါတယ်။ မေလမှာ မြန်မာပညာရေးအဆင့်မြင့်အရာရှိတွေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကိုယူကေတက္ကသိုလ်တွေကို သွားရောက်လည်ပတ်စေခဲ့ပါတယ်။ ယူကေတက္ကသိုလ်တွေနဲ့ မြန်မာနိုင်ငံကြားမှာ တွေ့ဆုံဆွေးနွေးပြောဆိုထားတာတွေ ရှိနေပါပြီ။ လက်ရှိမှာ မန်ချက်စတာတက္ကသိုလ်က အီလက်ထရောနစ်တက္ကသိုလ်အမည်နဲ့ ပရောဂျက်တစ်ခု လုပ်ထားတာပါတယ်။ တခြားပရောဂျက်တွေတော့ မကြေညာရသေးပါဘူး။ ဒါပေမဲ့ သူတို့အနေနဲ့ လူ့စွမ်းအား မြှင့်တင်မှု၊ သုတေသနကဏ္ဍတွေအတွက် ပြောဆိုထားပြီး သက်ဆိုင်ရာ တက္ကသိုလ်တွေအလိုက် အမျိုးမျိုးကွဲပြား ဆွေးနွေးနေကြပါတယ်။

**စာမျက်နှာ (၁၆) သို့**

# မသန်စွမ်းနှင့် ပတ်သက်၍ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ဝင်ခွင့်သတ်မှတ်ချက်ပြောင်းလဲ

**နေလင်းထွန်း**

**ရန်ကုန်**- ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်တို့တွင် တက်ရောက်လိုသူများအနေဖြင့် သက်ဆိုင်ရာအထူးပြုဘာသာရပ်နှင့် ကိုက်ညီသော ကိုယ်အင်္ဂါကျန်းမာ သန်စွမ်းသူဖြစ်ပါက လျှောက်ထားနိုင်ကြောင်း ပြောင်းလဲသတ်မှတ်လိုက်သည်။

ယခုနှစ် ဇူလိုင် ၁၃ ရက်က အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ဝင်ခွင့်အတွက် ကိုယ်လက်အင်္ဂါချို့ယွင်းမှုမရှိစေရန် ဝင်ခွင့်ကြေညာချက်တွင် ဖော်ပြထားပြီးနောက် ယခုလ ၃ ရက်တွင် အဆိုပါသတ်မှတ်ချက်ကို ပြောင်းလဲ၍ ဝင်ခွင့်ကြေညာချက်ကို ထပ်မံထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ကိုယ်လက်အင်္ဂါချို့ယွင်းသူများအား ကျောင်းဝင်ခွင့် ကန့်သတ်ထားခြင်းကို ဆန့်ကျင်ကန့်ကွက်မှုများဖြစ်ပေါ်ပြီးနောက် ဝင်ခွင့်သတ်မှတ်ချက်ကို ပြောင်းလဲခဲ့ခြင်းဖြစ်ပြီး ကိုယ်အင်္ဂါချို့ယွင်းသူများကို ဝင်ခွင့်လက်ခံရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များတွင် ဂီတပညာ၊ သဘင်ပညာ၊ ပန်းချီပညာ၊ ပန်းပုပညာနှင့် ရုပ်ရှင်နှင့် ပြဇာတ်ပညာဘာသာရပ်များကို အထူးပြုသင်ကြားလျက်ရှိရာ သက်ဆိုင်ရာအထူးပြုဘာသာရပ်အလိုက်ကိုယ်အင်္ဂါချို့ယွင်းသူများလည်း ဝင်ခွင့်လျှောက်ထားနိုင်တော့မည်ဖြစ်သည်။

ယခင်နှစ်ဝင်ခွင့်သတ်မှတ်ချက်တွင် ပညာသင်နှစ်စတင်သည့်နေ့၌ အသက် ၂၀ မကျော်လွန်စေရန်နှင့် အမျိုးသား၊ အမျိုးသမီး ဦးရေ၅၀ အချိုးလက်ခံမည့် သတ်မှတ်ချက်ကို ယခုနှစ်တွင် ပယ်ဖျက်ထားကြောင်းသိရသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ဝင်ခွင့်အတွက် အောက်တိုဘာ ၁၈ ရက်နောက်ဆုံးထား၍ ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ သက်ဆိုင်ရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်သည်။



7 DAY NEWS JOURNAL
Vol.12, No.22 • AUGUST 7 , 2013

# အမေရိကန်နှင့် ဗြိတိန်တွင် ပညာသင်ယူရန် လူငယ်ငါးဦးအား ထူးဖောင်ဒေးရှင်း ထောက်ပံ့မည်

**နေလင်းထွန်း**

**ရန်ကုန်**- အမေရိကန်-ဗြိတိန်စသည့် နိုင်ငံများရှိ တက္ကသိုလ်များတွင် သွားရောက်ပညာသင်ယူရန် တိုင်းဒေသကြီးနှင့် ပြည်နယ် တစ်ခုစီမှ လူငယ်ငါးဦးကို ရွေးချယ်၍ ပညာသင်ဆုအစီအစဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထူးဖောင်ဒေးရှင်းမှ သတင်းရရှိသည်။

ပညာသင်ဆုအစီအစဉ်အတွက် နိုင်ငံရေး၊ စီးပွားရေးသိပ္ပံ၊ ဥပဒေနှင့်စီရင်ထုံးပညာရပ်တို့ကို သင်ကြားလေ့လာစေမည်ဖြစ်ပြီး အသေးစိတ် အစီအစဉ်များကို ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ယင်းအဖွဲ့၏ ဖေ့စ်ဘွတ်ခ် စာမျက်နှာတွင် ဖော်ပြထားသည်။

ထူးဖောင်ဒေးရှင်းသည် ပြည်တွင်းတက္ကသိုလ်များတွင် တက်ရောက်ပညာသင်ရန် ငွေကြေးအခက်အခဲရှိသော ထူးချွန်ကျောင်းသားများအား ပညာသင်ဆုထောက်ပံ့ကြေးပေးလျက်ရှိပြီး ကျောင်းသားများအနေဖြင့် လျှောက်လွှာပုံစံဖြည့်စွက် လျှောက်ထားနိုင်ကြောင်း သိရသည်။

ဦးတေဇပိုင်ဆိုင်သည့် ထူးကုမ္ပဏီအုပ်စုက တည်ထောင်ထားသော ထူးဖောင်ဒေးရှင်းသည် စာသင်ကျောင်းဆောက်လုပ်ခြင်း၊ ပညာသင်ဆုများ ချီးမြှင့်ခြင်း၊ ပညာရေးရန်ပုံငွေများ မတည်ပေးခြင်း၊ ပူတာအိုတွင် ဘော်ဒါစာသင်ကျောင်းတည်ထောင်ထားခြင်း စသည့် ပညာရေးဆိုင်ရာကူညီပံ့ပိုးမှုများ ဆောင်ရွက်နေသည်။

# ဂျပန်ဘာသာစကားကျွမ်းကျင်မှုစာမေးပွဲ ဒီဇင်ဘာတွင်ပြုလုပ်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ်-၃**

ဂျပန်ဘာသာစကားကျွမ်းကျင်မှုစာမေးပွဲ(JLPT)ကိုဒီဇင်ဘာ၁ရက်တွင် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ဂျပန်သံရုံးကသတင်းထုတ်ပြန်ထားသည်။

စာမေးပွဲကြေးမှာ အဆင့်အလိုက်ခွဲခြားထားပြီး N1အတွက် ကန် ၁၂ဒေါ်လာ N2 နှင့် N3 အတွက် ၁၀ ဒေါ်လာနှင့် N4 နှင့် N5အတွက် ၈ ဒေါ်လာဖြစ်ပြီး လျှောက်လွှာကြေးမှ ၁ ဒေါ်လာဖြစ်ကြောင်း သိရသည်။

စာမေးပွဲဖြေဆိုရန် ရန်ကုန်မြို့တွင် မြန်မာနိုင်ငံဂျပန်ပညာတော်သင်ဟောင်းများအသင်း (MAJA)တွင်ဩဂုတ်၁၂မှ ၂၂ရက်၊ မန္တလေးမြို့တွင် HITO စင်တာ၌ ဩဂုတ် ၂၇ မှ ၂၉ ရက်ထိစာရင်းပေးသွင်းနိုင်သည်။

ထို့အပြင် ဂျပန်သီချင်းဆိုပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက်တွင် ရန်ကုန်မြို့ရှိ ကမ်းနားဟိုတယ်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် ဩဂုတ် ၁၆ ရက်နောက်ဆုံး လျှောက်ထားနိုင်ကြောင်း ဂျပန်သံရုံးက ကြေညာထားသည်။

စာမျက်နှာ (၁၅) မှ

## ဗြိတိသျှကောင်စီ (မြန်မာ)မှ ညွှန်ကြားရေးမှူး ကယ်ဗင်မက်ကန်ဇီနှင့်တွေ့ဆုံခြင်း

မကြာခင်မှာပဲ ဒီမှာလာရောက်ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်လာမှာကို သံသယဖြစ်စရာမရှိပါဘူး။

**မြန်မာနိုင်ငံက ဘယ်တက္ကသိုလ်တွေကိုကူညီပံ့ပိုးသွားဖို့အစီအစဉ်ရှိပါသလဲ။**

သူတို့က ရန်ကုန်တက္ကသိုလ်ပြန်လည်ဖွံ့ဖြိုးတိုးတက်လာဖို့အတွက်ကူညီလိုကြတယ်။ တခြားနိုင်ငံတကာတက္ကသိုလ်တွေ ဆောင်ရွက်နေသလိုပါပဲ။

ခုနက ပြောသလိုပါပဲ။ လူ့စွမ်းအားမြှင့်တင်မှုနဲ့ သုတေသနလုပ်ငန်းတွေမှာပါ။ ဒါပေမဲ့ လူသိရှင်ကြားကြေညာထားတာ မရှိသေးတဲ့အတွက် ကျွန်တော်လည်း မပြောနိုင်သေးပါဘူး။

**တခြားနိုင်ငံတကာ အဖွဲ့အစည်းတွေကလည်း ရန်ကုန်တက္ကသိုလ်ကိုကူညီနေတာရှိတော့ တက္ကသိုလ်တစ်ခုတည်းကို ဦးတည်ပံ့ပိုးနေတာ ဘာကြောင့်ပါလဲ။**

ဒါက အရမ်းကောင်းတဲ့ ထောက်ပြချက်ပါ။ အချက်နှစ်ချက်ကို ကြည့်လိုက်ပါ။ ပထမအချက်က ရန်ကုန်တက္ကသိုလ်ကိုပဲ ဦးတည်မယ်ဆိုရင် တခြားတက္ကသိုလ်တွေက ဂရုစိုက်ခံရဖို့အတွက် မထိုက်တန်ဘူးလား။

တခြားအချက်က အားလုံးကတက္ကသိုလ် တစ်ခုတည်းကို အရင်ဦးတည်ပြီးတော့မှ တခြား တက္ကသိုလ်တွေကို စံသတ်မှတ်ပေါ့။

ဘယ်လိုဆောင်ရွက်မလဲဆိုတာကတော့ ကွဲပြားခြားနားမှု အမျိုးမျိုးရှိနိုင်တယ်လို့ ကျွန်တော်ထင်တယ်။ သေချာတာက အရည်အသွေးရှိတဲ့ ပညာရေးကို ဒီနိုင်ငံက လူအများရရှိသင့်တယ်ဆိုတာပါပဲ။

ကျွန်တော် မျှော်လင့်တာကတော့ ရန်ကုန်တက္ကသိုလ်တစ်ခုတည်းနဲ့ရပ်သွားတာမျိုးမဟုတ်ဘဲ တခြားတက္ကသိုလ် အားလုံးလည်း အဆင့်အတန်းမြင့်မားသွားဖို့ပါပဲ။

**မြန်မာ့ပညာရေးရဲ့ အဓိကအားနည်းချက်ကို ထောက်ပြစေလိုပါတယ်။**

မြန်မာနိုင်ငံအပါအဝင်နိုင်ငံတော်တော်များများကတော့ ဆရာတွေကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ဖို့ လိုအပ်နေတာပါ။ ထိရောက်တဲ့ သင်ကြားပို့ချမှုတွေဖြစ်စေဖို့ ဆရာတွေကို သင်တန်းတွေပေးဖို့ လိုတယ်။ တခြားကတော့ အရင်းအမြစ်လိုအပ်ချက်ဖြစ်ပါတယ်။

ဆရာတွေအနေနဲ့ သင်ကြားရေးအတွက် ထိရောက်တဲ့ အရင်းအမြစ်တွေ ရရှိရမယ်။ သူတို့အလုပ်ကို ကောင်းကောင်း မွန်မွန်လုပ်နိုင်ဖို့မှန်ကန်တဲ့ သင်ထောက်ကူပစ္စည်းတွေ လိုအပ်နေတယ်။ အဲဒါတွေက ခေတ်နဲ့အမီဖြစ်နေရမယ်။

ပုံစံတကျဖြစ်နေရမယ်။ ကျောင်းသားတွေ သင်ယူမှုနဲ့ ကိုက်ညီတဲ့ သင်ထောက်ကူပစ္စည်းတွေ ဖြစ်နေဖို့လည်း လိုပါတယ်။

**အချိန်ပေးဖြေကြားတဲ့အတွက် ကျေးဇူးတင်ပါတယ်။**



# ထိုင်းနိုင်ငံတွင် တရားဝင်သွားရောက်လုပ်ကိုင်သည့်မြန်မာ လုပ်သား သောင်းနှင့်ချီ နေရပ်ပြန်လာရမည်

**အေးမြတ်သူ**
**ရန်ကုန်၊ ဩဂုတ်-၃**

ထိုင်းနိုင်ငံအတွင်း တရားဝင်သွားရောက် အလုပ်လုပ်ကိုင်သော သောင်းနှင့်ချီသည့် မြန်မာအလုပ်သမားများ ယခုလအတွင်း နေရပ်သို့ ပြန်လာရတော့မည်ဖြစ်ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က ပြောသည်။

ထိုင်းနိုင်ငံသို့ နှစ်နိုင်ငံသဘောတူစာချုပ် (MOU) အရ ၂၀၀၉ ခုနှစ်မှစ၍ သွားရောက်လုပ်ကိုင်သော မြန်မာအလုပ်သမားများ ဩဂုတ် ၁၁ ရက်နောက်ပိုင်းမှစ၍ နေရပ်သို့ပြန်လာရတော့မည်ဖြစ်ကြောင်း သိရသည်။ ၎င်းတို့သည် ထိုင်းနိုင်ငံ၏ ဥပဒေအရ ပြည်ပနိုင်ငံခြားသား လုပ်သားများအနေဖြင့် လေးနှစ်နှင့်အထက် ပို၍နေထိုင်ခွင့်မရှိသောကြောင့် နေရပ်သို့ပြန်လာရမည်ဖြစ်သည်။

မြန်မာအစိုးရက ယခုပြန်ရတော့မည့် လုပ်သားများကို ထိုင်းနိုင်ငံအတွင်း MOU စာချုပ်အသစ်ချုပ်ဆိုခွင့်ရရှိရန် ထိုင်းအစိုးရအား ပထမအကြိမ်အဖြစ် တောင်းဆိုထားသော်လည်း ထိုင်းအစိုးရဘက်မှ သဘောတူလက်ခံကြောင်း အကြောင်းပြန်ခြင်း မရှိသေးကြောင်း သိရသည်။

"ထပ်ပြီးတော့ မဆွေးနွေးရသေးဘူး။ သူတို့ဥပဒေအရတော့ ပြန်လာရမှာ။ ဒီလကစပြီးပြန်မယ့် သူတွေရာဂဏန်းလောက်ရှိတယ်။ တဖြည်းဖြည်းနဲ့တော့ များလာမှာပေါ့" ဟု အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က ပြောသည်။

ထိုင်းနိုင်ငံအတွင်း စာချုပ်ချုပ်ခွင့် ရရှိပါက ယခုပြန်လာမည့်သူများသည် ထိုင်းနိုင်ငံအတွင်း တရားမဝင် ခိုလှုံနေထိုင်ရန် မလိုသည့်အပြင် စာချုပ်ထပ်မံချုပ်၍ နေရပ်သို့ ပြန်စရာ မလိုတော့ကြောင်း သိရသည်။

ထို့အပြင် ထိုင်းနိုင်ငံ၏ ဥပဒေအရ လေးနှစ်နှင့်အထက် နေထိုင်ပြီးဖြစ်၍ အမြဲတမ်းနေထိုင်ခွင့် လျှောက်ထားနိုင်ကြောင်း သိရသည်။ အဆိုပါ လျှောက်ထားနိုင်မှုနှင့်ပတ်သက်၍ ဦးမျိုးအောင်က "အဲဒီဥပဒေအရ ငါတို့လုပ်သားတွေအမြဲတမ်းနေထိုင်ခွင့်ရအောင်တို့ဘက်က တောင်းဆိုနေတာ။ ဒါကြောင့်မို့လည်း သူတို့ဘက်က လက်မခံနိုင်ဘူးဖြစ်နေတာ" ဟု ဆိုသည်။



*မြန်မာ-ထိုင်းနယ်စပ် ထိုင်းဘက်ခြမ်းရှိ မဲဆောက်မြို့တွင် မြန်မာလုပ်သားအချို့ တွေ့ရစဉ်* Photo- EPA.EU

# ကျွမ်းကျင်လုပ်သားမွေးထုတ်ရန် နိုင်ငံလေးခုနှင့် ပူးပေါင်း

**အေးမြတ်သူ**
**ရန်ကုန်၊ ဩဂုတ်-၂**

အာဆီယံဘုံလုပ်သား ဈေးကွက် မတိုင်မီ မြန်မာလုပ်သားများကို ကျွမ်းကျင်လုပ်သားများဖြစ်လာစေရန် နိုင်ငံပေါင်းလေးနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

အာဆီယံဘုံလုပ်သားဈေးကွက်ကိုရည်ရွယ်၍ ပြည်တွင်းလုပ်သားများ အလုပ်အကိုင်များတွင် ကျွမ်းကျင်မှုရှိစေရန် အတွက်စံနှုန်းသတ်မှတ်ချက်များထားရှိရန် လိုအပ်ချက်များကို ဂျာမနီ၊ အင်္ဂလန်၊ ဆွစ်ဇာလန်နှင့် စင်ကာပူနိုင်ငံတို့မှ နည်းပညာရပ်များ ဘာသာရပ်ဆိုင်ရာများဖြင့် ကူညီပေးလျက်ရှိကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

စင်ကာပူနိုင်ငံရှိ ပိုလီတက္ကနစ်မှ ကျွမ်းကျင်သူများက ယခုနှစ်မတ်လမှစ၍ ကျွမ်းကျင်မှု'စံ' အခြေခံသင်ရိုးညွှန်းတမ်းများကို အစိုးရပုဂ္ဂလိကသင်တန်းကျောင်းတို့မှ သင်တန်းသား ၉၀ ဦးအား နည်းပြဖြစ် သင်တန်းကို ပထမအကြိမ်သင်ကြားပေးခဲ့ပြီးလာမည့် ၂၀၁၄ ခုနှစ်တွင် သင်တန်းသား ၇၀ ဦးအား ထပ်မံသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဆွစ်ဇာလန်နိုင်ငံမှလည်း အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခမဲ့သင်တန်းများ ဖွင့်လှစ်ကာ သင်ကြားပေးမည်ဖြစ်ပြီး ဗြိတိန်နိုင်ငံမှ ORT အဖွဲ့က ပညာဆုံးခန်းတိုင် မသင်ကြားနိုင်ခဲ့သူများအား ကျွမ်းကျင်သင်တန်းများ သင်ကြားပေးရန် အတွက် သင်တန်းကျောင်းများ ဆောက်လုပ်လျက်ရှိကြောင်း သတင်းရရှိသည်။ ဂျာမနီနိုင်ငံမှ GIZ အဖွဲ့ကလည်း မြန်မာနိုင်ငံသားများ ကျွမ်းကျင်မှု 'စံ' သတ်မှတ်ပြဌာန်းရေးအဖွဲ့ (NSSA)ကိုလည်း နည်းပညာပိုင်းဆိုင်ရာများ ကူညီပံ့ပိုးရန် အစိုးရနှင့် သဘောတူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မြန်မာနိုင်ငံအစိုးရသည် အာဆီယံနိုင်ငံများနည်းတူ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးရေးဥပဒေအသစ် ရေးဆွဲခဲ့ပြီး လွှတ်တော်သို့တင်သွင်းထားသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

Aye Chan Mon Trading Co.,Ltd
1. Procurement Mananger M/F (1)
အမှတ်(၂၃၈)၊ သပြေလမ်း၊ ရပ်ကွက် (၃၀)၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဗိုလ်ချုပ်ရွာ၊ ရန်ကုန်မြို့။

--------------------------------

၁။ Civil Engineer ကျား (၁) ဦး
၂။ ယာဉ်မောင်း (၁) ဦး
ဖုန်း- ၀၁ ၅၄၀၂၂၅

--------------------------------

1. Driver M (1)
2. Office Staff F (1)
3. Sale Girls F (4)
ဖုန်း- ၀၉ ၇၃၁၂၆၂၈၁

--------------------------------

၁။ မန်နေဂျာ ကျား (၁) ဦး
၂။ ကြီးကြပ်ရေးမှူး ကျား (၁) ဦး
၃။ ကြေးအိုးဆရာ ကျား (၁) ဦး
၄။ Cashier မ (၁) ဦး
ဖုန်း- ၀၉ ၄၃၀၃၈၈၄၈

--------------------------------

အမျိုးသမီး စက်ချုပ်ကျွမ်းကျင် အလိုရှိသည်။
အမှတ်- ၂၀၅၊ ၅ လွှာ၊ လမ်း ၄၀၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်။
ဖုန်း- ၀၉ ၅၀၄၃၁၇၀

--------------------------------

၁။ Chef ကျား (၁) ဦး
၂။ Kitchen Helper ကျား (၁) ဦး
၃။ Waiter ကျား (၂) ဦး
အမှတ်(၃၃-၄၉)၊ Strand Condo (ဒုတိယထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း။

--------------------------------

1. DTP (85000)
2. Design (100000)
3. Copier (75000)
ကျွမ်းကျင်ဝန်ထမ်းအလိုရှိသည်။
ဖုန်း- ၀၉ ၄၃၀၂၅၆၁၅

--------------------------------

Maximum One Co.,Ltd
1.Marketing (5) Posts
2. Office Staff (3) Posts
maximumone.company@gmail.com
သို့ပေးပို့လျှောက်ထား နိုင်ပါသည်။

--------------------------------

မော်တာစက်ချုပ်သမား မ (၂) ဦး အလိုရှိသည်။ ဖုန်း- ၀၁ ၃၉၃၃၈၂

--------------------------------

1. Office Staff M/F (5) Posts
2. Computer Operator M/F (5) Posts
3. Accountant LCCI III F(5) Post
4. Marketing M/F (5) Posts
ဖုန်း- ၀၉ ၄၄၈၅၄၂၀၁၈

--------------------------------

ZEAL Collection
1. Designer (2) Posts
PH: 09 43042388

--------------------------------

ပညာသင် ဝန်ထမ်း မ (၁၀)ဦး၊
အမှတ်(၂၀)၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်။ ဖုန်း- ၂၂၇၁၉၉

--------------------------------

Diamond Construction Co.,Ltd
1. Sale Staff F (3) Posts
2. Marketing Staff F (4) Posts
No.A/10,Uwisaya Road, North Dagon Township,Yangon.

--------------------------------

၁။ ကိုရီးယားဘာသာပြန် မ (၂) ဦး
၂။ မဂ္ဂဇင်းဒီဇိုင်နာ ကျား/မ (၂) ဦး
ဖုန်း- ၀၉ ၇၃၁၈၄၂၀၈

--------------------------------

ကျောင်းသားများကို အုပ်ချုပ်ရန် အဆောင်မှူး ဆရာတစ်ဦးအလိုရှိသည်။
အမှတ်-၃၁၊ တန်းမြင့်ကျောင်းလမ်း၊ တောင်သူကုန်း ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၆၁၃၆၈

--------------------------------

Vinyl ရိုက်၊ လက်ကမ်းစာစောင်ဝေရန် (အချိန်ပိုင်း)ဝန်ထမ်းအလိုရှိသည်။
ဖုန်း-၀၉-၄၃၁၉၂၆၈၄

**ကမ္ဘာဦးဆေးဝါးလုပ်ငန်း**
အရောင်းမြှင့်တင်နိုင်သော (ဆေး) အရောင်းဝန်ထမ်းအလိုရှိပါသည်။
ဖုန်း-၀၁-၅၃၈၀၂၀

--------------------------------

အင်တာနက်ကျွမ်းကျင်၍ စာရင်းဇယားအတန်သင့်နားလည်သူ မ(၁) ဦး
Blg 3, Room 4, Myo Pya Aim Yar (North Side), 8Mile Mayangone.
PH: 01-660163

--------------------------------

အမျိုးသမီးအရောင်းဝန်ထမ်းအလိုရှိသည်။ ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ကျောက်မျက်ရတနာဆိုင်တွင် တရုတ်စကားပြောကျွမ်းကျင်သူ။
ဖုန်း- ၀၉ ၅၁၁၇၁၅၂

--------------------------------

1. Chinese project coordinator M-20 Posts
2. Chinese Accontant F/M-10 Posts
3. Chinese Admin F/M-10 Posts
4. PR Commissioner F/M-10 Posts
5. Driver M-10 Posts
PH: 09-402617058

--------------------------------

1. General Manager M/F (1) Post
2. Senior Accountant F (1) Post
3. Sales & Marketing Manger M/F (1) Post
4. Project Engineer (or) Site Engineer M/F (2) Posts
5. Store Manager F (1) Post
PH: 01-559433

--------------------------------

ကမ်းရိုးတန်း ပင်လယ်ပြင် လုပ်သက်ရယူလိုသော အလုပ်သင် သင်္ဘောသားများ (ဝန်ဆောင်ခမဲ့) အလိုရှိပါသဖြင့် အောက်ပါ ဖုန်းနံပါတ်များအား ဆက်သွယ်ပေးပါရန်။
ဖုန်း-၀၉-၅၁၀၃၁၇၂

--------------------------------

**အလိုရှိသည်**
မင်းသား၊ မင်းသမီး တေးသီချင်း ဗီစီဒီကို ဩဂုတ်လဆန်းတွင် ရိုက်ကူးမည်ဖြစ်ပါ၍ အနုပညာရှင်များ (ကျား/မ) အမြန်အလိုရှိသည်။ တေးသီချင်း တစ်ပုဒ်-ခြောက်သောင်းကျပ်
ဖုန်း- ၀၉ ၃၁၀၅၅၇၉၃

--------------------------------

၁။ ကျွမ်းကျင်ဝန်ထမ်း (၂) ဦး
၂။ အလုပ်သင်ဝန်ထမ်း (၂) ဦး
အမှတ်-၁၇၈၊ ဗဟိုလမ်း၊ (၁) ရပ်ကွက်၊ ကမာရွတ်မြို့နယ်။
ဖုန်း-၀၉-၅၀၉၅၉၁၆

--------------------------------

၁။ မန်နေဂျာ ကျား/မ (၁) ဦး
၂။ ရုံးဝန်ထမ်း ကျား (၂) ဦး
၃။ အထွေထွေဝန်ထမ်း ကျား (၁၀) ဦး
၄။ ယာဉ်မောင်းကျွမ်းကျင် ကျား (၂) ဦး
အမှတ်-၄၅၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေ။
ဖုန်း-၀၉-၇၃၀၂၇၇၃၃

--------------------------------

အင်တာနက်ကျွမ်းကျင်၍ စာရင်းဇယားအတန်သင့်နားလည်သူ မ(၁) ဦး။
Blg 3, Room 4, Myo Pya Aim Yar (North Side), 8Mile Mayangone.
PH: 01-660163

--------------------------------

**DIAMOND CROWN HOTEL**
ဧည့်ကြို၊ ကောင်တာ၊ စာရင်းကိုင်၊ ရေ/မီး/လျှပ်စစ်ပြုပြင်ထိန်းသိမ်းရေး၊ စားဖိုမှူး၊ လက်ထောက်စားဖိုမှူး၊ ပင်မင်း၊ အိပ်ခန်းထိန်း၊ ယာဉ်မောင်း၊ သန့်ရှင်းရေး၊ လုံခြုံရေး။
ဖုန်း- ၀၉ ၇၃၁၃၁၃၅၈

--------------------------------

၁။ အယ်ဒီတာ (၁) ဦး
၂။ အထွေထွေဝန်ထမ်း (၁) ဦး
၃။ Marketing (၁) ဦး
ဖုန်း-၀၉-၄၂၀၃၁၆၄၆


--------------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7 DAY NEWS JOURNAL
Vol.12, No.22 • AUGUST 7 , 2013

# လိုက်ပါလျက်နှင့် မြန်မာ့သတင်းစဉ်ကိစ္စ

မြတ်ဆွေ




ယခုတစ်လော မိုးကစွေနေသဖြင့် ဟိုနားသည်နားပင် မထွက်နိုင်ဘဲ စာကိုပဲ ဖတ်နေပါသည်။ အများဆုံးဖတ်မိသည်ကတော့ ယခုတစ်လော ရှေ့ဆင့်နောက်ဆင့် ထွက်လာသော ပုဂ္ဂလိက သတင်းစာများပင်ဖြစ်သည်။

သည်လို ဖတ်ကြည့်တော့ ပုဂ္ဂလိက သတင်းစာအချို့၏ ကြိုးပမ်းမှုကို သတိထားမိသည်။ နယ်သတင်းများဆိုလျှင် ပုဂ္ဂလိက သတင်းစာက သတင်းဦးနေသည်ကို တွေ့ရသည်။ နယ်သတင်းတော်တော်များများ ပုဂ္ဂလိက သတင်းစာများမှာ ဖတ်ပြီးမှနောက်တစ်နေ့နိုင်ငံပိုင်သတင်းစာများမှာ ထပ်ဖတ်ရပြန်သည်။ သြော် . . . ဖြစ်ရပလေဟု ညည်းတွားလိုက်မိသည်။

အများအားဖြင့်တော့ သက်တမ်းရှည်ကြာနေသော နိုင်ငံပိုင်သတင်းစာကြီးများအနေအထားကို အားမလို အားမရ ဖြစ်မိပါသည်။ သတင်းစာ သမားတို့မည်သည် သတင်းရေးသားမှုနှင့် ပတ်သက်၍ စိတ်ဝင်စားကြသည်။

ကျွန်တော်သည် သတင်းစာသမားအဖြစ် နှစ်ပေါင်း ၄၀ ကျော် သတင်းတို့နှင့် ကျွမ်းဝင်ခဲ့ရာ သတင်းရေးသားမှုများနှင့်ပတ်သက်၍ စိတ်ဝင်စားစွာ လေ့လာခဲ့မိသည်။

ဦးနေဝင်း၏ မဆလအစိုးရခေတ်က နိုင်ငံတော်နှင့်ပတ်သက်သော သတင်းကြီးများကို တိုက်သတင်းထောက်များ လိုက်လံရယူရေးသားရန် မလိုပေ။ မြန်မာ့သတင်းစဉ်၏ အစိုးရသတင်းဌာနကထုတ်ပေးသော သတင်းများကိုသာ ထည့်ကြရသည်။ ကျွန်တော်တို့တိုက် သတင်းထောက်များသည့် မြို့နယ် သမဝါယသတင်း၊ မထသ သတင်းနှင့် ရပ်ကွက်အဆင့်သတင်းလောက်သာ ရေးခဲ့ကြရသည်။

ထိုစဉ်က မြန်မာ့သတင်းစဉ်က ထုတ်ပေးသော သတင်းများ၏ ရေးသားမှု ပုံဏ္ဍာန်များ ပုံစံအသားကျနေသလို ဖြစ်သည်။ ဥပမာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌ ဦးနေဝင်းသည် ဗဟိုကော်မတီများဖြစ်သော ဦးဘယ်သူဘယ်ဝါနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မန္တလေးမြို့သို့ ရောက်ရှိလာရာ. . . စသည်ဖြင့် ရေးခဲ့သည်။

ဦးနေဝင်းနှင့်အတူ ဦးဘယ်သူဘယ်ဝါနှင့် တာဝန်ရှိသူများ ရောက်လာရာဟု ရေးလျှင် စာချောပါလျက်မရေးပေ။ သဘောကတော့ဦးနေဝင်းနှင့်အတူမထားလို၍ လိုက်ပါလျက်ဟု ရေးသားပုံ သိသာလှပါ၏။

ဒါက ဦးနေဝင်းအလိုကျ ဦးနေဝင်းကို မျက်နှာလုပ်သူများ အလိုကျ ရေးသားနည်းဖြစ်လေသည်။ ယနေ့ခေတ်တွေ ပြောင်းလာပြီ။ စစ်အာဏာရှင် အစိုးရလည်း မရှိတော့ပေ။ ဒီမိုကရေစီရှေးရှုသော အစိုးရသစ် လက်ထက်၌ ပြည်သူ့အလိုကျပြုပြင်ပြောင်းလဲမှုအချို့ကိုပြုလုပ်လျက်ရှိသည်။

သို့သော် ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ သတင်းစဉ်ခေါ် သတင်းထုတ်ပြန်သည့် ဌာနက သတင်းရေးသားပုံ ရေးသားနည်း မပြောင်းသေးပေ။ ဖဆလလက်ထက်က အတိုင်း လူကြီးအလိုကျ "လိုက်ပါလျက်" ဟုသုံးနှုန်းရေးသားဆဲရှိနေသည်ကို မကြာခဏ တွေ့ဖြစ်နေရပါသည်။

သည်ကိစ္စကို ကျော်လွန်ခဲ့သော နှစ်ပိုင်းအတွင်းက ထောက်ပြ ရေးသားခဲ့သည်။ ယခုအခါ "လိုက်ပါလျက်" ထည့်သွင်းရေးသားမှုပျောက်သလောက်ရှိသွားသော်လည်း ၂. ၈. ၂၀၁၃ နေ့က ကြေးမုံသတင်းစာရေးသားမှုတွင် ဤသို့ရေးသားထားသည်ကိုတွေ့ရပြန်သည်။

"အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းသည်ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါလျက် "ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ၊ မွန်းလွဲ ၁ နာရီတွင် ကရင်ပြည်နယ် ဘားအံ့မြို့သို့ ရောက်ရှိကြသည်။

ဤတွင် "လိုက်ပါလျက်" ကို တွေ့ရပြန်သည်။ "လိုက်ပါလျက်" နေရာမှာ "နှင့်အတူ" ထည့်ရေးလျှင် မှန်ပါသည်။ စာလည်း ချောသွားပါမည်။ လိုက်ပါလျက် မလိုအပ်ပါ။

လိုက်ပါလျက်သုံးပုံမှာ ရာဇဝင်ဖတ်စာထဲမှာ ဖတ်ဖူးပုံကိုတင်ပြပါမည်။ နရပတိ စည်သူမင်းသည် မြစ်ဆိပ်သို့ရေကစားဆင်းရာ မိဖုရားနှင့် မောင်းမမိတ်သံများ လိုက်ပါလျက်ဟု ရေးပုံကိုကြည့်ခြင်းဖြင့်လိုက်ပါလျက် ဘယ်လိုနေရာ သုံးသည်ကို သိသင့်ပါသည်။

ဤသည်နှင့် ပတ်သက်၍ စာရေးဆရာမကြီး လူထုဒေါ်အမာရှိစဉ်က ပြောခဲ့ပုံကို သတိရနေမိပါသည်။ "ကျွန်မတို့ ခုခေတ်လူတွေက ကူညီပံ့ပိုးဆိုတဲ့ စကားလုံးကို လွယ်လွယ်သုံးနေကြတယ်။ ပံ့ပိုးဆိုတာက လင်လုပ်သူက မယားငယ်ကို ပေးကမ်းတဲ့နေရာမှာ သုံးတာ။ အဲဒီမှာ ပံ့ပိုးဆိုပြီး သုံးတာ နေရာတိုင်းမှာ ပံ့ပိုး ထည့်ရေးစရာမလိုပါဘူးဟု ပြောကြားခဲ့ဖူးပါသည်။ သည်လိုပါပဲ။ "လိုက်ပါလျက်" မှာ ရှင်ဘုရင်နောက်ကို မိန်းမတွေ၊ မောင်းမမိတ်သံတွေလိုက်ပါရခြင်းကို ရေးသားတာဟု ယူဆစရာ ဖြစ်ပါသည်။

ကျွန်တော်တို့ မြန်မာစာသည် ကျယ်ဝန်းသလောက် လေးနက်ပါသည်။ အဓိပ္ပာယ်လည်း ထွေပြားတတ်ပါသည်။ ထို့ကြောင့် လူအများဖတ်ရှုကြသည့် သတင်းများ ရေးသားကြရာ၌ ဝေါဟာရစကားလုံးတို့နှင့် စကားဆက်၊ စကားလုံးများကိုလွယ်လွယ်မရေးကြဖို့လိုတယ်ဟု ဆိုချင်ပါသည်။

ဆက်၍ ဆိုလက်စနှင့် ဆိုရလျှင် ယနေ့ပြန်ကြားရေးဝန်ကြီးလက်အောက်ခံ မြန်မာ့သတင်းစဉ်ခေါ် သတင်းဌာန ရှိနေခြင်းသည် မလိုအပ်တော့ပါ။ ယခင်အစိုးရများ လက်ထက်ကသာ တစ်သွေးတစ်သံတစ်မိန့်စနစ်ဖြင့်ထားရှိခဲ့ခြင်း ဖြစ်ပါသည်။ ယနေ့သတင်းခေတ်ကို လွတ်လပ်စွာ ဖွင့်ပေးခဲ့ပြီဖြစ်ရာ အစိုးရသတင်းစဉ် မလိုအပ်တော့ပါ။ ပြန်ကြားရေးဝန်ကြီးဌာန၌ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် ပြောရေးဆိုခွင့်ရှိ သူရှိပြီးဖြစ်နေရာ သတင်းစာသမားတို့ လွတ်လပ်စွာ မေးမြန်းခွင့်ရနေပြီဖြစ်ပါသည်။

အစိုးရသစ်သည် စာပေလွတ်လပ်ခွင့်အဖြစ် ပုဂ္ဂလိက သတင်းစာများကို ပင်ထုတ်ဝေခွင့်ပြုထားပြီဖြစ်လေရာ "သတင်းစဉ်" သည် မရောင်ရာ ဆီလူးဖြစ်နေပါပြီ။ ရပ်နားသင့်ပြီ ဖြစ်ပါကြောင်း စေတနာဖြင့် တင်ပြရပါသည်။ ။

စာမျက်နှာ(၆) မှ

## ချက်တင်မှပြောကြား ချစ်စကားများ

အချို့သော မိန်းကလေးများကတော့ မလင်းပြည့်လို ကံမကောင်းရှာပါ။ စေ့စပ်သူရှိပြီးသား ရုရှားက မြန်မာစစ်ဗိုလ်နှင့် အွန်လိုင်းမှ ချစ်သူဖြစ်ခဲ့သော်လည်း မြန်မာပြည်ပြန်ရောက်သောအခါ လိပ်စာဖျောက်၊ ခြေရာဖျောက်ခံရသူ မိန်းကလေးအများအပြားလည်း ရှိပါသည်။ သာမန်ရိုးရိုးလိမ်သည်က ပြဿနာမရှိသော်လည်း ငွေကြေးနှင့် အခြားအရာများပါလာလျှင်တော့ အွန်လိုင်းချက်တင်မှာတစ်ဆင့် ရာဇဝတ်မှုများအထိပင် ဖြစ်လာနိုင်ပါသည်။ မကြာသေးမီက ထိုင်းနိုင်ငံက ရွှေ့ပြောင်းအလုပ်သမား အမျိုးသမီးငယ်တစ်ဦး ဖေ့စ်ဘွတ်ခ်အင်တာနက်စာမျက်နှာမှ သိကျွမ်းသူ အမျိုးသားတစ်ဦးကို အပြင်မှာတွေ့ဆုံခဲ့ရာမှ အသတ်ခံခဲ့ရပါသည်။ ထိုသတင်းက ထိုင်းသတင်းစာများတွင်ရော မြန်မာသတင်းစာများမှာပါ ဟိုလေးတကျော်ကျော်ဖြစ်ခဲ့သည်။

စင်ကာပူက ကြော်ငြာကုမ္ပဏီတစ်ခုမှာအလုပ်လုပ်သူ မရွှေဝါခိုင်က ဖေ့စ်ဘွတ်ခ်ကိုသုံးပြီး စကားဆိုတတ်သော်လည်း အွန်လိုင်းမှ တွေ့ဆုံချစ်ကြိုက်မှုများကို လုံးဝ မယုံကြည်ပါဟု ဆိုသည်။

"လူလူချင်းတွေ့နေရတာတောင် မယုံကြည်တာ။ တစ်ခါမှ ကိုယ်မတွေ့ဖူးတဲ့ လူတစ်ယောက်ကို ကြိုက်ဖို့ကတော့ ပိုမယုံဘူး။ လာပြီးချက်တဲ့သူတွေကတော့ အကောင်းတွေပြောတာပေါ့။ သူတို့ကဘာပါညာပါပေါ့။တကယ်တမ်းစဉ်းစားကြည့် ယောက်ျားတစ်ယောက်က တကယ့်ကို ပြည့်စုံနေရင်၊ အရည်အချင်းရှိနေရင် အွန်လိုင်းမှာ ကိုယ့်ကိုလာပြီးရည်းစားရှာနေမှာမဟုတ်ဘူး။ရှာချိန်လည်းရှိမှာမဟုတ်ဘူးလေ။ အပြင်မှာ မိန်းကလေးတွေ ဝိုင်းနေမှာပေါ့"။

7 DAY NEWS JOURNAL
Vol.12, No.22 • AUGUST 7 , 2013



# ယခုဘဏ္ဍာနှစ် ပထမခြောက်လအတွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာသန်းရှစ်ရာကျော်ရှိ

**ရန်မျိုးနိုင်**

**နေပြည်တော်၊ ဩဂုတ်-၄**

ယခု ဘဏ္ဍာနှစ် နှစ်ဝက် ပထမခြောက်လပတ်အတွင်းပြည်ပရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာသန်းပေါင်း ၈၁၀ ရှိကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက ပြောသည်။

နိုင်ငံ ၁၀ နိုင်ငံ ပါဝင်ရင်းနှီးမြှုပ်နှံခဲ့ပြီး ထိုင်းနိုင်ငံမှ အမေရိကန်ဒေါ်လာ သန်း ၄၁၀၊ ဗီယက်နမ်နိုင်ငံမှ အမေရိကန်ဒေါ်လာသန်း ၁၄၀၊ စင်ကာပူနိုင်ငံမှ အမေရိကန်ဒေါ်လာ ၁၃၆ သန်းတို့ အများဆုံးရင်းနှီးမြှုပ်နှံသူများအဖြစ် ရပ်တည်နေသည်။ ယခင်က မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သည့် တရုတ်နိုင်ငံကမူ ၄ ဒသမ ၈၆ သန်းသာ မြှုပ်နှံထားသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နှစ်ဝက် ပထမခြောက်လပတ်အတွင်း ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်း ၁၆ ခုရှိကာ စိုက်ပျိုးရေးလုပ်ငန်းတစ်ခုအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ သန်း၊ စက်မှုလုပ်ငန်း ၁၃ ခုအတွက် ယခင်ခွင့်ပြုထားသည်များနှင့်ပေါင်းပါက အမေရိကန်ဒေါ်လာ ၅၆၉ ဒသမ ၄၆၆ သန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းအတွက် ယခင်ခွင့်ပြုထားသည်များနှင့် ပေါင်းပါက အမေရိကန်ဒေါ်လာ ၂၂၁ သန်း၊ ဝန်ဆောင်မှုလုပ်ငန်းအတွက်အမေရိကန်ဒေါ်လာ၀ဒသမ ၃ သန်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၁၆၆ သန်းတို့ကို ရင်းနှီးမြှုပ်နှံကြခြင်းဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များကလည်း စက်မှုဇုန်လုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများ အပါအဝင် လုပ်ငန်း ၁၂ခုအတွက် ငွေကျပ်သန်းပေါင်း ၁၈၃,၂၃၃ သန်း ရင်းနှီးမြှုပ်နှံခဲ့ကြသည်။

# ဖိလစ်ပိုင်ဆောက်လုပ်ရေးလုပ်ငန်းအုပ်စု DMCI မြန်မာနိုင်ငံတွင် အခွင့်အလမ်းများရှာဖွေ

**မနီလာ၊ ဩဂုတ်-၅**

ဖိလစ်ပိုင်နိုင်ငံမှ ထိပ်တန်းအခြေခံအဆောက်အအုံဆောက်လုပ်ရေးကုမ္ပဏီ DMCI သည် မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးကဏ္ဍတွင်ဝင်ရောက်လုပ်ကိုင်ရန် အခွင့်အလမ်းများ ရှာဖွေနေသည်။

DMCI ဥက္ကဌ အီစီဒရို၊ အမ်၊ ကွန်ဆွန်ဂျီဦးဆောင်သော ကုမ္ပဏီအကြီးအကဲများသည် ဇူလိုင် ၁၆ မှ ၁၉ ရက်အထိ မြန်မာနိုင်ငံသို့ သွားရောက်ခဲ့ကြောင်း DMCI အုပ်ချုပ်မှု ဒါရိုက်တာ ဗစ်တာ၊ အက်စ်လင်လင်ဂန်က Business World သတင်းဌာနအား ပြောကြားသည်။ မြန်မာနိုင်ငံတွင် အိမ်ရာလိုအပ်ချက်ရှိနေပြီး ၎င်းတို့အနေဖြင့် အိမ်ခြံမြေလုပ်ငန်းကို စိတ်ဝင်စားနေသည်ဟု ဗစ်တာက ပြောသည်။

"ကျွန်တော်တို့ လက်တွဲလုပ်မယ့် ဒေသခံကုမ္ပဏီတစ်ခု ရှာဖွေနေပါတယ်။ လူတွေအများကြီးနဲ့ စကားပြောခဲ့ပါတယ်" ဟု မြန်မာနိုင်ငံသို့ လိုက်ပါလာသော မစ္စတာဗစ်တာက ပြော၍ မြန်မာနိုင်ငံမှ ကွန်ဒိုစီမံကိန်းများကိုလည်း ကြည့်ရှုခဲ့ကြောင်းပြောသည်။

သို့သော်မြန်မာနိုင်ငံအတွက် ၎င်းတို့၏ အစီအစဉ်များ မည်သည့်အချိန်၌ အခိုင်အမာ ဖြစ်လာမည်ကိုမူ မစ္စတာဗစ်တာက ပြောကြားနိုင်ခြင်းမရှိပေ။ မြန်မာနိုင်ငံမှ ရရှိထားသော အချက်အလက်များကို သေချာစွာလေ့လာ၍ ဖြစ်နိုင်ခြေရှိသော ရင်းနှီးမြှုပ်နှံမှုများကို စေ့စပ်သေချာစွာ လေ့လာရမည်ဖြစ်ကြောင်း မစ္စတာဗစ်တာက ဆက်ပြောသည်။

DMCI Holding ကုမ္ပဏီသည် ဖိလစ်ပိုင်နိုင်ငံတွင် လျှပ်စစ်ထုတ်လုပ်ရေးနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများ လုပ်ကိုင်သော ကုမ္ပဏီကြီးဖြစ်သည်။ မြန်မာနိုင်ငံတွင်မူ ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေကဏ္ဍတွင်သာ အခွင့်အလမ်းများ ရှာဖွေသွားမည်ဟု သိရသည်။

*—Ref: Business World*

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 93,000 |
| Galaxy GIO | 120,000 |
| Galaxy Ace | 138,000 |
| Galaxy Ace Plus | 175,000 |
| Galaxy Ace 2 | 185,000 |
| Galaxy S Advance | 235,000 |
| Galaxy S2 | 320,000 |
| Galaxy S3 | 435,000 |
| Galaxy Note II | 500,000 |
| Galaxy Tab 7.1 | 285,000 |

YANGON MOBILE ဆိုင်မှ ဈေးနှုန်းများ-ဖြစ်သည်။

### HTC

| Model | Price |
|---|---|
| One X | 400,000 |
| Sensation XL | 362,000 |
| Desire VC | 240,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 850,000 |
| iPhone 5 (32 GB) | 710,000 |
| iPhone 4s (64 GB) | 525,000 |
| iPhone 4s (32 GB) | 505,000 |
| iPhone 4s (16 GB) | 480,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 105,000 |
| C 8810 | 97,000 |
| T 8830 | 109,000 |
| U 8818 D | 110,000 |
| U 8951 | 125,000 |
| Y 300 C | 109,000 |
| C 8950 D | 170,000 |
| U 8950 D | 165,000 |
| Ascend P1 | 225,000 |

ဩဂုတ်(၃)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (Smart LED) | S5500AR | 590,000 |
| Panasonic(LCD) | 32SC4S | 275,000 |
| Sony (LCD) | 35BX | 300,000 |
| Sony (LED) | 32EX33 | 340,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 35,000 |
| EVD (AEK) | HDMI | 33,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 350,000 |
| Samsung | 19PTIX | 190,000 |
| Hitachi | 190W | 250,000 |
| Panasonic | NR.BT224 | 250,000 |
| **Washing** | | |
| Samsung | $WA95V_3$ | 180,000 |
| Samsung | WT10J | 175,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 290,000 |
| Mitsubishi | 1.0HP(Heavy) | 250,000 |
| Samsung | (1.0HP)AS09TUQN | 245,000 |

အထက်ပါဈေးနှုန်းများမှာ ဩဂုတ်(၃) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၇၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၇၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၉၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၅၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၀ |
| နေပြည်တော် စက်အုတ် (၁၀ ပေါက်) | တစ်လုံး | ၇၀-၈၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၂,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၈၈၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၄၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉။၁၀ ပေ) | ၁ ပေ | ၃၀၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၃၁၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ ဩဂုတ်(၃)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၈,၀၀-၁,၅၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၂၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၅၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀-၁၃၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၅၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၇,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၇,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၆,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၁၂,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၅၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၄,၅၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၅၀၀-၃,၀၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၄၀၀-၂,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၅၀၀-၂,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

ဩဂုတ်(၃)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Jul(28) | 814 | 890 | 900 | 920 |
| Jul(29) | 814 | 890 | 900 | 920 |
| Jul(30) | 814 | 890 | 900 | 920 |
| Jul(31) | 814 | 890 | 900 | 920 |
| Aug(1) | 814 | 890 | 900 | 920 |
| Aug(2) | 814 | 890 | 900 | 920 |
| Aug(3) | 814 | 890 | 900 | 920 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **ASUS** | |
| Intel Core i5 1.8 GHz, 4GB DDR3, 500GB HDD, 14" | 489,000 |
| Intel Core i5 1.8 GHz, 4GB DDR3, 500GB HDD, 14" | 606,000 |
| Intel Core i5 1.8 GHz, 8GB DDR3, 750GB+4GB SSD,15.6" | 871,000 |
| Intel Core i7 2.4 GHz, 16GB DDR3, 1TB HDD, 15.6" | 1,616,000 |
| **Lenovo** | |
| Intel Core i3 1.7 GHz, 4GB DDR3, 750GB HDD,1GBVGA,14" | 616,000 |
| Intel Core i5 2.5 GHz, 4GBx 1 slot DDR3,1TB HDD,2GB VGA,14" | 714,000 |
| Intel Core i5 2.2 GHz, 4GB DDR3, 1TB HDD, 15.6" | 861,000 |
| Intel Core i7 2.3 GHz,8GB DDR3, 1TB HDD,2GB VGA,15.6" | 1,028,000 |
| **MSI** | |
| Intel Core i3 2.3 GHz, 2GB DDR3, 500GB HDD, HD, 14" | 457,000 |
| Intel Core i5 2.5 GHz, 2GB DDR3,500GB HDD,1GB VGA,14" | 619,000 |
| Intel Core i5 2.6GHz,4GB DDR3,500GB HDD,15.6" | 667,000 |
| Intel Core i7 2.4 GHz, 8GB DDR3, 750GB, 15.6" | 1,043,000 |

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.22 • AUGUST 7 , 2013



# ရင်လေးစရာ အခြေခံ ပညာရေး

မင်းသန်းထိုက်(ဒေးဒရဲ)

၂၀၁၃-၁၄ ပညာသင်နှစ်အတွက် ပညာရေး ဝန်ကြီးဌာန လက်အောက်ရှိ အခြေခံပညာကျောင်းများတွင် နေ့စားလပေး ဆရာ၊ ဆရာမများနှင့် အောက်ခြေဝန်ထမ်းငါးသောင်းကျော်ကို ဩဂုတ်လ ၁ ရက်မှစ၍ ခန့်ထားလိုက်ပြီ ဖြစ်သည်။

ပြီးခဲ့သည့် မတ်လက နေ့စားလပေး ပညာရေး ဝန်ထမ်းများ ခန့်ထားရန် ကြေညာချက်ထုတ်ပြန်၍ လျှောက်လွှာခေါ်ယူခဲ့ပြီး ယခုလတွင် စတင်ခန့်ထားခြင်း ဖြစ်သည်။ သတင်းများအရ အောက်မြန်မာပြည်အခြေခံပညာကျောင်းများတွင် ၂၄,၀၀၀ ကျော်၊ အထက်မြန်မာပြည် အခြေခံပညာကျောင်းများတွင် ၂၅,၀၀၀ ကျော်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများအတွက် ၂,၇၈၃ ဦးခန့်ထားကြောင်း သိရ၏။ အခြေခံပညာကျောင်းများ၏ ဆရာ၊ ဆရာမလိုအပ်ချက်ကိုဖြည့်ဆည်းရန် စီမံဆောင်ရွက်ခြင်းဖြစ်မည်ဟု ယူဆပါသည်။

ယခု ခန့်ထားလိုက်သော ဆရာ၊ ဆရာမ အများစုသည် ကျေးလက်ဒေသများတွင် ဆရာမလုံလောက်သော မူလတန်းကျောင်းကလေးများသို့ သွားရောက်၍ တာဝန်ထမ်းဆောင်ကြရမည် ဖြစ်သည်။ ထိုကျောင်းကလေးများသည် နဂိုကတည်းက ဆရာ မလုံလောက်ခဲ့သဖြင့် သင်ကြားရေးပိုင်း၌ အားနည်းခဲ့မည်မှာ သေချာသည်။ ထို့ပြင် ကျေးလက်က ကျောင်းသားမိဘများကလည်း မြို့ပြက ကျောင်းသားမိဘများလို သားသမီးများ၏ ပညာရေးကို အရိပ်တကြည့်ကြည့် ဂရုစိုက်နိုင်ကြသည်မဟုတ်။ စားဝတ်နေရေးကိစ္စကို အချိန်ပြည့်လုံးပန်းနေကြရသည်။ သည်တော့ အချိန်မှန်ကျောင်းတက်၊ စာမေးပွဲအောင် ဆိုကျေနပ်နေကြသည်။ စာတတ်တာ မတတ်တာတောင် သိပ်သိကြသည်မဟုတ်။

သည်လိုရွာကလေးတွေက သည်လိုကျောင်းသားကလေးများရှိရာ မူလတန်းကျောင်းများဆီသို့ ရောက်သွားကြမည့်ဆရာ၊ ဆရာမများက တကယ့် Brandnew အသစ်ကျပ်ချွတ်ဖြစ်၏။ ပညာရေးနှင့် ပတ်သက်၍ ဘာသင်ကြားရေး အတွေ့အကြုံမှ မရှိသူများဖြစ်သည်။ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရခဲ့ကြသူများဖြစ်သော်လည်း ဘွဲ့ရတိုင်းလည်း စာသင်တတ်ကြသည်မဟုတ်။ သည်အထဲ အချို့သော ဘွဲ့ရများ၏ အရည်အချင်းက အံ့ဩစရာကောင်းလောက်အောင် ညံ့ဖျင်းလှသည်။ ပညာရေးဌာနမှ အရာရှိတစ်ယောက်က ပြောပြသည်။

နေ့စားလပေးဆရာ၊ ဆရာမတွေ ခန့်မည်ဆိုတော့ ရေးဖြေအောင်မြင်ပြီးသူများကို လူတွေ့စစ်ဆေးရသည်။ ဆရာ၊ ဆရာမလောင်းလျာတွေကိုလက်ရှိအစိုးရအဖွဲ့မှာသမ္မတနှင့်ဒု-သမ္မတဘယ်နှယောက်ရှိသလဲဟု မေးတော့ အချို့ကနှစ်ယောက်လို့ ဖြေကြသတဲ့။ အချို့က သုံးယောက်လို့ဖြေကြသတဲ့။ ငါးယောက်လို့ဖြေတဲ့သူတောင် ပါသတဲ့။ ဘယ်သူတွေလဲဟု ဆက်မေးတော့ ဦးသိန်းစိန်ကိုတော့ အတော်များများမှန်အောင် ဖြေနိုင်ကြသည်ဆို၏။ ဒေါက်တာစိုင်းမောက်ခမ်းကိုလည်း တစ်ဝက်လောက်သိကြသည်ဆို၏။ ဦးညွှာ်ထွန်းဟု ဖြေသူတစ်ယောက်မှမပါဘဲ သူရဦးရွှေမန်းဟု ဖြေသူက ဖြေကြသတဲ့။ အစိုးရ အဖွဲ့ထဲမှာ လုံးဝမရှိသည့်ဦးတင်မောင်မြင့်ဟု ဖြေသူလည်း ရှိသည် ဆို၏။

သည်လိုဘွဲ့ရတွေက တောမူလတန်းကျောင်းများဆီ ရောက်သွားပြီး ဘာသင်ကြားရေးအတွေ့အကြုံမှလည်း မရှိဘဲနှင့် ယခုမှ ကကြီး၊ ခကွေးနှင့် နဖူးတွေ့ ဒူးတွေ့ စတွေ့ရမည့် ကလေးများကို သင်ကြားပေးမည်ဆိုတော့။ ကျွန်တော် အတော်ပဲ ရင်မောမိသည်။ ရုံးဌာနလို နေရာမျိုးမှာ လုပ်ငန်းအတွေ့အကြုံ မရှိသူကို ခန့်မိလို့ စာရင်းဇယားများသွားလျှင် အသစ်ပြန်ပြင်လုပ်၍ ရသည်။ မကြိုက်လျှင် ဆွဲဆုတ်ပစ်လိုက်၍ ရသည်။ ကလေးတွေကိုဆွဲဆုတ်လွှင့်ပစ်၍ မရ၊ နောက်ထပ် ကလေးအသစ်တစ်ယောက် ထပ်သင်လုပ်၍ မရချေ။ ကလေးများ၏ ပညာရေးကိစ္စသည် ထိုကလေး၏ ဘဝနှင့်သာ သက်ဆိုင်သည်မဟုတ်။ နိုင်ငံ၏ အနာဂတ်နှင့်လည်း သက်ဆိုင်၏။ လက်ရှိ အခြေခံပညာကျောင်းများတွင် ယခင် ဆရာအတတ်သင်သိပ္ပံများမှ ဆရာဖြစ်သင်တန်းအောင်မြင်ပြီးသူတွေ နောက်ပိုင်းပညာရေး ကောလိပ်ဆင်းတွေ၊ ပညာရေးတက္ကသိုလ်မှ ဘွဲ့ရတွေ အများစုရှိပါလျက်နှင့်ပင် အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းသားတွေထဲမှာ စာကောင်းကောင်း မတတ်သူတွေ အများအပြား ရှိနေသည်။ မြန်မာစာကို အဖြတ်အရပ်မှန်အောင် မဖတ်တတ်တာ။ သဝေထိုးတို့၊ သေတ်တို့ကို အပေါ်ကနေ စဆွဲတာ။ ဋကြီးနှင့် လည်ရစ်ပါသည့် ဌဝမ်းဘဲ(ဋ္ဌ)များရေးတာတွေ့နေရသည်။ အလွတ်ကျက်ထားတာ မဟုတ်လျှင် ဝါကျတစ်ကြောင်းကိုပင် အချို့ကလေးများ အတော်ခက်ခက်ခဲခဲ ကြိုးစားနေကြရသည်။ တစ်ကြောင်းမေးခွန်းကိုပင်အမေးနှင့်အဖြေအံဝင်ခွင်ကျဖြစ်အောင် မဖြေတတ်ကြ။ ဥပမာ "ရှင်မဟာရဋ္ဌသာရ၏ ဇာတိကိုဖော်ပြပါ"ဟူသောမေးခွန်းကို "အင်းဝမြို့ဖြစ်ပါသည်"ဟုဖြေသင့်ပါလျက် "အင်းဝမြို့၌ မွေးဖွားသူဖြစ်သည်"ဟု ဖြေချင်ဖြေတတ်ကြလေသည်။

ဤသို့ဖြစ်ရခြင်းသည် "အစကောင်းမှ အနှောင်းသေချာ" ဆိုသလို ပညာရေး၏ အစဖြစ်သော အခြေခံပညာမူလတန်းအဆင့်တွင် အားနည်းခဲ့သောကြောင့်ဟု ဆိုချင်သည်။ ဤသို့ဆိုလိုက်၍မူလတန်းဆရာများ ညံ့သည်ဟု အပြစ်တင်လိုခြင်း မဟုတ်ပါ။ အချို့မူလတန်းကျောင်းများတွင် ကျောင်းသားဆရာ အချိုးမမျှသဖြင့် ကလေးတစ်ဦးချင်းကို အရစ်အဆွဲမှန်အောင် လက်ထပ်သင်ပေးခြင်း၊ စာကို အဖြတ်အရပ်မှန်မှန် ဖတ်တတ်အောင် သင်ကြားလေ့ကျင့်ပေးခြင်းတို့ မလုပ်နိုင်ခဲ့သောကြောင့် ဖြစ်လေသည်။ ထို့ပြင် လက်ရှိပညာရေးစနစ်အရ ကလေးတစ်ယောက်၏ အရည်အချင်းကို စာမေးပွဲရမှတ်နှင့် တိုင်းတာအကဲဖြတ်သဖြင့် နားလည်လည်၊ မလည်လည် အလွတ်ကျက်ဖြေနည်းက ကလေးများနှင့် ငယ်စဉ်ကတည်းက ရင်းနှီးခဲ့ရလေသည်။ သည်အထဲ ဆရာ၊ ဆရာမအတော်များများက ပညာရေးစနစ်ဆိုးကြီးဖြင့် ဘွဲ့ရလာကြသည့်အပြင် ဆရာ၊ ဆရာမဖြစ်ပြီးနောက်ပိုင်းမှာလည်း ကိုယ့်ကိုယ်ကိုယ်ဖြည့်ဆည်းရကောင်းမှန်းမသိကြချေ။ အလုပ်ဝင်ပြီးကတည်းက ရာထူးမြန်မြန်တက်ဖို့၊ မြို့ကိုမြန်မြန်ပြန်ပြောင်းရဖို့ကိုသာ နည်းအမျိုးမျိုးဖြင့် လုံးပန်းကြလေသည်။ တော်သည့်ချွန်သည့် ဆရာများကျတော့လည်း တင်းကျပ်သည့် စည်းကမ်းတွေ၊ ပညာရေးနှင့် မဆိုင်သည့် အလုပ်တွေကြောင့် ဌာနတွင်းမှာ ကြာကြာမနေနိုင်။ ဆိုင်ရာပိုင်ရာနှင့် မချဉ်းကပ်လျှင် ရာထူးတက်ရေး အလှမ်းဝေးဆိုတော့ နောက်ဆုံးမှာ ပုဂ္ဂလိကကျောင်းတွေ၊ အပြင်ဘော်ဒါတွေဆီ ရောက်သွားတော့သည်။ သည်လိုနှင့် ဌာနတွင်းမှာ ဆရာမွန်၊ ဆရာချွန်တွေ ရှားပါးလာလေတော့သည်။ အကျိုးဆက်ကား အတန်းအောင်ပြီး စာမတတ်သည့် ကလေးတွေများလာခြင်းပင် ဖြစ်လေသည်။

ယခုတစ်ခါ မူလတန်းကျောင်းများတွင် ဆရာမ လုံလောက်သည့်ပြဿနာကို နေ့စားလပေး ဆရာ၊ ဆရာမများ ခန့်ထားခြင်းဖြင့် ဖြေရှင်းလိုက်သည်။ မှန်ကန်သော ဖြေရှင်းနည်းဟုတ်ပါရဲ့လား စဉ်းစားစေချင်သည်။ လောလောဆယ် ကျောင်းများမှ လစ်လပ်အကွက်များ ပြည့်သွားမည်မှန်သော်လည်း သင်ကြားရေးပိုင်း၌ အားနည်းခဲ့လျှင် ကြားထဲက နစ်နာရမည်မှာ ကလေးများဖြစ်ပါသည်။ ပညာရေးကိစ္စသည် ဖုတ်ပူမီးတိုက် လုပ်သင့်သည့်ကိစ္စ မျိုးမဟုတ်ဟု ယူဆပါသည်။ တကယ်ဆိုလျှင် ယခုခန့်ထားလိုက်သော နေ့စား လပေး ဆရာများကို ကျောင်းများသို့ချက်ချင်း မလွှတ်သင့်ပါ။ တစ်လတန်သည် နှစ်လတန်သည် သင်တန်းပေးသင့်ပါသည်။ ကျောင်းတွေမှာ နှစ်နှင့်ချီပြီး ဆရာတွေ လစ်လပ်ခဲ့ပြီးမှ တစ်လ၊ နှစ်လလောက် ထပ်စောင့်ရလို့လည်း သိပ်ထူးမည် မထင်ပါ။

ဒါကလောလောဆယ် ကိစ္စဖြစ်ပါသည်။ ရေရှည်အနေဖြင့် ထိုဆရာ၊ ဆရာမများအတွက် လုပ်ငန်းခွင်အတွင်းမှ တက်ရောက်နိုင်မည့် ပညာရေးဒီပလိုမာဘွဲ့ သင်တန်းတွေ ဖန်တီးပေးဖို့လိုပါလိမ့်မည်။ ပညာရေးကောလိပ်တွေ၊ ပညာရေးတက္ကသိုလ်တွေမှာ ဆရာ၊ ဆရာမလောင်းတွေသည့် ထက်ပို၍ ခေါ်ဖို့ လိုပါလိမ့်မည်။ တော်သည့် ချွန်သည့် သူတွေ ပညာရေးလောကထဲ ရောက်လာအောင် လစာနှုန်းထားကအစ အခြားဝန်ထမ်းများထက် ပိုတိုးပေးဖို့ လိုပါလိမ့်မည်။ ကျွန်တော့်သဘောအရဆိုလျှင် မူလတန်းကို လစာအမြင့်ဆုံးပေးပြီး ဌာနတွင်းမှ အနည်းဆုံးလုပ်သက် ဆယ်နှစ်အထက်ရှိသူများကိုသာ ခန့်ထားခဲ့လျှင် ပိုကောင်းမည်ဟု ယူဆပါသည်။ အကြောင်းမှာ ဆရာ၊ ဆရာမအသစ်များထက်စာလျှင် လုပ်သက်ရင့် ဆရာ၊ ဆရာမများက ကလေးများ၏ သဘောသဘာဝကို ပို၍နားလည်သောကြောင့် ဖြစ်ပါသည်။

ယခုမူ ဘာသင်ကြားရေး အတွေ့အကြုံမှ မရှိသည့် ဆရာအတတ်ပညာနှင့် ပတ်သက်သည့် ဘာသင်တန်းမှလည်း မရှိသည့် ဆရာ၊ ဆရာမအသစ်စက်စက်များက နဂိုကတည်းက ဆရာအင်အားနည်းပါးသော ကျေးလက်ကျောင်းများသို့ ရောက်သွားကြပြီ။ ငါးနှစ်ပြည့်လို့ ကျောင်းရောက်လာမည့် ကျောင်းသား အသစ်စက်စက်များနှင့် တွေ့ကြပြီ။ ဆရာ၊ ဆရာမတွေက သူတို့ ကိုယ်သူတို့ အရည်အချင်းပြည့်အောင် ကြိုတင်ဖြည့်ထားကြပါလေစ။ သစ်မရောက်ခင်ဝါးပေါင်းကွပ်သလို တခြားအလုပ်မရခင်ခဏ တည်းခိုသည့်သဘောမျိုးမဟုတ်ဘဲစေတနာနှင့် ဝါသနာကို အရင်းခံသည့် ဆရာစစ်များ ဖြစ်ကြပါစေဟုသာ ဆုတောင်းနေမိပါသည်။ ။

# Technology

7 DAY NEWS JOURNAL

Vol.12, No.22 • AUGUST 7 , 2013




ဓာတ်ပုံ-ANDREW COWIE/AFP

## Nokia ကုမ္ပဏီ နောက်ဆုံးပေါ် Lumia 925 ထုတ်လုပ်

**ကွာလာလမ်ပူ၊ဩဂုတ်-၁**

စမတ်ဖုန်းအသစ်ထွက်ရှိမှု အဆုံးသတ်ခြင်းမရှိသောယှဉ်ပြိုင်မှုအားကောင်းသည့်စမတ်ဖုန်းဈေးကွက်အတွင်း Nokia ကုမ္ပဏီက မိုက်ခရိုဆော့ဖ် Window 8 အသုံးပြုထားသည့် Lumia 925 ကိုနောက်ဆုံးထုတ်လုပ်လိုက်သည်။

Lumia 925 တွင် dual-core 1.5GHz ပရိုဆက်ဆာအသုံးပြုထားပြီး အတွင်းပိုင်းသိုလှောင်မှုမှတ်ဉာဏ် 16GB ပါရှိသည်။ သုံးစွဲသူများအနေဖြင့် မိုက်ခရိုဆော့ဖ်၏ Skydrive ပေါ်တွင်ထပ်ဆောင်းသိုလှောင်ရန်နေရာအဖြစ် 7GB ရရှိနိုင်မည်ဖြစ်သည်။ Lumia 925 ၏ မျက်နှာပြင်သည် ၄ ဒသမ ၅ လက်မ touchscreen အမျိုးအစားဖြစ်ပြီး လက်အိတ်စွပ်ထားလျှင်ပင်တို့ထိအသုံးပြုနိုင်မည်ဖြစ်သည်။ ဓာတ်ပုံများရိုက်ယူရာတွင် Lumia 925 ၏ ကင်မရာမှန်ဘီလူးမှာ အစိတ်အပိုင်းခြောက်ခုပါဝင်ပြီး LED ဖလက်ရှ်နှင့်အတူ ၈ ဒသမ ၇ Megapixel ပါရှိသည်။ ပုံရိပ်များကို Best Shot ၊ Change Faces (သို့မဟုတ်) Action Shot စသည့် effect များဖြင့် ဖမ်းယူနိုင်ပြီး တစ်ကြိမ်တည်း ဓာတ်ပုံ ၁၀ ပုံ ဆက်တိုက်ရိုက်ယူနိုင်မည့် စနစ်လည်းပါဝင်သည်။

Lumia 925 စမတ်ဖုန်းသည် အလေးချိန် ၁၃၉ ဂရမ်ရှိပြီး ၈ ဒသမ ၅ မီလီမီတာထူသည်။ ယင်းစမတ်ဖုန်းတွင် Application များပြားစွာပါဝင်ကြောင်းနှင့် သုံးစွဲသူစိတ်တိုင်းကျ ဖြစ်စေနိုင်ကြောင်း Nokia ကုမ္ပဏီ၏ အာရှတိုက်လုံးဆိုင်ရာဈေးကွက်အကြီးအကဲဂယ်ရီချန်းက ပြောသည်။

Nokia Lumia 925 စမတ်ဖုန်းကို အဖြူရောင်၊ မီးခိုးရောင်နှင့် အနက်ရောင်တို့ဖြင့် ထုတ်လုပ်ထားပြီးဈေးနှုန်းကန်ဒေါ်လာ၅၅၄ ဒသမ ၈၁ ဖြင့် ရောင်းချမည်ဖြစ်သည်။

*—Ref: Tech Central*

## ကိုရီးယားနှင့် မြန်မာနည်းပညာကုမ္ပဏီများ တွေ့ဆုံဆွေးနွေးပွဲပြုလုပ်မည်

**ဆွေမွန်**

**ရန်ကုန်၊ ဩဂုတ်-၃**

ကိုရီးယားနိုင်ငံမှ အိုင်တီကုမ္ပဏီကြီးများနှင့် နည်းပညာလုပ်ငန်းများလုပ်ကိုင်နေသည့်ကုမ္ပဏီ ၁၀ ခု မြန်မာနိုင်ငံသို့ လာရောက်ကာ ပြည်တွင်းမှ အိုင်တီလုပ်ငန်းကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးပွဲတစ်ခု စက်တင်ဘာလအတွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကိုရီးယားနိုင်ငံမှကုမ္ပဏီ ၁၀ ခုနှင့် ပြည်တွင်းနည်းပညာစီးပွားရေးကုမ္ပဏီများတွေ့ဆုံပြီး Networking, CCTV, Banking, Crdit, Inssurance, Education, Software ဆိုင်ရာ ကဏ္ဍများနှင့် အခြားသောအိုင်တီလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးသွားမည်ဖြစ်ကြောင်း ချိတ်ဆက်ဆောင်ရွက်ပေးသည့် ကိုရီးယားနိုင်ငံအခြေစိုက် ဂွန်ဟောင်းကုမ္ပဏီမှ ဒါရိုက်တာ မစ္စတာ Yang Seo Kua ကပြောသည်။

"အဓိကကတော့ သူတို့တွေက အိုင်တီနဲ့ပတ်သက်ပြီး စီးပွားရေးအခွင့်အလမ်းတွေ ဆွေးနွေးသွားမှာပါ" ဟုငှင်းကပြောသည်။

အဆိုပါ မြန်မာ-ကိုရီးယား အိုင်တီနည်းပညာကဏ္ဍစီးပွားရေးတွေ့ဆုံဆွေးနွေးပွဲကိုစက်တင်ဘာ ၂၄ ရက်တွင်ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်ရန်ကင်းခန်းမ၌ နေ့လယ် ၁ နာရီမှ ညနေ ၅ နာရီထိ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ပြည်တွင်းသို့ လာရောက်၍ပူးပေါင်း လုပ်ကိုင်နိုင်မည့် စီးပွားရေး အခွင့်အလမ်းများကိုမိတ်ဖက်ကုမ္ပဏီများနှင့် အိုင်တီကုမ္ပဏီကြီးများဖြင့် အဓိကဆွေးနွေးသွားမည်ဖြစ်သည်။

လာရောက်မည့်ကိုရီးယားနိုင်ငံမှ ကုမ္ပဏီများတွင် အိုင်တီနည်းပညာဆိုင်ရာစီးပွားရေးကုမ္ပဏီကြီးများဖြစ်သည့် Tomoto System ကုမ္ပဏီ၊ NEXUS ကုမ္ပဏီများအပါအဝင် Software Development ကုမ္ပဏီများ၊ IT Solution & Application ဆိုင်ရာကုမ္ပဏီများ အဓိကပါဝင်ကြောင်း သတင်းရရှိသည်။

စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် စက်တင်ဘာ ၁၇ ရက်နောက်ဆုံးထား စာရင်းပေးသွင်းရမည်ဖြစ်ပြီး egunhong @gmail.com အီးမေးလ်နှင့် ဖုန်းနံပါတ် ၂၄၁၂၀၈၊ ၀၉-၄၃၁၀၃ ၉၃၁၊ ၀၉၄၉၀၀၀၇၇၇ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း စုံစမ်းသိရသည်။

## အမြန်ချောပို့လုပ်ငန်း ပုဂ္ဂလိကလုပ်ကိုင်ခွင့်ပြုရန် တင်ဒါခေါ်ယူ

**ဆွေမွန်**

**ရန်ကုန်၊ဩဂုတ် ၃**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်တွင်းအမြန်ချောပို့လုပ်ငန်းကို ပုဂ္ဂလိကလုပ်ငန်းရှင်များ လုပ်ကိုင်နိုင်ရန် တင်ဒါစတင်ခေါ်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

ဆက်သွယ်ရေးလုပ်ငန်းများထဲမှ အော်တိုတယ်လီဖုန်းလိုင်းဝန်ဆောင်မှုလုပ်ငန်းအတွက် ဇူလိုင်လတွင်းက ပုဂ္ဂလိကကုမ္ပဏီများကို လုပ်ကိုင်ခွင့်ပေးရန် ပထမဦးဆုံးအကြိမ်အဖြစ် တင်ဒါခေါ်ယူခဲ့ပြီး ယခုအခါတွင် အမြန်ချောပို့လုပ်ငန်းများကို လုပ်ကိုင်ခွင့်ပေးရန် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်းများအား နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုပေးနိုင်ရန် ပုဂ္ဂလိကအခန်းကဏ္ဍကို တိုးချဲ့ပေးနိုင်ရန် ရည်ရွယ်၍ ပြည်တွင်းအမြန်ချောပို့လုပ်ငန်းများအား ပုဂ္ဂလိကကုမ္ပဏီများသို့ မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးသူအဖြစ် လုပ်ကိုင်ခွင့်ပေးရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းဖြစ်ကြောင်း ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီး ဌာနက ထုတ်ပြန်ထားသည်။

ထိုသို့ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် အမြန်ချောသယ်ယူပို့ဆောင်ရေးအတွက် အတွေ့အကြုံရှိသည့် ပြည်တွင်းတိုင်းရင်းသား ကုမ္ပဏီနှင့် အဖွဲ့အစည်းများအား အဓိကထား၍ တင်ဒါဈေးပြိုင်တင်သွင်းရန် ဖိတ်ခေါ်ထားပြီး တင်ဒါပုံစံများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းစီမံရေးနှင့် လေ့ကျင့်ရေးဌာန နေပြည်တော်စာတိုက်ကြီးတွင် ထုတ်ယူရမည်ဖြစ်ကာ ဩဂုတ်လ ၁၆ ရက် နောက်ဆုံးထား တင်ဒါတင်သွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယခင်က အမြန်ချောပို့ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ရန် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီး ဌာနမှ ပြည်တွင်းကုမ္ပဏီများကို တင်ဒါခေါ်ယူမှုများရှိခဲ့ပြီး ကုမ္ပဏီသုံးခုကို ပြီးခဲ့သည့်နှစ် ဇွန်လမှ စတင်၍ တစ်နှစ်လျှင် ကျပ်သိန်း ငါးရာအခွန်ပေးသွင်း၍ တရားဝင်လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း ရန်ကုန်စာတိုက်ကြီးမှ စုံစမ်းသိရသည်။

ယခုအခါ အမြန်ချောပို့ဝန်ဆောင်မှုလုပ်ငန်းကို မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးသူအဖြစ် ပြည်တွင်းကုမ္ပဏီများအားသတ်မှတ် ဆောင်ရွက်စေခြင်းလည်းဖြစ်သည်။

လက်ရှိမြန်မာ့ဆက်သွယ်ရေးမှ အော်တိုအိတ်ချိန်းဖုန်းလိုင်းများ အိတ်ချိန်းနယ်မြေအလိုက်ပြုပြင်ထိန်းသိမ်းခြင်း၊ လက်ရှိအိတ်ချိန်းများ တိုးချဲ့ခြင်း၊ Value Added Service လုပ်ငန်းများအား ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီများကို လုပ်ကိုင်ခွင့်ပေးရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။






# ရာဟူးကုမ္ပဏီ Rockmelt လုပ်ငန်းကို ဝယ်ယူ

**ဆန်ဖရန်စစ္စကို၊ ဩဂုတ်-၃**

ဂူးဂဲလ်ကုမ္ပဏီ၏ အမှုဆောင်အရာရှိဟောင်းမာရီဆာမေယာသည် ရာဟူးကုမ္ပဏီသို့ ပြီးခဲ့သည့်နှစ်အတွင်းပြောင်းရွှေ့ခဲ့ပြီးနောက် အင်တာနက်လူမှုရေးဝက်ဘ်ဆိုက်ရှာဖွေရေးလုပ်ငန်း Rockmelt ကို ဝယ်ယူလိုက်ကြောင်းရာဟူးကုမ္ပဏီက ဇူလိုင် ၂ ရက်တွင်ပြောသည်။

ယင်းဝယ်ယူမှုနှင့် ပတ်သက်၍ တန်ဖိုးကို ရာဟူးကုမ္ပဏီက ဖော်ပြခြင်းမရှိပေ။ သို့သော် ကန်ဒေါ်လာ သန်း ၆၀ နှင့် ၇၀ ကြားတန်ဖိုးဖြင့် ဝယ်ယူကြောင်း နည်းပညာ သတင်းဝက်ဘ်ဆိုက် All Things D တွင် ဖော်ပြသည်။

ရာဟူးကုမ္ပဏီက အင်တာနက်အသုံးပြုသူရှာဖွေနေသည်ကို တွေ့ရှိစေရန် ကူညီမည်မဟုတ်ဘဲ ရှာဖွေနေစဉ်အတွင်း စိတ်လှုပ်ရှားစရာများ အမှတ်မထင်တွေ့ရှိစေရန်နှင့် ကိုယ်ပိုင်ပြုလုပ်ခြင်းများနှင့် လူမှုရေးပေါင်းစပ်ထားသည့် ရိုးရှင်းလှပသော နည်းပညာတစ်ရပ်ကို တည်ဆောက်ထားကြောင်း ယင်းကုမ္ပဏီဒုဥက္ကဋ္ဌ အဒမ်ကာဟန်က ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Rockmelt လုပ်ငန်းသည် ၂၀၁၀ ပြည့်နှစ်တွင် Facebook (သို့မဟုတ်) Twitter ဝက်ဘ်ဆိုက်များ၌ ဝေမျှသကဲ့သို့ လူမှုရေးကဏ္ဍများ ဖြည့်စွက်ထားသော ဝက်ဘ်ဆိုက်ရှာဖွေရေး ဆော့ဖ်ဝဲကို စတင်ခဲ့သည်။

ပြီးခဲ့သည့်တစ်နှစ်ခန့်က ရာဟူးကုမ္ပဏီကို မေယာကဦးဆောင်ခဲ့ပြီးနောက် ကုမ္ပဏီက ဝယ်ယူခဲ့သည့် လုပ်ငန်းအရေအတွက်မှာ ၂၁၃ ခုရှိပြီဖြစ်သည်။

ရာဟူးကုမ္ပဏီ၏ ဝယ်ယူမှုများတွင် iPhone မှ ဓာတ်ပုံများ၊ ဗီဒီယိုများကို တေးသီချင်းသံများနှင့် တွဲဖက်ပြီး အွန်လိုင်းတွင် မျှဝေနိုင်မည့် ဗီဒီယိုဖိုင်များအဖြစ် ဖန်တီးနိုင်သည့် ဆော့ဖ်ဝဲထုတ်လုပ်သည့် Qwiki လုပ်ငန်းလည်း ပါဝင်သည်။

—Ref: AFP






ဓာတ်ပုံ-JUNG YEON-JE /AFP

# Samsung S4 အလုံးရေ တစ်သောင်းကျော် ရောင်းပြီးဟုဆို

**ဆွေမွန်**

**ရန်ကုန်၊ ဩဂုတ်-၃**

မေလကစတင်မိတ်ဆက်ရောင်းချခဲ့သည့် Samsung Galaxy S4 မှာ အလုံးရေတစ်သောင်းကျော် ရောင်းချပြီးဖြစ်ကြောင်း ပြည်တွင်းဆမ်ဆောင်းရုံးချုပ်မှ သတင်းရရှိသည်။

စတင်မိတ်ဆက်ရောင်းချသည့် မေ ၄ ရက်ကပင် အလုံးရေ ၁,၀၀၀ ခန့်ကို ရောင်းချနိုင်ခဲ့ပြီး ဈေးကွက်တွင်း လိုသလောက်မရရှိခဲ့သော်လည်း ယခုအခါတွင်လိုသလောက်တင်သွင်းရောင်းချပေးနေကြောင်း သတင်းရရှိသည်။

"S4 က အခုဆိုရင် ရောင်းချပြီးတာက အတိအကျမပြောနိုင်ပေမယ့် အလုံးရေက တစ်သောင်းကျော်သွားပါပြီ။ လိုသလောက်ကိုလည်း အပတ်တိုင်းမှာပြီး ရောင်းရောင်းပေးနေပါတယ်" ဟု ဆမ်ဆောင်းရုံးချုပ်မှ အထွေထွေမန်နေဂျာ ဦးဇာနည်ဝင်းထက်က ပြောသည်။

စတင်ရောင်းချခဲ့သည့် S4 ဖုန်းအများစုမှာ အပူလွန်ကဲမှုကြောင့် ဝယ်ယူထားသူများမှာ လပိုင်းအတွင်း ပြန်လည်ရောင်းချခဲ့မှုများရှိပြီး ထိုသို့အပူလွန်ကဲခြင်းမှာ စတင်ရောင်းချပေးခဲ့သည့်ဖုန်း အလုံးရေအချို့မှာ Software Update မဖြစ်ခြင်းကြောင့်ဖြစ်ပြီး နောက်ပိုင်းဖုန်းများကို ထိုသို့အပူလွန်ကဲခြင်းမဖြစ်စေရန် Software Update ဖြစ်အောင်ပြုလုပ်ထားကြောင်း သတင်းရရှိသည်။

ထို့ပြင် S4 ဖုန်းများကို အွန်လိုင်းမှတစ်ဆင့် Official Software Update ပြုလုပ်နိုင်ရန် ဆောင်ရွက်ထားပြီး လက်ရှိတွင် ဈေးကွက်အတွင်း၌ ခြောက်သိန်းဝန်းကျင်ဖြင့် ရောင်းချပေးနေခြင်းဖြစ်သည်ဟု ဆိုသည်။ Samsung Galaxy S Series ၏ နောက်ဆုံးပေါ် အမျိုးအစားဖြစ်ပြီး မိတ်ဆက် ရောင်းချသည့်နေ့က ၅၆၉,၀၀၀ ကျပ်ဖြင့် ရောင်းချပေးခဲ့ခြင်းကြောင့် ဝယ်ယူသူအများအပြား ရှိခဲ့ရာ အလုံးရေ ၁,၀၀၀ အပြင် ထပ်မံ၍ အလုံးရေ ၁၅၀ ရောင်းချ ပေးခဲ့ရသည်။

လက်ရှိတွင် ပြည်တွင်းဆမ်ဆောင်းရုံးချုပ်မှ Samsung Galaxy Tab 3 များကို မိတ်ဆက်ပြီးဖြစ်ရာ ၇ လက်မ၊ ၈ လက်မနှင့် ၁၀ ဒသမ ၁ လက်မအရွယ်အစားသုံးမျိုးကိုပြည်တွင်း၌ဩဂုတ်လမှ စတင်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# “သူတို့အမေရိကန်ရဲ့ရည်ရွယ်ချက်ကတော့ ၂၀၁၅နဲ့ ၂၀၁၅အလွန်ကိုပိုပြီးကြည့်ကြပါတယ်”

## အမေရိကန် – အာဆီယံစီးပွားရေးကောင်စီအုပ်ချုပ်ရေးမှူး အကြံပေး ဦးချစ်ထွန်းဖေနှင့်တွေ့ဆုံခြင်း

**ပြည်သိမ်း၊ အောင်သူရ**

နိုင်ငံတွင်း ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပြီး (၂)နှစ်ခွဲကာလအတွင်း ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံတစ်ခုဖြစ်သည့် အမေရိကန်နိုင်ငံမှ စီးပွားရေးကုမ္ပဏီများ မြန်မာနိုင်ငံသို့ လာရောက်လေ့လာခဲ့သည်။ ထို့နောက် ကမ္ဘာကျော်အမှတ်တံဆိပ်များဖြစ်သည့် ကိုကာကိုလာအချိုရည်၊ GE လျှပ်စစ်ကုမ္ပဏီ၊ ဖိုဒ့်၊ GM တို့ကဲ့သို့ ကုမ္ပဏီများ ပြည်တွင်းသို့ ရင်းနှီးမြှုပ်နှံဝင်ရောက်လာသည်။ သို့သော် ပိတ်ဆို့မှုအချို့ကို ဖယ်ရှားကျန်ရှိနေသေးသည့်အတွက်မြန်မာနိုင်ငံသို့ အမေရိကန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ အနာဂတ်တွင်ဝင်ရောက်လာမည့်အခြေအနေနှင့် အလားအလာများကိုအမေရိကန်-အာဆီယံစီးပွားရေးကောင်စီမှ အုပ်ချုပ်ရေးမှူး၊ အကြံပေးဦးချစ်ထွန်းဖေအား 7Day News က တွေ့ဆုံမေးမြန်းမှုကို ပြန်လည်ဖော်ပြလိုက်ပါသည်။

**အမေရိကန်ကုမ္ပဏီတွေအဖွဲ့လိုက်မြန်မာပြည်ကိုရောက်လာခဲ့တာ နှစ်ကြိမ်ရှိပါပြီ။ အမေရိကန်ကုမ္ပဏီတွေရဲ့မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ အဓိကအခက်အခဲကဘာပါလဲ။**

မနှစ်ကလာတာနဲ့ ဒီနှစ်လာတဲ့ အဖွဲ့အနေနဲ့ ခြုံပြောရရင် ပထမနှစ်က ၃၆ကုမ္ပဏီ၊ ဒုတိယနှစ်မှာကုမ္ပဏီ ၂၄၃ ခု။ မနှစ်ကလာတဲ့ ကုမ္ပဏီတွေ တော်တော်များများကဒီနှစ်မှာပါလာတယ်။ သူတို့အားလုံးရဲ့ စိန်ခေါ်မှုက မနှစ်ကတော့ ရင်းနှီးမြှုပ်နှံမှုဥပဒေမရှိသေးတဲ့ ကိစ္စပဲ။ ပထမကတော့ တရားဥပဒေ။ ဒုတိယအခြေခံအဆောက်အအုံ။ တတိယလူသားအရင်းအမြစ်ပေါ့။ အဲဒီသုံးခုက ဒီနှစ်မှာလည်း အကြီးအကျယ်အပြောင်းအလဲကြီးတော့မဟုတ်ဘူး။ ဒါပေမဲ့ တစ်ခုထပ်တိုးတာက စီးပွားရေးလုပ်ဖို့အတွက် ကုန်ကျစရိတ်တွေ (Cost of Doing Busi-ness) ပေါ့။ မြန်မာပြည်မှာစီးပွားရေးလာလုပ်ဖို့ အခြားနိုင်ငံတွေနဲ့ ယှဉ်ကြည့်ရင် အဆောက်အအုံကိစ္စ။ ငှားမယ်ဆိုရင်ကျွန်တော်တို့က အမေရိကန်၊ နယူးယောက်မြို့က ရုံးခန်းထက် မြန်မာနိုင်ငံကရုံးခန်းစရိတ်က ပိုကြီးနေတယ်။ အဲဒီကိစ္စတွေက တကယ့်လက်တွေ့မှာ စိန်ခေါ်မှုတွေဖြစ်လာတယ်။ အဲဒါတွေနောက်မှာ အမေရိကန်ကုမ္ပဏီ၊ အမေရိကန်အစိုးရနဲ့ ပတ်သက်ပြီး ခက်ခဲမှုတွေက မြန်မာပြည်မှာထားတဲ့ ပိတ်ဆို့မှုတွေက အီးယူလို ရုပ်သွားတာမျိုးမဟုတ်ဘူး။ ဆိုင်းငံ့ထားတာဖြစ်တယ်။ တကယ့်ကြီးကြီးမားမားနဲ့နှစ်ရှည်လုပ်ဖို့ဆိုရင် ဒီပေါ်မှာ စွန့်စားမှုတွေရှိတယ်။ အမေရိကန်ကုမ္ပဏီတွေက တာဝန်ယူရတဲ့ အပိုင်းတွေရှိတော့ မြန်မာပြည်စီးပွားရေးလုပ်ငန်းရှင်တချို့ပူးပေါင်းလုပ်ဖို့ဆိုတာရှောင်ရှားရမှာတွေလိုတယ်။ ဥပဒေကြောင်းအရ လုပ်ကိုင်ဖို့ စဉ်းစားရတာဆိုတော့ အခြားဟာတွေထက်စာရင် ဝင်ရောက်လုပ်ကိုင်ဖို့ ခက်ခဲတယ်။ ဒါပေမဲ့လည်း အဲဒီအခက်အခဲတွေကြားထဲက ကိုကာကိုလာကုမ္ပဏီလိုမျိုးတွေစလုပ်တာတွေ့ရမယ်။ အတိုင်ပင်ခံကုမ္ပဏီ လေးခုလည်းဒီနိုင်ငံကိုရောက်နေပြီ။ ဝန်ဆောင်မှုကုမ္ပဏီကတော့ လွယ်တာပေါ့။ တော်တော်များများတော့ရောက်နေတယ်။ မြန်မာနိုင်ငံကိုရေရှည်လုပ်ရမယ့်နိုင်ငံတစ်ခုအဖြစ်စဉ်စားပြီးတော့ လောလောဆယ်အကျိုးအမြတ်တိုက်ရိုက်အတွက်ရင်းနှီးမြှုပ်နှံမှုများမလုပ်ခင်သူတို့ရဲ့ ကုမ္ပဏီကြောင့် မြန်မာနိုင်ငံအကျိုးကျေးဇူးအတွက် အထောက်အကူဖြစ်စေတဲ့ စီးပွားရေးနဲ့ ပတ်သက်တဲ့ လူမှုရေးတာဝန်ယူမှု(CSR) ကိုစလုပ်တယ်။ GE ကုမ္ပဏီဆိုရင် စွမ်းဆောင်ရည်မြှင့်တင်ပေးရေးမှာ အမေရိကန်ဒေါ်လာ သုံးသန်းအသုံးပြုတယ်။ စီးပွားရေးနဲ့ပတ်သက်တဲ့ လူမှုရေးတာဝန်ယူမှု(CSR) ကုမ္ပဏီတွေ အတော်များများ ဝင်လာတယ်။ မနှစ်ကထက်စာရင် တိုးတက်မှုတွေရှိတယ်လို့ပြောရမယ်။ ဒါပေမဲ့ အရှိန်အဟုန်နဲ့ ဝင်လာတဲ့အနေအထားမျိုးတော့ မဟုတ်သေးဘူး။ အဓိက သုံးချက်က တရားဥပဒေ၊ အခြေခံအဆောက်အအုံပိတ်ဆို့မှုရဲ့ အကျိုးသက်ရောက်မှုတွေက မြန်မာနိုင်ငံမှာ အဓိကစိန်ခေါ်မှုအနေနဲ့ ရှိနေဦးမယ်။

**အမေရိကန်ကုမ္ပဏီတွေက မြန်မာနိုင်ငံက စီးပွားရေးမိတ်ဖက်တွေကို ရွေးချယ်တဲ့အခါ ဘယ်လိုမူတွေနဲ့ ရွေးချယ်လေ့ရှိပါလဲ။**



ဥပဒေအကြောင်းအရရော လိုအပ်ချက်အရရောဒီကိုလာတဲ့ ကုမ္ပဏီတော်တော်များများက အများပိုင်ကုမ္ပဏီတွေ၊ စတော့အိတ်ချိန်းမှာလုပ်တဲ့ ကုမ္ပဏီတွေဖြစ်တော့လိုက်နာရမယ့်စည်းမျဉ်းစည်းကမ်းတွေက အများကြီးရှိတယ်။ သူတို့ရဲ့လုပ်ဖော်ကိုင်ဖက်တွေကို ရွေးချယ်တဲ့အခါမှာ ပါတနာတွေရဲ့ ငွေရေးကြေးရေးတောင့်တင်းခိုင်မာမှု၊ ငွေမည်းကငွေဖြူပြုလုပ်တဲ့ ငွေကြေးခဝါချမှု၊ မူးယစ်ဆေးဝါးက ရရှိတဲ့ငွေတွေနဲ့ပတ်သက်မှုရှိရင် ရှောင်ကြဉ်မှုတွေလုပ်ရပါတယ်။ အဲဒါတွေကိုလေ့လာပြီးမှ ဘယ်သူနဲ့တွဲလုပ်မယ်။ မလုပ်ဘူးဆိုတဲ့ဆုံးဖြတ်ချက်ချရတယ်။ အချို့ကိစ္စတွေမှာ စလေ့လာကတည်းက သုံးလလောက်ကြာတတ်တယ်။

**အမေရိကန်လုပ်ငန်းရှင်တွေက ဘယ်လိုလုပ်ငန်းအမျိုးအစားတွေမှာ မြန်မာနိုင်ငံကိုဝင်လာဖို့ စီစဉ်နေကြပြီလဲ။**

အမေရိကန် ဘက်ကတော့ လျှပ်စစ်နဲ့ပတ်သက်ပြီးတော့ အခြေခံအဆောက်အအုံနဲ့ပတ်သက်ပြီးတော့ GE လို ကုမ္ပဏီမျိုးတွေ တိုးချဲ့လုပ်ဖို့ရှိတယ်။ မြန်မာပြည်က လျှပ်စစ်မီးပြဿနာက အရေးကြီးတာကိုး။ ဒါမျိုးတွေက ပိုကြာတယ်။ နောက်တစ်ခုက ဂျင်နရယ်မေယ်တာတို့ ခရိုက်စတာတို့လိုတခြားအမေရိကန်ရဲ့ ကားနဲ့ပတ်သက်တဲ့ ကုမ္ပဏီတွေကအခုစပြီး ဖြန့်ချိရေးတွေနဲ့ ဝင်လာတာကိုတွေ့ရတယ်။ မြန်မာပြည်ရဲ့ဈေးကွက်ကို အလွန်စိတ်ဝင်စားတယ်။ ဖြစ်နိုင်ရင် နောက်ထပ်မြန်မာပြည်နဲ့ ပူးပေါင်းပြီး ထုတ်လုပ်တာတို့လုပ်ဖို့ရှိတယ်။ တတိယပိုင်းအနေနဲ့ ငွေကြေးကဏ္ဍဝန်ဆောင်မှုကုမ္ပဏီ တွေ၊ အာမခံကုမ္ပဏီတွေဖွင့်လာမယ်။ အမေရိကန်အာမခံကုမ္ပဏီအုပ်စုတို့လိုစီးတီးဘဏ်တို့လိုမျိုး တွေဖွင့် လာမယ်ဆိုရင် မြန်မာပြည်မှာလာလုပ်ဖို့ စိတ်ဝင်စားပါတယ်။ သူတို့ရဲ့ရည်ရွယ်ချက်ကတော့ ၂၀၁၅နဲ့ ၂၀၁၅အလွန်ကို ပိုပြီးကြည့်ကြပါတယ်။

**အခြေခံအဆောက်အအုံလည်းမရှိ၊ တရားဥပဒေစိုးမိုးမှုအားနည်းနေသေးတဲ့ မြန်မာနိုင်ငံကို ဘယ်လိုအကြောင်းအချက်တွေကြောင့် လာရောက်ရင်းနှီးမြှုပ်နှံလိုကြတာလဲ။**

ကျွန်တော်အမြင်ကတော့ ဈေးကွက်တစ်ခုပေါ့။ အမေရိကန်ပဲလုပ်လုပ် ဂျပန်ပဲလုပ်လုပ်ပစ္စည်းတစ်ခုကိုထုတ်တယ်ဆိုရင် ဈေးကွက်ဝေစုလိုတာပေါ့။ ကျွန်တော်တို့ မြန်မာနိုင်ငံက စဖွင့်ခါစဈေးကွက်က အကြီးကြီးမဖြစ်သေးဘူး။ မရင့်ကျက်သေးဘူး။ စင်ကာပူဆိုရင်ရင့်ကျက်နေပြီ။ မြန်မာပြည်မှာ လူဦးရေသန်းခြောက်ဆယ်ရှိတယ်။ အိမ်နီးချင်းတွေက တရုတ်တွေရှိမယ်။ အိန္ဒိယရှိမယ်။ ကြီးမားတဲ့ သုံးစွဲသူဈေးကွက်ရှိတယ်။ မြန်မာပြည်မှာ ပစ္စည်းတစ်ခုကိုရောင်းမယ်ဆိုရင် သန်းခြောက်ဆယ်ဈေးကွက်ကိုရမယ်။ ဒီနေ့လာရင်းနှီးမြှုပ်နှံထားပြီး နောင်ဖွံ့ဖြိုးမှ ပစ္စည်းထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုလုပ်ငန်းတွေလုပ်လို့ရတယ်။ Comsumar Bussiness ကအရင်ဆုံးလာနိုင်တယ်။ ချက်ချင်းသန်းခြောက်ဆယ်ဈေးကွက်ကို လိုချင်တယ်။ သူတို့ရဲ့ ထုတ်ကုန်တွေ၊ ဝန်ဆောင်မှုတွေ Offer လုပ်နိုင်တယ်။ မြန်မာပြည်မှာ ထုတ်တာမဟုတ်ဘဲ ထိုင်း၊ ဗီယက်နမ်မှာထုတ်တာဖြစ်နိုင်တယ်။ မြန်မာပြည်မှာ ရောင်းတာဖြစ်နိုင်သလို တရုတ်နိုင်ငံမျိုးကိုလည်း ပြန်ဖြန့်နိုင်တာမျိုးဖြစ်နိုင်တယ်။ ဘာကြောင့်တယ်လီဖုန်းကုမ္ပဏီတွေက ဘီလီယံနဲ့ချီပြီးလာလုပ်သလဲဆိုရင် အဓိကကတော့ သန်းခြောက်ဆယ်ဈေးကွက်ကိုအခြေခံတယ်လို့မြင်တယ်။ တချို့ကုမ္ပဏီတွေက အရင်းအမြစ်ကုမ္ပဏီက သဘာဝဓာတ်ငွေ့တို့၊ ရေနံတို့ကိုလည်းစဉ်းစားတာပေါ့။ စည်းမျဉ်းဥပဒေတွေမရှိတဲ့နိုင်ငံမှာတောင် သွားလုပ်နေတယ်။ နောက်ပြီး ဝန်ဆောင်မှုလုပ်ငန်းတွေဖြစ်တဲ့ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းတို့လိုပေါ့။ ဒါကစည်းမျဉ်းစည်းကမ်း သိပ်မလိုဘူး။ ဟိုတယ်တစ်ခုဖွင့်မယ်ဆို နိုင်ငံခြားသားအလည်လာမယ်။ ငွေရမယ်။ ဒီလုပ်ငန်းတွေ အရင်ဝင်လာလိမ့်မယ်။

**ဆက်သွယ်ရေးတင်ဒါမှာ အမေရိကန်က Digicel မအောင်ဘူး။ လေယာဉ်တင်ဒါမှာလည်းအမေရိကန်ကုမ္ပဏီတစ်ခုက သိပ်အခြေအနေမကောင်းဘူးလို့ပြောတယ်။ တင်ဒါရွေးချယ်တဲ့ အပေါ်မှာဘာတွေပြောဆိုကြပါသလဲ။**

ကျွန်တော်မြင်တာ တော်တော်လေး Fair ဖြစ်တယ်။ မြန်မာနိုင်ငံကလူတွေကို ငွေများများသုံးပြီး ဘယ်လောက်ကြာကြာထားနိုင်မလဲဆိုတဲ့ အပေါ်မှာပဲရွေးသွားတယ်။ ဒီမြင်ကွင်းက ကြည့်ရင်သူတို့လုပ်တာသိပ်မှန်တယ်။ ကျန်တဲ့ Issue တွေ နိုင်ငံရဲ့ ဗိုင်းရပ်စ်တွေမပါဘူး။ နိုင်ငံရေးဗိုင်းရပ်စ်တွေမပါဘူး။ အများဆုံးပေးနိုင်သူ၊ အကြာဆုံးပေးနိုင်သူ၊ အကြွေးပေးနိုင်သူ၊ အများဆုံးလုပ်နိုင်မှုအပေါ် ရွေးသွားတယ်လို့ မြင်တယ်။

**အမေရိကန်လုပ်ငန်းရှင်တွေနဲ့ လက်တွဲလုပ်နိုင်ဖို့ မြန်မာကုမ္ပဏီတွေအနေနဲ့ဘာတွေပြင်ဆင်ထားဖို့လိုပါသလဲ။**

အရေးကြီးဆုံးက နိုင်ငံခြားနဲ့ပဲလုပ်လုပ် ကိုယ့်အချင်းချင်းပဲလုပ်လုပ် စီးပွားရေးလုပ်ငန်းတစ်ခုကို ငွေကြေးစာရင်းကိုင်ကောင်းကောင်းနဲ့ တည်ဆောက်ဖို့လိုတယ်။ စနစ်တကျထား၊ အချိန်ဘယ်လောက်ရှိပြီ၊ ဘယ်လောက်မြတ်တယ်၊ ဘယ်လောက်ရှုံးတယ်။ ပွင့်လင်းမြင်သာတဲ့ စီးပွားရေးအခင်းအကျင်းမျိုးရှိဖို့လိုတယ်။ ဈေးကွက်ဝေစု၊ အကျိုးအမြတ်တစ်ခုတည်းကြည့်တာမဟုတ်။ ဒီကုမ္ပဏီကဘယ်လို အုပ်ချုပ်သလဲ။ နိုင်ငံတကာစံချိန် စံညွှန်းနဲ့ ဘယ်လိုအုပ်ချုပ်သလဲ။ သူတို့ကုမ္ပဏီက လာပူးပေါင်းရင် အုပ်ချုပ်မှုပိုင်း အဆင်ပြေပါ့မလား။ အဲဒါမျိုးကြည့်တာများတယ်။ မြန်မာလုပ်ငန်းရှင်ထင်တာ ငါတို့မှာ ငွေတွေအများကြီးရှိ၊ ဈေးကွက်အများကြီးရှိတယ်ထင်တယ်။ သူ့ကိုယ်ပိုင်ကုမ္ပဏီနဲ့ ပုဂ္ဂလိကဆိုပြဿနာမရှိဘူး။ အများပိုင်ဆိုရင်မလွယ်ဘူး။ စနစ်တကျလုပ် စီးပွားရေးဖြစ်ဖို့ ငွေကြေးကကို စနစ်တကျ လုပ်ဖို့လိုတယ်။ ဒီမှာက ကုမ္ပဏီတွေကို ပိုင်ရှင်တွေအုပ်ချုပ်တာများတယ်။ ကုမ္ပဏီ သုံး၊လေး ခုဆိုသူ မအုပ်ချုပ်နိုင်ဘူး။ ကုမ္ပဏီတစ်ခုရဲ့ပုံစံမျိုး စီမံခန့်ခွဲမှုကို CEO နဲ့ ဒါရိုက်တာ အဖွဲ့တွေနဲ့ လုပ်ဖို့လိုတယ်။ နောက်တစ်ချက်မှာ မန်နေဂျာလို အဆင့်မျိုး နိုင်ငံတကာသုံးနေတဲ့ အင်္ဂလိပ်စာလိုတယ်။ စံချိန်စံညွှန်းမီဖို့လိုတယ်။ နိုင်ငံခြားက အဖွဲ့အစည်းတွေလာရင်ပထမဆုံးတွေ့သူရဲ့ အခြေအနေပေါ် မူတည်တယ်။ နောက်မှာ ကုမ္ပဏီဖွဲ့စည်းပုံ၊ ကုမ္ပဏီအခြေအနေ၊ အုပ်ချုပ်မှုအခြေအနေတွေကို လေ့လာမှာပါ။

**ဟုတ်ကဲ့ အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**


7 DAY NEWS JOURNAL
Vol.12, No.22 • AUGUST 7 , 2013

**(ယခင်အပတ်မှ အဆက်)**

(မင်းဒင်ရဲ့သက်ခိုင် စာအုပ်သည် ၂၀၁၀ ဒီဇင်ဘာလက ထိုင်းနိုင်ငံတွင်ပထမအကြိမ်ပုံနှိပ်ထုတ်ဝေခဲ့ပြီး ၂၀၁၂ ဒီဇင်ဘာလတွင်မြန်မာနိုင်ငံ၌ ဒုတိယအကြိမ် ထုတ်ဝေခဲ့သော စာအုပ်ဖြစ်သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီပျက်စီး ယိုယွင်းလာသည့်အချိန်မှစ၍ စစ်အစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုကာလအတွင်း ခေတ်နှင့် မကင်းကွာနိုင်ခဲ့သော လူပုဂ္ဂိုလ်တစ်ဦး၏ ဘဝဖြတ်သန်းမှုကို ဝတ္ထုဟန်ရေးထားသည့် အတ္ထုပ္ပတ္တိစာအုပ်ဖြစ်သည်။ မင်းဒင်ရဲ့သက်ခိုင် စာအုပ်ကိုကြိုက်နှစ်သက်သူ များပြားခဲ့သလို သက်ဆိုင်ရာပုဂ္ဂိုလ်အချို့၏အကြောင်းများ ထည့်သွင်းရေးသားထား၍ ဝေဖန်မနှစ်မြို့သူများလည်းပေါ်ထွက်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ မင်းဒင်ရဲ့သက်ခိုင်သည်စာဖတ်ပရိသတ်များကြား လှုပ်ခတ်စေခဲ့သောစာအုပ်ဖြစ်ခဲ့သည်။ ယခုအခါ စာရေးဆရာ မင်းဒင်က ထပ်မံ၍ သက်ခိုင်၏ အဆက်ဖြစ်သော သက်ခိုင်ပြန်လာပြီ၊ သက်ခိုင်(၂)ကို အပတ်တကုတ်ရေးသားခဲ့ရာ ယခုအပတ်မှစ၍ 7Day News ဂျာနယ်တွင် အခန်းဆက်ဖော်ပြသွားပါမည်။ စာပါအကြောင်းအရာနှင့် အဖြစ်အပျက်များမှာ စာရေးသူမင်းဒင်၏အာဘော်သာ ဖြစ်ပါသည်။) - အယ်ဒီတာ

# သက်ခိုင် ပြန်လာပြီ

**မင်းဒင်**




သို့သော် ယုံကြည်ရာအလုပ်တစ်ခုကို မဆုတ်မနစ်၊ ဇွဲနပဲကြီးစွာ လုံ့လပြုတတ်သော ကိုသက်ခိုင်၏စရိုက်၊ ပြဿနာတစ်ရပ်ကို သူရှုမြင်သုံးသပ်ပုံနှင့် အခက်အခဲဒုက္ခမျိုးစုံကို သူရင်ဆိုင်ကျော်လွှား၊ ကိုင်တွယ်ဖြေရှင်းပုံတို့မှာ စာဖတ်သူတို့အဖို့ ဗဟုသုတဖြစ်ဖွယ်၊ နည်းယူဖွယ်မဖြစ်သည့်တိုင် စိတ်ဝင်စားဖွယ်၊ အပျင်းပြေဖွယ်အကြောင်းအရာများ ဖြစ်သည်ကား အလွန်သေချာသော အချက်ဖြစ်၏။ ဤသည်ပင် ကိုသက်ခိုင်၏ ဘဝဇာတ်ကြောင်းကို ကျွန်တော်ရေး့ဆက်နိုင်ရန် အဓိကတွန်းအားဖြစ်ခဲ့သည်။ အောက်ပါအခြင်းအရာအဖြစ်အပျက်တို့သည် သက်ခိုင်၏ "ဘဝခရီးစုံတောမြိုင်"ကို ဖော်ပြလျက်ရှိလေရာ သူ့ဇာတ်လမ်းကို ကျွန်တော်ရေး့ဆက်ရခြင်းအတွက် "အကြောင်း ခိုင်လုံ၏ မခိုင်လုံ၏" စာဖတ်သူများ ကိုယ်တိုင်ဝေဖန်ထောက်ရှုစေလိုပါသည်။

**အခန်း(၂)**

**ဝက်ပါခရီးသည်**

အချိန်ကား ၁၉၅၀ ဝန်းကျင်တစ်ဝိုက်ဖြစ်လေသည်။ လွတ်လပ်ရေးရပြီးစကာလဖြစ်၍ အုပ်ချုပ်ရေးယန္တရားပျက်စီးယိုယွင်းကာတစ်တိုင်းပြည်လုံး ကသောင်းကနင်း ဖြစ်နေခဲ့ချိန်တည်း။ နတ်မောက်နယ်တစ်ဝိုက်တွင် ရဲဘော်ဖြူ၊ ရဲဘော်နီ၊ ရဲဘော်ဝါ စသည်ဖြင့် အဖွဲ့မျိုးစုံ၊ အမည်မျိုးစုံဖြင့် ထင်ရာစိုင်းနေကြချိန်ဖြစ်၏။ တစ်ခုသော နွားရိုင်းသွင်းချိန်၊ မှိုက်ပင်ရွာနှင့် တစ်တိုင်(နှစ်မိုင်) ခန့်ရှိ သရက်ပင်အုပ်စုစုအောက်တွင် မြင်းစီးရဲဘော်ဖြူဗိုလ်တစ်ဦးသည် ဂနာမငြိမ်သော သူ့မြင်းအားဇက်ကြိုးနှင့် ခြေနင်းကွင်းကို အားပြုလျက် ထိန်းရင်းအင်အားငါးဆယ်ခန့်ရှိ သူ့အဖွဲ့ကို အမိန့်လှမ်းပေးနေသည်။

"အောင်မြတ်ဆိုတဲ့ကောင်ကို အပင်မှာ တုပ်လိုက်စမ်းကွာ"

အမိန့်ပေးသံနှင့် မရှေးမနှောင်းမှာပင် သေနတ်ကိုယ်စီလွယ်ထားသည့် ရဲဘော်ဖြူနှစ်ဦးသည် လက်နောက်ပြန်ကြိုးတုပ်ခံထားရသူ အသက်နှစ်ဆယ်ကျော်အရွယ် ရွာသားတစ်ဦးကို ခပ်ကြမ်းကြမ်းတရွတ်တိုက်ဆွဲယူလာကာ နီးရာသရက်ပင်မှာ ကပ်ချည်လိုက်ကြ၏။

"အောင်မြတ်ရာ မင်းက လူစွမ်းကောင်းလုပ်ချင်တဲ့ကောင်ကိုး၊ အကောင်တစ်ရာလောက်ရှိတဲ့ နွားအုပ်ကြီးကိုများ မင်းသဘောနဲ့ မင်း ဝေခြမ်းရေးလုပ်ရတယ်လို့၊ ငါတို့ကလည်း ကျောင်းမှန်းကန်မှန်းသိအောင် လက်စွမ်းပြရသေးပေ့ါကွာ"

အောင်မြတ်ကား မျက်ခုံးမွေးထူထူ၊ အရပ်ထောင်ထောင်မောင်းမောင်းနှင့် လူပုံချော၊ မျက်နှာပေးတည်သူဖြစ်၏။ အောင်မြတ်သည် လှုပ်မရအောင် တုပ်နှောင်ထားခြင်းခံရသည့် အနေအထားမှာပင် ခေါင်းကို ဆတ်ခနဲ မော့ကာ ရဲဘော်ဖြူဗိုလ်ရှိရာသို့ ခပ်ပေပေလှမ်းကြည့်လိုက်သည်။ ထိုအကြည့်ကြောင့်ပင် ရဲဘော်ဖြူဗိုလ်သည် ဒေါသပိုထွက်သွားဟန်ရှိ၏။

"ကြာပါတယ်ကွာ၊ ဒီကောင့်လည်ပင်းကို ကြိုးတပ်လိုက်ကြ"

ထိုစဉ်မှာပင် ညောင်ကျပ်ပင်ရွာဘက်ဆီမှ လိမ့်တက်လာသော ဖုန်လုံးကြီးများနှင့်အတူ မြင်းခွာသံတဖြောင်းဖြောင်းကို ရဲဘော်ဖြူတစ်သိုက် ကြားလိုက်ကြရသည်။ အင်အားတစ်ရာခန့်ရှိ လက်နက်ကိုင်အခြားတစ်ဖွဲ့မှာ အခင်းဖြစ်ပွားရာ သရက်ပင်အုပ်ရှိရာသို့ ဒုန်းစိုင်းလာနေကြသည်။

"ဟေ့ကောင်တွေ၊ ရပ်၊ အောင်မြတ်ကိုလွှတ်"

ထိုအချိန်တွင် မှိုက်ပင်ရွာလယ်လမ်းမကြီး၏ဘေး ကြီးမားကျယ်ဝန်းလှသော ခြံကြီးတစ်ခုအတွင်းမှ တစ်ခုသော မြေစိုက်အိမ်ရှေ့တွင် အောင်မြတ်၏ဇနီးဖြစ်သူ "ခင်သန်း"သည် အခါလည်ကျော်အရွယ် သမီးငယ်ကို ခါးထစ်ခွင်လျက် စိုးရိမ်ပူပန်သော မျက်လုံးအစုံဖြင့် ရွာလယ်လမ်းဆီသို့ ငေးကြည့်ရင်း သူ့ခင်ပွန်းပြန်အလာကို မျှော်နေလေသည်။

သက်ခိုင် လူ့ဘဝမရောက်မီ ငါးနှစ်ခန့်က ဖြစ်ပျက်ခဲ့သည့် အဖေ့ဘဝရင်ထိတ်သည်းဖိုဇာတ်လမ်းကြောင့် ရခဲလှသော လူ့ဘဝကို သူရခဲ့သည်ဟု သက်ခိုင်လေးလေးနက်နက်ယုံကြည်ခဲ့သည်။

**၂၀၀၄ ခုနှစ် စက်တင်ဘာ**

လှိုင်းအသင့်အတင့် ရှိနေသည့် ပါချောင်မြစ်ပြင်တွင် ကော့သောင်း-ရနောင်းခရီးသည်တင်ပဲ့ချိတ်တစ်စီးပေါ်တွင် လိုက်ပါလာသော အသက်လေးဆယ်ကျော်အရွယ် အမျိုးသားတစ်ဦးသည် မြစ်ပြင်ကျယ်ကြီး၏ ဟိုမှာဘက် ရနောင်းဆိပ်ကမ်းဆီသို့ ငေးမျှော်ကြည့်ရှုနေလေ၏။

သူနှင့်အတူ လိုက်ပါလာသော အခြားခရီးသည်တို့ကိုလည်းကောင်း၊ တဒုတ်ဒုတ်မြည်နေသော ပဲ့ချိတ်စက်သံကိုလည်းကောင်း သူဂရုပြုမိပုံမပေါ်ချေ။ သူသည် မြစ်ပြင်ရှိလှေငယ်ပေါ်တွင်ရှိနေသော်ငြား သူကား ငူငူကြီးပင်ထိုင်လျက်သားရှိ၏။ ထိုစဉ် ဆိပ်ခံဘောတံတားထက်ဆီမှ အော်သံတစ်ခုထွက်ပေါ်လာသည်။

"ကိုသက်ခိုင်၊ ကိုသက်ခိုင်၊ ကျွန်တော်တို့ဒီမှာ"

အဆိုပါ အသံကြောင့် သူသည်အသံလာရာဆီသို့လက်တစ်ဖက်ကို ခပ်ဖြည်းဖြည်းမြှောက်ပြလိုက်သော်ငြား သူ့မျက်နှာတွင် ဝမ်းသာ၊ ဝမ်းနည်းခြင်း အရိပ်ယောင်ကင်းမဲ့လျက်ရှိ၏။

**၂၀၀၄ ခုနှစ် ဒီဇင်ဘာ။**

**ထိုင်းနိုင်ငံ၊ ရနောင်းမြို့။**

တစ်ခုသောစားသောက်ဆိုင်အတွင်းတွင် ထိုင်းရေတပ်ထောက်လှမ်းရေးမှ ဒုတိယဗိုလ်မှူးကြီးနာလုန်၊ ဗိုလ်ကြီးဝတ်ဆာဝပ်နှင့် အရာရှိငယ်သုံးဦးသည် မြန်မာအမျိုးသားနှစ်ဦးနှင့်အတူ ဝိုင်းဖွဲ့လျက်ရှိသည်။ ထိုမြန်မာလူမျိုးနှစ်ဦးအနက် တစ်ဦးမှာ စကားပြန်ဖြစ်ပြီး ကျန်တစ်ဦးမှာ ထိုင်းနိုင်ငံနှင့် အကျွမ်းတဝင်ရှိပုံမရသည့် အသားလတ်လတ်၊ အရပ်မြင့်မြင့်နှင့်ဖြစ်၏။ သူကား သက်ခိုင်တည်း။ သူသည် သူ့ရှေ့တည့်တည့်မှ ထိုင်းစစ်ဘက်အရာရှိတို့ကို တစ်ဦးချင်းစေ့စေ့စပ်စပ်ကြည့်ရင်း အကဲခတ်လျက်ရှိသည်။

ထိုခဏမှာပင်ဗိုလ်မှူးကြီးနာလုန်သည် သူ့ကို ပြန်စိုက်ကြည့်ရင်း စကားပြန်မှတစ်ဆင့် အတည်လိုလို၊ အပြောင်အပြက်လိုလိုနှင့် မေးခွန်းတစ်ခုကို ကောက်ကာငင်ကာ မေးချလိုက်သည်။

"ထိုင်းနိုင်ငံဟာ ဗမာတွေအတွက် အန္တရာယ်သိပ်များတယ်။ အခုနေ ခင်ဗျားကို ထိုင်းရဲတစ်ယောက်ယောက်က သေနတ်နဲ့ ပစ်သတ်တော့မယ်ဆိုပါစို့၊ ခင်ဗျား ဘာလုပ်မလဲ"

စကားပြန် ကိုစိုးတင့်သည် ထိုင်းစစ်ဘက်အရာရှိ၏ အဆီအငေါ်မတည့်သော မေးခွန်းကို အားတုံ့အားနာဟန်ဖြင့် ဘာသာပြန်ပြီးသည်၏အဆုံးတွင် သူ့ထံမှ အေးဆေးတည်ငြိမ်သော ဖြေကြားသံထွက်လာသည်။

"ကျွန်တော်က အရင်လက်ဦးအောင် ပြန်သတ်မှာပေ့ါ။ သေနတ်မပါဘဲ သတ်တဲ့နည်းတွေ အများကြီးပါ"

စကားပြန် ကိုစိုးတင့်သည် သူ့မျက်နှာကို ပြန်ကြည့်ရင်း နှုတ်ဆွံ့လျက်ရှိ၏။ သူက နောက်တစ်ခွန်း ထပ်ပြောလိုက်ပြန်သည်။

"ပြောလိုက်စမ်းပါ ကိုစိုးတင့်ရာ၊ သူက အတည်ဆိုလည်း အတည်ပေ့ါ။ နောက်တယ်ဆိုရင်လည်းပြန်နောက်တဲ့သဘောပေ့ါ" ကိုစိုးတင့်မှတစ်ဆင့် ဘာသာပြန်ချက်ကို နာလုန်ကြားသည့်အခါ အသံထွက်အောင် ကျယ်လောင်စွာရယ်မောသည်။

"မင်းတို့ဗမာတွေက တကယ့်ကို တစ်လေတည်းပါကလား"

နှစ်နိုင်ငံနယ်စပ်တွင် ကာလကြာမြင့်စွာ ထောက်လှမ်းရေးတာဝန်ယူခဲ့သော နာလုန်ကား အရှေ့အခင်းနောက်ပိုင်းကာလအတွင်း ထိုင်းနိုင်ငံဘက်သို့ တိမ်းရှောင်လာခဲ့သည့် မြန်မာအတိုက်အခံများနှင့် ပွန်းပွန်းတီးတီးနေခဲ့သူဖြစ်၍ ဗမာလူမျိုးတို့၏ စရိုက်သဘောကို စောကြောနိုင်ဟန်ရှိလေသည်။

. . . . .

အချိန်ကား ညဥ့်လယ်တစ်နာရီခန့်ရှိပေရော့မည်။ သူ့နားထဲမှာ တစ်စုံတစ်ခုသော ချိုးချိုးချွတ်ချွတ်သံကို ကြားနေသယောင် ခံစားရသည်။ ထိုအသံသည် နားမှကြားလေသလော၊ အခြားတစ်ပါးသော အာရုံတစ်ခုမှ ကြားလေသလော သူမဝေခွဲနိုင်ချေ။ ထို့ကြောင့် အသံထွက်ပေါ်လာရာ အခန်းပြင်ဆီသို့ ခပ်ဖွဖွခြေလှမ်းများဖြင့် တစ်လှမ်းချင်းလှမ်းလာခဲ့သည်။


သူ့အိပ်ခန်းအပြင်ဘက်မှာ မှောင်ပိန်းလျက်ရှိသည်။ လရောင်သဲ့သဲ့ထိုးနေသည့် ဘေးအခန်းဆီသို့ မျက်စိကစားမိသည့်အခါတွင်ကား တအံ့တဩဖြစ်စရာမြင်ကွင်းကိုသူမြင်ရသည်။ တစ္ဆေလိုလို၊ ပြိတ္တာလိုလို သတ္တဝါ လေးငါးကောင်သည် နေ့လယ်က ပစ်စလက်ခတ်ထားခဲ့သည့် စားကြွင်းစားကျန် ပန်းကန်ခွက်ယောက်များကို လှန်လှောစားသောက်နေကြသည်။ ထူးဆန်းလှသည့်မြင်ကွင်းကြောင့် ကြောက်စိတ်သည် ဘယ်ဆီသို့ရောက်နေလေသည်မသိ၊ ယင်းသတ္တဝါငယ်တို့ကိုသာ သူမျက်တောင်မခတ်ဘဲကြည့်နေမိသည်။ သတ္တဝါသုံးကောင်က ပန်းကန်တစ်ခုထဲမှ ဟင်းထမင်းအကျန်တို့ကို ခေါင်းမဖော်တမ်း မြိန်ရေရှက်ရေစားသောက်နေကြသည်။ ပန်းကန်လုံးကို ဖုံးထားသော ပန်းကန်ပြားကို လှန်သူကလှန်၊ နောက်ပန်းကန်လုံးနှုတ်ခမ်းမှာ ဆောင့်ကြောင့်ထိုင်သူကထိုင်။ သူသတိထားမိသည်က ပန်းကန်ခွက်ယောက်တို့သည် မူလအနေအထားထက်ပို၍ ကြီးမားနေကြပြီး အဆိုပါသတ္တဝါတို့မှာ ကြက်ဥငယ်တို့တွင် ခြေလက်တပ်ထားသည်နှင့် ဆင်ဆင်တူလှသည်။ ကြက်ဥကဲ့သို့စင်းလုံးချောကားမဟုတ်။ သူတို့သည် မလှမ်းမကမ်းမှာ သူတို့ကို တစ်စုံတစ်ယောက်က အကဲခတ်နေသည်ကို သတိပြုမိပုံမပေါ်။ သို့တည်းမဟုတ် ဂရုမစိုက်သည့် အမူအရာရှိ၏။

အတန်ကြာအောင် စိုက်ကြည့်နေရင်း "ဒီအိမ်မှာ တစ္ဆေသူရဲလိုလို၊ ပြိတ္တာလိုလို မောင်မင်းကြီးသားတွေ တကယ်ပဲ နေကြသလား"ဟု သူစဉ်းစားခန်းဝင်မိသည်။ အတန်ငယ်ကြာသော် သူတို့အလုပ်သူတို့လုပ်ပါစေဟူသော အတွေးဖြင့် အိပ်ရာရှိရာအခန်းဆီသို့ပြန်ဝင်ကာ ကိုသက်ခိုင်တစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပြန်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

7 DAY NEWS JOURNAL
Vol.12, No.22 • AUGUST 7 , 2013

မောင်သာချို




# လူတန်းစေ့ နိုင်ငံတော်သား

(တစ်)

Average Citizen ကို ဘယ်လို ဘာသာပြန်ဆိုရမလဲ ကျွန်တော်မသိပါ။ Average ကတော့ ရပ်ထဲရွာထဲတွင် ပျမ်းမျှဟူသော အဓိပ္ပာယ်ဖြင့် တော်တော့်ကို လှိုင်လှိုင်ကြီးသုံးသော စကားလုံးဖြစ်ပါသည်။ Citizen ကတော့ နိုင်ငံသား၊ မြို့သား။

အင်္ဂလိပ်ဘာသာစကားနှင့် ပွတ်သီးပွတ်သပ်နေတတ်သူ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ တစ်ဦးကတော့ Average Citizen ကို သာမန်စံမီနိုင်ငံတော်သားဟု ပြန်ပါသည်။ ဆရာကြီးဒေါက်တာသန်းထွန်းကတော့ လူတန်းစေ့ နိုင်ငံတော်သားဆိုလား။ ကောင်းလိုက်တာ။ ဆရာကြီး ဒေါက်တာသန်းထွန်း အင်္ဂလိပ်စကားကို မြန်မာစကားဖြစ်သွားအောင် လုပ်လိုက်ပုံကို ကျွန်တော် စွဲငြိသွားမိပါသည်။

လူတန်းစေ့နိုင်ငံတော်သားတဲ့။ အခု အဲသည့်ကိစ္စကို ကျွန်တော်ပြောလိုခြင်း ဖြစ်ပါသည်။

(နှစ်)

ရော်နယ်လ်ရေဂင် (Ronald Reagan) ဟူသောအမည်က မြန်မာနိုင်ငံနှင့် ရင်းနှီးပါသည်။ အမေရိကန်နိုင်ငံ၏ အယောက် ၄၀ မြောက် သမ္မတ။ မူလက ဟောလိဝုဒ်ရုပ်ရှင်မင်းသား။ နောက်တော့ ၁၉၈၁ ခုနှစ် သူ့အသက်(၆၉)တွင် အမေရိကန် သမ္မတအဖြစ် ရွေးချယ်ခြင်းခံရပါသည်။ ၁၉၈၉ ခုအထိ သမ္မတဆိုတော့ သက်တမ်းနှစ်ဆယ် အရွေးချယ်ခံရသည့် သဘော။

ရော်နယ်လ်ရေဂင်က သူ သမ္မတအဖြစ်တာဝန်ထမ်းဆောင်နေစဉ်ကာလတွင် တစ်နေ့ ကျောင်းများ၊ ရုံးများ၊ ကုမ္ပဏီများသို့ ရှောင်တခင်ဝင်ရောက်ကာ မေးခွန်းအချို့ကို မေးပါသည်။ Gone with the wind ဟူသည့် လေရူးသုန်သုန်ဝတ္ထုကြီးကို ရေးတာဘယ်သူလဲ၊ အမေရိကန်နိုင်ငံ၏ ပထမဦးဆုံး သမ္မတက ဘယ်သူလဲ၊ ကဗျာဆရာ ရောဘတ်ဖရော့စ် (Robert Frost) ရဲ့ နာမည်ကျော် ကဗျာတစ်ပုဒ်ကို ပြောပါ။ အေဗရာဟင်လင်ကွန်းက ဘယ်နှဆက်မြောက်သမ္မတလဲ စသည် စသည်။

တော်တော်များများက မဖြေနိုင်ကြဘူးဟု ဆိုပါသည်။ ရော်နယ်လ်ရေဂင် တော်တော်စိတ်ပျက်သွားလေသတဲ့။ မေးခွန်းတွေကို မဖြေနိုင်ကြတာထက် မဖြေနိုင်ကြသူတို့၏ သဘောထားများကို စိတ်ပျက်သွားခြင်းပင်ဖြစ်ပါသည်။

ကျွန်တော်က ဘဏ်စာရင်းကိုင်၊ လေရူးသုန်သုန် ဝတ္ထုကြီးကို မသိလို့ ဘာမှမဖြစ်ဘူး။ ကျွန်မက သမိုင်းသင်တဲ့ဆရာမ၊ အိုင်စတိုင်းကို မသိလို့ ဘာမှမဖြစ်ဘူး။ ကျွန်တော်က သင်္ချာဆရာ၊ အေဗရာဟင်လင်ကွန်းကိုမသိလို့ ဘာမှမဖြစ်ဘူး။ ကျွန်မက ကုမ္ပဏီဝန်ထမ်း၊ နယူတန်ကိုမသိလို့ ဘာမှမဖြစ်ဘူး စသည် စသည် စသည်။

သည်လို သဘောထားမျိုးတွေကို အမေရိကန် သမ္မတ ရော်နယ်လ်ရေဂင်စိတ်ပျက်သွားခြင်း ဖြစ်ပါသည်။ လူတစ်ယောက်သည် ကိုယ့်ခွင်ကိုယ့်နယ်ကလွဲပြီး ကိုယ်မှတစ်ပါး အခြားသောအရာများကို ဘာမှသိစရာမလိုတော့ဘူးတဲ့လား။

ဥပမာ အဝေးပြေးဘတ်စ်ကားကြီးကို မောင်းနေသော ကားဒရိုင်ဘာတစ်ယောက်က သံပုရာရည်တစ်ခွက်ကို မော့သောက်လိုက်ခြင်းကြောင့် သူ့ခန္ဓာကိုယ်ထဲကို ဗိုက်တာမင်စီ (Vitamin C) တွေ ဝင်ရောက်သွားပြီဆိုသည်ကို သိစရာမလိုဘူးတဲ့လား။ ဒါဆိုရင် လူတန်းစေ့ နိုင်ငံတော်သား (Average Citizen) ဖြစ်ပါဦးတော့မတဲ့လား။

စဉ်းစားစရာကောင်းသည့် ကိစ္စပဲဖြစ်ပါသည်။

(သုံး)

ရန်ကုန်လို၊ မန္တလေးလို မြို့ကြီးပြကြီးနေ အသက် (၂၀)(၃၀) ဝန်းကျင် ဗုဒ္ဓဘာသာဝင် လူငယ်လူရွယ်အယောက်တစ်ရာလောက်ကို စာဖတ်သူ မယုံကြည်လျှင် မေးခွန်းတချို့ မေးကြည့်လိုက်စမ်းပါ။ ဂေါတမမြတ်စွာဘုရားရဲ့ ငယ်နာမည်ကို ပြောစမ်းပါတို့၊ ဂေါတမဘုရားရှင်ရဲ့ ခမည်းတော်အမည်၊ မယ်တော်အမည်တို့ကို ပြောစမ်းပါတို့။ လူငယ်လူရွယ် ရှစ်ဆယ်လောက်က အင်း၊ အဲနှင့် ဘာပြန်ဖြေရမှန်းမသိဘဲ ကြောင်တက်တက်ဖြစ်နေကြလိမ့်မည်ဆိုသည်ကို ကြေးများများနှင့် ကျွန်တော် အလောင်းအစား လုပ်ရဲပါသည်။

မကွေးတို့၊ ကျိုက်လတ်တို့၊ သန်လျင်တို့၊ ရွှေတောင်ကုန်းတို့တွင် ရုံဖန်ရံခါ ဖွင့်သည့် ယဉ်ကျေးလိမ္မာ သင်တန်းတွေမှာကတော့ ကလေးတွေက အားရလောက်အောင်ကိုပဲ ဖြေပါသည်။

ဘုရားရှင်ရဲ့ ငယ်နာမည်ပြောပါ။ သိဒ္ဓတ္ထ။ ခမည်းတော်အမည်ပြောပါ။ သုဒ္ဓေါဓန။ မယ်တော်အမည်ပြောပါ။ မယ်တော် မာယာ။ နိုင်ငံအမည်ပြောပါ။ ကပိလဝတ်။ မိဖုရားအမည်ပြောပါ။ ယသော်ဓရာ။ သားတော်အမည်ပြောပါ။ ရာဟုလာ။ တောထွက်တဲ့အသက်ကို ပြောပါ။ နှစ်ဆယ့်ကိုးနှစ်။ ဒုက္ကရစရိယာကျင့်တဲ့နှစ်ကို ပြောပါ။ ခြောက်နှစ်။ ဘုရားဖြစ်တဲ့ အသက်ကိုပြောပါ။ သုံးဆယ့်ငါးနှစ်။ ပရိနိဗ္ဗာန်စံဝင်တဲ့နှစ်ကို ပြောပါ။ ရှစ်ဆယ်။ ပိဋကတ်ဘယ်နှပုံရှိပါသလဲ။ သုံးပုံ။ နိကာယ်ဘယ်နှရပ် ရှိပါသလဲ။ ငါးရပ်။ ဓမ္မခန္ဓာပေါင်း ဘယ်လောက် ရှိပါသလဲ။ ရှစ်သောင်းလေးထောင် စသည် စသည်။

ကျွန်တော် မကွေးမှာ အားရခဲ့ပါသည်။ သန်လျင်မှာ ကျေနပ်ခဲ့ရပါသည်။ ကျိုက်လတ်မှာ ကြည်နူးခဲ့ပါသည်။ ရွှေတောင်ကုန်းမှာ ကြက်သီးထခဲ့ပါသည်။ သည်လိုဆိုရင်ဖြင့် ဘာသာရေးဘက်မှာ လူတန်းစေ့ပြီ ဆိုပါတော့။ ဒါက အလွယ်ကူဆုံး အနီးစပ်ဆုံး ဥပမာကို ကျွန်တော်က ကောက်ပေးလိုက်ခြင်းဖြစ်ပါသည်။ ထို့အတူ တမန်တော်ရဲ့ အမည်ကို ပြောပါ။ မုဟမ္မဒ် (Muhammad) ။ မွေးဖွားရာဒေသကိုပြောပါ။ မက္ကာ (Mecca)။ ကျမ်းစာအမည်ကို ပြောပါ။ ကိုရန် (Koran) စသည် စသည်။ ထို့အတူ ခရစ်တော်ရဲ့ အမည်ကိုပြောပါ။ ဂျေစပ်ခရိုက် (Jesus Christ) ။ ခရစ်ယာန်တို့ရဲ့ ကျမ်းစာအမည်ကို ပြောပါ။ သမ္မာကျမ်းစာ (Bible) ပညတ်တော် ဘယ်နှပါးလဲ။ ဆယ်ပါး စသည် စသည်။

(လေး)

ကျွန်တော်တို့ခေတ်က အသိဉာဏ်ကိုကန့်သတ်နေထိုင်ရသော ခေတ်ဖြစ်ပါသည်။ လူတစ်ယောက်အနေနှင့် ပညာရပ်အကုန်လုံးကို သိရှိနားလည်ဖို့ ဆိုသည်မှာ မည်သို့မှ မဖြစ်နိုင်သော ခေတ်ကာလဖြစ်ပါသည်။ ထို့ကြောင့်ဆရာဝန်ဆိုသည်မှာ ဆေးပဲကု၊ မြန်မာနိုင်ငံ လွတ်လပ်ရေး ကြိုးပမ်းမှု အကြောင်းကို သိစရာမလို။ သမိုင်းဆရာက သမိုင်းပဲသင်၊ ရေကိုဟိုက်ဒြိုဂျင် နှစ်ဆ အောက်ဆီဂျင်တစ်ဆပေါင်းထားကြောင်း သိစရာမလို။ ကဗျာဆရာက ကဗျာပဲစပ်။ ဒိန်ချဉ်ထဲမှာ ထုံးဓာတ် (calcium) များအကြောင်း သိစရာမလို။ ရုပ်ဗေဒဆရာက ရုပ်ဗေဒပဲသင်။ ဒါနတို့ သီလတို့ ဘာဝနာတို့ အကြောင်း သိစရာမလို။ ကြက်မွေးမြူရေးသမားက ကြက်ပဲမွေး၊ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း သိစရာမလို။ ဆိုက်ကားဆရာက ဆိုက်ကားပဲနင်း။ ဘယ်လွှတ်တော် ကိုယ်စားလှယ်ကို မဲပေးရရင် ကောင်းမလဲ သိစရာမလို စသည် စသည်ဖြင့် အသိဉာဏ်ကို ကန့်သတ်မှု လွန်လွန်းသွားခဲ့လျှင်ကား လူတန်းစေ့နိုင်ငံတော်သား (Average Citizen) ဖြစ်ဖို့ ခက်သွားပါပြီ။

**ကျွန်တော်တို့ခေတ်က အသိဉာဏ်ကိုကန့်သတ်နေထိုင်ရသော ခေတ်ဖြစ်ပါသည်။ လူတစ်ယောက်အနေနှင့် ပညာရပ်အကုန်လုံးကို သိရှိနားလည်ဖို့ ဆိုသည်မှာ မည်သို့မှ မဖြစ်နိုင်သော ခေတ်ကာလဖြစ်ပါသည်။ ထို့ကြောင့် ဆရာဝန်ဆိုသည်မှာ ဆေးပဲကု၊ မြန်မာနိုင်ငံ လွတ်လပ်ရေး ကြိုးပမ်းမှု အကြောင်းကို သိစရာမလို။ သမိုင်းဆရာက သမိုင်းပဲသင်၊ ရေကို ဟိုက်ဒြိုဂျင်နှစ်ဆ အောက်ဆီဂျင်တစ်ဆ ပေါင်းထားကြောင်း သိစရာမလို။ ကဗျာဆရာက ကဗျာပဲစပ်။ ဒိန်ချဉ်ထဲမှာ ထုံးဓာတ် (calcium) များအကြောင်း သိစရာမလို . . . ဆိုက်ကားဆရာက ဆိုက်ကားပဲနင်း။ ဘယ်လွှတ်တော် ကိုယ်စားလှယ်ကို မဲပေးရရင် ကောင်းမလဲ သိစရာမလို စသည် စသည်ဖြင့် အသိဉာဏ်ကို ကန့်သတ်မှု လွန်လွန်းသွားခဲ့လျှင်ကား လူတန်းစေ့နိုင်ငံတော်သား (Average Citizen) ဖြစ်ဖို့ ခက်သွားပါပြီ။**

လူတန်းစေ့နိုင်ငံတော်သားများများမထုတ်လုပ်နိုင်သောနိုင်ငံသည် ရှေ့ကိုသွားဖို့ ခရီးနှောင့်နှေးပါသည်။ လူမှုရေးသိပ္ပံ (Social science) ရော၊ သဘာဝသိပ္ပံ (Natural science) ရော အခြေခံကျကျသိသင့်သိထိုက်သောအရာမှန်သမျှကို နိုင်ငံသားတို့ သိဖို့အတွက် အခြေခံပညာရေးကသာ ဆောင်ကြဉ်းပေးနိုင်ကြောင်း ကျွန်တော်ယူဆပါသည်။ အခြေခံပညာရေးသည် နိုင်ငံသားတို့၏ အုတ်မြစ်ဖြစ်ပါသည်။

ကိုယ်သန်ရာ သန်ရာ ထူးချွန်ရာပြောင်မြောက်ရာကိုနောက်ပိုင်းမှာ ဆက်လက်လျှောက်လှမ်းသွားတာက တစ်မျိုး တစ်ကဏ္ဍဖြစ်ပါသည်။ ပထဝီကိုလည်း အကြမ်းဖျင်း၊ သမိုင်းကိုလည်း အကြမ်းဖျင်း၊ ဓာတုဗေဒကိုလည်း အကြမ်းဖျင်း၊ ရူပဗေဒကိုလည်း အကြမ်းဖျင်း၊ သင်္ချာကိုလည်း အကြမ်းဖျင်း၊ ထို့အတူ စာပေအနုပညာ၊ ဘာသာရေး၊ နိုင်ငံရေး စသည် စသည်တို့ကိုလည်း လူတန်းစေ့အောင်တော့တီးမိခေါက်မိကလေး ရှိသင့်သည်ဟု ထင်ပါသည်။

ဒါမှ နိုင်ငံသားတွေ မအမှာပေါ့။ အဲဗရိတ်စီတဇင်တဲ့။ လူတန်းစေ့နိုင်ငံတော်သားတဲ့။ ရွတ်ဆိုရတာ ခံတွင်းတွေ့လိုက်တာ။ ကျွန်တော်တို့ နိုင်ငံသားတွေကို လူတန်းစေ့စေချင်ပါရဲ့။

တက္ကစီ မောင်းစားနေပေမယ့် နယ်လ်ဆင်မင်ဒဲလား ကောင်းကောင်း သိပါတယ်ဗျ ဆိုတာမျိုး။ နှမ်းခင်းထဲမှာ နှမ်းကြဲနေပေမယ့် ရွှေဥဒေါင်းကြီးတော့ စွဲသဗျ ဆိုတာမျိုး။ တောမီးဖိုချောင်ကလေးထဲက အိမ်ရှင်မဆိုပေမယ့် ဝက်သားက ကိုလက်စထရော (Cholesterol) များပြီး ကုလားပဲက ပရိုတိန်း (protein) ကြွယ်ဝကြောင်း သိပါတယ်တော့ ဆိုတာမျိုး။ ဆိုတာမျိုး။ ဆိုတာမျိုး။ ။

7 DAY NEWS JOURNAL
Vol.12, No.22 • AUGUST 7 , 2013

ဂု ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ဖွဲ့ညဏ်၊ အိမွန်ကျော် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွှန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | တင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း |
| သရုပ်ဖော် | စိုးသော်တာ |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၇)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၇၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

Hotline : 0973032006

# ကိုယ့်အသက် ကိုယ်တိုင်စောင့်ကြသည်

**ရွှေဖြိုးမောက်**



စာရေးသူတို့ ပြည်သူအများစုသည် ကိုယ့်အသက်ကို ကိုယ်တိုင်စောင့်ကြရပါသည်။ ကိုယ့်လုံခြုံရေး ကိုယ်တိုင်တာဝန်ယူကြရပါသည်။ တစ်ခုခုဖြစ်လာလျှင် ကိုယ်သာလျှင် အရင်ဆုံးခံကြရပါသည်။ ကိုယ့်ရန် ကိုယ်ကာကွယ်နေသည့်ကြားမှ၊ ကိုယ့်လမ်းကိုယ့်စည်း မှန်ကန်ညီညွတ်နေသည့်ကြားမှပင် ကိုယ့်အသက်ကိုလာရောက်ထိပါးလာသော အန္တရာယ်များနှင့်လည်း မကြာခဏ ကြုံတွေ့ရလေ့ ရှိပါသည်။

"သမီးတို့က ကျောင်းရှေ့အဆောင်မှာ နေပါတယ်။ ညနေစာစားပြီးချိန်ဆို ကျောင်းထဲကို လမ်းလျှောက်ထွက်ပါတယ်။ အဲဒီအခါမှာ ကျောင်းထဲကို ဆိုင်ကယ်စီးဝင်လာတဲ့ ကျောင်းသားတချို့က လမ်းလျှောက်နေတဲ့ သမီးတို့ဘေးက ကျော်တက်ပြီး တင်ပါးကိုလက်နဲ့ ရိုက်ပုတ်သွားတာမျိုးတွေ ရှိပါတယ်။ ခုဆို လမ်းလျှောက်နေတုန်း နောက်က ဆိုင်ကယ်သံကြားရင် ရပ်စောင့်ပြီး ဝေးဝေးကပဲ ရှောင်နေကြရပါတယ်" ဟု တက္ကသိုလ်ကျောင်းသူတစ်ဦးက ပြောပြပါသည်။ ကိုယ့်အသက်သာမက ကိုယ့်အရှက်ကိုလည်း အနှောင့်အယှက်ပြုသည့် အနေအထားတစ်ခု ဖြစ်ပါသည်။ ရထားဂိတ်၊ ကားဂိတ်၊ စက်လှေဂိတ် စသည့် ယောကျ်ားသား အများဆုံး စုဝေးရာ နေရာများသို့ မိန်းကလေးများ ဖြတ်သွားကြသည့်တွင်လည်း ထိုယောကျ်ားသားများ၏ အမနာပ ပြောဆို၊ လှောင်ပြောင်၊ သွေးတိုးစမ်းသည့် စကားသံများကို ကြားကြရတတ်ပါသည်။

မြန်မာ့ယဉ်ကျေးမှုနှင့် မဆီလျော်သော၊ မိန်းကလေးများ၏ ကာယိန္ဒြေကို ဖျက်ဆီးသော သုံးနှုန်းကဲ့ရဲ့မှုများသည် သာမန်အရပ်သားများတွင် မဟုတ်ဘဲ အဆင့်မြင့် ပညာရေးရှိ တက္ကသိုလ်ကျောင်းသားများ၌ပင် အတွေ့ရများလာနေပါသည်။ တက္ကသိုလ်များအနီး လမ်းမများပေါ် သွားလာစဉ်တွင်လည်းကောင်း၊ ကျောင်းသူအဆောင်များရှေ့တွင် ညဘက်ဂစ်တာတီး၊ သီချင်းဆိုနေကြချိန်တွင်လည်းကောင်း ရုန့်ရင်းကြမ်းတမ်းသော အမူအရာ၊ အပြောအဆိုများကို တွေ့မြင်ရတတ်ပါသည်။ တက္ကသိုလ်ကျောင်းသားများ မောင်းနှင်သော ဆိုင်ကယ်နှင့် ပြိုင်ကားအချို့သည်လည်း လမ်းမပေါ်တွင်သွားလာနေသော အခြားသူများကို လုံးဝဂရုမထားသည့်အလား စည်းကမ်းမဲ့ အနေအထားများကို နေ့စဉ်ရင်ဆိုင်နေကြရပါသည်။

"အပြိုင်ကားတွေ လမ်းလယ်မှာ အရှိန်ပြင်းပြင်းမောင်းတာ ခဏခဏကြုံရတယ်။ ဆိုင်ကယ်တွေကတော့ နေ့တိုင်း၊ အချိန်တိုင်းမှာ ပရမ်းပတာစီးနင်းတတ်ကြပါတယ်။ သူတို့တွေကြောင့် ဘာမှမဆိုင်သူတွေ ထိခိုက်ကျိုးပဲ့ဖြစ်ကြရတာ၊ အသက်သေဆုံးကြရတာတွေလည်း လစဉ်၊ နှစ်စဉ်လိုလိုဖြစ်နေပါတယ်။ စည်းကမ်းရှိ အောင်ပြောမိဆိုမိ၊ ဟွန်းတီးမိရင်တောင် မချေမငံပြန်ကြည့်တာ၊ ရန်မူတာတွေ ရှိပါတယ်။ ဒီလိုအနေအထားတွေကြောင့် လမ်းသွားရင်၊ ဆိုင်ကယ်စီးရင် ဘာအန္တရာယ်မှ မရှိအောင် ဂရုစိုက်သွားနေရပါတယ်" ဟု မုံရွာမြို့မှ ဆရာမတစ်ဦးက ပြောပြပါသည်။ အခြားသူများကြောင့် ကိုယ့်အရှက်၊ ကိုယ့်အသက်ကိုမဆီမဆိုင်စိုးရိမ်နေရခြင်းသည် သဘာဝမကျသော၊ မဖြစ်သင့်သော ကိစ္စဟု ထင်ပါသည်။

မြို့ရွာဒေသအချို့ရှိကလေးလူငယ်အများအပြားစုဝေးရာ စာသင်ကျောင်းများတွင်လည်း စိတ်ချလုံခြုံမှုအားနည်းသော စာသင်ဆောင်များကို အသုံးပြုနေကြရဆဲ ဖြစ်ပါသည်။ ယခုနှစ်အစောပိုင်းက မုံရွာမြို့ အ. ထ. က(၃)ရှိ ကျောင်းဆောင် ဝရန်တာတစ်ခု ပြိုကျပျက်စီးမှုကြောင့် ကျောင်းသူလေးတွေ ဒဏ်ရာရခဲ့ကြရသည်။ မကြာသေးသော ရက်ပိုင်းအတွင်းကလည်း မြိုင်မြို့နယ်၊ ဗဟင်းကျေးရွာမှာ စာသင်ဆောင် ပြိုကျမှုကြောင့် ကျောင်းသား၊ ကျောင်းသူလေးတွေဒဏ်ရာရခဲ့ကြရပြန်သည်။ ဖရိုဖရဲဖြစ်နေသော၊ သက်တမ်းလွန်ပြီး များစွာပျက်စီးနေသော ကျောင်းဆောင်များတွင် ပညာသင်နေကြရသည့် ကလေးငယ်များသည် မြို့ရွာဒေသအသီးသီးတွင် ယခုအချိန်အထိ ရှိနေဆဲဖြစ်ပါသည်။ လုံခြုံမှုမရှိ၊ စနစ်တကျအခန်းဖွဲ့မှုမရှိ၊ လုံလောက်သော အရိပ်အာဝါသမရှိ၊ ရေတင်ရေဝပ်ခြင်း၊ ဆူးချုံမြက်ရိုင်းများ ပေါက်ရောက်ခြင်းမှ ကင်းလွတ်မှုမရှိသော စာသင်ကျောင်းများလည်း များစွာတည်ရှိနေပါသေးသည်။ လောလောဆယ် စာသင်ကျောင်းသောက်ရေအိုးတွင် ပိုးသတ်ဆေးပြားခတ်သည့် ဖြစ်စဉ်မှာလည်း တစ်နိုင်ငံလုံးမှ မိဘများ၊ ကျောင်းသား၊ ကျောင်းသူများအတွက်ပါ တုန်လှုပ်ထိတ်လန့်စိုးရိမ်ဖွယ်အနေအထားဖြစ်ပါသည်။

ပြည်သူအများစုသည် ကိုယ့်ဝမ်းစာ ကိုယ်တိုင်ရှာဖွေစားသောက်ကြရင်း တစ်ဖက်မှာလည်း ကိုယ့်အသက် အိုးအိမ်တည်ငြိမ်ဘေးကင်းရေးအတွက် ကိုယ်တိုင်ဂရုစိုက်နေကြရပါသည်။ မည်သည့်အရာ၊ မည်သည့်အနေအထားကို မျှမျက်စိမှိတ် စိတ်ချယုံကြည်ခြင်း မပြုနိုင်သောကြောင့် ပူပန်သောက ရောက်ကြရသည်လည်း ရှိပါသည်။ ထိုပြည်သူအများစု၏ သားငယ်၊ သမီးငယ် လူမမယ်ကလေးများသည်လည်း လူ့ဘဝ စတင်သန္ဓေတည်ကတည်းက အခြေခံရပိုင်ခွင့်များ ဆုံးရှုံးကာ ဖြစ်သလိုရှင်သန်လူလားမြောက်ကြီးပြင်းခဲ့ကြရသည်က အရေအတွက်ပိုများမည် ထင်ပါသည်။ ဒီကြားထဲတွင် မည်သူမျှ ကြိုတင်ကာကွယ်တားဆီး၍ မရနိုင်သည့် သဘာဝဘေးဒဏ်များကို ခံကြရပါသေးသည်။ ထို့အပြင် စီမံကိန်းအမျိုးမျိုး၊ လုပ်ထုံးလုပ်နည်းအမျိုးမျိုး၊ အကြောင်းပြချက်အမျိုးမျိုးဖြင့် ပြည်သူတို့၏ ဘဝဖြစ်တည်နေထိုင်မှုကို ထိခိုက်စေသော၊ အနှောင့်အယှက်ဖြစ်စေသော ဖြစ်စဉ်များကလည်း နေရာအနှံ့မှာ လိုလိုပင် ဖြစ်ပွားပေါ်ပေါက်လျက်ရှိပါသည်။ လေးနှစ်အရွယ်မူကြိုကျောင်းသူလေးများကိုပင် ကျူးလွန်သည့် အဖြစ်များက သက်သေပြလျက်ရှိပါသည်။

ယခုနှစ်အတွင်း သဘာဝဘေးဒဏ်များဖြစ်သည့် ငလျင်ဒဏ်၊ လေပြင်းဒဏ်တို့ကိုလည်း ခံခဲ့ကြရပြီး ဖြစ်ပါသည်။ ဆိုးဆိုးရွားရွား မိုးခေါင်သောကြောင့်လည်းကောင်း၊ အလွန်အမင်းမိုးများကာ ရေကြီးမှုများကြောင့်လည်းကောင်း ဒုက္ခရောက်နေကြသော တောင်သူများ၊ ပြည်သူများ၏အသက်အိုးအိမ်လုံခြုံရေးအ တွက် သူတို့ကိုယ်တိုင်အပြင် စေတနာရှင်များ၊ တာဝန်ရှိသူများက ဝိုင်းဝန်း၍ ကူညီစောင့်ရှောက်နေကြရပါသည်။ လက်ရှိဖြစ်ပေးနေဆဲမိုးခေါင်ခြင်း၊ ရေကြီးခြင်းများသည် နောက်ထပ်ရက်ပိုင်း၊ လပိုင်းအထိ ဆက်လက်ရင်ဆိုင်ကြရနိုင်ကြောင်း ခန့်မှန်းထားသောကြောင့် အရင်ကတည်းက ကိုယ့်အသက်ကိုယ် စောင့်ခဲ့ကြရသည့်ပြည်သူများမှာပို၍ပို၍ ရတက် မအေးဖြစ်ကြရပါသည်။


နေမှု ထိုင်မှု၊ သွားမှု လာမှု၊ စားမှုသောက်မှု စသည့်ကိစ္စရပ်တိုင်းတွင် သတိအမြဲကပ်နေကြရသည်။ ကားစီးရင်လည်း စိတ်မချကြရ။ ရထားစီးရင်လည်း စိတ်မချကြရ။

စာမျက်နှာ(၃၂) သို့

Business 7DAY NEWS JOURNAL

Vol.12, No.22 • AUGUST 7 , 2013

# အင်တာနက်လိုင်း နှေးကွေးခြင်းသည် ဖိုက်ဘာဆက်ကြောင်း နှစ်ခုလုံး လိုင်းကျနေ၍ဖြစ်



*အင်တာနက်အသုံးပြုနေသူတစ်ဦး*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ဆွေမွန်**

**ရန်ကုန်**- အင်တာနက်လိုင်းများ လတ်တလောနှေးကွေးနေခြင်းမှာ အပြည်ပြည်ဆိုင်ရာဆက်ကြောင်းများနှင့် ချိတ်ဆက်ထားသည့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဖိုက်ဘာဆက်ကြောင်း နှစ်ခုတစ်ပြိုင်တည်းလိုင်း ကျသွားခြင်းကြောင့်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

ပြည်တွင်း၌ ပုံမှန်အသုံးပြုနေသည့် လမ်းကြောင်းနှစ်ခုဖြစ်သော တရုတ်နိုင်ငံမှ ဖိုက်ဘာဆက်ကြောင်းမှာ ဩဂုတ် ၃ ရက်မှ စတင်၍ လားရှိုးမြို့အနီးရှိ ဆက်ကြောင်း လိုင်းစတင်ကျဆင်းသွားပြီး ထိုင်းနိုင်ငံမှ ဖိုက်ဘာဆက်ကြောင်းမှာလည်း ဩဂုတ် ၅ ရက် နံနက် ၈ နာရီ၌ လိုင်းကျဆင်းသွားရာ နံနက် ၁၁ နာရီဝန်းကျင်တွင် ပြန်လည်ကောင်းမွန်သွားပြီဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးမှ အင်ဂျင်နီယာချုပ်တစ်ဦးက ပြောသည်။

"ပုံမှန်သုံးနေတာက ဒီမှာ လမ်းကြောင်း နှစ်ခု သုံးခုရှိတယ်။ အဲဒီထဲက တရုတ်နဲ့ ထိုင်းဘက် လမ်းကြောင်းနှစ်ခုလုံးက တစ်ပြိုင်တည်းကျသွားလို့ အင်တာနက်လိုင်းနှေးကွေးသွားတာ၊ မေးလ်တွေ ပို့လို့လည်း မရဘူး ဖြစ်သွားတယ်။ ဒါပေမဲ့ ဒီမနက် ၁၀ နာရီခွဲနဲ့ ၁၁ နာရီလောက်မှာ နှစ်ခုလုံးပြန်ကောင်းသွားပါပြီ"ဟုဎင်းကပြောသည်။

လက်ရှိ မြန်မာနိုင်ငံတွင်းရှိ အင်တာနက် ဖိုက်ဘာဆက်ကြောင်း သုံးခုမှာ ထိုင်းနိုင်ငံနယ်စပ်ဖြတ်ကျော်တွင်တစ်ခု၊ တရုတ်နိုင်ငံဖြတ်ကျော်တစ်ခုနှင့် ပင်လယ်ရေအောက် ဖိုက်ဘာဆက်ကြောင်းလိုင်းများဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

အင်တာနက်လိုင်းနှေးကွေးမှုများကြောင့် လုပ်ငန်းခွင်များ၌ အီးမေးလ်အသုံးပြု၍ မရခြင်းမှာ အဓိကခက်ခဲမှုဖြစ်နေရာ ဩဂုတ် ၅ ရက် နံနက် ၁၁ နာရီဝန်းကျင်က ပြန်လည်ကောင်းမွန်သွားသည်ဆိုသော်လည်း အင်တာနက်လိုင်းနှေးကွေးမှုများ ရှိနေဆဲဖြစ်ကြောင်းသုံးစွဲသူများကပြောသည်။

ဇူလိုင်လတွင်းက ပင်လယ်ရေအောက် ဖိုက်ဘာဆက်ကြောင်း လိုင်းချို့ယွင်းမှုကြောင့် အင်တာနက်လိုင်း လွန်စွာနှေးကွေးမှုများရှိခဲ့သည်။ ယခင်သုံးစွဲသည့် အင်တာနက်မြန်နှုန်းထက် ထက်ဝက်ကျော် လျော့နည်းသွား၍ ပြုပြင်မှုများ ဆောင်ရွက်ခဲ့ရာ ရှစ်ရက်အကြာတွင် ပြန်လည်ကောင်းမွန်ပြီးနောက် ယခုကဲ့သို့ အခြားဖိုက်ဘာဆက်ကြောင်းလိုင်းနှစ်ခု လိုင်းကျဆင်းမှုကြောင့် အင်တာနက်သုံးစွဲမှုနှုန်း နှေးကွေးခဲ့ခြင်းဖြစ်သည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၆၉ | ၉၇၉ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၅၈ | ၇၇၀ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၂၇၈ | ၁၂၉၆ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၁ | ၃၂. ၃ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၄ | ၁၅၇ | ကျပ် |

၂၀၁၃ ဩဂုတ် ၅ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၅၄ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၅၂၈ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၉၈. ၈၉ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၁၂၉၃ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၁. ၀၉ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၇၁၁ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၂၃. ၈၅ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၂၅၆ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၂၆ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၀,၂၇၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၁၁၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၂၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၆ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၁၂၂၇ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၇၅၃ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၃၈၉ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၉. ၉၈ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၃၀၇. ၆၀ |
| ရေနံစိမ်း | စည် | ၁၀၈. ၈၉ |
| ငွေ | အောင်စ | ၁၉. ၆၂ |
| ကြေးနီ | ပေါင် | ၃. ၁၆ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၃၄ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ ဩဂုတ် ၃ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.12, No.22 • AUGUST 7 , 2013

# ဆောက်လုပ်ရေးလုပ်ငန်းများတွင် ဗီယက်နမ်ပမာဏကြီးကြီးမြှုပ်နှံရန်ရှိဟု ခန့်မှန်း

**မိုးညို**

**ရန်ကုန်၊ဩဂုတ်-၃**

မြန်မာနိုင်ငံ၏ဆောက်လုပ်ရေးလုပ်ငန်းများသို့ ဗီယက်နမ်နိုင်ငံက ပမာဏကြီးကြီး ရင်းနှီးမြှုပ်နှံရန် စီစဉ်နေပြီဖြစ်ပြီး မြန်မာဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသာဌေးကပြောသည်။

ဇူလိုင် ၂၇ရက်က မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းရုံးခန်းသို့ ဗီယက်နမ်မှ ဆောက်လုပ်ရေးလုပ်ငန်းရှင် ၂၆ ဦး လာရောက်ပြီး ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ယခုလို ရင်းနှီးမြှုပ်နှံရန် စီစဉ်နေခြင်းလည်း ဖြစ်သည်ဟု အထက်ပါဥက္ကဋ္ဌကပင်ပြောသည်။

"အသေးစိတ်ကို ထပ်ပြီးဆွေးနွေးမယ်။ သဘောတူညီမှုတွေ ယူပြီးရင် လုပ်ငန်းရှင်အချင်းချင်းပူးပေါင်းပြီး ဆောင်ရွက်မယ်" ဟု ဦးသာဌေးကပင် ပြောသည်။

ဗီယက်နမ်လုပ်ငန်းရှင်များ အနေနှင့်လည်း လက်ရှိမြန်မာနိုင်ငံတွင် မြေဈေးကြီးမြင့်နှုန်းမှာ တစ်နှစ်ထက်တစ်နှစ် မြင့်မားလာပြီး ယင်းကဲ့သို့ ကြီးမြင့်မှုကြောင်း ၎င်းတို့ ရင်းနှီးမြှုပ်နှံပါက ဆောက်လုပ်မှုစရိတ်မမျှတမည်ကို စိုးရိမ်မှုများ ရှိနေကြောင်း အထက်ပါဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သူဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

လက်ရှိရင်းနှီးမြှုပ်နှံမှုများအဖြစ် ဗီယက်နမ်ကုမ္ပဏီတစ်ခုဖြစ်သော ဟောင်အင်းဂရီလာ အုပ်စုမှ ဆီဒိုးနားဟိုတယ်အနီးတွင် ၄၄၀ မီလီယံ အကုန်အကျခံပြီး ဟိုတယ်စီမံကိန်းအကြီးစားတစ်ခုကို တည်ဆောက်လျက်ရှိသည်။ ထို့အပြင် ယင်းကုမ္ပဏီအုပ်စုမှပင် ဒုတိယမြောက် ရင်းနှီးမြှုပ်နှံမှုအဖြစ် ရန်ကုန်မြို့တွင်း၌ ၂၈ ထပ် တာဝါတစ်ခုကို တည်ဆောက်မည်ဟု သတင်းများထုတ်ပြန်ထားသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)


*ရန်ကုန်မြို့၏ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်*

အဓိကအားဖြင့် ဟိုတယ်စီမံကိန်းများနှင့် အိမ်ရာစီမံကိန်းများတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုအချို့ရှိကြောင်း အထက်ပါလုပ်ငန်းရှင်များက ပြောသည်။ လက်ရှိဆောက်လုပ်ရေးလုပ်ငန်းများ၌ အခြေခံလုပ်သားဈေးနှုန်း သတ်မှတ်ရန်ခက်ခဲနေမှု၊ ကျွမ်းကျင်ပညာရှင်ရှားပါးလာမှုနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများ ဈေးနှုန်း မတည်ငြိမ်မှုနှင့် ကြိုပွိုင့်စနစ်များ အရောင်းအဝယ်ပါးလာမှုများနှင့် ရန်ကုန်မြို့တွင်းပိုင်း၌ တည်ဆောက်ရန် မြေနေရာရှားပါးလာမှုတို့ကြောင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်အများစု အခက်အခဲကြုံတွေ့နေရခြင်းဖြစ်ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များက ဆိုသည်။

"လုပ်သားပိုင်း ကုန်ကြမ်းပိုင်းတွေနဲ့ တည်ဆောက်စရိတ်မြင့်လာမှုတွေက ဘက်ပေါင်းစုံက မြင့်တက်လာတယ်။ အရင်ကလို ဈေးကွက်ကိုခန့်မှန်းရမလွယ်တော့ဘူး"ဟု Asia Express ဆောက်လုပ်ရေးကုမ္ပဏီမှ အမှုဆောင်ဒါရိုက်တာတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့် ၂ နှစ်တာကာလအတွင်း မြေဈေးများက သုံးဆမှ ငါးဆအထိ မြင့်တက်သွားသည်။ အစောပိုင်းအိမ်ရာ ဆောက်လုပ်သူများအနေဖြင့် လုပ်ကိုင်နိုင်သော်လည်း ယခုလက်ရှိ ဈေးနှင့်မှု များစွာအခက်အခဲများ ဖြစ်ပေါ်လာကြောင်း၊ အိမ်ခြံမြေလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံသူများက ယူဆကြသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၌ တန်ဖိုးနည်းသော အဆင့်မီအိမ်ရာများ လွန်စွာနည်းပါးနေပြီး ယင်းကဲ့သို့ ဆောက်လုပ်ရန် မြေဈေးက လွန်စွာကြီးမြင့်ကြောင်း အမေရိကန်နိုင်ငံထုတ် Wall Street သတင်းစာတွင် ဆောင်းပါးရှင် Natasha Brereton Fukui က ရေးသားထားသည်။

ဗီယက်နမ်သည်မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံသောနိုင်ငံများတွင် နဝမမြောက်ရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံဖြစ်သည်။ လုပ်ငန်း ၆ ခုတွင် အမေရိကန်ဒေါ်လာ ၅၁၁ သန်းကျော်ရင်းနှီးမြှုပ်နှံထားပြီး အိန္ဒိယ၊ ဂျပန်နိုင်ငံတို့ထက် မြန်မာနိုင်ငံတွင် ပိုမိုရင်းနှီးမြှုပ်နှံပြုလုပ်ထားသည်။ လက်ရှိဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုများတွင် ဟိုတယ်လုပ်ငန်းတွင် တန်ဖိုးအများဆုံးရင်းနှီးမြှုပ်နှံထားခြင်း ဖြစ်သည်။





© DW/R. Krieger

# ရေနံဖြင့်တည်ဆောက်နေသော နိုင်ငံ

ကြည်နေဝင်းမင်း

အာဖရိကတိုက်တောင်ပိုင်းတွင်ရှိသော အန်ဂိုလာနိုင်ငံ ဆိုရိုမြို့မှာ ကွန်ဂိုနိုင်ငံနှင့် ကပ်လျက်တည်ရှိသည်။ လမ်းမတစ်လျှောက် မြေပြင်မှထောင်တက်နေသော သတ္တုပိုက်များအထက်တွင် တစ်မီတာခန့်မြင့်သော မီးတောက်များ လောင်ကျွမ်းနေသည်။ ယင်းသို့သော မြင်ကွင်းများကို ဆိုရိုမြို့အနှံ့အပြားတွင်မြင်တွေ့နိုင်ပါသည်။ ရေနံရှာဖွေရေးလုပ်ရာမှ ထွက်ရှိလာသော အန္တရာယ်ရှိသောဓာတ်ငွေ့များကို ရှင်းလင်းရန် အကောင်းဆုံးနည်းလမ်းဖြစ်ပြီး ယင်းအလင်းရောင်များမှာ ဆိုရိုမြို့ကောင်းကင်ယံကို လင်းထိန်နေသော တစ်ခုတည်းသောမီးရောင်ဖြစ်သည်။ အကြောင်းမှာ ဆိုရိုမြို့၌ လျှပ်စစ်မီးတိုင်များ မီးလာရန်ခက်ခဲသောကြောင့် ဖြစ်ပါသည်။ "ညဘက်ဆိုတစ်ညလုံး မည်းမှောင်နေတာပဲ။ လမ်းဖြတ်ကူးတဲ့လူကိုတောင် မမြင်ရဘူး"ဟု လမ်းပေါ်မှ ကျင်းနှင့်ချိုင့်ခွက်များကို ရှောင်တိမ်းရင်း အငှားယာဉ်မောင်း လူစီယာနိုဇွန်ဘိုက ပြောပြသည်။

သို့သော် မကြာမီတွင် ယင်းမီးတောက်များကို အန်ဂိုလာနိုင်ငံက ငြိမ်းသတ်ထားပါတော့မည်။ နိုင်ငံ၏ ပထမဆုံး သဘာဝဓာတ်ငွေ့ရည် (LNG)စက်ရုံကို ယခုအခါ ဆိုရိုမြို့၌ တည်ဆောက်နေသည်။ ရှုပ်ထွေးလှသော ပိုက်လိုင်းများမှာ ဘောလုံးကွင်း ၂၄၀ စာရှိသော ကွင်းပြင်တွင် ကွန်ရက်ဖွဲ့နေသည်။ ၂၀၀၈ ခုနှစ်က စတင်တည်ဆောက်ခဲ့သော စက်ရုံမှာ ၂၀၁၂ ခုနှစ်တွင် စတင်လည်ပတ်တော့မည်ဖြစ်သည်။ ၎င်းစက်ရုံမှ နှစ်စဉ် သဘာဝဓာတ်ငွေ့ တန်ပေါင်း ၅ ဒသမ ၂ သန်း ထုတ်လုပ်နိုင်မည်ဟု မျှော်လင့်ထားသည်။ အာဖရိကတိုက်တွင် ထိုကဲ့သို့ စက်ရုံပေါင်း ရှစ်ခုသာ ရှိသေးသဖြင့် အန်ဂိုလာနိုင်ငံမှာ သွားရည်ကျလောက်သော စီးပွားရေးလုပ်ငန်းတွင် ပါဝင်လာခြင်းဖြစ်သည်။

အန်ဂိုလာနိုင်ငံမှာ နိုင်ဂျီးရီးယားနိုင်ငံပြီးလျှင် အာဖရိကတွင် ရေနံအများဆုံးထုတ်လုပ်သော နိုင်ငံဖြစ်ပြီး ရေနံထုတ်လုပ်တင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့ (OPEC)၏ အဆိုအရ တစ်နေ့လျှင် ရေနံစည်ပေါင်း ၁ ဒသမ ၆၂ သန်း ထုတ်လုပ်သည်။ သဘာဝဓာတ်ငွေ့ အရန်ပမာဏမှာလည်း ကုဗမီတာ ၃၆၆ ဘီလီယံပိုင်ဆိုင်ထားသည်။

ဆိုရိုစက်ရုံမှ သဘာဝဓာတ်ငွေ့ မထုတ်လုပ်သေးသော်လည်း ဝယ်ယူလိုသော ကုမ္ပဏီများ တန်းစီစောင့်ဆိုင်း နေကြသည်။ အန်ဂိုလာသဘာဝဓာတ်ငွေ့ကိုအဓိကရယူမည့်သူမှာ အမေရိကန်နိုင်ငံဖြစ်သည်။ Chevron ကုမ္ပဏီက ၎င်း LNG စီမံကိန်းတွင် ၃၆ ရာခိုင်နှုန်း ရှယ်ယာထည့်ထားပြီး အကြီးဆုံးအစုရှင်ဖြစ်သည်။ နိုင်ငံပိုင် Angolan Sonagas ကုမ္ပဏီက ရှယ်ယာ ၂၃ ရာခိုင်နှုန်းပါဝင်ပြီး အီတလီမှ ENI၊ ပြင်သစ်မှ Total နှင့် ဗြိတိသျှရေနံ BP တို့လည်း ယင်းစီမံကိန်းတွင် ပါဝင်ကြသည်။

သဘာဝအရင်းအမြစ်ပေါများကြွယ်ဝမှုကြောင့် ပြင်ပမှ လူအများအပြားနှင့် ကုမ္ပဏီများ ဆိုရိုမြို့သို့ ရောက်လာကြကြောင်း အငှားယာဉ်မောင်း လူစီယာနိုကကားကို မြို့လယ်ဆီသို့ မောင်းလာရင်း ပြောနေသည်။ မစ္စတာလူစီယာနို ကိုယ်တိုင်လည်း ၂၀၁၀ နှင့် ၂၀၁၁ ခုနှစ်က LNG စီမံကိန်းလုပ်ငန်းတွင် အလုပ်ကြပ်ဖိုမင်အဖြစ် လုပ်ကိုင်ခဲ့သည်။ လျှပ်စစ်ကျွမ်းကျင်သူ လူစီယာနိုက အတ္တလန်တစ်သမုဒ္ဒရာပိုက်လိုင်း သွယ်တန်းမှုကို ကြီးကြပ်ခဲ့သည်။ ဓာတ်ငွေ့များကို မြေအောက်မီတာ ၁,၇၀၀ အနက်မှ ပေးပို့မည်ဟု လူစီယာနိုက ပြောပြသည်။

ပိုက်လိုင်းများချပြီးချိန်တွင် လူစီယာနိုလည်း အလုပ်ပြုတ်သွားခဲ့သည်။ ယခုအခါ ၎င်းမှာ အငှားယာဉ်မောင်းအလုပ်ကို လုပ်နေပြီး တစ်လလျှင် အန်ဂိုလာသုံးငွေ ၁၅,၀၀၀ ကွမ်ဇာ ဝင်ငွေရရှိသည်။ LNG စက်ရုံစီမံကိန်းတွင် အလုပ်လုပ်စဉ်က တစ်လလျှင် ကန်ဒေါ်လာ ၃၃၀ နှင့်ညီမျှသော ဝင်ငွေရရှိခဲ့သည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ကြွယ်ဝမှုက အန်ဂိုလာ အလုပ်သမားဈေးကွက်အပေါ် အနည်းအကျဉ်းသာ သက်ရောက်မှုရှိသည်ဟု လူ့အခွင့်အရေးနှင့် စီးပွားရေးပညာရှင်များက ပြောကြားကြသည်။ တရားဝင်ကိန်းဂဏန်းများအရလည်း ရေနံလုပ်ငန်းက အန်ဂိုလာလုပ်သားအင်အား၏ ၀ ဒသမ ၅ ရာခိုင်နှုန်းသာ အလုပ်ပေးထားသည်။

အန်ဂိုလာနိုင်ငံ မြို့တော်လူအန်ဒါမှာ နိုင်ငံ၏ကြွယ်ဝမှုကို ဝေစုရရှိသည့် အကျိုးရှိသော အနည်းစုထဲ ပါဝင်ပုံရသည်။ မြို့တော်တစ်ဝန်းတွင် မိုးမျှော်တိုက်ကြီးများ အလျှိုအလျှိုပေါ်လာသည်။ ဘဏ်ကြီးများနှင့် ကုမ္ပဏီကြီးများက လူအန်ဒါတွင် ရုံးခန်းများ လာရောက်ဖွင့်လှစ်ကြသည်။ လူဦးရေငါးသန်းရှိသော မြို့မှာ ကမ္ဘာပေါ်တွင် ဈေးနှုန်းအကြီးမြင့်ဆုံး မြို့တစ်မြို့ဖြစ်သည်။ မြို့လယ်တွင် ခပ်သန့်သန့်တိုက်ခန်းတစ်ခန်း ငှားရမ်းခမှာ အမေရိကန်ဒေါ်လာ ၅,၀၀၀ ရှိသည်။ မြေဈေးမှာ တစ်စတုရန်းမီတာလျှင် ကန်ဒေါ်လာ ၁,၀၀၀ ကျသင့်သည်။ ဟမ်ဘာဂါတစ်လုံး(သို့မဟုတ်) ခေါက်ဆွဲပြုတ်တစ်ပွဲမှာ ၁၀ ဒေါ်လာဖြစ်သည်။ ၂၀၀၂ ခုနှစ် ပြည်တွင်းစစ်ပြီးဆုံးချိန်တွင် ရေနံမှရရှိသော ဝင်ငွေများဖြင့် မြို့တွင်းလမ်းများကိုပြင်ဆင်၍ ကတ္တရာများ ခင်းထားသည်။

မြို့တော်နှင့် နယ်မြို့အများစုကို လမ်းများဆက်သွယ်ထားပြီးဖြစ်သော်လည်း အပေါက်များ၊ ချိုင့်ခွက်များနှင့် ပြည့်နေသော လမ်းများကြောင့်ယာဉ်ကြောကျပ်ပြီး ကီလိုမီတာအနည်းငယ်ကို အချိန်အတန်ကြာ မောင်းယူရသည်။

ဂုဏ်ယူစရာစီမံကိန်း အနည်းငယ်မှလွဲ၍ အန်ဂိုလာနိုင်ငံသားအများစုမှာ နိုင်ငံ၏ သဘာဝရင်းမြစ်ကြွယ်ဝမှု အနည်းငယ်သာ ခံစားခွင့်ရရှိကြပြီး ၂၀၁၂ ခုနှစ်ကုလသမဂ္ဂအစီရင်ခံစာအရ အန်ဂိုလာနိုင်ငံသား ၃၇ ရာခိုင်နှုန်းမှာ အလွန့်အလွန် ဆင်းရဲစွာနေထိုင်နေကြရသည်။ တစ်နေ့လျှင် ကန်ဒေါ်လာ တစ်ဒေါ်လာအောက် ဝင်ငွေဖြင့် နေထိုင်ကြရသည်ဟု ဆိုလိုသည်။ ၂၀၀၀ ပြည့်နှစ်ကဆိုလျှင် ယင်းကိန်းဂဏန်းမှာ ၅၄ ရာခိုင်နှုန်းဖြစ်သည်။ သို့သော် ထိုကာလအတွင်း အန်ဂိုလာစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နှိုင်းယှဉ်ပါက ဆင်းရဲမွဲတေမှုနှုန်း ထို့ထက်ကျဆင်းသင့်သည်။ ကမ္ဘာ့ဘဏ်၏ အဆိုအရ အန်ဂိုလာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုးမှာ တစ်ဦးချင်းစီအတွက် ၂၀၀၀ ပြည့်နှစ်တွင် ကန်ဒေါ်လာ ၆၆၀ မှ ၂၀၁၁ တွင် ကန်ဒေါ်လာ ၅,၁၅၀ အထိ တိုးတက်ခဲ့သည်။ ယင်းမှာ ရှစ်ဆနီးပါး တိုးတက်မှုဖြစ်သည်။ ဆင်းရဲသူများဆက်လက်၍ ဆင်းဆင်းရဲရဲရှိနေစဉ်မှာပင် ချမ်းသာသူများက အဆများစွာ ချမ်းသာလာခဲ့ကြသည်။

အန်ဂိုလာနိုင်ငံ၏ စီးပွားရေးသည် ၂၀၁၂ ခုနှစ်အတွင်း ၇ ရာခိုင်နှုန်းနီးပါး တိုးတက်လာခဲ့သည်။ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ အိပ်မက်မက်ရုံသာ တတ်နိုင်သော ဖွံ့ဖြိုးမှုနှုန်းဖြစ်သည်။ သို့သော် ယင်းဖွံ့ဖြိုးတိုးတက်မှုမှာ ရေနံလုပ်ငန်းတစ်ခုတည်းကြောင့် ဖြစ်ပေါ်ခြင်းဖြစ်ကြောင်း အန်ဂိုလာစီးပွားရေးပညာရှင် ဖာနန်ဒိုဟိုင်တာက ဆိုသည်။ ၎င်း၏အဆိုအရ ဖွံ့ဖြိုးမှုမှ အဓိကအမြတ်ထွက်သူများမှာ နိုင်ငံ၏သမ္မတ ဟိုဆေးအီကွာဒိုဒေါ့စ်ဆန်းတို့စ်အနီး ဝိုင်းရံနေသော စီးပွားရေးနှင့် နိုင်ငံရေးအခွင့်ထူးခံများပင်ဖြစ်သည်။ ဒေါ့စ်ဆန်းတို့စ်မှာ အန်ဂိုလာနိုင်ငံကို ၃၃ နှစ်ကြာ အုပ်ချုပ်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင်မှ ဒီမိုကရက်တစ် မဲခွဲဆုံးဖြတ်မှုမှတစ်ဆင့် ပထမဆုံးအကြိမ် ရွေးကောက်တင်မြှောက်ခံရသည်။

အန်ဂိုလာအစိုးရမှာ လာဘ်ပေးလာဘ်ယူမှု၊ ဆွေမျိုးသားချင်းကောင်းစားရေးဝါဒနှင့် ပွင့်လင်းမြင်သာမှုနည်းပါးခြင်းအတွက်နိုင်ငံတကာအသိုင်းအဝိုင်း၏ ဝေဖန်မှုများစွာကြုံတွေ့ခဲ့ရသည်။ ဥပမာအားဖြင့် ၂၀၀၇ မှ ၂၀၁၁ အတွင်း နိုင်ငံပိုင်ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီ (Sonangol)က ရရှိခဲ့သော ကန်ဒေါ်လာ ၃၂ ဘီလီယံ ဘယ်ရောက်သွားသနည်း။ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၏ အဆိုအရ ယင်းငွေကြေးများမှာ အစိုးရမှတ်တမ်းများတွင် ပျောက်ဆုံးနေသည်ဟုဆိုသည်။ အစိုးရကလည်း ယင်းငွေများကို အခြေခံအဆောက်အအုံစီမံကိန်းများတွင် အသုံးပြုခဲ့သည်ဟု ဆိုသည်။ သို့သော် အဆိုပါစီမံကိန်းများ၏ အသေးစိတ်စာရင်းဇယားများမှာလည်း ရှင်းရှင်းလင်းလင်း မရှိပေ။



© DW/Renate Krieger

ကီလန်ဘာဟုခေါ်သောမြို့ကြီးတွင် အစိုးရက အထပ်မြင့်အဆောက်အအုံများနှင့်အတူ အလယ်အလတ် လူနေတိုက်ခန်းပေါင်း ၃,၀၀၀ ဆောက်လုပ်ထားသော်လည်း ၂၂၀ သာရောင်းထွက်ခဲ့သည်။ အကြောင်းမှာ ယင်းတိုက်ခန်းများ၏ ဈေးနှုန်းကို ကန်ဒေါ်လာ ၉၀,၀၀၀ နှင့် ၁၅၀,၀၀၀ ကြား သတ်မှတ်ထားပြီး ယင်းဈေးနှုန်းမှာ အန်ဂိုလာနိုင်ငံသားအများစု လက်လှမ်းမမီသော ဈေးနှုန်းဖြစ်နေသောကြောင့်ပင် ဖြစ်သည်။

*—Ref: Poverty mars Angola's Petroleum paradise*


7 DAY NEWS JOURNAL
Vol.12, No.22 • AUGUST 7 , 2013

7DAY BOOK REVIEW

# သတင်းစာတွေပြောတဲ့ ရှစ်လေးလုံးအရေးတော်ပုံ

လွန်ခဲ့သော(၂၅)နှစ်၊ ဇွန်၊ ဇူလိုင် မိုးရေစက်များ တဖွဲဖွဲ၊ ကျောင်းသားလူငယ်ထု၏ တစ်ပါတီအာဏာရှင်စနစ်ကို ဆန့်ကျင်သော လှုပ်ရှားမှုတွေ ဟိုမှ သည်မှ မကြာခဏပေါ် ထွက်နေသည်။ နောက်တော့ ကျောင်းသားထုနှင့်အတူ ပြည်သူများပါ ပါဝင်လာသည်။ တစ်ဖက်တွင်လည်း အာဏာရှင်၏ လက်ကိုင်တုတ်တွေက ပြင်းပြင်းထန်ထန် နှိပ်ကွပ်သည်။ ဖမ်းဆီးထောင်ချ နှိပ်စက်သည်။ သို့သော် ဆန့်ကျင်လှုပ်ရှားမှုတွေ ရပ်မသွား၊ အာဏာပိုင်တို့ မျက်စိဒေါက်ထောက်ကြည့်နေသည့်ကြားမှပင် မိုးရေစက်လက်ဖြင့် ကျောင်းသားလေး အစိုးရဆန့်ကျင်ရေးစာတွေတိုက်နံရံမှာ ကပ်သွားသည်။ အာဏာပိုင်များ တစ်ရွက်ဖြဲခွာလျှင် နှစ်ရွက်ကပ်သည်။ နောက်တော့ လူသတ်ပွဲတွေပေါ် လာသည်။ ဂျီသရီး၊ ဂျီဖိုးသေနတ်များဖြင့် ရက်စက်စွာ ပစ်ခတ်သည်။ အဟုတ်ပင်စစ်တပ်သည်ဗိုလ်နေဝင်းပြောသလို မိုးပေါ် ထောင်ပစ်တာမဟုတ် လက်နက်မပါ လူထုကို တည့်တည့်ပစ်လေသည်။ လူသတ်သမားတို့၏ ပြောင်းဝ၌ယမ်းငွေ့ဝေနေဆဲ သွေးညှီနံ့သည်ပလက်ဖောင်းပေါ် ထောင်းလမောင်းထအောင် လွင့်ပျံ့နေခဲ့သည်။ သို့သော် လူထုသည် နောက်ဆုတ်မသွား၊ ခွပ်ဒေါင်းအလံ ဝင့်ကိုင်သူ ကျည်ထိသွားသော်လည်း လဲပြိုမသွား၊ အလံကိုနောက်လူအားလက်ဆင့်ကမ်းသည်။ တာဝန်ကို အပ်နှင်းသည်။ မကြာပါ နှစ်ပေါင်း(၂၆)နှစ်ကြာအောင် ပြည်သူလူထုကို အမျိုးမျိုး ဖိနှိပ်အုပ်စိုးခဲ့သော အာဏာရှင်က ခြေတစ်လှမ်းဆုတ်သွားသည်။ မြန်မာ့ဒီမိုကရေစီအရေးကို ကမ္ဘာကပင် အံ့သြဘနန်းဖြစ်ရသည်။

ယင်းသို့ အာဏာရှင်စနစ်ကိုတော်လှန်ဆန့်ကျင်သော မြန်မာပြည်သူအပေါင်း၏ အုံကြွပေါက်ကွဲမှုကြီးနှင့်အတူ နှစ်ပေါင်းများစွာ ပျောက်ဆုံးနေသော လွတ်လပ်စွာသတင်းရေးသားခွင့်၊ လွတ်လပ်သော သတင်းစာတွေပေါ် ထွက်လာကြသည်။ ရှစ်လေးလုံးကာလအတွင်း အသက်ကိုလှ၍ ရိုက်နှိပ်သော ပြည်သူ့သတင်းစာအစစ်တွေကိုပြည်သူတွေ အငမ်းမရဖတ်ကြသည်။ ပြည်သူ့နှလုံးသား၊ ပြည်သူ့အသံများသည် ထိုသတင်းစာများ၌ ပုံတင်ထပ်၍နေသည်။ တစ်သားတည်းဖြစ်၍နေသည်။ ဒီမိုကရေစီအရေးတော်ပုံကြီး၏ အဖြစ်အပျက်များ၊ အာဏာရှင်တို့၏ ရက်စက်စွာ နှိမ်နင်းပုံများက ထိုသတင်းစာများ၌ သက်သေခံနေ၏။ ထိုကာလက သတင်းစာများသည် နောင်တစ်ချိန် သမိုင်းတွင်မည့် အဖြစ်အပျက်များကို မှန်မှန်မှတ်တမ်းတင်လေသည်။ သို့သော် ထိုသတင်းစာများ၏ သက်တမ်းကား မရှည်၊ ၁၉၈၈ စက်တင်ဘာ ၁၈ ရက်တွင် လူသတ်သမားတို့ အာဏာသိမ်းသောအခါ နိဂုံးတံခဲ့ရသည်။ ထို့အတူ လွတ်လပ်စွာသတင်းရေးသားခွင့် ပျောက်ဆုံးခဲ့ရပြန်သည်။




ယခုအခါ ဘယ်ကဘယ်လို ရှာဖွေသိမ်းဆည်းထားသည်မသိ။ ထို အဖိုးတန်ရတနာလေးများကို ပြုံးပြက်ဝင်းလက်မြင်လိုက်ရသည်။ ထိုကာလ သတင်းစာများကို စုစည်းထားသော **သတင်းစာတွေပြောတဲ့ ရှစ်လေးလုံးအရေးတော်ပုံ** စာအုပ်ထွက်ရှိလာခြင်းဖြစ်သည်။ တကယ့်ကို ရှားပါး သတင်းစာတွေ စုစည်းရိုက်နှိပ်ထားသည်။ ထိုစာအုပ်သည် သမိုင်းကို ပြောနေသည်။ ထိုစာအုပ်သည် ရှစ်လေးလုံးအရေးတော်ပုံကြီး၏ ပဲ့တင်သံဖြစ်သည်။ ကြေးမုံပြင်ဖြစ်သည်။ ပျောက်ဆုံးနေသော ရတနာတစ်ပါးလည်း ဖြစ်ပေသည်။ စာအုပ်တံခါးကို လှစ်ဟ၍ မျှော်ကြည့်လျှင် ခက်ခဲကြမ်းတမ်းသော မြန်မာ့ဒီမိုကရေစီခရီးကြမ်းကို တိုးလျှိုးပေါက် မြင်နိုင်သည်။ အသွေးအသားထဲ ဒီမိုကရေစီအရေး တစိမ့်စိမ့်သက်ဝင်လာအောင် ထိုစာအုပ်က ခေါ် ယူသွားပါလိမ့်မည်။ စာအုပ်ကို ရှစ်လေးလုံးအရေးတော်ပုံကြီး၌ ထဲထဲဝင်ဝင် ဦးဆောင်ပါဝင်ခဲ့သော ဦးဝင်းတင်၊ ဦးမျိုးမြင့်ညိမ်းနှင့် နောင်ကျော်တို့က အမှတ်တရအမှာများ ရေးထားသည်။ စာအုပ်ကိုတိုးမြစ်စာအုပ်တိုက်က တန်ဖိုး ၇,၀၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ကလေးစာပေရဲ့အစ

ကလေးစာပေဆိုသည်မှာ ကလေးတို့ဖတ်ရန် ရည်ရွယ်ရေးသားထားပြီး ကလေးတို့ကလည်း ကြိုက်နှစ်သက်ကြသော ဝတ္ထု၊ ကဗျာ၊ ပုံပြင် စသည့် စာပေအရေးအသားများ အကျုံးဝင်သည်။ ကလေးစာပေသမိုင်းကိုလိုက်လျှင် ပုံနှိပ်စာအုပ်များမပေါ် မီက နှုတ်ပြောဖြင့် အစဉ်အဆက်ပုံပြင်များ၊ စာပေများကို လက်ဆင့်ကမ်းသယ်ဆောင်လာမှုရှိသည်ကို တွေ့နိုင်ပြီး အချိန်ကာလအတိအကျကိုမူ ခန့်မှန်းရခက်နေသည်။ ကလေးစာပေ နိုင်ငံတကာသုတေသနအသင်းကြီး၏ အဆိုအရ ကမ္ဘာတစ်ဝန်း ပေါ် ပေါက်သောကလေးစာပေများမှာ အခြေခံလမ်းကြောင်းမှာ တစ်ခုတည်းဖြစ်သည်ဟု သိရသည်။ ယင်းမှာ ကလေးစာပေအားလုံးသည် နှုတ်ပြောပုံပြင်၊ သီချင်း၊ ကဗျာတို့မှ စတင်သည်ဟုဆိုခြင်းဖြစ်သည်။ ကလေးများအတွက် ပုံပြင်စာအုပ်များတွင် ကမ္ဘာ့ရှေးအကျဆုံးအဖြစ် သတ်မှတ်ထားရသော စာအုပ်မှာ အိန္ဒိယမှ ပဉ္စတန္တရပုံပြင်များစာအုပ်ဖြစ်သည်။ အေဒီသက္ကရာဇ် ၂၀၀ ခန့်တွင် ပေါ် ပေါက်ခဲ့သည်။

—Ref:Wiki

# တစ်ပတ်တာကံကြမ္မာ

ဩဂုတ် ၇ ရက်မှ ဩဂုတ် ၁၃ ရက် အထိ

စံဇာဏီဘို

### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ထူးခြားသော တက်လမ်းနှင့်အောင်မြင်မှုများ စဉ်ဆက်မပြတ်ဖြစ်ပေါ် မည်။ ရည်မှန်းချက်သစ်များ စနစ်တကျဆောင်ရွက်၍ တက်လမ်းများရရှိမည်။ လူမျိုးကွဲအကျိုးပေးမည်။ တိုင်းတစ်ပါးနှင့် ဆက်သွယ်လုပ်ကိုင်သည်များမှ ထူးခြားသော အောင်မြင်မှုရမည်။ လက်လွှတ်ထားသည်များ ပြန်ရမည်။ ဦးတည်ချက်ပြောင်း၍ ဆောင်ရွက်ထားသည်များမှ ကောင်းသောတိုးတက်မှုရမည်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ရန်အတိုက်အခံများကြားမှ အလုပ်ကိစ္စများ ဆောင်ရွက်နေရမည်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ပြီးမှ အရာရာအဆင်ပြေသွားမည်။ အလွယ်တကူဖြစ်ခြင်းမရှိ အခက်အခဲများကို ရင်ဆိုင်ရမည်။ မိတ်ဆွေများနှင့် ဖြစ်စေ၊ အကြီးအကဲများနှင့်ဖြစ်စေ အဆင်ပြေခြင်း၊ သဟဇာတဖြစ်ခြင်းအပေါ် မနာလိုခံရကာ ချောက်တွန်းခြင်း၊ ပြဿနာဖြစ်အောင် ဆောင်ရွက်ခြင်းများ ခံရမည်။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ကိုယ်ရေးကိုယ်တာကိစ္စထက် သူတစ်ပါးကိစ္စကို ဦးစားပေးဆောင်ရွက်ရမည်။ အများအပေါ် ဦးဆောင်ရမည်။ လူမျိုးကွဲများနှင့် ဆက်ဆံ၍ အလုပ်စီးပွားများဆောင်ရွက်နိုင်မည်။ သူတစ်ပါးနှင့်ပြိုင်၍ ဆောင်ရွက်သောကိစ္စများတွင် အသာစီးရမည်။ ကုန်ပစ္စည်းသစ်များ ဖြန့်ချိရမည်။ ဆုံးဖြတ်ချက်သစ်များ ချမှတ်ရမည်။ အခက်အခဲများကျော်လွှား၍ ထူးခြားသောလမ်းစသစ်များ ဖော်ထုတ်နိုင်မည်။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အတိုက်အခံများနှင့် ထိပ်တိုက်တွေ့ရမည်။ စိတ်ပင်ပန်းရမည်။ ရန်နှင့်ယှဉ်ပြီး အလုပ်များလုပ်ရမည်။ စာရွက်စာတမ်းလက်မှတ်ရေးထိုးခြင်း၊ လူမှုရေးကိစ္စများတွင်ကြားဝင်၍ တာဝန်ယူအာမခံခြင်းမပြုရ။ ပြဿနာများမည်။ မိသားစုကျန်းမာရေးအတွက် စိတ်ပူရမည်။ ငွေကြေးအပေးအယူကိစ္စများ အထူးသတိထား၍ ဆောင်ရွက်ရမည်။ လူမှုရေးကိစ္စများကြောင့် စီးပွားရေးနှင့် အောင်မြင်မှုတွင် ထိခိုက်တတ်သည်။

### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

လက်လွှတ်ထားသည့် ငွေကြေးများ ပြန်လည်ရရှိမည်။ ဆိုင်းငံ့ရပ်တန့်ထားသော လုပ်ငန်းများပြန်လည်လုပ်ကိုင်ရမည်။ အပြိုင်အဆိုင်များကြားမှ တက်လမ်းများပေါ် ပေါက်မည်။ နေရာပြောင်း၍ ကောင်းကျိုးပေးမည်။ လုံးဝမရရှိတော့ဟုထင်မှတ်ထားသော ငွေကြေး၊ ပစ္စည်းများ ပြန်လည်ရရှိမည်။ လုပ်ငန်းခွင်အတွင်း မူလထက်သာသော လုပ်ငန်းအခွင့်ကောင်းများ ရရှိမည်။ မြင့်မားသောအဆင်ပြေမှုများရရှိမည်။

### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အဘက်ဘက်မှကောင်းသည်။ ငွေကြေးစီးပွားရေးရာအဖြာဖြာ ကံကောင်းခြင်းရှိမည်။ ကံအထောက်အကူကောင်းများနှင့်ကြုံပြီး ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်များမှန်မည်။ အချို့သောကိစ္စများတွင် မှန်းဆထားသည်နှင့် လက်တွေ့တစ်ထပ်တည်းကျမည်။ စိတ်ကူးကောင်းနှင့် ရည်ရွယ်ချက်ကောင်းများကြောင့် လုပ်ငန်းပိုင်းတွင် အဆင့်မြင့်အောင်မြင်မှုရမည်။ မိမိအပေါ် နှစ်သက်သူများ ဝန်းရံမည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

သူများပြဿနာ ကိုယ့်ပြဿနာဖြစ်မည်။ စေတနာ ဝေဒနာဖြစ်မည်။ ရန်အတိုက်အခံများနှင့် ထိပ်တိုက်တွေ့မည်။ ငွေကုန်စိတ်ပန်း၊ လူပန်းဖြစ်မည်။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများ ဆောင်ရွက်ရင်း လူမုန်းခံရမည်။ ကိုယ်ကမည်မျှကောင်းစေ ကိုယ့်အပေါ် မကောင်းသောသူများနှင့်သာဆုံမည်။ အိမ်တွင်းရေး၊ လူမှုရေးအညံ့ရှိသည်။ ရုတ်တရက် စိတ်ပင်ပန်းမှုများကြုံမည်။ အမှုပြဿနာသတိရှိပါ။ အပြောင်းအလဲနှင့် တိုးတက်မည်။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အလုံးစုံအဆင်ပြေမည်။ စိတ်ချမ်းမြေ့ရမည်။ လူမျိုးကွဲများနှင့် ဆက်သွယ်၍ ကောင်းသော အကျိုးဆက်ရရှိမည်။ ကာလအတန်ကြာရသင့်လျက် ကြန့်ကြာနေသော ရပိုင်ခွင့်များ လက်ဝယ်ပြန်လည်ရရှိမည်။ မိသားစုနှင့်ပတ်သက်သော အလုပ်ကိစ္စများ ဦးဆောင်စီစဉ်၍ အကျိုးရှိမည်။ နေရာအပြောင်းအရွှေ့နှင့်ပတ်သက်၍ ကောင်းသည်။ ခရီးကိစ္စများ စီစဉ်အောင်မြင်မည်။ မေတ္တာရေးကံကောင်းမည်။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

မိဘအကြီးအကဲချူချာမည်။ ငွေကြေးပစ္စည်းအပျောက်အရှများမည်။ နေရာအပြောင်းအရွှေ့ပြုရင်း အကုန်အကျအပျောက်အရှများမည်။ လူမှုရေး၊ အိမ်တွင်းရေးကိစ္စတွင် စိတ်ငြိုငြင်စရာများ ဖြစ်ပေါ် မည်။ လူယုံဒုက္ခပေးတတ်သည်။ အလိုက်မသိသော ဉာဏ်သည်များကြောင့် အလုပ်ပျက်ခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်ခြင်းကြုံမည်။ ခင်မင်မှုကို အခွင့်ကောင်းယူ၍ ကိုယ်ကျိုးရှာသူများကြောင့် စိတ်အနှောင့်အယှက်ဖြစ်မည်။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အခက်အခဲများကိုကျော်လွှား၍ ထူးခြားသောတက်လမ်းများ ရရှိမည်။ စုပေါင်းတွဲဖက်လုပ်သောကိစ္စများမှ ထင်ရှားသော တက်လမ်းများရမည်။ ငွေကြေးအစုလိုက်ဝင်မည်။ အတိုက်အခံနှင့်ယှဉ်ပြီးလုပ်သောကိစ္စများမှ ထူးခြားသော တိုးတက်မှုရမည်။ ပျိုရွယ်သူများ စန်းပွင့်မည်။ မူလချစ်သူထက် အစစအရာရာမြင့်သော ချစ်မေတ္တာရေးရာများပေါ် ၍ ရှေ့တိုးရအခက် နောက်ဆုတ်ရအခက် ဒွိဟဖြစ်စရာများကြုံမည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အိမ်တွင်းရေးပဋိပက္ခများ အရှိန်အဟုန်ပြင်းစွာ ဖြစ်တတ်သည်။ ရန်ပြဿနာမဖြစ်လို၍ ရှောင်လွှဲနေသည့်တိုင် အတင်းလိုက်လံပတ်သက်ပြီး ပြဿနာဖြစ်အောင် လှုံ့ဆော်ဒုက္ခပေးသောသူများနှင့်တွေ့မည်။ လုပ်ငန်းတူများ၏ နှောင့်ယှက်မှုခံရမည်။ မိတ်ဆွေရင်းချာများ၏ စကားမတည်မှုကြောင့် စိတ်သောကဖြစ်စရာများကြုံမည်။ အရေးကြီးသော စာရွက်စာတမ်းများ ပျောက်ရှတတ်သည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ပြောင်းလဲနေသော အခြေအနေအရပ်ရပ်နှင့် လိုက်လျောအောင် ဆောင်ရွက်၍ အကြံသစ်၊ ရည်ရွယ်ချက်သစ်များ အကောင်အထည်ဖော်ရမည်။ ခက်ခဲသော ပြဿနာများ ဖြေရှင်းရမည်။ မိမိပိုင်၊ မိသားစုပိုင် ဆုံးရှုံးနစ်နာထားသော အခွင့်အရေးများပြန်ရမည်။ ငွေကြေးစီးပွားကံကောင်းမည်။ လူမျိုးကွဲ၊ လူမျိုးခြား တိုင်းတစ်ပါးနှင့် ဆက်ဆံသော လုပ်ငန်းများမှ အကျိုးကောင်းများရရှိမည်။ မျက်နှာပွင့်လန်းမည်။ စန်းပွင့်မည်။

7 DAY NEWS JOURNAL
Vol.12, No.22 • AUGUST 7 , 2013



# 7DAY PUZZLE


ပဟေဠိ အမှတ်စဉ်(၂၄၅)

## အလျားလိုက်

၃။ လက်တွေ့လေ့ကျင့်သင်ကြားခြင်း အစီအစဉ်
၇။ ဆေးခြောက်ကို တရားဝင်ထုတ်လုပ်ရောင်းခွင့် ပေးသော နိုင်ငံတစ်နိုင်ငံ
၉။ ဆယ်ကျော်သက်များ ဦးနှောက်ထိခိုက်နိုင်သောအရာ
၁၀။ နှီးနှောဖလှယ်ပွဲလုပ်မည့်သူများ
၁၁။ မြန်မာများပါ စီးနင်းနိုင်သော အပျော်စီးသင်္ဘောလိုင်း
၁၂။ အရှေ့အလယ်ပိုင်းတွင် လူအသေအပျောက် ဖြစ်စေသောဗိုင်းရပ်စ်


## ဒေါင်လိုက်

၁။ ပြည်တွင်း၌ မတိုင်းတာနိုင်သေးသောအရာ
၂။ ရောင်းအားကျလာသောနည်းပညာပစ္စည်း
၄။ ကမ္ဘာ့အပါးလွှာဆုံးဖုန်းထုတ်သော ကုမ္ပဏီ
၅။ နယ်မြို့ ယာဉ်တိုက်မှုများတွင် သေဆုံးသူအများစု
၆။ ကျောတစ်ခင်းစာ ခက်လာသောမြို့
၈။ ပြည်ထောင်စုလွှတ်တော်နာယက လွှဲပြောင်းရယူသူ



ယခင်တစ်ပတ်
7 Day Puzzle ကဏ္ဍ
စီစဉ်ရာတွင် Computer
Error ဖြစ်ခဲ့ပြီး
ပြန်လည်စစ်ဆေးရန်
ပျက်ကွက်ခဲ့ခြင်းအတွက်
တောင်းပန်အပ်ပါသည်။

ပဟေဠိ အမှတ်စဉ်(၂၄၄)အဖြေမှန်




အမည် .............................. မှတ်ပုံတင်အမှတ် ..............................
နေရပ်လိပ်စာ ..............................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည် ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၉-၈-၂၀၁၃ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ ဘုရှ်း

## Free Classified

အခမဲ့ကြော်ငြာကဏ္ဍ

**ခရုအိမ်**

အဆင့်မြင့် ခန်းဆီးလိုက်ကာနှင့် ကူရှင် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ အမှတ် (W-2)၊ ရန်ကင်းပန်းခြံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၃၀၃၇၇၇၆
၀၉-၇၃၂၀၄၃၇၄

**သင်ကြားသည်**

သူငယ်တန်းမှ အဋ္ဌမတန်းအထိ ဘာသာစုံ (သို့) တစ်ဘာသာချင်း Guide လုပ်ပေးသည်။ အိမ်လိုက်သင်သည်။
ဖုန်း-၀၉-၃၁၄၁၇၉၁၉

**ဝယ်လိုသည်**

ရန်ကင်းမြို့နယ် ရန်အေးအိမ်ရာအတွင်း မြေညီထပ်ဝယ်လိုသည်။ အခန်းရှင်များ ဆက်သွယ်ပါ။
ဖုန်း-၀၉-၄၃၀၈၃၇၈၁

**အိမ်ငှားမည်**

အင်းစိန်၊ ဆိတ်ငြိမ်ရပ်ကွက်၊ RC ၂ထပ်၊ 3MBR။
ဖုန်း-၀၉-၅၄၁၇၉၃၀

**သင်တန်း**

Super Magnetic အနုပညာသင်တန်းကျောင်းမှ အနုပညာဝါသနာပါသော လူငယ်များအတွက် Model၊ Dancer ၊ Vocal၊ Presenter သင်တန်းများကို သင်ကြားနေပါသည်။
ဖုန်း-၀၉-၂၂၈၃၈၀

**ရောင်းမည်**

တာမွေမြို့နယ်အတွင်း Digital လိုင်းဖုန်း ရောင်းရန်ရှိသည်။
ဖုန်း-၀၉-၅၄၁၇၆၅၈

**ဇီဝဗေဒအထူးပြုသင်ကြားပေးမည်**

တက္ကသိုလ်ဝင်တန်း ဇီဝဗေဒကို သင်ကြားမှုအတွေ့အကြုံ၁၅နှစ်ရှိမဟာသိပ္ပံဆရာက သင်ကြားပေးမည်။
ဖုန်း- ၀၉ ၄၂၂၅၃၈၃၉၆

**Home Visit Teaching**

LCCI Level I, II & III, MYOB.
PH: 09 5200974

**IGCSE**

Foreign & Local Teacher IGCSE/ GCE 'O'(all subjects),BCA,SAT, IELTS, TOEFL, Maths Courses, English Courses, Grammar.
PH: 09 5139298

**သင်ကြားပေးသည်**

Int'l School (Primary & Secondary Levels)(All Subjects)(AEIS,PSLE, IELTS,TOEFL,SAT) ,Teacher Bryan M.E
PH: 09 420070692

**သင်ကြားပေးသည်**

-၅၊၆၊၇ တန်း။ International School (P1 to P6) အိမ်အရောက်သင်သည်။ (သချ်ာသီးသန့်)
ဖုန်း- ၀၉ ၄၂၅၃၀၇၄၈၃

**ရောင်းမည်**

လမ်းမတော်၊ သံဈေးပလာဇာ (1700Sqft),1MBR,2BR,ပါကေး,FF,ပြင်ဆင်ပြီး ငှား- 8L
PH: 09 73147793

**ရောင်းမည်**

၇ မိုင်၊ သီရိမာလာလမ်း၊ ပေ (၆၀× ၉၀) 2 RC,4MBR,FF,အဆင့်မြင့်ပြင်ပြီး၊ ငှားမည်-500L,
PH: 09 73147793

**ရောင်းမည်**

၁။ ပါရမီလမ်းမပေါ် ပေ ၉၀×၉၀ ညှိနှိုင်း ၂။ ကုစ္ဆိတံအိမ်ရာ ပေ ၄၀×၈၀ RC-2 5500LS. ၃။ ဝေဇယန္တာဥယျာဉ် ပေ ၇၀× ၁၀၀ မြေ 9200LS.
PH: 09 420063858

**အကျိုးတူလုပ်ငန်း**

"မြန်မာ့မြေ"အိမ်ခြံမြေလုပ်ငန်းစုသို့ အကျိုးတူ ကွန်ဒို/တိုက်ခန်း/အိမ်ရာများ ဆောက်လုပ်ချင်သော မြေရှင်များ စုံစမ်းဆက်သွယ်မေးမြန်းနိုင်ပါသည်။
ဖုန်း-၀၉-၇၃၁၄၇၇၉၃

**ရောင်းမည်**

၄။ မလိခအိမ်ရာ ပေ ၃၃×၁၀၀ မြေ 3800LS.
PH: 09 420063858

**ရောင်းမည်**

၈ မိုင်၊ ရွှေနှင်းဆီလမ်း ပေ ၄၅× ၇၀၊ 2RC, 2MBR,2BR,ပြင်ပြီး ငှား-13L .
PH: 09 73147793

**ရောင်းမည်**

၁။စမ်းချောင်း၊ ခတ္တာလမ်း ပေ (၇၅× ၁၁၅) 2RC,ဂရန်။ ရောင်းဈေး-13000L
၂။ ဗဟန်း၊ ဝင်္ကဘာလမ်း၊ ပေ (၄၀×၉၀) ဂရန်မြေ။ ရောင်းဈေး-9800L
PH: 09 73147793

**ဝယ်လိုသည်**

ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းအနီးနှင့် ကမ္ဘာအေးဘုရားလမ်းအနီးရှိ မြေကွက်များဝယ်လိုသည်။
ဖုန်း- ၀၉ ၇၃၁၄၇၇၉၃

**ရောင်းမည်**

ဗဟန်း၊ တက္ကသိုလ်ရိပ်မွန် ပေ (၈၀× ၈၀) 2RC, 5MBR, FFအဆင့်မြင့်ပြင်ပြီး၊ ငှား-40L
ဖုန်း- ၀၉ ၇၃၁၄၇၇၉၃

**ဆန်းသစ်**

ရေခဲသေတ္တာ၊ အဲယားကွန်း၊ အဝတ်လျှော်စက်၊ ပြုပြင်/ရောင်းဝယ်၊ တပ်ဆင်၊ဆေးကြောသည်။ စက်ရုံ၊ အိမ်၊ လျှပ်စစ်မီးသွယ်တန်းပေးသည်။
ဖုန်း- ၀၉ ၄၂၀၈၇၉၁၃

**UNIQUE GUITAR WORKSHOP**
**SALES & REPAIR CENTRE**

Hand Made Guitar၊ နိုင်ငံခြား ဂစ်တာများ ပြုပြင်ခြင်းတို့ကို အထူးဝန်ဆောင်မှုပေးနေပြီ။
ဖုန်း-၀၉-၄၃၀၉၃၃၆၁

**COMPUTER TYPING SERVICE**

A4 1 PAGE-K 160 (ABOVE 150 PAGE-S)
ADD: 4/12, AUNGMINGALAR (1st) ST., WARD(4), MAYANGONE.
PH: 09-43120092

**ယာဉ်မောင်းဝန်ဆောင်မှု**

ယာဉ်မောင်းလိုအပ်သူများ၊ ယာဉ်မောင်းလုပ်ကိုင်လိုသူများ ဆက်သွယ်ပါ။ မော်တော် ယာဉ်မောင်းသူများ အသင်း (ရန်ကုန်)။
ဖုန်း-၀၁-၅၂၄၄၄၆

**ကွန်ပျူတာဆားဗစ်**

ဖုန်းကတ်ပျက် လျှောက်အင်တာနက် လျှောက်ဝန်ဆောင်မှု၊ စာစီစာရိုက်၊ မိတ္တူဝန်ဆောင်မှုပေးပါသည်။(ရန်ကုန်)
ဖုန်း- ၄၀၁၅၂၇၇၃၇

**Website ရေးဆွဲပေးသည်**

လူကြီးမင်းတို့အတွက် စိတ်ကြိုက် Website များကို ရေးဆွဲပေးနေပါသည်။
ဖုန်း-၀၉-၄၀၂၇၇၃၈၃၈

**ဝန်ဆောင်မှု**

ကွန်ပျူတာနှင့် ပတ်သက်သည့် Window, Software, Virus, Network, Game စသည်တို့ကို ဝန်ဆောင်မှုပေးသည်။(Si Thu)
ဖုန်း - ၀၉-၄၂၀၁၁၀၂၄၇

**ဝန်ဆောင်မှု**

နိုင်ငံခြားဇာတ်လမ်းများနှင့် ရုပ်သံဇာတ်လမ်းတွဲများကို ဘာသာပြန်ပေးခြင်း၊ Quality အကောင်းဆုံး အရုပ်/ အသံ Result ရအောင် Subtitling ပြုလုပ်ပေးခြင်းများကို ဝန်ဆောင်မှုပေးပါသည်။
ဖုန်း-၀၉-၇၃၁၂၁၂၆၃

**နိုင်ငံခြားသွား အင်္ဂလိပ်စကားပြော**

အခြေခံအင်္ဂလိပ်စကားပြော၊ သဒ္ဒါ၊ ဈေးဝယ်ခြင်းအလုပ်ခွင်အင်တာဗျူး တစ်ဦးချင်းသီးသန့်နှင့် IISC GRADE II,III,IV Study Guide သင်ကြားပေးသည်။
ဖုန်း- ၀၉ ၄၂၁၀၆၈၂၇၅

**သင်ကြားပေးသည်**

International School, Primary 1-6 အစိုးရကျောင်း၊ ကိုယ်ပိုင်ကျောင်းသားများ၅တန်းမှ၁၀တန်းအထူးသီးသန့်သင်သည်။ ဖုန်း- ၀၉ ၇၃၀၇၇၃၀၁

**သင်ကြားပေးသည်**

Teaching & Study Guide
၁၀ တန်း ကျောင်းသားများအတွက် သချ်ာသီးသန့် အိမ်အရောက်သင်ကြားပေးသည်။
ဖုန်း- ၀၉ ၄၂၀၀၃၀၈၇၈

**တရုတ်စာသင်တန်း**

တရုတ်စာအခြေခံမရှိသေးသော ကျောင်းသူ/သား၊ရုံးဝန်ထမ်းများနှင့် အခြေခံရှိပြီးသူများအတွက် တရုတ်စာ 4 SKills တတ်မြောက်စေရန် မူလတန်း ပုံမှန်သင်တန်းနှင့် စကားပြောသင်ရိုးတန်းများကို သင်ကြားပေးသည်။
ဖုန်း- ၀၉ ၄၅၀၀၆၂၂၄၈

**ပညာ့ဆာယာ**

မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား၊ ကျောင်းသူများကို တစ်ဦးချင်းဖြစ်စေ၊ ဝိုင်းလိုက်ဖြစ်စေ ဘာသာစုံ၊ တစ်ဘာသာချင်း သင်ကြားပြသလမ်းညွှန်ပေးပါသည်။
ဖုန်း-၀၉-၄၂၀၀၃၀၈၇၈

**Home Visit Teaching**

LCCI Level I, II & III, MYOB.
Teacher-Ma Ei
PH: 09 5200974

**အသားအရေဖြူစင်ဆေး**

သဘာဝထွက်ပစ္စည်းကို သွေးလိမ်းခြင်းဖြင့် သင်၏အသားအရေကို အံ့သြလောက်အောင် ဖြူစင်ဝင်းပစေပြီး သနပ်ခါးကဲ့သို့ သုံးစွဲနိုင်ပါသည်။
ဖုန်း- ၀၉ ၄၃၀၄၃၂၀၃

**ဝက်ခြံပျောက်ဆေး**

အော်ဂဲနစ်၊ ဆေးဘက်ဝင် သဘာဝထွက်ပစ္စည်းစိတ်ချယုံကြည်စွာ သွေးလိမ်းခြင်းဖြင့် ဝက်ခြံပျောက်ကင်းစေမည်။
ဖုန်း- ၀၉ ၄၃၀၄၃၂၀၃

**တက္ကသိုလ်ဟန်မင်းဦး**

သရုပ်ဆောင် သင်တန်းပေး၍ တေးသီချင်း၊ VCDနှင့် ဗီဒီယိုဇာတ်ကားများ ရိုက်ကူးမည်ဖြစ်၍ သရုပ်ဆောင်လိုသော မျက်နှာသစ်ဝါသနာရှင်များ အမြန်ဆက်သွယ်နိုင်သည်။
ဖုန်း- ၂၂၇၁၉၉

**ငွေးအထပ်သားလုပ်ငန်း**

ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါသည်။
ဖုန်း- ၀၉ ၄၂၅၂၉၅၆၄၁

7 DAY NEWS JOURNAL
Vol.12, No.22 · AUGUST 7 , 2013

စာမျက်နှာ (၂၆) မှ

## ကိုယ့်အသက် ကိုယ်တိုင်စောင့်ကြသည်

လေယာဉ်စီးရင်လည်း စိတ်မချကြရ။ ရေကြောင်းသွားရင်လည်း စိတ်မချကြရ။ နောက်ဆုံး လမ်းလျှောက်ရင်တောင် စိတ်မချကြရလေတော့ ကိုယ့်အသက်ကိုယ်တိုင်စောင့်နေကြရသည့် ပြည်သူတွေခမျာ ပင်ပန်းလှပါသည်။ ကိုယ့်အိမ်အတွင်းမှာ ကိုယ်နေထိုင်သည် မှန်သော်လည်း ပတ်ဝန်းကျင်၏ကောင်းဆိုးနှစ်ဖြာ သက်ရောက်မှုများကိုခံကြရသည်။ ကိုယ့်ရာထူး၊ ကိုယ့်အလုပ်နှင့် မအပ်စပ်သော အပိုတာဝန်များကြောင့်လည်း ကိုယ်ပိုင်စွမ်းအင်များ၊ အချိန်များ ဆုံးရှုံးကြရသည်။

“ခုဆိုရင် ပုဂ္ဂလိကဆေးခန်းတော်တော်များများက ဆေးရုံဖြစ်လာကြတယ်။ ပိုင်ရှင်တွေကို မနာလိုလို့ ပြောတာ မဟုတ်ပါဘူး။ ရပ်ကွက်ထဲမှာ အိမ်ခြေခပ်စိပ်စိပ်ထဲမှာ ဆေးရုံတွေပေါ်လာတော့ တချို့ဆေးရုံတွေရဲ့ သန့်ရှင်းရေးအားနည်းချက်တွေကြောင့် ပတ်ဝန်းကျင်မှာ အနံ့အသက်မကောင်းတာတွေ၊ နေ့စဉ်ရှူနေကြရတာမျိုးတွေ ရှိပါတယ်။ ဥပမာတစ်ခုအနေနဲ့ ပြောပြတာပါ။ ဒီလိုပုံစံ ဘာမဆိုင်၊ ညာမဆိုင် နစ်နာကြရတဲ့ ပြည်သူတွေကြားက အဖြစ်အပျက်တွေ အများကြီးရှိပါတယ်”ဟု မိတ်ဆွေတစ်ဦးက ပြောပြပါသည်။

“ကျွန်တော်တို့ တက္ကသိုလ်ဝန်းကျင်မှာ စာမေးပွဲနီးရင် ခိုက်ရန်ဖြစ်ပွားမှုတွေ အရင်တုန်းကထက် ပိုပြီးဖြစ်လေ့ရှိတာကြောင့် စာမေးပွဲရက်တွေမှာ ဆရာ၊ ဆရာမတွေ ကိုယ်တိုင်တက္ကသိုလ်အနီးလမ်းမတွေမှာ ကျောင်းသား၊ ကျောင်းသူတွေအတွက် ညဘက်လုံခြုံရေး တာဝန်ထမ်းဆောင်ကြရပါတယ်။ ပြီးခဲ့တဲ့နှစ်ပိုင်းကဆိုရင် တက္ကသိုလ်နဲ့ နှစ်မိုင်ကျော်ဝေးတဲ့ ရဲကင်းတွေမှာလည်း အလှည့်ကျလုံခြုံရေးတာဝန်ကို ထမ်းကြရပါတယ်။ ရဲကားတွေနဲ့ ကင်းလှည့်လိုက်ကြရပါတယ်။ ည ၁၀ နာရီကျော်လောက်မှ ကိုယ့်အိမ်ကို ကိုယ့်ဆိုင်ကယ်နဲ့ပြန်ကြပါတယ်။ အဲဒီအချိန်ဆို လမ်းမှာလူပြတ်နေပါပြီ။ ကိုယ့်လုံခြုံရေးအတွက်ကျတော့ ဘယ်သူမှလိုက်ပြီး တာဝန်ယူမယ့်သူမရှိပါဘူး စာမေးပွဲအချိန်ဆို ညဘက်လုံခြုံရေးတာဝန်ချတတ်လို့ စာမေးပွဲရက်ရောက်မှာတောင် ကြောက်နေရတယ်”ဟု တက္ကသိုလ်ဆရာတစ်ဦးက ပြောပြသည်။

“ကျောင်းသူအဆောင်ရှေ့မှာ ကျောင်းသားတစ်ယောက် မူးပြီးသောင်းကျန်းနေလို့ မြို့ထဲက ရဲစခန်းနှစ်ခုကို ဖုန်းဆက်ပြီး အကူအညီတောင်းတယ်။ နီးစပ်ရာရဲကင်းနှစ်ခုကို လူကိုယ်တိုင်သွားခေါ်တယ်။ လူကြီးခရီးစဉ်နောက်လိုက်သွားရလို့ အင်အားနည်းနေလို့ဆိုပြီး ပြောလွှတ်တယ်။ တစ်နာရီလောက်ကြာသည်အထိ ဘယ်ရဲမှ ရောက်မလာတာနဲ့ ရပ်ကွက်လူကြီး ခေါ်အပ်လိုက်ရတယ်။ အစိုးရနဲ့ ပူးပေါင်းလုပ်ကိုင်နေတဲ့ စီမံကိန်းတွေမှာတော့ စစ်သားတွေ၊ ရဲတွေအပြည့်အစုံနဲ့ အချိန်ပြည့်လုံခြုံရေးရှိနေတာကို တွေ့ကြရတော့ မစဉ်းစားတတ်အောင် ဖြစ်ရပါတယ်” ဟု မိတ်ဆွေတစ်ဦးက ပြောသည်။

မြို့ကြီးပြကြီးများတွင်လည်းကောင်း၊ မြို့ငယ် ရွာငယ်များတွင်လည်းကောင်း၊ ဝေးလံခေါင်ဖျားနှင့် ဆက်သွယ်ကူးသန်းရေး ခက်ခဲသောဒေသများတွင်လည်းကောင်း၊ ပြည်သူအများစုသည် မိမိတို့၏ အသက်အိုးအိမ်၊ စည်းစိမ်ချမ်းသာ ဘေးကင်းလုံခြုံစိတ်ချရရေးအတွက် အဓိကအားဖြင့် မိမိတို့ကိုယ်တိုင် စောင့်ရှောက်ကာကွယ်ဖြေရှင်းနေကြရပါသည်။ ဒီကြားထဲကမှ မိမိတို့ မစွမ်းဆောင်နိုင်သော၊ မတားဆီးနိုင်သော၊ အစိုးမရသော၊ မမျှော်လင့်ထားသော အန္တရာယ်အသွယ်သွယ်တို့ကြောင့်လည်း မိမိတို့ အသက်ကို မိမိတို့ကိုယ်တိုင် လုံ့လ၊ ဝီရိယပိုမိုအားစိုက်ကာ စောင့်ကြပ်နေကြရပါသည်။

စာမျက်နှာ (၇) မှ

## ကျွန်းပြန်များပြောသည့် ကိုကိုးကျွန်းနိဂုံး

ယင်းကဲ့သို့ အာဏာရှင်စနစ်၏ စီမံကိန်းတစ်ခု ဖျက်သိမ်းရေး အစာငတ်ခံဆန္ဒပြခဲ့သူများတွင် တစ်ကျွန်းပို့အကျဉ်းချထိန်းသိမ်းထားသည့် ဗမာပြည်ကွန်မြူနစ်ပါတီ၊ ကွန်မြူနစ်ပါတီ (ဗမာပြည်) အလံနီ၊ အလုပ်သမားညီညွတ်ရေးပါတီ၊ ကျောင်းသားသမဂ္ဂများ အလုပ်သမား၊ ကဗျာဆရာ၊ စာရေးဆရာများနှင့် ကျောင်းသားရဲဘော်များ စသည့် အာဏာရှင်အစိုးရကို ပုံစံအသီးသီးဖြင့် ဆန့်ကျင်နေသူများ ပါဝင်ခဲ့ကြသည်။

၄င်းအတိုက်အခံများကို ဖမ်းဆီးရာတွင်လည်း ပြစ်မှုဆိုင်ရာဥပဒေပုဒ်မဟုတ်၍ သတ်မှတ်ဖမ်းဆီးခြင်းမဟုတ်ဘဲ လိုသလိုထပ်မံအတည်ပြုသက်တမ်းတိုးမြှင့်နိုင်သည့် အရေးပေါ်စီမံမှုဥပဒေပုဒ်မ ၅(ည)ဖြင့် ထိန်းသိမ်းခဲ့ခြင်းဖြစ်သည်ဟုလည်း ကိုကိုးကျွန်းပြန်များကဆိုသည်။ အများစုမှာ ကျွန်းသို့မပို့မီ အင်းစိန်ထောင်တွင် တိုက်ပိတ်ခြင်းခံထားသူများလည်းဖြစ်ကြသည်။

“ကျွန်တော်က ဇူလိုင် ၇ ရက် အရေးတော်ပုံမှာ အဓိပတိလမ်းမှာ သေနတ်နဲ့ပစ်ခံရတာ။ မသေဘဲကျန်တဲ့ သူထဲကတစ်ယောက်ဖြစ်တယ်။ ၆၃ ငြိမ်းချမ်းရေး ဆွေးနွေးပွဲပျက်တော့ ပြည်ခရိုင်ဗကသအနေနဲ့ လှုပ်ရှားရင်းအဖမ်းခံရတာ”ဟု ဦးချိုက အတွေ့အကြုံကို ပြန်လည်၍ ပြောပြသည်။

ကိုကိုးကျွန်းသည် အိန္ဒိယသမုဒ္ဒရာအတွင်း မြန်မာ့ကမ်းရိုးတန်းမှ မိုင် ၁၉၀ ခန့်အကွာတွင် တည်ရှိသည်။ ၁၉၅၈ ခုနှစ်တွင် ကိုကိုးကျွန်းအကျဉ်းစခန်းကို စတင်ခဲ့ပြီး ၁၉၅၉ ခုနှစ်တွင် ယာယီပိတ်ထားခဲ့သည်။ ၁၉၆၂ ခုနှစ် မတ်လတွင် အာဏာသိမ်းပြီးနောက် ဗိုလ်ချုပ်နေဝင်းအစိုးရသည် ခေါင်းအမာဆုံးလက်ဝဲနိုင်ငံရေးအကျဉ်းသမားအများစုပါဝင်သော အတိုက်အခံအင်အားစုများကို ကိုကိုးကျွန်းပို့ကာ ထိန်းသိမ်းခဲ့သည်။

> **အာဏာရှင်စနစ်များ၏ ဖိနှိပ်မှုများကို ကျွန်းပေါ်ရှိ နိုင်ငံရေးအကျဉ်းသမားက နည်းလမ်းမျိုးစုံဖြင့် တုံ့ပြန်ခဲ့ကြသည်။ အစာငတ်ခံတိုက်ပွဲကား အမြင့်ဆုံးတုံ့ ပြန်မှုပင်ဖြစ်သည်။ ကျွန်းပေါ်တွင် အစာငတ်ခံတိုက်ပွဲ လေးပွဲဖြစ်ပွားခဲ့သည်။ ကိုကိုးကျွန်းကိုယ်ထူကိုယ်ထအကျဉ်းစခန်းလုံးဝဖျက်သိမ်းရေးအတွက် ၅၃ ရက်ကြာ အစာငတ်ခံတိုက်ပွဲကြီးကို နောက်ဆုံး အပြီးသတ်အနေဖြင့် ၁၉၇၁ ခုနှစ် ဇွန်လ ၁၁ ရက်မှစတင်တိုက်ပွဲဝင်ခဲ့ကြခြင်းလည်းဖြစ်သည်။**

ထိုသို့ပို့ဆောင်ထိန်းသိမ်းခဲ့သူများတွင် ဗန်းမော်တင်အောင်၊ မြသန်းတင့်၊ လူထုစိန်ဝင်း၊ ဗဒိုမန်းငြိမ်းမောင် စသူတို့လည်း အပါအဝင်ဖြစ်သည်။

အာဏာရှင်စနစ်များ၏ ဖိနှိပ်မှုများကို ကျွန်းပေါ်ရှိ နိုင်ငံရေးအကျဉ်းသမားက နည်းလမ်းမျိုးစုံဖြင့် တုံ့ပြန်ခဲ့ကြသည်။ အစာငတ်ခံတိုက်ပွဲကား အမြင့်ဆုံးတုံ့ပြန်မှုပင်ဖြစ်သည်။ ကျွန်းပေါ်တွင် အစာငတ်ခံတိုက်ပွဲ လေးပွဲဖြစ်ပွားခဲ့သည်။ ကိုကိုးကျွန်းကိုယ်ထူကိုယ်ထအကျဉ်းစခန်းလုံးဝဖျက်သိမ်းရေးအတွက် ၅၃ ရက်ကြာ အစာငတ်ခံ တိုက်ပွဲကြီးကို နောက်ဆုံးအပြီးသတ်အနေဖြင့် ၁၉၇၁ ခုနှစ် ဇွန်လ ၁၁ ရက်မှစတင်တိုက်ပွဲဝင်ခဲ့ကြခြင်းလည်းဖြစ်သည်။

“ရေမှလွဲ၍ အခြားစားသောက်ခွင့်မရှိဘူး။ ဆေးကုသခွင့်လည်း မရှိဘူး။ တိုက်ပွဲဝင်တာကိုး။ တစ်ပတ်တစ်ကြိမ် ထောင်ပိုင်နဲ့ ဆရာဝန်ကလာကိုယ်အလေးချိန်တိုင်းတော့ အလေးချိန်ကျသွားတယ်”ဟုဦးတင်အောင်က အစာငတ်ခံတိုက်ပွဲ အတွေ့အကြုံကို ပြောသည်။

ယင်းသို့ တိုက်ပွဲဝင်ရာတွင် ဗိုလ်ချုပ်နေဝင်း၏ အာဏာရှင်မူဝါဒနှင့် ထိပ်တိုက်ရင်ဆိုင်ရခြင်းဖြစ်သည့်အတွက် အကျအဆုံးရှိမည်။ သို့ရာတွင် အာဏာရှင်စနစ်ချုပ်ငြိမ်းရေးအတွက် အသေခံစိတ်ဓာတ်ဖြင့် တိုက်ပွဲဝင်ခဲ့ကြခြင်းဖြစ်သည်ဟုလည်း ကိုကိုးကျွန်းပြန်များကဆိုသည်။

ပထမအသုတ်တွင် ၁၀ ယောက်၊ ဒုတိယအသုတ် ၁၀ ယောက်၊ တတိယအသုတ်တွင် ကိုးယောက်စီ အားဖြည့်၍ ၅၃ ရက် အစာငတ်ခံတိုက်ပွဲဝင်ခဲ့ကြသည်။

“ကျွန်းကိုလှိုင်းရိုက်သံကတဝုန်းဝုန်းနဲ့ မုန်တိုင်းကပြင်းလာသလို တိုက်ပွဲကလည်း ပိုပြင်းလာတယ်”ဟု ဦးချိုက ဝင့်ကြွားစွာပြောသည်။

၃၇ ရက်အကြာတွင် အလုပ်သမားသမဂ္ဂမှ ကိုသိန်းကြည်ကျဆုံးခဲ့သည်။ ကျွန်းတာဝန်ရှိသူများ လာရောက်ညှိနှိုင်းသော်လည်း ပြေလည်မှုမရသေး။

ယင်းနောက်ပိုင်းတွင် ရေတပ်မှ ရဲဘော်အုံးမော်၊ ပြည်ခရိုင်ဗကသကို ချစ်ဆွေ၊ ကိုစိန်ချင်း၊ ကိုထွန်းမြင့်(အမှုထမ်းပေါင်းစုံသမဂ္ဂ)၊ ကိုလေးမောင်နှင့် ကိုမောင်မောင်စိုး (မန္တလေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ) နှင့် လေတပ်မှ ရဲဘော်ထွန်းဝင်းတို့ တစ်ယောက်ပြီး တစ်ယောက် ကျဆုံးခဲ့ကြသည်။

၅၃ရက်ကြာပြီးနောက် အာဏာပိုင်များနှင့် ညှိနှိုင်းမှုတစ်ခုရယူနိုင်ခဲ့ကြသည်။ အကျဉ်းသားများကို အင်းစိန်ထောင်သို့ ရွှေ့ပြောင်းပေးမည်ဟုဖြစ်သည်။

“သုံးသုတ်ခွဲပြီး ပြန်ပို့လိုက်တယ်။ အဲဒီနောက်ပိုင်းမှာ ကိုကိုးကျွန်းကို အကျဉ်းသားတွေပို့တာမရှိတော့ဘူး”ဟုဦးတင်အောင်က ဆိုသည်။

အစာငတ်ခံတိုက်ပွဲတွင် ကျဆုံးခဲ့သူ ရှစ်ဦးကို ဂုဏ်ပြုအခမ်းအနားဖြင့် ကျွန်းပေါ်တွင်မြှုပ်နှံခဲ့ကြသည်။

ဤတွင် ကိုကိုးကျွန်းအဆုံးသတ်လေသည်။ သို့သော် နာမည်ဆိုးနှင့်ကျော်ကြားသည့် အင်းစိန်အကျဉ်းထောင်ကြီးက ထို့နောက်ပိုင်းခေတ်၊ ၁၉၈၈ နောက်မှစတင်ကာ နိုင်ငံရေးသမား တက်ကြွလှုပ်ရှားသူများကို ဖိနှိပ်ရာအဓိကနေရာတစ်ခုဖြစ်လာတော့သည်။

သို့သော်လည်း သမ္မတဦးသိန်းစိန်၏ အစိုးရသစ်လက်ထက်တွင် အကျဉ်းသားများကို လွှတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်မှာ ၁၁ ကြိမ်တိုင်ရှိပြီဖြစ်သည်။ လွှတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်ခဲ့ကြသော သောင်းနှင့်ချီသည့် အကျဉ်းသားများထဲတွင် နိုင်ငံရေးအကျဉ်းသားဟု သတ်မှတ်ထားသည့် အင်းစိန်အကျဉ်းထောင်အပါအဝင် နိုင်ငံအနှံ့ရှိ အကျဉ်းထောင်များမှ အကျဉ်းသား ၁,၀၀၀ ခန့်ပါဝင်သည်။

သို့သော် နိုင်ငံရေးအကျဉ်းသား ၁၀၀ ခန့်မှာ အကျဉ်းထောင်များအတွင်း ကျန်နေဆဲဖြစ်သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်က နိုင်ငံရေးအကျဉ်းသားအားလုံးကို ၂၀၁၃ ခုနှစ် မကုန်မီ လွှတ်ပေးသွားမည်ဟု ပြောကြားထားသည်။

သို့သော် လက်ရှိနိုင်ငံရေးအပြောင်းအလဲများကိုတစ်ကျွန်းပြန်ဦးတင်အောင်ကယခုကဲ့သို့ ပြောလေသည်။ “ကျွန်းဖျက်သိမ်းခဲ့တာ ၄၂ နှစ်ကြာခဲ့ပေမဲ့ လက်ရှိနိုင်ငံရေးဟာစစ်အာဏာရှင်စနစ်ကို အသွင်ပြောင်းထားတဲ့ အခြေအနေပဲရှိသေးတယ်။ ငြိမ်းချမ်းရေးမရသေးဘူး။ အခြေခံဒီမိုကရေစီရေးအပြည့်အဝမရသေးဘူး။ လူထုစီးပွားမချောင်လည်သေးဘူး။ တိုင်းရင်းသားတွေရဲ့အခွင့်အရေး မရသေးဘူး”



## JOKE

### တက္ကဆက်ဥပဒေ

မြို့ကြီးသားရှေ့နေတစ်ဦးသည် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ဘဲပစ်ထွက်နေစဉ် ၎င်းပစ်လိုက်သော ဘဲတစ်ကောင်မှာ ခြံစည်း ရိုးတစ်ခုထဲသို့ကျော်၍ ကျသွားသည်။ ခြံစည်းရိုးကိုကျော်တက်နေစဉ်တစ်ဖက်တွင်လက်ထွန်စက်မောင်းသော ယာသမားကြီးတစ်ဦးက ဘဲကို ကောက်ယူနေသည်ကိုတွေ့သောအခါ ထိုဘဲမှာ ၎င်းပစ်လိုက်သော ဘဲဖြစ်ကြောင်း ပြောရာ လယ်သမားကြီးက မိမိပိုင်နက်အတွင်းဖြစ်၍ ဘဲမှာ သူနှင့်ဆိုင်သည်ဟု ပြောသည်။ ဤတွင် လယ်သမားကို အလျှော်မပေးလိုသော ရှေ့နေက တရားစွဲဆိုမည်ဟုပြောလိုက်ရာ လယ်သမားကြီးက ရယ်ရယ်မောမောနှင့်“အဲဒီလောက်မလိုပါဘူးကွာ။ ဒါကိုငါတို့ တက္ကဆက်ဥပဒေနဲ့ရှင်းလို့ရပါတယ်”ဟုဆိုရာ ရှေ့နေက ယင်းဥပဒေအကြောင်း မေးမြန်းသည်။ လယ်သမားကြီးက “ဒီလိုလေ မင်းကိုငါက သုံးချက်စကန်မယ်။ ပြီးရင်မင်းက ငါ့ကို သုံးချက်ပြန်ကန်၊ ဒီလိုနဲ့တစ်ယောက်ယောက်က အလျှော့ပေးတဲ့အထိပေါ့”ဟုဆိုရာ ရှေ့နေက သဘောတူလိုက်သည်။ ထိုအခိုက်မှာပင်လယ်သမားကြီးက တောစီးဖိနပ်ဖြင့်ရှေ့နေပေါင်ကြားကိုကန်လိုက်သည်။ ရှေ့ကိုင်းသွားသော ရှေ့နေကိုတစ်ချက်ဖြတ်ကန်ပြီး လဲသွားချိန်တွင် နံကြားတစ်ချက်နှံ့လိုက်သည်။ ထို့နောက်တွင် မြို့ကြီးသားရှေ့နေက မနည်းမတ်တတ်ပြန်ရပ်ပြီး “ဒီတစ်ခါကျုပ်အလှည့်”ဟုဆိုသောအခါ တက္ကဆက်လယ်သမားကြီးက “အိုကေ၊ ကိုယ်အရှုံးပေးတယ်၊မင်းပစ်ထားတဲ့ ဘဲကိုယူသွားတော့”ဟု ဆိုပါတော့သည်။

### အမေ့အတွက်လက်ဆောင်

ဈေးဝယ်စင်တာ တစ်ခုတွင် ထိုင်နေသော ခရစ်စမတ်ဘိုးဘိုးကြီးမှာ အသက် ၂၀ အရွယ်မိန်းကလေးတစ်ဦးသူ့ပေါင်ပေါ် လာထိုင်သောအခါ အံ့အား သင့်သွားသည်။ သို့သော် သူမက လှုပ်လှုပ်ပြုံးပြသောအခါ ဘိုးဘိုးကြီးက လည်း အလိုက်သင့်ပင်“ကဲ ဒီခရစ်စမတ်မှာ မင်း ဘာလိုချင်လဲ”ဟု မေး လိုက်သည်။ မိန်းကလေးက “ကျွန်မအတွက် မဟုတ်ပါဘူး၊ အမေ့အတွက်ပါ”ဟု ဆိုလိုက်ပြန်ရာ ဘိုးဘိုးကြီးက “မင်းက တော်တော်စိတ်ကူးကောင်းတာပဲ။ ကဲပြော မင်းအမေအတွက် ဘာလက်ဆောင်ပို့ပေးရမလဲ”ဟု မေးမြန်း ရာ မိန်းကလေးက “အမေ့အတွက် သားမက်ချောချောလေးတစ်ယောက် လောက်ပို့ပေးပါ”ဟု ပြောသည်။

# ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်မည့်အဖွဲ့များ ပြည်ပ EIA အသိအမှတ်ပြုအဖွဲ့နှင့်ပူးပေါင်းရမည်

**အိဖြူမွန်**

**ရန်ကုန်၊ ဩဂုတ်-၃**

ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ကိုင်မည့် တတိယအဖွဲ့အစည်းများအနေနှင့် ပြည်ပ EIA အသိအမှတ်ပြု အဖွဲ့အစည်းများနှင့် ပူးပေါင်းသည့် ဖက်စပ်အဖွဲ့အစည်းအဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။

“မြန်မာပြည်မှာ EIA လက်မှတ်ရ အသိအမှတ်ပြုတဲ့ အဖွဲ့အစည်း ခိုင်ခိုင်မာမာ မရှိသေးပါဘူး။ အဲဒါကြောင့် ရှိတဲ့လူတွေနဲ့တွဲပြီး လုပ်သွားလို့ရပါတယ်။ တွဲပြီးလုပ်ရင်းက အတွေ့အကြုံ ရလာမယ်ဆိုရင် ကိုယ်ပိုင်လုပ်လို့ရပါပြီ” ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအေးက ဆိုသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေနှင့် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်းတွင် တတိယအဖွဲ့အစည်း (Third party) အဖြစ်ဆောင်ရွက်မည့်သူကို ပြည်ပကုမ္ပဏီတစ်ခုတည်းကိုသာ သီးသန့်လုပ်ကိုင်ခွင့် ပေးပါက နိုင်ငံတော်လုံခြုံရေးကြောင့်တစ်ခုတည်းလုပ်ကိုင်ခွင့်ပေးမည်မဟုတ်ကြောင်း၊ ထို့အပြင်ပြည်တွင်းကုမ္ပဏီတစ်ခုတည်းကိုသာ လုပ်ကိုင်ခွင့်ပေးပါက အရည်အချင်းပြည့်မီမှုမှာ လိုအပ်ချက်များ ရှိနိုင်သောကြောင့် ပူးတွဲလုပ်ဆောင်ခြင်းကို အားပေးခြင်းဖြစ်ကြောင်း ဦးနေအေးက ဆိုသည်။

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းကို လုပ်ဆောင်လိုသည့်တတိယအဖွဲ့အစည်းများသည် ဒေသတစ်ခုခုတွင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်း လုပ်ဆောင်ထားသည့် လုပ်ငန်းအတွေ့အကြုံ၊ ဆောင်ရွက်သွားမည့် လုပ်ငန်းဆောင်ရွက်ချက်များ၊ လုပ်ကိုင်ဆောင်ရွက်မှုများကို အသေးစိတ်ရေးကာ လျှောက်ထားရမည်ဖြစ်သည်။

ဝန်ကြီးဌာနက ယခုလက်ရှိတွင် အသိအမှတ်ပြုစာရင်းသွင်းခြင်းလုပ်ငန်းကို မဆောင်ရွက်ပေးနိုင်သော်လည်း ဝန်ကြီးဌာနက တင်ပြချက်ကို အသိအမှတ်ပြုသည့် လက်မှတ်ရေးထိုးပေးမည်ဖြစ်သည်။

ယခုပြည်တွင်းရှိ EIA ဆန်းစစ်ခြင်း လုပ်ဆောင်လိုသည့် ပြည်တွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်းမှတ်ပုံတင်ခြင်းများကို ပြုလုပ်နေသည်။

မကြာမီ ထွက်ရှိလာမည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေအရ EIA မဖြစ်မနေ လုပ်ဆောင်ရမည်ဖြစ်သောကြောင့် ပြည်တွင်းရှိ သယံဇာတတူးဖော်သည့် လုပ်ငန်းများက သက်ဆိုင်ရာ ဝန်ကြီးဌာန ရုံးများမှတစ်ဆင့် တင်ဒါခေါ်ခြင်းများကို ယခုနှစ်အတွင်း စတင်ကြေညာနေပြီ ဖြစ်သည်။

# ဒီရေတောထိန်းသိမ်းရေး ပညာပေးစင်တာ အောက်တိုဘာတွင်ဖွင့်မည်

**ခိုင်ခိုင်စိုး**

**ရန်ကုန်၊ ဩဂုတ်-၃**

ရခိုင်ကမ်းရိုးတန်းတွင် တည်ဆောက်လျက်ရှိသည့် ဒီရေတောထိန်းသိမ်းရေး အသိပညာပေးစင်တာကို လာမည့် အောက်တိုဘာတွင်လာရောက်ကြည့်ရှုနိုင်မည် ဟု သတင်းရရှိသည်။

အဆိုပါ စင်တာကို ရခိုင်ကမ်းရိုးတန်းဒေသ၊ ကျိန္တလီတွင် ဆောက်လုပ်လျက်ရှိပြီး ဒီရေတောနှင့် ပတ်သက်သည့် ဗဟုသုတအချက်အလက်များ၊ ဓာတ်ပုံများစသည့် ဒီရေတောနှင့် သက်ဆိုင်သည်များကို ပြသမည်ဖြစ်ကာ အောက်တိုဘာတွင် ပြီးစီးမည်ဟု ရခိုင်ကမ်းရိုးတန်းလူမှုဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာတန်ဖိုးများပြန်လည်တည်ဆောက်ရေးမန်နေဂျာဦးဝင်းမောင်ကပြောသည်။ “ဒီရေတောနဲ့ ပတ်သက်တဲ့ ပညာပေးမှုတွေ၊ ဒီရေအတက်အကျတွေကို လူအများနားလည်အောင်လို့ပြသထားမယ်” ဟု ဦးဝင်းမောင်ကပြောသည်။

ထို့အပြင် ရခိုင်ကမ်းရိုးတန်းဒေသတွင်ဒီရေတောဥယျာဉ်ကိုပါ တည်ဆောက်မည်ဖြစ်ပြီး ရှားပါးမျိုးဝင် ဒီရေတောအပင်များနှင့် မကြာသေးမီက IUCM အသိအမှတ်ပြုထားသည့် မြိုင်ကြီးပင်တို့ကိုပြသမည်ဟု ၎င်းကဆက်လက်ပြောသည်။

အဆိုပါ ဒီရေတောထိန်းသိမ်းရေး အသိပညာပေးစင်တာနှင့် ဒီရေတောဥယျာဉ်ကိုဒေသခံများပတ်ဝန်းကျင်ထိန်းသိမ်းရေးကို စိတ်ပါဝင်စားစေရန်အတွက် လုပ်ဆောင်ခြင်းဖြစ်ပြီး ယင်းစင်တာကိုဒေသခံများအားထိန်းသိမ်းစေမည်ဟု ဆိုသည်။

ရခိုင်ကမ်းရိုးတန်းဒေသတွင် ဒီရေတောထိန်းသိမ်းရေးစင်တာနှင့်ဥယျာဉ်အပြင်၊ ရှားပါးပင်လယ်လိပ်ထိန်းသိမ်းရေးနယ်မြေနှင့် ဇီဝမျိုးစုံ မျိုးကွဲများ ထိန်းသိမ်းရေးနယ်မြေတို့ကိုပါလုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။



*ဘိုကလေးမြို့နယ်အတွင်းမှ ဒီရေတောပင်များ* ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)



Tourism
7 DAY NEWS JOURNAL
Vol.12, No.22 • AUGUST 7 , 2013



ရှေးဟောင်းမြို့တော် ပုဂံတွင် စက်ဘီးဖြင့်လှည့်လည်နေသော ကမ္ဘာလှည့်ခရီးသွားအချို့ ဓာတ်ပုံ -ငြိမ်းချမ်း

# ပုဂံတွင် ကမ္ဘာလှည့်ခရီးသွားများ စက်ဘီးဆိုင်ကယ် အသုံးပြုမှုများလာ

**ငြိမ်းချမ်း**

**ရန်ကုန်၊ ဩဂုတ် - ၃**

ပုဂံညောင်ဦးမြို့တွင် စက်ဘီးဖြင့် လှည့်လည်သော ကမ္ဘာလှည့်ခရီးသွားများ ပစ္စည်းလုယူမှု မကြာခဏဖြစ်ပွားခဲ့ပြီးနောက် ပစ္စည်းများထည့်ရာတွင် ခြင်းအဖုံးများ တပ်ဆင်ထားသော စက်ဘီးဆိုင်ကယ်များကို ပြောင်းလဲအသုံးပြုလာကြောင်း သတင်းရရှိသည်။

ပုဂံညောင်ဦးမြို့တွင်ရှိသော စေတီပုထိုးများကို လှည့်လည်ကြည့်ရှုသော ကမ္ဘာလှည့် ခရီးသွားများမှာ မြင်းလှည်း၊ စက်ဘီးဖြင့်လှည့်လည်ကြည့်ရှုရာမှ ယခုအခါ စက်ဘီးဆိုင်ကယ်များဖြင့် အများဆုံး အသုံးပြုနေကြောင်း ငှင်းစက်ဘီး၊ ဆိုင်ကယ် ငှားရမ်းသော ဆိုင်များက ပြောသည်။

"ညှော်သည်တွေက လှည့်လည်ရာမှစက်ဘီးခြင်းထဲကိုထည့်ကြတယ်။ ခြင်းကအဖုံးမပါတော့ ပစ္စည်းလုတဲ့လူတွေက အလွယ်တကူနှိုက်ယူလို့ရတယ်။ အခုစက်ဘီးဆိုင်ကယ်တွေက ခြင်းအဖုံးကို သေချာတပ်ထားတော့ ပစ္စည်းတွေထည့်ရာမှာ လုံခြုံတယ်။ သူတို့ကလည်း ဒီစက်ဘီးဆိုင်ကယ်တွေကို သဘောကျတယ်" ဟု ညောင်ဦးမြို့တွင် ကမ္ဘာလှည့်ခရီးသွားများအား စက်ဘီးဆိုင်ကယ် (E Bike) များ ငှားရမ်းသော AA ဆိုင်မှ ကိုမိုးအောင်က ပြောသည်။

ကမ္ဘာလှည့် ခရီးသွားများအတွက် စက်ဘီးငှားရမ်းမှုမှာ တစ်ရက်လျှင် ၂,၀၀၀ ကျပ်သာပေးရပြီး စက်ဘီးဆိုင်ကယ်ငှားရမ်းသော ဆိုင်လေးဆိုင်ရှိကာ ငှားရမ်းမှုမှာ တစ်ရက်လျှင် ၈,၀၀၀ ကျပ်ပေးရကြောင်း သတင်းရရှိသည်။

၂၀၁၃ ခုနှစ်အတွင်း ပုဂံ-ညောင်ဦးတွင် စက်ဘီးဖြင့် လှည့်လည်ကြည့်ရှုသော ကမ္ဘာလှည့် ခရီးသွားများ ပစ္စည်းလုယူခံရမှု ခုနစ်ကြိမ် ဖြစ်ပွားခဲ့ပြီးနောက် စက်ဘီးငှားရမ်းသော ဆိုင်များက ခြင်းအဖုံးနှင့် ကြိုးများတပ်ဆင်ပေးရန်နှင့် မတပ်ဆင်သော စက်ဘီးများကို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပုဂံ-ညောင်ဦးမြို့ကမ္ဘာလှည့်ခရီးသွားများစောင့်ရှောက်ရေးရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

# ပြည်ပသို့ ခရီးသွားတရားဝင်ပို့ဆောင်ခွင့်ရရေး စည်းမျဉ်းစည်းကမ်းများရေးဆွဲရန် ဆွေးနွေး

**ခန့်ထက်**

**ရန်ကုန်၊ ဩဂုတ် - ၃**

ပြည်ပသို့သွားရောက် လည်ပတ်သူများသောကြောင့် ခရီးသွားပို့ဆောင်ပေးနေသည့် Outbound ခရီးသွားလုပ်ငန်းများ တရားဝင်ခွင့်ပြုပေးရေးအတွက် တိကျသေချာသော စည်းမျဉ်းစည်းကမ်းများ အမြန်ဆုံးပေါ်ပေါက်ရန် လိုအပ်နေကြောင်း ခရီးသွားလာရေးလုပ်ငန်းညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

ပြည်ပခရီးသွားလာခွင့် (Outbound) တရားဝင် ခွင့်ပြုစဉ်ကာလမှာပင် ပြဿနာမျိုးစုံရှိနေပြီး သွားလာခွင့်ကို တိကျသေချာသော စည်းမျဉ်းစည်းကမ်းများ မရှိသေးဘဲ ခွင့်ပြုပါက အခက်အခဲများ ပိုရှိနိုင်သည်ဟု ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်လင်းက ပြောသည်။

ထို့ကြောင့် ပြည်ပခရီးသွားပို့ဆောင်ခွင့် တရားဝင်ရရန် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အသင်းမှ ဦးဆောင်၍ တိကျသေချာသော စည်းမျဉ်းစည်းကမ်းများ ပေါ်ထွက်လာရေးအတွက် လုပ်ငန်းရှင်များက အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၃ ရက်တွင် ကျင်းပခဲ့သည်။

လက်ရှိတွင် ပြည်တွင်းမှ ပြည်ပသို့ သွားလာသူများသည် တစ်ရက်လျှင် ဦးရေတစ်ထောင်ကျော်ရှိနေပြီး ၂၀၁၁ ခုနှစ်မှစ၍ တစ်နှစ်လျှင် လူဦးရေသုံးသိန်းရှစ်သောင်းခန့်ရှိနေကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံရှိ ခရီးသွားလာရေးဥပဒေတွင် Inbound နှင့် Outbound များအတွက် ထည့်သွင်းရေးဆွဲထားပြီး ယခင်အစိုးရလက်ထက်တွင် ပြည်တွင်းရှိ နိုင်ငံခြားငွေ လျော့ကျနိုင်သော ပြည်ပခရီးသွားလာခွင့်ကို ပိတ်ပင်ထားကြောင်း ခရီးသွားလာရေး လုပ်ငန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးဦးတင်ထွန်းအောင်က ယင်းဆွေးနွေးပွဲတွင် ပြောသည်။

"ကျွန်တော်တို့ကနေပြီးတော့ မြန်မြန်တရားဝင် ခွင့်ပြုပေးခြင်းဖြစ်ပါတယ်။ ဒီကိစ္စက ဥပဒေလည်း ရှိပြီးသားဆိုတော့ လွှတ်တော်တို့ဘာတို့ တင်စရာမလိုပါဘူး" ဟု ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်လင်းက ပြောသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ခရီးသွားလာသူ အများစုသည် ဗုဒ္ဓဂယာ ဘုရားဖူးသွားခြင်း၊ ဟာ့ဂျ်ဘုရားဖူးသွားခြင်း၊ ဆေးကုသရန်သွားခြင်း၊ ပညာတော်သင်သွားခြင်းတို့ များပြားကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။







# Cartoon
























7 DAY NEWS JOURNAL
Vol.12, No.22 • AUGUST 7 , 2013

# 'ပုဂ္ဂလိကလွတ်လပ်ခွင့်တွေကို စွန့်လွှတ်စရာမလိုဘဲ လုပ်နိုင်ပါတယ်'

## ကန်အမျိုးသားလုံခြုံရေးအေဂျင်စီ စောင့်ကြည့်မှုများအကြောင်း အိုဘားမား၏ လုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံခြင်း

ကျော်မျိုး

အမေရိကန်အစိုးရဟာ နိုင်ငံအတွင်းအင်တာနက်ကွန်ရက်တွေနဲ့ လူမှုကွန်ရက်ဝက်ဘ်ဆိုက်တွေကိုသာမက ပြည်ပနိုင်ငံတွေ၊ အဖွဲ့အစည်းတွေ (ဥပမာ-ဥရောပသမဂ္ဂလိုမျိုး)နဲ့ လူမှုကွန်ရက်တွေကိုပါ အမျိုးသားလုံခြုံရေးအေဂျင်စီ NSA ကနေ စောင့်ကြည့်နေခဲ့တာတွေရှိတယ်လို့ မကြာမီက အစိုးရအတွင်းရေးလျှို့ဝှက်ချက်တွေကို ဖွင့်ချသူ အက်ဒဝပ်စနိုးဒန်က ဖော်ပြခဲ့ပါတယ်။ ဒီလိုလုံခြုံရေးအကြောင်းပြချက်နဲ့ အများပြည်သူရဲ့ ပုဂ္ဂိုလ်ရေးဆက်သွယ်မှုတွေကို စောင့်ကြည့်မှုတွေလုပ်ခဲ့တဲ့အတွက် အင်တာနက်ဆိုတဲ့ကွန်ရက်ကြီးတစ်ခုလုံးပါ မလုံခြုံတော့တဲ့သဘောဖြစ်လာတာမို့ NSA နဲ့နောက်ကွယ်က ကန်အစိုးရလုပ်ရပ်ကို ကမ္ဘာတဝန်းမှာ ကန့်ကွက်ရှုတ်ချမှုတွေလည်း ပြင်းပြင်းထန်ထန်ပေါ်ထွက်လာခဲ့ပါတယ်။ အခုတော့ ဝီကီလိခ်မှသည် စနိုးဒန်အထိ ရဲရဲရင့်ရင့်ဖွင့်ချသူတွေကြောင့် အမေရိကန်အစိုးရအနေနဲ့ အခြေခံဥပဒေမှာ အာမခံပေးထားတဲ့ ပြည်သူတွေရဲ့ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်ကို ထိပါးတယ်လို့ မမြင်အောင် ဘာဆက်လုပ်မလဲ စောင့်ကြည့်ရပါမယ်။ ဒါကြောင့် ဂျာမန်စပိုင်းဂဲလ်မီဒီယာဟာ အိုဘားမားရဲ့ လုံခြုံရေးအကြံပေးပညာရှင် ဂျွန်ပိုဒက်စတာနဲ့ တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ ဒီမေးမြန်းမှုမှာတော့ ဂျွန်ပိုဒက်စတာဘက်က NSA ရဲ့စပိုင်လုပ်ငန်းတွေအပေါ် ဥရောပရဲ့အမြင်ဟာ ဒေါသလွှမ်းနေပြီး ချဲ့ကားလွန်းနေကြောင်း ဆိုထားသလို အမေရိကန်နိုင်ငံတွင်းမှာလည်း အစိုးရရဲ့ လုံခြုံရေးအရ စောင့်ကြည့်မှုတွေနဲ့ပတ်သက်လို့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးမှုတွေလိုနေကြောင်း ဖော်ပြခဲ့ပါတယ်။ သူတို့ရဲ့တွေ့ဆုံမေးမြန်းမှုတွေထဲက ကောက်နုတ်ချက်တွေကို ဖော်ပြလိုက်ပါတယ်။

**မကြာမီကပြုလုပ်ခဲ့တဲ့ စစ်တမ်းတစ်ရပ်အရတော့ အမေရိကန်လူမျိုး လေးပုံသုံးပုံလောက်က NSA ရဲ့စောင့်ကြည့်မှုတွေဟာ သူတို့ရဲ့ပုဂ္ဂလိကလွတ်လပ်ခွင့်ကို ချိုးဖောက်တယ်လို့ ယုံကြည်နေကြောင်းသိရပါတယ်။ ဒီလိုမျိုး လုံခြုံရေးအစီအစဉ်တွေကိုကန့်သတ်ဖို့ အဆိုပြုချက်ဟာလည်း ကွန်ဂရက်လွှတ်တော်မှာ မဲအနည်းငယ်အကွာနဲ့ ရှုံးနိမ့်ခဲ့ရပါတယ်။ အမေရိကန်လူမျိုးတွေဟာ စောင့်ကြည့်ခံနေရတဲ့ တိုင်းပြည်တစ်ခုမှာနေရတာကို ကြောက်လန့်စပြုလာပါပြီလား။**

ကျွန်တော်တို့က ကိုယ့်ရဲ့တည်ရှိဆဲ ဥပဒေဘောင်ထဲကို အလွယ်လေးနစ်မြုပ်သွားနိုင်တဲ့ သေချာမသတ်မှတ်ရသေးတဲ့ နယ်နိမိတ်ထဲရောက်ရှိနေတာပါ။ ပြီးခဲ့တဲ့ရက်သတ္တပတ်တွေအတွင်း မီဒီယာတွေရဲ့ အာရုံစူးစိုက်မှုကလည်း အက်ဒဝပ်စနိုးဒန်ရဲ့ လေဆိပ်ထဲမှာ ကမ္ဘာ့စံချိန်တင် အချိန်အကြာဆုံးနေဖို့ကြိုးစားနေတဲ့ ကိစ္စကိုပဲ ရောက်နေခဲ့တယ်။ ဒါပေမဲ့ စနိုးဒန်ကို မီဒီယာတွေက အာရုံပြုနေတာထဲမှာ သူက မီဒီယာတွေကို ဖွင့်ချလိုက်တဲ့ သတင်းအချက်အလက်တွေနဲ့ပတ်သက်လို့ပြဿနာဖြစ်နိုင်ခြေအများဆုံးရှိနေတာကိုတော့ ဖယ်ထုတ်ထားကြတယ်။

**ဒီတော့ ဆိုလိုတာကဘာလဲ။**

ကျွန်တော်တို့ NSA အကြောင်းနဲ့ ပြည်တွင်းစောင့်ကြည့်ရေးစနစ်အကြောင်းကို ၂၀၀၅ တုန်းက 'အကန့်အသတ်မဲ့ ဝိုင်ယာလက် ကြားဖြတ်ဖမ်းယူနားထောင်ရေးကိစ္စ' လုပ်ဆောင်ရေးနေ့တွေတုန်းက တစ်နိုင်ငံလုံးအဆင့် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြပါတယ်။ ဒါကြောင့် ဒီကိစ္စနဲ့ပတ်သက်လို့ စိန်ခေါ်မှုဟာ NSA က သူ့ရဲ့ဥပဒေဘောင်တွေကိုကျော်ပြီးလုပ်တယ်ဆိုတဲ့ ကိစ္စမှာ အမြစ်တွယ်နေတာမျိုး မဟုတ်ပါဘူး။ အဲဒီအစား အိုင်တီထုတ်ကုန်အသစ်တွေနဲ့ဝန်ဆောင်မှုတွေ၊ လုပ်ဆောင်နိုင်စွမ်းတွေတိုးလာတာတွေ၊ အချက်အလက်ပမာဏအများအပြားကို သိမ်းထားရတာ စရိတ်နည်းလာတာတွေကြောင့် စောင့်ကြည့်မှုကိစ္စတွေဟာ နည်းပညာအရသာ ဖြစ်နိုင်ခြေရှိရုံသာမကဘဲ ဘဏ္ဍာရေးအရပါ ပထမဆုံးအကြိမ်အဖြစ် စရိတ်စကသက်သာလာတာပါ။ အခုအချိန်ကတော့ နည်းပညာရောလူ့အဖွဲ့အစည်းပါ မြန်မြန်ဆန်ဆန်ပြောင်းလဲနေတော့ ကျွန်တော်တို့ရဲ့ စောင့်ကြည့်မှုဥပဒေတွေမှာဘာတွေကိုဖြင့် ခွင့်ပြုပေးသင့်တယ်ဆိုတာမျိုး နိုင်ငံလုံးအဆင့်မှာဆွေးနွေးညှိနှိုင်းမှုအသစ်တစ်ခု ပြန်လုပ်ရမှာပါ။



REUTERS

**လူကြီးမင်းအနေနဲ့ရော ဒီဆွေးနွေးငြင်းခုံမှုက ကွန်ဂရက်မှာ ဥပဒေပြဋ္ဌာန်းဖို့ ပျက်ကွက်ခဲ့ပေမယ့် လူတွေကြားမှာ ဆက်ရှိနေမယ်လို့ ယုံကြည်နေပါသလား။**

အမေရိကန်ပြည်သူတွေမှာက သူတို့နေထိုင်နေရတဲ့ ဥပဒေတွေကို ဘာလဲဆိုတာနားလည်သဘောပေါက်ခွင့်၊ သိထားခွင့်ရှိပါတယ်။ သူတို့အနေနဲ့လည်း အဖြေတွေကို သိပ်မကြာခင် တောင်းဆိုလာကြမှာပါ။ ဒီလိုမျိုး ဆင်တူတဲ့ ဆွေးနွေးငြင်းခုံမှုတွေ ဖြစ်တဲ့ မောင်းသူမဲ့လေယာဉ်တွေနဲ့ တိုက်ခိုက်မှုတွေအကြောင်းကို ငြင်းကြတာကိုကြည့်ပါ။ အဲဒီ မောင်းသူမဲ့လေယာဉ်တွေကို ပြည်တွင်းအကြောင်းကိစ္စတွေအတွက် သုံးလာမှာကြောက်ပြီး လက်ဝဲနဲ့ လက်ယာဝါဒီတွေပေါင်းပြီး ဆန့်ကျင်ကြတာတွေကိုလည်း ကျွန်တော်တို့မြင်ခဲ့ရတာပဲလေ။ သမ္မတအိုဘားမားဟာ သူ့ရဲ့အမျိုးသားလုံခြုံရေးဆိုင်ရာမူဝါဒတွေ အကြောင်းကို ပြည်သူကို မိန့်ခွန်းထွက်ပြောပြီး ဝေဖန်သူတွေကို တိတ်သွားအောင်လုပ်ရမှာပါ။ ပြန်ကြည့်ရင် ဒီလိုမိန့်ခွန်းပေးဖို့ သူ ဘာကြောင့် ဒီလောက်ကြာကြာ စောင့်နေရတယ်ဆိုတာက မေးရမယ့်တစ်ခုတည်းသောမေးခွန်းပါပဲ။

**ဒါဆို လူကြီးမင်းအနေနဲ့ အိုဘားမားကို အဲဒီလိုမျိုးမိန့်ခွန်းတစ်ခုပြောစေချင်နေတာပေါ့။**

သူ့ကို အများပြည်သူတွေရဲ့ ဆွေးနွေးငြင်းခုံမှုတွေထဲဝင်ပြီး အကြံဉာဏ်တွေကောင်းကောင်းပေးရပါမယ်။ ဒါပေမဲ့ သူဟာ နိုင်ငံတော်အဆင့်ကော်မရှင်တစ်ရပ်ဖွဲ့ပြီး ဒီစိန်ခေါ်မှုအခက်အခဲတွေကို အပြည့်အဝစူးစမ်းစစ်ဆေးသင့်ပါတယ်။ သမ္မတအဆင့်က ဖွဲ့စည်းပေးလိုက်တဲ့ ကော်မရှင်တွေဟာ ပုလဲဆိပ်ကမ်းကိစ္စကနေ ၉/၁၁ ကိစ္စအထိ အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စတွေကို သေချာစုံစမ်းစစ်ဆေးနိုင်စွမ်းရှိခဲ့ပါတယ်။ ဒီကော်မရှင်က ပြောင်းလွယ်ပြင်လွယ်ရှိတဲ့ ဥပဒေရေးမူဘောင်တွေကို အာမခံနိုင်မယ့် တစ်ချိန်တည်းမှာလည်းပြည်သူ့လွတ်လပ်ခွင့်တွေကို အလွယ်တကူအာမခံပေးနိုင်မယ့်တာဝန်တွေယူသင့်ပါတယ်။




**လူကြီးမင်းပြောတဲ့အထဲမှာ အမေရိကန်နိုင်ငံသားတွေရဲ့ အခွင့်အရေးတွေအကြောင်း အများကြီးပါဝင်ခဲ့ပါတယ်။ ဒါပေမဲ့ဥရောပသားတွေကတော့NSAက သူတို့ကိုဘာကန့်သတ်ချက်မှမထားဘဲ သူလျှိုလုပ်နိုင်တာကို ဒေါသထွက်နေကြပါတယ်။**

ကျွန်တော်တို့မှာ ကိုယ့်ရဲ့စောင့်ကြည့်ရေးအေဂျင်စီတွေကို ပိုကောင်းအောင်လုပ်ဖို့လိုနေပါတယ်။ နိုင်ငံရပ်ခြားထောက်လှမ်းရေးနဲ့ စောင့်ကြည့်ရေးရုံးအတွက် ပွင့်လင်းမြင်သာမှုတွေကို တိုးအောင်လုပ်ဖို့လည်း လိုအပ်နေပါတယ်။ ကျွန်တော်တို့ဟာ အမျိုးသားလုံခြုံရေးလိုအပ်ချက်တွေကို အမေရိကန်တို့ရဲ့ အမှတ်အသားဖြစ်တဲ့ ပုဂ္ဂလိကလွတ်လပ်ခွင့်ကို စွန့်လွှတ်စရာမလိုဘဲ လုပ်နိုင်ပါတယ်။ သမ္မတဟာ အမေရိကန်က ဘာလုပ်နေတယ်ဆိုတာကိုကောင်းကောင်းရှင်းပြနိုင်ရင် နိုင်ငံတကာက ဝေဖန်သူတချို့ကို အသံတိတ်သွားစေနိုင်မှာပါ။

**ဝါရှင်တန်မှာ လူကြီးမင်းကြားခဲ့ရတာကတော့ဥရောပနိုင်ငံတွေဟာ ညည်းညူသူတွေ၊ အပြစ်မြင်တတ်သူတွေလို့ပြောခဲ့တာတွေပဲမလား။**

ဟုတ်ပါတယ်။ ဥရောပသားတွေ ဒေါသထွက်တာဟာ သိပ်ပြီး အပြစ်မြင်လွန်းနေပါတယ်။ သူတို့အစိုးရအများစုဟာ အမေရိကန်က ဘာလုပ်နေလဲဆိုတာကို နှစ်ပေါင်းအတန်ကြာကတည်းက သိထားကြတာပါ။ တစ်ခါတလေ ကျွန်တော်တို့နဲ့နီးနီးကပ်ကပ်၊ စိတ်ပါလက်ပါတောင် ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။ ဥရောပခေါင်းဆောင်တွေဟာ ဘာကြောင့်ကျွန်တော်တို့ရဲ့ လုပ်ငန်းစဉ်တွေကို ဝေဖန်ဖို့လိုအပ်နေလဲဆိုတာ ကျွန်တော်သဘောပေါက်ပါတယ်။ ဒါပေမဲ့ သူတို့က အပြစ်ရှာတတ်သူတွေလို ပြုမူနေကြတုန်းပဲဗျ။

*—Ref: John Podesta on the NSA Scandal, Spiegel, 29 th July*



## Leader's Profile

# ဆိုနီကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ကာဇူအိုဟီရာအိ

ရဲမင်း

ကာဇူအိုဟီရာအိသည် ဂျပန်နိုင်ငံ ဆိုနီကော်ပိုရေးရှင်း၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သည်။ ဆိုနီကွန်ပျူတာဖျော်ဖြေရေးကုမ္ပဏီ၏ ဘုတ်အဖွဲ့တွင်လည်း ပါဝင်သည်။ ဖျော်ဖြေရေးလုပ်ငန်းတွင် ဩဇာအကြီးမားဆုံး အမှုဆောင်အရာရှိတစ်ဦးအဖြစ် အသိအမှတ်ပြုခံထားရသူ ကာဇူအိုသည် ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်တွင် ဆိုနီကုမ္ပဏီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်အဖြစ် စတင်တာဝန်ယူခဲ့သည်။

ဟီရာအိကို ၁၉၆၀ ဒီဇင်ဘာ ၂၂ ရက်တွင် တိုကျိုမြို့၌ မွေးဖွားခဲ့သည်။ ဂျပန်ရှိ အမေရိကန်ကျောင်း (American School)၌ တက်ရောက်ခဲ့သည်။ ငယ်စဉ်က ပင်ဘဏ်လုပ်ငန်းရှင်ဖခင်နှင့်အမေရိကန်၊ ကနေဒါနှင့် ဂျပန်နိုင်ငံအနှံ့သို့ လိုက်ပါခရီးသွားခဲ့သည်။

ငယ်စဉ်ကဂိမ်းကစားခြင်းကို ခုံမင်နှစ်သက်ခဲ့ရာမှ ဖျော်ဖြေရေးလုပ်ငန်းတွင် စိတ်ဝင်စားလာသူ ဟီရာအိသည် ၁၉၈၄ ခုနှစ်တွင်နိုင်ငံတကာ ခရစ်ယာန်တက္ကသိုလ်မှ လစ်ဘရယ်အနုပညာဘွဲ့ရရှိခဲ့ပြီး ဆိုနီမြူးဇစ်ဖျော်ဖြေရေးကုမ္ပဏီတွင် အလုပ်ဝင်ခဲ့သည်။ ယင်းနေရာတွင် ဂျပန်နိုင်ငံအတွင်း နိုင်ငံတကာဂီတကို ဈေးကွက်တင်ရသည်။ နောက်ပိုင်းတွင် ဟီရာအိသည် နယူးယောက်မြို့ရှိ ဆိုနီကွန်ပျူတာ ဖျော်ဖြေရေးကုမ္ပဏီအကြီးအကဲ ဖြစ်လာသည်။ ၁၉၉၅ ခုနှစ် ဩဂုတ်လတွင် ဆိုနီ၏ကွန်ပျူတာနှင့် ဗီဒီယိုဂိမ်းဌာနသို့ ရောက်ရှိခဲ့သည်။ အမေရိကန်နိုင်ငံ ဆိုနီကွန်ပျူတာ ဖျော်ဖြေရေးလုပ်ငန်းကို မစ္စတာကာဇူအို ဦးဆောင်ချိန်မှစ၍ ဆိုနီ၏ Play Station ဂိမ်းများမှာ အလွန်လူကြိုက်များလာပြီး ဆိုနီကုမ္ပဏီအတွက်လည်း အမြတ်ငွေအမြောက်အမြား ရှာဖွေနိုင်ခဲ့သည်။ ကာဇူအိုကလည်း ဆိုနီ၏ ဂိမ်းကြော်ငြာများကို NBA၊ NHL၊ NFL နှင့် NASCAR စသော အားကစားပွဲကွင်းများတွင်ပါ ထည့်သွင်းကြော်ငြာခဲ့သည်။

၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကာဇူအိုဟီရာအိသည် ကွန်ပျူတာဖျော်ဖြေရေး ဆိုနီကုမ္ပဏီအုပ်စု အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်အပ်ခံရသည်။ ယင်းနှစ် နိုဝင်ဘာ ၃၀ ရက်မှာပင် ဆိုနီကွန်ပျူတာဖျော်ဖြေရေးလုပ်ငန်းဥက္ကဋ္ဌ ဖြစ်လာသည်။ နောက်ပိုင်းတွင် ဖျော်ဖြေရေးလုပ်ငန်း အမှုဆောင်အရာရှိချုပ်တာဝန်ကိုပါ ရယူခဲ့သည်။

၂၀၀၉ ခုနှစ် ဧပြီ ၁ ရက်တွင် ဆိုနီ၏အီလက်ထရွန်နစ်နှင့် ဂိမ်းစီးပွားရေးလုပ်ငန်းများကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီး စားသုံးသူထုတ်ကုန် ပစ္စည်းများအုပ်စု (CPDG) နှင့် ကွန်ပျူတာကွန်ရက်ထုတ်ကုန်နှင့် ဝန်ဆောင်မှုအုပ်စု (NPSG)ဟူ၍ ဖွဲ့စည်းခဲ့သည်။ ကာဇူအိုဟီရာအိမှာလည်း NPSG အုပ်စုဥက္ကဋ္ဌတာဝန်ကို သာမက ဆိုနီကော်ပိုရေးရှင်းတစ်ခုလုံး၏ အမှုဆောင်ဒုတိယဥက္ကဋ္ဌအဖြစ်ပါ တာဝန်ပေးအပ်ခြင်းခံရသည်။ ၂၀၁၁ ခုနှစ်တွင် အထက်ပါအုပ်စုနှစ်ခုကို တစ်စုတစ်စည်းတည်းပြန်လည်ဖွဲ့စည်းချိန်တွင်လည်း ဒုတိယဥက္ကဋ္ဌအဖြစ်ဆက်လက်တာဝန်ယူခဲ့သည်။ ၂၀၁၂ ခုနှစ် ဧပြီတွင် ဆိုနီကော်ပိုရေးရှင်း၏ဥက္ကဋ္ဌအဖြစ် စတင်တာဝန်ယူခဲ့ပြီး ဇွန် ၂၇ ရက် နှစ်စဉ်ရှယ်ယာရှင်များအစည်းအဝေးတွင် ကုမ္ပဏီဘုတ်အဖွဲ့ဝင်အဖြစ်ပါ ပါဝင်ခဲ့သည်။

*—Ref: Wikipedia*

# မင်းသားဝီလီယံ၏ဇနီး အပေါ်ပိုင်းဗလာဓာတ်ပုံများ ရိုက်ကူးခဲ့သူ ဓာတ်ပုံသမား တရားစွဲခံရ

**နန်တာရီ၊ ဩဂုတ်-၃**

ဗြိတိန်မင်းသားဝီလီယံ၏ဇနီး ကိတ်၏ အပေါ်ပိုင်းဗလာဓာတ်ပုံများကို မဂ္ဂဇင်းတွင် ဖော်ပြခဲ့ပြီးနောက် ယင်းဓာတ်ပုံများကို ရိုက်ကူးခဲ့သူဓာတ်ပုံသမားကိုကိုယ်ပိုင်လွတ်လပ်ခွင့် ချိုးဖောက်မှုဖြင့် တရားစွဲဆိုလိုက်ကြောင်း အစိုးရရှေ့နေများက ဩဂုတ် ၂ရက်တွင်ပြောသည်။

ကန်းဘရစ်မြို့စား မင်းသားဝီလီယံ၏ဇနီး ကိတ်သည်ပြင်သစ်နိုင်ငံတောင်ပိုင်းရှိ ကိုယ်ပိုင်အိမ်တစ်လုံး၏ လသာဆောင်တွင် အပေါ်ပိုင်းဗလာဖြင့် နေပူစာလှုံနေစဉ် ဓာတ်ပုံသမားတစ်ဦး ရိုက်ယူထားလိုက်သည့် ဓာတ်ပုံများကို Closer အမည်ရှိ မဂ္ဂဇင်းက ပြီးခဲ့သည့် စက်တင်ဘာ ၁၄ ရက်တွင် ဖော်ပြခဲ့သည်။ ယင်းဓာတ်ပုံသမားကို ဇူလိုင် ၂၆ ရက်က ကိုယ်ပိုင်လွတ်လပ်ခွင့် ချိုးဖောက်မှုဖြင့် စွဲချက်တင်လိုက်ကြောင်း ပါရီမြို့အနီးနန်တာရီမြို့ရှိအစိုးရရှေ့နေများက အေအက်ဖ်ပီသတင်းဌာနအား ပြောသည်။




ဇွန်လအတွင်းကလည်း ယခုတရားစွဲခံရသည့် ဓာတ်ပုံသမားနှင့် လုပ်ငန်းတစ်ခုတည်း အလုပ်အတူလုပ်ကိုင်သူ အခြားဓာတ်ပုံသမားတစ်ဦးမှာလည်း အလားတူအမှုမျိုးဖြင့် စွဲချက်တင်ခံခဲ့ရသည်။

Closer မဂ္ဂဇင်း၏ အယ်ဒီတာလော်ရင့်စီပီယုကိုလည်း ကိတ်၏ အပေါ်ပိုင်းဗလာဓာတ်ပုံများ ဖော်ပြခဲ့သည့်အတွက် ယခုလအစောပိုင်းတွင် တရားစွဲဆိုခဲ့သည်။

ဗြိတိန်တော်ဝင်မိသားစုက ယင်းဓာတ်ပုံသမားကိုမည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြရန် တောင်းဆိုထားပြီး ယင်းကဲ့သို့သော ဓာတ်ပုံများကို အများသိထုတ်ဝေခြင်း ရပ်တန့်ရန် တောင်းဆိုထားသည်။ ကိတ်၏အပေါ်ပိုင်းဗလာကျင်း ဓာတ်ပုံများကိုထပ်မံထုတ်ဝေခြင်း မပြုလုပ်ရ (သို့မဟုတ်)ရောင်းချခြင်းမပြုရဟု ပါရီမြို့အနီးရှိမြို့မှ တရားသူကြီးတစ်ဦးက စက်တင်ဘာ ၁၈ ရက်တွင် အမိန့်ချမှတ်ခဲ့သည်။

*—Ref: AFP*

# အီဂျစ်သမ္မတမော်စီကို ရာထူးမှဖြုတ်ချရန် ကန်အကွက်ချကြံစည်ဟု အယ်လ်ကိုင်ဒါခေါင်းဆောင်စွပ်စွဲ

**ကိုင်ရို၊ ဩဂုတ်-၃**

အီဂျစ်နိုင်ငံ၏ ဒီမိုကရေစီစနစ်အရ ပထမဆုံးရွေးကောက်တင်မြှောက်ထားသော အစ္စလာမ်မစ်သမ္မတ မိုဟာမက်မော်စီကို ဖြုတ်ချရန် အီဂျစ်နိုင်ငံရှိခရစ်ယာန်ဘာသာဝင်များ၊ နိုင်ငံရေးသီးသန့်လှုပ်ရှားသူများ၊ အီဂျစ်စစ်တပ်နှင့် အမေရိကန်နိုင်ငံတို့က ပူးပေါင်းအကွက်ချကြံစည်ခဲ့သည်ဟု အယ်လ်ကိုင်ဒါအဖွဲ့ခေါင်းဆောင် အေမန်အယ်လ်ဇာဝါဟီရီက စွပ်စွဲထားသည့် အသံသွင်းခွေကို စစ်သွေးကြွများ ဆွေးနွေးပွဲတွင် ဖွင့်ပြခဲ့သည်။

ဘာသာရေးစစ်ပွဲ ဆင်နွှဲသူများ၊ နိုင်ငံရေးသီးသန့်လှုပ်ရှားသူများနှင့် အမေရိကန်ပုံစံ သွတ်သွင်းထားသော အီဂျစ်စစ်တပ်တို့အတူ ပူးပေါင်းကာ မိုဟာမက်မော်စီ၏ အစိုးရကို ဖြုတ်ချရန် အမေရိကန်နိုင်ငံက အကွက်ချကြံစည်ခဲ့သည်ဟု အယ်လ်ကိုင်ဒါခေါင်းဆောင် အီဂျစ်လူမျိုး ဇာဝါဟီရီက ပထမဆုံးအကြိမ် လူသိရှင်ကြား မှတ်ချက်ပြုလိုက်သည်။

အီဂျစ် ဒုတိယသမ္မတ အယ်လ်ဘာရာဒီကိုလည်း အမေရိကန်နိုင်ငံ၏ ကိုယ်စားလှယ်သာဖြစ်ကြောင်း ၎င်းကစွပ်စွဲပြီး အီရတ်နိုင်ငံကို ဖျက်ဆီးသူဟု ခေါ်ဝေါ်လိုက်သည်။

အီဂျစ်နိုင်ငံတွင် တင်းကျပ်သည့် အစ္စလာမ်မစ်ဥပဒေများ ပြဋ္ဌာန်းရန် မော်စီ၏ မွတ်ဆလင်ဘရားသားဟုဒ်ပါတီ လှုပ်ရှားမှုမှာ ပျော့ညံ့နေကြောင်း ၎င်းကဝေဖန်ခဲ့သည်။

အီဂျစ်နိုင်ငံတောင်ပိုင်းကို ခရစ်ယာန်နိုင်ငံအဖြစ် အီဂျစ်နိုင်ငံမှခွဲထွက်နိုင်ရန် မော်စီကို ရာထူးမှဖယ်ရှားခြင်းအား အီဂျစ်လူနည်းစု ခရစ်ယာန်ဘာသာဝင်များက ထောက်ခံကြသည်ဟုလည်း ဇာဝါဟီရီက စွပ်စွဲခဲ့သည်။

*—Ref: AFP*

7 DAY NEWS JOURNAL
Vol.12, No.22 • AUGUST 7 , 2013



၂၀၁၃ ခုနှစ် မေ ၈ ရက်က ဘေဂျင်းမြို့တွင် မီးခိုးမြူများထူထပ်နေစဉ် တီအန်မင်ရင်ပြင်တွင် အလည်အပတ်လာရောက်သော ကမ္ဘာလှည့်ခရီးသွားနှစ်ဦး ခွဲစိတ်ခန်းသုံးမျက်နှာဖုံးများ တပ်ဆင်ထားသည်ကို တွေ့ရစဉ်
MARK RALSTON/AFP

# လေထုညစ်ညမ်းမှုကြောင့် ဘေဂျင်းမြို့တော်သို့ ကမ္ဘာလှည့်ဦးရေ လာရောက်မှုလျော့ကျလာ

**ဘေဂျင်း၊ဩဂုတ်-၃**

တရုတ်နိုင်ငံ မြို့တော်ဘေဂျင်းသို့ လာရောက်လည်ပတ်သော ကမ္ဘာလှည့်ခရီးသည် အရေအတွက်သည် ယမန်နှစ် ပထမနှစ်ဝက်ကနှင့်နှိုင်းယှဉ်လျှင် လေထုညစ်ညမ်းမှုပြဿနာကြောင့် ၁၄ ရာခိုင်နှုန်းကျော် ကျဆင်းသွားကြောင်း နိုင်ငံပိုင်မီဒီယာက ဖော်ပြသည်။

ဘေဂျင်းသို့ ယခုနှစ်ဝက်အတွင်း လာရောက်သော ခရီးသည်အရေအတွက်မှာ ၂ဒသမ၄ သန်းသာရှိခဲ့ကြောင်း ဘေဂျင်းကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးကော်မရှင်ကပြောသည်။ ကော်မရှင်၏ ဒါရိုက်တာလူယောင်က "လက်ရှိဖြစ်နေတဲ့ လေထုညစ်ညမ်းမှုက ခရီးသွားဦးရေလျော့ကျမှုကို ဖြစ်စေတာပါ။ ဒါနဲ့အတူ ကမ္ဘာ့စီးပွားရေးအားနည်းမှုလည်း ပါဝင်ပါတယ်"ဟုပြောသည်။ ယခုကဲ့သို့ ကမ္ဘာလှည့်ခရီးသွားဦးရေ ကျဆင်းမှုမှာ ပြီးခဲ့သည့်ဇန်နဝါရီတွင် အစိုးရက နိုင်ငံပေါင်း ၄၅ နိုင်ငံမှ ခရီးသည်များကို ဘေဂျင်းတွင် ဗီဇာမလိုဘဲ ၇၂ နာရီနေထိုင်ခွင့် စတင်ခွင့်ပြုခဲ့ပြီးနောက် ပေါ်ပေါက်လာခြင်းဖြစ်သည်။

တရုတ်မြို့တော်ဘေဂျင်းသည် ကျန်းမာရေးထိခိုက်နိုင်သည့် လေထုညစ်ညမ်းမှုများ ပုံမှန်ဖြစ်ပေါ်နေပြီး လေထုထဲ အမှုန်ပါဝင်မှုမှာ ပုံမှန်ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်နှုန်းထက် အဆလေးဆယ်များနေသည်။

—*Ref: AFP*





# ပါကစ္စတန်၊ အီရတ်၊ လစ်ဗျားတို့မှ ထောင်ဖောက်မှုများ သတိထားရန် နိုင်ငံတကာရဲတပ်ဖွဲ့ထုတ်ပြန်



EPA

**လန်ဒန်၊ဩဂုတ်-၃**

နိုင်ငံတကာရဲတပ်ဖွဲ့အင်တာပိုလ်သည် အယ်လ်ကိုင်ဒါအကြမ်းဖက်အဖွဲ့နှင့် ဆက်နွှယ်သည်ဟု သံသယရှိသည့် မကြာမီကဖြစ်ပေါ်ခဲ့သော ပါကစ္စတန်၊ အီရတ်နှင့် လစ်ဗျားနိုင်ငံတို့မှ ထောင်ဖောက်မှုများကို သတိထားရန် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးသတိပေးချက် ထုတ်ပြန်ထားသည်။

အင်တာပိုလ်သည် မကြာမီက ထောင်ဖောက်တိုက်ခိုက်မှုများ ဖြစ်ခဲ့သည့် အဆိုပါနိုင်ငံများသို့ ဖြစ်စဉ်များမှာ ဆက်နွှယ်မှု ရှိ၊ မရှိ သတိထားစစ်ဆေးရန် နှိုးဆော်သတိပေးထားသည်။ ထို့အပြင် အဖွဲ့က ထိုဖြစ်စဉ်များနှင့် ပတ်သက်သည့် မည်သည့်သတင်းကိုမဆို လျင်မြန်စွာပေးပို့သွားရန်လည်း တောင်းဆိုထားသည်။ ပါကစ္စတန်နိုင်ငံတွင် ပြီးခဲ့သည့်အပတ်အတွင်း ဒါရာအစ္စမေးလ်အကျဉ်းထောင်ကိုတာလီဘန်များက တိုက်ခိုက်ပြီး ထောင်ဖောက်ခဲ့ရာ စစ်သွေးကြွများအပါအဝင် အကျဉ်းသားနှစ်ရာကျော် လွတ်မြောက်သွားခဲ့ရသည်။

အီရတ်နိုင်ငံ၌ ဘဂ္ဂဒက်မြို့အနောက်ဘက် အဘူဂါရိတ်ရှိ ထောင်နှစ်ခုတွင် ဇူလိုင် ၂၂ ရက်က အကျဉ်းသားရာချီပြီး လွတ်မြောက်သွားခဲ့သည်။ ထိုထောင်ဖောက်မှုတွင်လည်း ပြင်ပမှ ဝင်ရောက်တိုက်ခိုက်ပြီး ထောင်သားများကို လွတ်မြောက်စေခဲ့ခြင်းဖြစ်သည်။ ထို့နောက် ငါးရက်အကြာ ဇူလိုင် ၂၇ ရက်တွင် လစ်ဗျားနိုင်ငံ ဘင်ဂါဇီမြို့၌ အကျဉ်းသား ၁,၂၀၀ ခန့် ထောင်ဖောက်ပြေးမှု ထပ်မံဖြစ်ပွားခဲ့သည်။

အာရှနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများ၌ ထောင်ဖောက်မှုများအတွင်း အင်တာပိုလ်၏ ယခုသတိပေးချက်သည် အမေရိကန်ပြည်ထောင်စုက ဩဂုတ် ၂ ရက်တွင် အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကတိုက်၌ ခရီးသွားလာမှုများ မပြုလုပ်ရန် ပိတ်ပင်ချက်ထွက်ပေါ်ပြီးနောက် ထပ်မံပေါ်ထွက်လာခြင်းဖြစ်သည်။ —*Ref:BBC*

7DAY NEWS JOURNAL

# Entertainment

Vol.12, No.22 • AUGUST 7 , 2013

## မိုင်းပွန်စော်ဘွားဟော်နန်းကို ထိန်းသိမ်းလိုတဲ့ မိုင်းပွန်သားဟန်ထွန်း

ကြူကြူဟန်

**ရန်ကုန်၊ ဩဂုတ် ၃**

မွေးရက်မြေရှမ်းပြည်နယ်မိုင်းပွန်မြို့ကို ၁၀နှစ်ကြာပြီးမှပြန်ရောက်ခဲ့သော အဆိုတော် ဟန်ထွန်းက မွေးရက်မြေတွင် ရှေးဟောင်းမဟာမြတ်မုနိအပြင် အခြားဘုရားများနှင့် မိုင်းပွန်စော်ဘွား၏မိုင်းပွန်ဟော်နန်းကိုထိန်းသိမ်းသွားရန် ဆန္ဒရှိကြောင်းဟန်ထွန်းကပြောသည်။

"အမေတို့ကလည်း တောင်ကြီးမှာနေတော့ ဒီဘက်ခရီးကိုရောက်တိုင်းလည်း ထိန်းသိမ်းသွားနိုင်အောင် ရည်မှန်းထားတယ်။ ကျွန်တော်တို့လည်း ထိန်းသိမ်းဖို့စိတ်ကူးရှိတယ်။ အခုတော့ ပေါ်ပေါ်တင်တင်ကြီး ထိန်းသိမ်းလို့ရပြီပေါ့။ အခုတော့ မိုင်းပွန်ကစော်ဘွားအနွယ်တွေကလည်း ထိန်းသိမ်းထားပါတယ်။ အဲဒီမှာ ထိန်းသိမ်းဖို့ရာ အဓိကနှစ်ချက်ပဲရှိတယ်။ တော်တော်ရှေးကျတဲ့ ရှေးဟောင်းမဟာမြတ်မုနိဘုရားကြီးရယ်၊ ရှေးဘုရားတွေအများကြီး ထိန်းသိမ်းထားပါတယ်။ နောက်တစ်ခုက မိုင်းပွန်ဟော်နန်းရယ်" ဟု ဟန်ထွန်းက ပြောသည်။

ငယ်စဉ်ကလေးဘဝက ဟော်နန်းအောက်တွင် ဆော့ကစားခဲ့ကြောင်း ဟန်ထွန်းက ပြောကြားသည်။

"မိုင်းပွန်စော်ဘွားကြီး စပ်စံထွန်းအဖေက ပလ္လင်ပေါ်မှာထိုင်ခဲ့တာပေါ့။ သူပဲ ထိုင်ခွင့်ရှိတယ်။ ဦးစပ်စံထွန်းထိုင်တဲ့ ပလ္လင်တော့ မဟုတ်ဘူး။ အစည်းအဝေးတို့ ညီလာခံတို့လုပ်ရင် သူ့အဖေက ပလ္လင်ပေါ်ကနေ ပြောတယ်။ ဦးစပ်စံထွန်းခေတ်ရောက်တော့ အဲဒီအာဏာမအပ်သေးဘူး။ ပလ္လင်ကြီးကိုင်ပြီးမှ အမိန့်အာဏာချရတာ။ ဦးစပ်စံထွန်းကို ပလ္လင်ပေါ်တက်ခွင့်မပေးခင်မှာပဲ မိုင်းပွန်စော်ဘွားကြီး စပ်စံထွန်းသေဆုံးသွားတာ" ဟု ဟန်ထွန်းက ပြောသည်။



လက်ရှိတွင် အဆိုတော် ဟန်ထွန်းသည် ရန်ကုန်မြို့၌ နေထိုင်ပြီး မိသားစုမှာ မိုင်းပွန်မှ တောင်ကြီးမြို့သို့ ပြောင်းရွှေ့နေထိုင်လျက်ရှိပြီး မွေးရပ်မြေမိုင်းပွန်သို့ ၁၀ နှစ်ကြာမှ ယခုတစ်ခေါက် ပြန်ရောက်ခြင်းဖြစ်သည်။

မိုင်းပွန်မြို့မှာ တောင်ကြီးမှ ၃၈မိုင်ကွာဝေးပြီး ကားလမ်းများက ယခင်ထက် ကောင်းမွန်လာသော်လည်း ၁၀ နှစ်ကြာသော်လည်း ဒေသတိုးတက်မှုများ မတွေ့ခဲ့ရကြောင်း ဟန်ထွန်းက ပြောသည်။

စာ(၄၁)သို့



## ကျွန်တော်တို့ Cover Video လေးတွေကြည့်ပြီး ဖိအားလေး နည်းနည်းပါးပါး ပြေပျောက်အောင် ဖျော်ဖြေပေးနိုင်ရင်ကျေနပ်ပါတယ်

Just Us အဖွဲ့နှင့်တွေ့ဆုံခြင်း

**ဇွဲညဏ်**


ဝါသနာတူသူငယ်ချင်းတွေစုပြီး ကိုယ်ကြိုက်တဲ့ဂီတပုံစံအလိုက် နိုင်ငံတကာအဆိုတော်တွေရဲ့သီချင်းတွေကို မူရင်းအဆိုတော်ရဲ့ ပုံစံလည်းမပျက်၊ ကိုယ်ပိုင်ဖန်တီးထားတဲ့ ဆန်းသစ်မှုတွေနဲ့ပေါင်းစပ်ပြီး ဖေ့စ်ဘွတ်ခ်နဲ့ YouTubeမှာ တင်ပေးနေတဲ့ အဖွဲ့တစ်ဖွဲ့ကို အွန်လိုင်းပရိသတ်တော်တော်များများ သတိထားမိလာကြပါတယ်။ အဲဒီအဖွဲ့ကတော့ ဖေ့စ်ဘွတ်ခ်နဲ့ YouTube မှာ Cover Band အဖြစ်ရပ်တည်နေတဲ့ Justus ဆိုတဲ့အဖွဲ့လေးပါ။ ၂၀၁၂ခုနှစ် ဒီဇင်ဘာလကစပြီး ဝါသနာတူသူငယ်ချင်းခြောက်ယောက်က သူတို့ရဲ့စိတ်ကူးတွေကိုစတင်အကောင်အထည်ဖော်ခဲ့တာဖြစ်ပြီး လက်ရှိမှာတော့ မြန်မာနိုင်ငံမှာနေတဲ့ ရဲဇော်မျိုး၊ တေဇမင်းဂေါင်၊ မွန်ဘွဲ့နဲ့ ဘီးကျဲတို့သူငယ်ချင်းလေးယောက်ကလည်းဆက်ပြီး သူတို့ရဲ့ Cover Band အတွက် ဆက်ပြီးသီချင်းတွေကို ပုံစံအမျိုးမျိုးနဲ့ တင်ဆက်ပေးနေတာပါ။ အခုနောက်ဆုံးအနေနဲ့ Dispicable me 2 ဇာတ်ကားနမူနာထဲက လူကြိုက်များတဲ့ Banana Song ကို ပရိသတ်ဆီအရောက်ပို့ထားတာတဲ့ Justus Cover Band နဲ့ တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။

**အရင်ဆုံး Justus ဆိုတဲ့အဖွဲ့လေး ဖြစ်တည်လာပုံကိုပြောပြပေးပါလား။**

ကျွန်တော်တို့သူငယ်ချင်းတွေက အခုလိုမျိုးအဖွဲ့လိုက်မလုပ်ခင်ကတည်းက ကိုယ့်ဟာကိုယ် Cover ဆိုကြတဲ့ ဝါသနာရှိတယ်။ သူငယ်ချင်းတွေစုံတဲ့အခါမှာလည်း အပျော်တမ်းအနေနဲ့လုပ်ဖြစ်တယ်။ တကယ်ဒီလိုမျိုး Band အနေနဲ့စလုပ်ခဲ့တာက ၂၀၁၂ ဒီဇင်ဘာမှပါ။ စလုပ်တုန်းက ခြောက်ယောက်။ အခုတော့ ဂူတူးက စင်ကာပူမှာ၊ ဥက္ကာက ဩစတြေးလျမှာ သူတို့နှစ်ယောက်ရယ် ကျွန်တော်ရဲဇော်မျိုးရယ် မွန်ဘွဲ့၊ တေဇမင်းဂေါင်၊ ဘီးကျဲရယ်ပေါ့။

စာ(၄၁)သို့

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)




7 DAY NEWS JOURNAL
Vol.12, No.22 • AUGUST 7 , 2013

# AIDS ရောဂါဆန့်ကျင်တိုက်ဖျက်ရေး ထောက်ခံအားပေးတဲ့ ချားလစ်သီယွန်

**လော့စ်အန်ဂျလိစ်၊ ဩဂုတ်-၃**

ရွှေကမ္ဘာလုံးဆုရှင် ချားလစ်သီယွန်သည် AIDS ရောဂါဆိုးကို ဆန့်ကျင်တိုက်ဖျက်နေသည့်သူများအပေါ် အထင်ကြီးလေးစားပြီး ယင်းတိုက်ဖျက်မှုကိုလည်း ထောက်ခံအားပေးသည်ဟု ဩဂုတ် ၂ရက်တွင် ပြောကြားသည်။

ချားလစ်သီယွန်သည် ဩဂုတ် ၂ရက်တွင်၎င်း၏ မွေးရပ်မြေ တောင်အာဖရိကတွင် AIDS၊တီဘီနှင့်ငှက်ဖျားရောဂါအား တိုက်ဖျက်ရန် Global Fund က ငွေကြေးထောက်ပံ့ထားသော လူငယ်သံတမန် အဖွဲ့နှင့်သွားရောက်တွေ့ဆုံခဲ့ပြီး လူငယ်များသည် ယင်းရောဂါများ တိုက်ဖျက်ရာတွင် အဓိကသော့ချက်အဖြစ် ပါဝင်သည်ဟု ပြောကြားခဲ့သည်။



"လူငယ်တွေ အခုလိုမျိုးစိတ်အားတက်တက်ကြွကြွနဲ့ ဒီရောဂါဆိုးတွေကို ပါဝင်တိုက်ဖျက်နေတာ တွေ့ရတော့ မျှော်လင့်ချက်တွေ ပိုရှိလာတယ်။ လေးစားဂုဏ်ယူမှုတွေလည်းပိုများလာပါတယ်။ ကျွန်မတို့တွေဟာ နှစ်ပေါင်းအနည်းငယ်အတွင်းမှာ ဒီရောဂါတွေကို အပြင်းအထန်ဆန့်ကျင်တိုက်ခိုက်လာကြတယ်။ တဖြည်းဖြည်းနဲ့ ဒီရောဂါတွေကို အမြစ်ဖြတ်တိုက်ဖျက်နိုင်မှာပါ။ လိုအပ်တဲ့ငွေကြေးထောက်ပံ့မှုတွေရပြီး AIDS ရောဂါကို အနိုင်တိုက်နိုင်တဲ့ မျိုးဆက်ဖြစ်မယ်လို့ မျှော်လင့်ပါတယ်" ဟု ချားလစ်သီယွန်က လူငယ်သံတမန်အဖွဲ့နှင့် တွေ့ဆုံစဉ် ပြောကြားသည်။

၂၀၀၇ ခုနှစ်မှစ၍ HIV/AIDS ရောဂါဆန့်ကျင်တိုက်ဖျက်သူအဖြစ် လုပ်ဆောင်လာသော ချားလစ်သီယွန်သည် အာဖရိကလူငယ်များ AIDS ရောဂါကင်းဝေးရေး CTAOP စီမံကိန်းကို ထူထောင်ခဲ့ပြီး ယင်းစီမံကိန်းတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့သူတစ်ဦးလည်းဖြစ်သည်။

—Ref: BANG Showbiz



# ဩဂုတ် ၂၇ ရက်မှာ စစ်မှုထမ်းမယ့် ဆောင်းဂျုန်ကီ

**ဆိုးလ်၊ ဩဂုတ်-၂**

တောင်ကိုရီးယားသရုပ်ဆောင် ဆောင်းဂျုန်ကီသည် ဩဂုတ် ၂၇ရက်တွင်စတင်စစ်မှုထမ်းမည်ဖြစ်ကြောင်း Blossom Entertainmentက အတည်ပြုပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၏ စစ်မှုမထမ်းမနေရ ဥပဒေအရ အသက် ၂၇ နှစ်အရွယ်ရှိ ဆောင်းဂျုန်ကီသည် ရက်သတ္တပတ်များစွာကြာမြင့်မည့် အခြေခံလေ့ကျင့်ခန်းများ စတင်လုပ်ဆောင်ရန်အတွက် ဩဂုတ် ၂၇ရက်တွင် စစ်သားစုဆောင်းရေးစခန်းသို့ ဦးစွာသွားရောက်၍ အခြေခံစစ်ရေး လေ့ကျင့်ရမည်ဖြစ်ပြီး ယင်းနောက် ၂နှစ်ခန့်စစ်မှုထမ်းရမည်ဖြစ်ကြောင်း ဆောင်းဂျုန်ကီ၏ အေဂျင်စီက ဩဂုတ် ၁ရက်တွင် ပြောကြားသည်။

"ကျွန်တော် သိပ်မကြာသေးခင်က စစ်တပ်ကနေ စစ်မှုထမ်းဖို့ အကြောင်းကြားစာရပြီး ဩဂုတ် ၂၇ရက် စစ်ထဲဝင်မယ်ဆိုပြီး ဆုံးဖြတ်လိုက်တာပါ။ ကျွန်တော့်ရိုက်ကူးရေးတွေအားလုံးပြီးတာနဲ့ စစ်မှုထမ်းဖို့ စိတ်ကူးရှိပြီးသားပါ။ ကျွန်တော့်ကို အားပေးကူညီကြတဲ့ လူတွေကိုလည်း ကျေးဇူးအထူးတင်ပါတယ်" ဟု ပရိသတ်အချစ်တော် ဆောင်းဂျုန်ကီက ပြောကြားသည်။ ပြီးခဲ့သောသီတင်းပတ်က ဂျပန်၊ ထိုင်း၊ စင်ကာပူ၊ တိုင်ပေ အပါအဝင် အာရှခြောက်နိုင်ငံခရီးစဉ် အောင်မြင်စွာ ပြီးဆုံးခဲ့သော ဆောင်းဂျုန်ကီသည် စစ်မှုမထမ်းမီ ဩဂုတ် ၁၇ ရက်တွင် ၎င်း၏ အမာခံပရိသတ်နှင့် တွေ့ဆုံမည်ဖြစ်သည်။ 'Sungkyunkwan Scandal'၊ 'Deep Rooted Tree'၊ 'The Innocent Man' ဒရာမာ ဇာတ်လမ်းတွဲများဖြင့် နာမည်ကျော်လူသိများလာသော ဆောင်းဂျုန်ကီသည် တောင်ကိုရီးယားတွင် ကျော်ကြားသော အသက် ၂၀ ဝန်းကျင် အမျိုးသားသရုပ်ဆောင်တစ်ဦးလည်းဖြစ်သည်။

—Ref: TenAsia






7 DAY NEWS JOURNAL
Vol.12, No.22 • AUGUST 7 , 2013



စာ(၃၉)မှ

# Just Us အဖွဲ့နှင့်တွေ့ဆုံခြင်း

**Justus ကအင်္ဂလိပ်သီချင်းနဲ့နိုင်ငံခြားသီချင်တွေ Cover ဆိုတဲ့အဖွဲ့လို့ ရည်ညွှန်းလို့ရလား။ အဖွဲ့ကို ဘယ်လိုနာမ်စားမျိုးနဲ့ ရည်ညွှန်းစေချင်လဲ။**

ကျွန်တော်တို့အဖွဲ့ကို Cover Band လို့သုံးရင် ပိုအဆင်ပြေနိုင်ပါတယ်။ အရင်ကတည်းကလည်း Cover Band ပုံစံမျိုးလုပ်မယ်ဆိုပြီး စိတ်ကူးခဲ့တာပါ။

**အခုနောက်ပိုင်းအကိုတို့ဆိုထားပြီး ဖေ့စ်ဘွတ်ခ်မှာတင်ထားတဲ့ Banana Song ရောပရိသတ်အားပေးမှုဘယ်လိုရှိလဲ။**

အခုအချိန်အထိတော့ Feed -back တော်တော်ကောင်းပါတယ်။ YouTube မှာတင်တော့ View တစ်သောင်းကျော်ပြီ။ ဖေ့စ်ဘွတ်ခ်မှာကြတော့ ကျွန်တော်တို့ YouTube တင်ထားတာကို Music Page တွေကနေ သူတို့ဟာသူတို့ ဒေါင်းလော့ဒ်ဆွဲပြီး သူတို့ကိုယ်ပိုင်ဗီဒီယိုအဖြစ် ပြန်တင်တယ်။ အဲဒီဆိုဒ်တွေမှာလည်း တော်တော်တော့ပွနေပြီဆိုတော့ တော်တော်အားပေးကြပါတယ်။

**အစ်ကိုတို့ဆိုထားတဲ့ မိုက်ကယ်ဂျက်ဆင်ရဲ့ Heal The World တို့ Maroon 5 ရဲ့ One Moe Night တွေကိုကြည့်ဖူးတဲ့သူတွေက သဘောကျကြတယ်။ အကိုတို့အနေနဲ့ရော အဲဒီသီချင်းတွေနဲ့ ပတ်သက်ပြီးဘယ်လိုတုံ့ပြန်မှုရခဲ့လဲ။**

Feedback ကတော့ကောင်းတာတွေများပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ လူတွေက ကျွန်တော်တို့ တစ်ခါတလဆန်းဆန်းပြားပြားလုပ်တာတွေမရှိမဲ့ ရှိမဲ့ပစ္စည်းတွေနဲ့ တီးထားဆိုထားတာကသူတို့အတွက်အမြင်ရောအကြားရော ဆန်းနေတော့ ကောင်းတဲ့ဘက်က များပါတယ်။

**ကိုရီးယားသီချင်းတွေကိုလည်း Cover အနေနဲ့ဆိုတာတွေ့ရတော့ အဖွဲ့ထဲမှာ ကိုရီးယားဘာသာစကားပြောတတ်တဲ့သူပါလို့လား။**

ကိုရီးယားလိုကျွမ်းကျင်တဲ့သူတစ်ယောက်မှတော့ မပါဘူး။ ဒါပေမဲ့ ကိုရီးယားသီချင်းကြတော့ ဟိုလူဖွင့် ဒီလူဖွင့်နဲ့ နားရည်အရမ်းဝပြီးတော့ အသံထွက်က အရမ်းမခက်တော့ဘူး။ အဲဒီသီချင်းဆိုတုန်းကဆိုသီချင်းသုံးပုဒ်လုံးကို နားထောင်တယ်။ စာသားအဓိပ္ပာယ်တွေကို Google ကနေရှာတယ်။ စာသားအဓိပ္ပာယ်နားလည်ပြီဆိုမှ ကိုရီးယားစာကိုအင်္ဂလိပ်လိုရေးထားတဲ့ဟာကို Download ပြန်ဆွဲတယ်။ နောက်မြန်မာလိုပြန်တယ်။ နောက်ဆုံးမြန်မာလို ပြန်စီပြီးတော့မှဆိုတယ်။ အဲဒီတော့ ပိုပြီးအားရတယ်။

**တခြားဘာသာစကားအနေနဲ့ရောဆိုဖို့အစီအစဉ်ရှိလား။**

တရုတ်လို၊ စပိန်လိုလည်းဆိုဖို့စဉ်းစားနေတယ်။ အဲဒီသီချင်းတွေဆိုဖို့ကလည်း ကိုယ်တကယ်ကြိုက်လို့ဆိုမယ်ဆိုတဲ့ သီချင်းတွေကနားထောင်နေကြတာဆိုတော့ နားရည်ဝနေတယ်။ အဲဒီတော့ ဆိုရတာတော့ အခက်အခဲသိပ်မရှိဘူး။ သီချင်းဆိုတဲ့အခါမှာ လွဲမှားမှုမရှိအောင် သာစာသားအမှန်တွေကို ဒေါင်းလော့ဒ်ဆွဲပြီး ငါဆိုနေတဲ့ စာသားမှားလားမှန်လားပေ့ါ။ သူတို့သီချင်းတွေကို အဓိပ္ပာယ်နားလည်အောင်အရင်လုပ်ရတယ်။ အဓိပ္ပာယ်နားမလည်ဘဲဆိုရင်တော့ သီချင်တွေကပေ့ါနေမှာ။

**ဖေ့စ်ဘွတ်ခ်မှာ ပေါက်ခဲ့တဲ့ "အောင်မြင်ကျော်ကြားမမများ" သီချင်းအကြောင်းလေးရောပြောပြပေးပါလား။**

အဲဒီသီချင်းပုံစံကျတော့ နစ်နာစေလိုတဲ့ ရည်ရွယ်ချက်မပါဘဲ တီးတဲ့ဆိုတဲ့ Cover မျိုးပေ့ါ။ နားကြားလွဲလည်းလွဲတဲ့အတိုင်း အဲဒီသဘောမျိုးပေ့ါ။ အဲဒီအချိန်မှာ မိုက်ကယ်လန်းက ကျွန်တော်တို့ဆီလာဖို့ရှိတယ်။ ကိုမျိုးကြီးဆိုထားတုန်းကလည်း အရမ်းကြိုက်တယ်။ မိုက်ကယ်လန်းရဲ့ သီချင်းစာသားကြီးအတိုင်းဆိုရင်လည်း ပျင်းဖို့ကောင်းမလားလို့နည်းနည်းဆပ်ဆပ်ဆော့ဆော့လုပ်ပြီး မင်းသမီးနာမည်တွေကိုကောက်ထည့်လိုက်တာ တိုတိုလေးပါ။ ပရိသတ်အားပေးမှုရတော့ပျော်ပါတယ်။

**အားလုံးကိုယ်စီမှာ ရည်မှန်းချက်တွေရှိကြတော့ Justus အဖွဲ့ရဲ့ ဂီတနဲ့ပတ်သက်ပြီး ရည်မှန်းချက်ကိုဘာများဖြစ်မလဲ။ သီချင်းတွေကို အမ်တီဗီရိုက်ပြီး အင်တာနက်ပဲတင်ပြီးကျေနပ်နေမှာလား ရှေ့တစ်လှမ်းတိုးဖို့ရော စိတ်ကူးမရှိဘူးလား။**

ဂီတကတော့ လုပ်ဖြစ်နေမှာပါ။ ဂီတကိုအမြဲတမ်းတစ်စိုက်မတ်မတ်လုပ်နေရင်တော့ အားထုတ်ရင်အားထုတ်သလောက်အရာထင်မယ်ထင်ပါတယ်။ Single အထိလည်း စဉ်းစားထားတယ်။ Single ကို OwnTune တွေချည်းပဲသွားစဉ်းစားထားတယ်။ လောလောဆယ်တော့ ခွေတစ်ခြမ်းစာလောက်ရပြီ နောက်ပြီး Single ကိုကျနည်းနည်းတိုင်ပင်ရဦးမယ်။ အင်္ဂလိပ်လိုသွားမလား၊ မြန်မာလိုပဲသွားမလား။ ကျွန်တော်တို့ဖြစ်ချင်တာက ဟိုဘက်မှာလား၊ ဒီဘက်မှာလားပေ့ါ။ ဒါမှမဟုတ် မြန်မာခွေ၊ အင်္ဂလိပ်ခွေသပ်သပ်စီလုပ်မလား။ တစ်ခွေထဲမှာပဲထည့်မလားပေ့ါ။ အခုလောလောဆယ်ကတော့ အင်္ဂလိပ်သီချင်းဘက်ကိုအားပိုနေတော့အဲဒီဘက်ကိုပဲလုပ်ဖြစ်နေတယ်။

**အခုထိ အဖွဲ့အနေနဲ့ Cover ဆိုပြီးတင်ထားတာ သီချင်းဘယ်နှပုဒ်လောက်ရှိပြီလဲ။ အဲဒီအထဲကမှ အဖွဲ့သားတွေအားရပြီး အကြိုက်တူတဲ့ သီချင်းက ဘယ်သီချင်းဖြစ်မလဲ။ ပရိသတ်တွေနဲ့ရော ဘယ်သီချင်းတွေမှာ အပေးအယူမျှခဲ့လဲ။**

Banana အပါအဝင်ဆိုရင် ၁၃ပုဒ်ဖြစ်သွားပြီ။ ကျွန်တော်တို့အဖွဲ့အနေနဲ့ကတော့ သီချင်းတိုင်းကိုအားရတယ်။ ဒါပေမဲ့ ကျွန်တော်တို့ အားရပေမယ့်လည်း ပရိသတ်အားပေးမှုကတော့ တစ်ပုဒ်နဲ့တစ်ပုဒ်မတူဘူး။ Heal The World ၊ ကိုရီးယားသီချင်း၊ Pay Phone၊ အောင်မြင်ကျော်ကြားမမများနဲ့ အခု Island In The Sun ဆို ရင်လည်း View ငါးသောင်းခြောက်သောင်းလောက်ရှိသွားပြီ။

**ရှေ့မှာအဖွဲ့အနေနဲ့ Cover လုပ်ပြီး သီချင်းဆိုဖို့ အာသီသရှိနေတာက ဘယ်သူ့သီချင်းဖြစ်မလဲ။**

လောလောဆယ်တော့ ADEL -E ရဲ့ Someone like You ကိုစဉ်းစားထားတယ်။ ဒါပေမဲ့ လေးယောက်က တစ်ယောက်အကြိုက်တစ်မျိုးဆိုတော့ မတူကြဘူး။ အဖွဲ့လိုက် Cover လုပ်မယ်ဆိုပြီး တစ်ယောက်က ဒီသီချင်းလုပ်ချင်တယ်ဆိုပြီး တန်းစီထားတာအများကြီးပဲ။ တော်တော်များတယ်လုနေကြတာ။

**အဖွဲ့အနေနဲ့ ရိုက်ပြီးတင်ထားတဲ့ အမ်တီဗီတွေမှာ ပျော်ပျော်ရွှင်ရွှင်ပေ့ါပေ့ါပါးပါးရိုက်ထားတာတွေ့ရတယ်ဆိုတော့ အဖွဲ့ရဲ့ နေထိုင်မှုပုံစံက အပြင်မှာရောဒီအတိုင်းပဲလား။**

ကျွန်တော်တို့ပေါင်းတာကတော်တော်ကြာပြီ။ ပြောမနာဆိုမနာတွေဆိုတော့ အမ်တီဗီထဲကအတိုင်းပဲ။ အပြင်မှာလည်း ဗရုတ်အမြဲကျနေတာ။ အမ်တီဗီရိုက်ရင်လည်းပျော်ပျော်ရွှင်ရွှင်ပဲ။ လေးယောက်ထဲပဲ။ သုံးယောက်ပါတဲ့အချိန်မှာ နောက်တစ်ယောက်က ရိုက်တယ်။ ကိုယ့်အချင်းချင်းလိုချင်တဲ့ပုံစံကိုရအောင် Edit လုပ်တာဆိုတော့ ပိုပြီးလွတ်လပ်တယ်။

**အဖွဲ့က အင်္ဂလိပ်သီချင်းတွေ သီဆိုတာ တခြားသူတွေနဲ့ မတူဘဲ ပိုင်နိုင်ပြီးကောင်းတယ်လို့ကြည့်ဖူးသမျှ ပရိသတ်တွေက မှတ်ချက်ပြုတာတွေ့ရတယ်။ အပြင်က ဂီတပွဲတွေမှာ ဆိုပေးဖို့ကမ်းလှမ်းခံရတာမျိုးရှိလား။**

ကမ်းလှမ်းတာတော့ ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဘက်ကလည်း Live မှာအကောင်းဆုံးဖြစ်စေချင်လို့ အချိန်လေးတစ်ခုယူနေတာပါ။ ရှိုးဆိုတာထက် Fan Meeting သဘောမျိုးပွဲလုပ်ဖို့ နေရာလေးတစ်နေရာဒါမှမဟုတ် ဆိုင်တစ်ဆိုင်မှာလုပ်ဖို့ အွန်လိုင်းကနေ Invitation ပေးပြီးတော့ Justus ပွဲလေးကိုဝိုင်းတီးဝိုင်းဆိုပုံစံမျိုးလေးလုပ်ချင်တယ်။

**အခုလက်ရှိ အခွေထွက်တဲ့သူတော်တော်များများက အရှုံးခံပြီး ထုတ်နေကြတယ်။ Justus ကလည်း အခွေထုတ်ဖို့ ဆန္ဒရှိတယ်ဆိုတော့ အဲဒီအခွေအပေါ်မှာရော ဘယ်လိုစဉ်းစားထားလဲ။**

Master အထိတော့ ကျွန်တော်တို့ဒီလိုပဲ ပိုက်ဆံလေးစုလိုက်။ သွားတီးလိုက်။ သိမ်းထားလိုက်ပေ့ါ။ Master ပြီးသွားရင်တော့ဖြန့်ချိရေးတစ်ခုခုကို အပ်ပြီးထုတ်ဖို့စဉ်းစားထားတယ်။ အရှုံးအမြတ်ထက်စာရင် ကိုယ့်ရဲ့အနုပညာချပြဖို့ပဲပေ့ါ။ စီးပွားရေးအနေနဲ့လည်း မစဉ်းစားထားဘူး။

**Justus က ဖန်တီးထားတဲ့ သီချင်းတွေကိုရောဘယ်မှာကြည့်ရှုနားဆင်နိုင်မလဲဆိုတာ လမ်းညွှန်ပေးပါဦး။**

YouTube မှာ Group Justus လို့ Search လုပ်လိုက်ရင်ပေါ်ပါတယ်။ ဖေ့စ်ဘွတ်ခ်မှာလည်း Group Justus ပါပဲ။ အဲဒီမှာ သီချင်းတွေရောဓာတ်ပုံတွေရောဟီးဟီးဟားဟားတွေရောအကုန်ရှိပါတယ်။ သီချင်းကြိုက်တဲ့ လူတွေကိုကျွန်တော်တို့အဖွဲ့ သီချင်းလေးတွေကို နားထောင်ကြည့်စေချင်တယ်။ တစ်ပုဒ်ကြည့်လို့ မကြိုက်ဘူးဆိုရင်လည်း မကြိုက်ဘူးပေ့ါ။ Music ကြိုက်တဲ့လူအချင်းချင်းရိုင်းရိုင်းပင်းပင်းပေ့ါ။ ကျွန်တော်တို့ ရည်ရွယ်ချက်ကလည်း ကျွန်တော်တို့ရဲ့ Cover Video လေးကိုကြည့်ပြီး ရုံးလုပ်ငန်းလုပ်တဲ့လူပဲဖြစ်ဖြစ် ဘယ်သူပဲဖြစ်ဖြစ် သူတို့ရဲ့ Stress နည်းနည်းပါးပါးပြေပျောက်သွားအောင်ဖျော်ဖြေပေးနိုင်ရင် ကျေနပ်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

စာ(၃၉)မှ

# မိုင်းပွန်စော်ဘွားဟော်နန်းကို ထိန်းသိမ်းလိုတဲ့ မိုင်းပွန်သားဟန်ထွန်း

မွေးရပ်မြေမိုင်းပွန်ကိုရောက်ချိန်ကိုလွမ်းဆွတ်မိပြီး မြို့မှာထူးထူးခြားခြား ပြောင်းလဲသွားခြင်းမရှိဘဲ လွန်ခဲ့သော ၁၀ နှစ်က မြင်တွေ့ခဲ့သည့်အတိုင်းသာ ရှိနေကြောင်း လူဦးရေမထူထပ်သော မိုင်းပွန်ရှိဒေသခံများက စပါးစိုက်ပျိုးခြင်းကို အဓိကလုပ်ကိုင်ပြီး လူငယ်အများစုက တစ်ဖက်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်သူ များပြားပြီး အေးအေးချမ်းချမ်းနေထိုင်သောမြို့ဖြစ်ကြောင်း ဟန်ထွန်းက မွေးရပ်မြေအကြောင်း ပြောပြသည်။

မိုင်းပွန်မြို့သို့ပြန်ရန် အကြိမ်ကြိမ်ရည်ရွယ်ခဲ့သော်လည်း မပြန်ဖြစ်ခဲ့ဘဲ မိုးတွင်းကာလဖြစ်နေပြီး ရှိုးပွဲများနည်း၍ အချိန်ရသောကြောင့် ဆွေမျိုးများနှင့် တွေ့ဆုံရန်နှင့် မြို့ကိုပြန်ဖြစ်ခဲ့ကြောင်း၊ မွေးရပ်မြေသို့ ရောက်ရှိစဉ် မကြာသေးမီက ထွက်ရှိထားသော "ခေါင်းနဲ့ပန်း" စီးရီးအတွက်အမ် တီဗီရိုက်ကူးရန် သီချင်းနှင့်လိုက်ဖက်သော ရှုခင်းမတွေ့ခဲ့သောကြောင့် ဓာတ်ပုံဖြင့်သာ မှတ်တမ်းတင်ဖြစ်ခဲ့ကြောင်း ဟန်ထွန်းက ပြောသည်။

"ခေါင်းနဲ့ပန်း" စီးရီးတွင်ပါဝင်သော သီချင်းများကို ပရိသတ်များ နှစ်ခြိုက်သည်ဆိုသဖြင့် ကျေနပ်မိကြောင်း ဟန်ထွန်းကပြောသည်။


## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Wolverine | 20th Century Fox | ၅၃,၁၁၃,၈၀၀ | ၁ |
| ၂။ | The Conjuring | Warner Bros.Pictures | ၈၃,၉၄၅,၀၀၀ | ၂ |
| ၃။ | Despicable Me 2 | Universal Pictures | ၃၀၆,၈၁၃,၀၀၀ | ၄ |
| ၄။ | Turbo | 20th Century Fox & Paramount Pictures | ၅၆,၁၈၃,၂၀၀ | ၂ |
| ၅။ | Grown Ups 2 | Sony Pictures & Columbia Picture | ၁၀၁,၇၆၅,၀၀၀ | ၃ |
| ၆။ | RED 2 | Summit Entertainment, LLC | ၃၅,၀၁၁,၆၀၀ | ၂ |
| ၇။ | Pacific Rim | Warner Bros.Pictures | ၈၄,၁၈၉,၆၀၀ | ၃ |
| ၈။ | The Heat | 20th Century Fox | ၁၄၁,၃၀၉,၀၀၀ | ၅ |
| ၉။ | R.I.P.D | Universal Pictures | ၂၄,၅၆၅,၅၀၀ | ၂ |
| ၁၀။ | Fruitvale Station | The Weinstein Company | ၆,၂၇၂,၅၄၀ | ၃ |

## Movie Review

### Jobs




အမေရိကန်လူမျိုးစတိဗ်ဂျော့ဘ်သည် အိုင်တီနည်းပညာလောကကိုပြောင်းလဲစေမည့် Apple ကွန်ပျူတာကို တီထွင်၍ စွန့်ဦးတီထွင်သူတစ်ဦးအဖြစ် စီးပွားရေးလောက၌ မည်သို့ရပ်တည်နိုင်ခဲ့သည်ကို ချီးကျူးမှတ်တမ်းတင်ထားရိုက်ကူးထားသည်။

အတ္ထုပ္ပတ္တိဒရာမာ Jobs ဇာတ်ကားသည် Apple ကုမ္ပဏီ CEO စတိဗ်ဂျော့ဘ်၏ စွန့်စားတီထွင်မှုဘဝအခြေအနေကို အခြေပြုရိုက်ကူးထားခြင်းဖြစ်သည်။ ဒါရိုက်တာ Joshua Michael Stern ရိုက်ကူးထားပြီး Open Road Films က ဩဂုတ် ၁၆ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။ ယင်းဇာတ် ကား၌ Apple ကုမ္ပဏီတည်ထောင်သူ စတိဗ်ဂျော့ဘ်အဖြစ် Ashton Kutcher က သရုပ်ဆောင်မည်ဖြစ်ပြီး Josh Gad,Dermot Mulroney, Ahna O' Reilly နှင့် Matthew Mo-dine တို့လည်း ပါဝင်သရုပ်ဆောင်ထားသည်။

Sports

7DAY NEWS JOURNAL

Vol.12, No.22 • AUGUST 7 , 2013

# ဝဏ္ဏသိဒ္ဓိကွင်းမှ ရန်ပွဲဂယက်များ

**ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းတွင် ဩဂုတ် ၄ ရက်ညနေပိုင်းက ယှဉ်ပြိုင်ခဲ့သော ရန်ကုန်နှင့်နေပြည်တော်တို့၏ ဘောလုံးပွဲစဉ်မှာ မှတ်တမ်းဆိုးအချို့ကျန်ရစ်ခဲ့သည်။ စည်းကမ်းမဲ့သောပရိသတ်နှင့်ကစားသမားအချို့ကြောင့် မြန်မာနေရှင်နယ်လိဂ်တွင် ပွဲမပြီးခင်ပထမဆုံးရပ်နားခဲ့ရသော ဘောလုံးပွဲ၊ ဝဏ္ဏသိဒ္ဓိကွင်းတွင် မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်ပထမဆုံးယှဉ်ပြိုင်ပြီး ဝရုန်းသုန်းကားနှင့်ပွဲပျက်ခဲ့သည်ဟူသော မှတ်တမ်းတို့ပင်ဖြစ်သည်။ အဆိုပါ ဖြစ်စဉ်အပေါ် အမြင်များကိုစုစည်းဖော်ပြလိုက်ပါသည်။**

ဗိုလ်ဗိုလ်ဝင်း



*ကွင်းအတွင်းသို့ဝင်ရောက်ရမ်းကားနေသော ပရိသတ်အချို့နှင့် တားဆီးနေသောကစားသမားများ*

ဓာတ်ပုံ - မင်းကိုဇင်

### ဦးခင်မောင်ထွေး(ပျဉ်းမနား) (ဝါရင့်အားကစားကလောင်ရှင်)

"လုံးဝမဖြစ်သင့်ဘူးပေ့ါနော်။ ဘယ်လိုမှ လက်ခံနိုင်စရာရှိတဲ့ ဖြစ်စဉ်မဟုတ်ဘူး။ မြန်မာလိဂ်မှာပဲ ဖြစ်ဖြစ်၊ ဘယ်မှာဖြစ်ဖြစ် ဒါကြီးက တော်တော် မင်းမဲ့စရိုက်ဆန်လွန်းအားကြီးတယ်လေ။ ဒါမျိုးနောက်မဖြစ်အောင် မှတ်မှတ်သားသား ဖြစ်အောင် အရေးယူတားဆီးရလိမ့်မယ်။ ဖြစ်သွားတဲ့အဖြစ်အပျက်အပေါ် သုံးသပ်ရင် နံပါတ် ၁ လုံခြုံရေးအားနည်းတာပဲ။ ပွဲကြည့်စင်ပေါ်က ခုန်ချပြီး ကွင်းထဲဝင်လာတယ်ဆိုတာမျိုးက အစောကတည်းက ပွဲကြည့်စင်ဘက်မှာ လုံခြုံရေးချထားရင် ဖြစ်ပါ့မလားပေ့ါ။ ကွင်းကြီးကိုဖျက်ဆီးပစ်နေတာမျိုးတွေကတော့ လုံးဝမဖြစ်သင့်တဲ့ ကိစ္စတွေပဲ။ နံပါတ် ၂ ကတော့ ပွဲကို ကိုင်တွယ်တဲ့ ဒိုင်လူကြီးရဲ့ မပါးနပ်မှုကြောင့်လို့ ထင်တယ်။ နံပါတ် ၃ အချက်ကတော့ ပွဲကြည့်ပရိသတ်တွေရဲ့ မင်းမဲ့စရိုက်ဆန်မှုပေ့ါ။ ကွင်းထဲကို ခုန်ဆင်းလာတယ်။ လူတွေကို ရန်မူတယ်။ အထူးတန်းပေါ်မှာ ဘယ်သူတွေကြည့်နေလဲ။ လူကြီးတွေ ရှေ့မှာတောင် လုပ်ပြတယ်ဆိုတာကတော့ တော်တော်လေး ရုပ်ဆိုးပြီး ရိုင်းစိုင်းလွန်းအားကြီးတယ်။ အဓိကအဲဒါတွေကြောင့် ဖြစ်တာလို့ ထင်ပါတယ်။ ဆီးဂိမ်းအတွက်ကတော့ ဒီအဖြစ်အပျက်က အင်မတန်မှ တန်ဖိုးကြီးတဲ့သာဓကပါပဲ။ ပြည်ပအသင်းတွေနဲ့ ယှဉ်ပြိုင်တဲ့ ပြိုင်ပွဲတွေမှာဖြစ်ရင် ဘယ်လိုလုပ်ကြမလဲ"

### ဦးရဲညွန့်(နိုင်ငံတကာရွှေတံဆိပ် ၁၅ဆုရှင် မြန်မာ့လက်ရွေးစင်ဘောလုံးသမား တိုက်စစ်မှူးဟောင်း)

"ပွဲကို ထိန်းသိမ်းတဲ့နေရာမှာ ဘက်စုံထိန်းသိမ်းမယ်ဆိုရင်တော့ ဒီလိုကိစ္စတွေဟာ ဖြစ်ခဲ့တဲ့ကိစ္စတွေလိုပဲပြောရမှာပေ့ါ။ လုံခြုံရေးအရ ထိန်းသိမ်းတဲ့နေရာမှာလည်း ပြည့်ပြည့်ဝဝထိန်းသိမ်းရင် ဒါတွေဖြစ်လာမှာမဟုတ်ဘူး။ လုံခြုံရေးကောင်းမယ်ဆိုရင် ကွင်းထဲကို ကျော်လွှားနိုင်တာမျိုးတွေကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။ နောက်ပြီး ကစားကြတဲ့ နှစ်ဖက်ကစားသမားတွေပေါ်လည်း မူတည်တယ်။ ဒိုင်လူကြီးပေါ်လည်း မူတည်တယ်။ ကွင်းကြီးကြပ်ရေးအစပေ့ါလေ။ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပွဲစဉ်လိုမျိုးဆိုရင် ပိုအရေးကြီးတာပေ့ါ။ ပွဲကြည့်ပရိသတ်တွေ အနေနဲ့လည်းဖြစ်နိုင်ရင် အားကစားဥပဒေတွေပါ နားလည်ထားရင်တော့ ပိုကောင်းတာပေ့ါ။ အားပေးပုံစနစ်တကျစည်းကမ်းရှိရင်အကောင်းဆုံးပဲပေ့ါ။ ကိုယ့်ကွင်းတွေမှာ သံဇကာပိုက်ကွန်ကြီးတွေကာပြီး ကြည့်နေရတာကို နိုင်ငံတကာက မြင်ရင်လည်း ဘယ်လိုထင်ကြမလဲ။ ဒီနိုင်ငံကပွဲကြည့်ပရိသတ်တွေက တော်တော်ဆိုးလို့ ဖြစ်မှာပဲလို့ ထင်မှာပဲလေ။ လာမယ့်(၂၇)ကြိမ်မြောက်ဆီးဂိမ်း ပြိုင်ပွဲမှာ နိုင်ငံတကာအသင်းတွေနဲ့ယှဉ်ပြိုင်ရတဲ့အခါမှာ ဒီလိုပြဿနာမျိုးမဖြစ်အောင် အားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြိုးစားကြရမှာပေ့ါလေ။ အပြသဘောပြောရမယ်ဆိုရင်တော့ လာမယ့်ဆီးဂိမ်းအတွက် ဒီအဖြစ်အပျက်က အကောင်းဆုံးသင်ခန်းစာတစ်ခုလို့ပဲဆိုရမှာပါ"

### ဒေါက်တာစိုင်းဆမ်ထွန်း (ရတနာပုံအသင်းပိုင်ရှင်)

"ဆရာတို့ စိတ်မကောင်းပါဘူး။ ဆရာလည်း ကိုယ်တိုင်တော့ မသွားပါဘူး။ ဒီအဖြစ်အပျက်တော့ မမျှော်လင့်ဘဲနဲ့ဖြစ်တယ်လို့လည်း ယူဆတယ်။ ဒီအဖြစ်အပျက်က ဆရာတို့အတွက် ဘယ်လိုမှ ကောင်းတာဘာမှ မရှိပါဘူး။ ဒီလိုမျိုး အဖြစ်အပျက်ကို ကမ္ဘာကပဲကြည့်ကြည့်၊ ကိုယ့်အချင်းချင်းပဲ ကြည့်ကြည့် ကောင်းတဲ့အလားအလာတော့ မဟုတ်ပါဘူး။ ဆရာတို့ရဲ့ ဘောလုံးလောကဂုဏ်သိက္ခာကိုလည်း တော်တော်ထိခိုက်နစ်နာစေပါတယ်။ ဘောလုံးနဲ့ပတ်သက်ပြီး ငွေကုန်ခံပြီးလုပ်လာတဲ့ပွဲက ဒီလိုမျိုးရလဒ်က ဆရာတို့ မမျှော်လင့်ထားပါဘူး။ ဒါကိုလည်း ဆရာတို့က စိတ်ရှည်ရှည်နဲ့ ဆက်ရဦးမှာပဲပေ့ါ"

### ကိုရဲဇော်(ကွင်းအတွင်းသို့ ကိုယ်တိုင်သွားရောက်ကြည့်ရှုခဲ့သည့်ပရိသတ်တစ်ဦး)

"ပထမတစ်ချက်က စနစ်တကျလုံခြုံရေးထားရှိမှု အားနည်းတာပါ။ ကွင်းထဲကို အန္တရာယ်ရှိတဲ့ ပစ္စည်းတွေ အရက်ပုလင်းတွေ ယူဆောင်လာတာမျိုးတွေ ခွင့်ပြုထားရင်တော့ အန္တရာယ်ကိုဖိတ်ခေါ်ထားသလိုမျိုး ဖြစ်နေမှာပါပဲ။ နောက် လုံခြုံရေးဝန်ထမ်းတွေအနေနဲ့လည်း နိုင်ငံတကာမှာလို ခေတ်မီတဲ့ ကိရိယာ(ဥပမာ-စီစီတီဗီကင်မရာတို့၊ ခန္ဓာကိုယ်ကို Scan ဖတ်တဲ့ကိရိယာ)မျိုးတွေလည်း အသုံးပြုသင့်နေပါပြီ။ ဒုတိယတစ်ချက်က လာမယ့်ဆီးဂိမ်းပြိုင်ပွဲကို ပြည်သူတွေ ပရိသတ်တွေ စိတ်ဝင်စားအောင် လှုံ့ဆော်ရေးတွေ လုပ်နေကြတာတွေ့နေရပါပြီ။ ဒါပေမဲ့ စိတ်ဝင်စားအောင် လှုံ့ဆော်နေရုံတင် မရပါဘူး။ ပရိသတ်တွေအနေနဲ့ အားကစားပြိုင်ပွဲကို စည်းကမ်းတကျအားပေးတတ်အောင် ပညာပေးလုပ်ငန်းတွေပါ ပြုလုပ်ပေးဖို့ လိုအပ်ပါပြီ"




DM
Dennis Martin
NEW ARRIVAL
DM9897
Available at :
CHERRY OO
DENNIS MARTIN WATCH GROUP,NFC.LTD
HOTLINE : (01)256494, 373022, (09)73022249, (02)72992, (02)76461, (02)76424.


SOLO®
COLLECTION
Hot Line - 09-73192104
WHEREVER YOU GO SOLO WILL FOLLOW

7 DAY NEWS JOURNAL
Vol.12, No.22 • AUGUST 7 , 2013

# မြန်မာဘတ်စကက်ဘောအသင်းများအား အမေရိကန်နည်းပြဆရာ ကိုင်တွယ်မည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဩဂုတ်-၄

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာဘတ်စကက်ဘောအသင်းများအား အမေရိကန်နည်းပြဆရာ တာဝန်ယူ ကိုင်တွယ်သွားဖြစ်ကြောင်း သတင်းရရှိသည်။

အမေရိကန်နိုင်ငံမှ Vision Sports ဘတ်စကက်ဘောအသင်း၏ နည်းစနစ်မှူးဖြစ်သူ စကော့ဂျူသည် ဆီးဂိမ်းအတွက်ပြင်ဆင်နေသည့်မြန်မာဘတ်စကက်ဘောအသင်းများအား လာမည့်စက်တင်ဘာလမှစတင်ကာ တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်ကြောင်းမြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ သိရှိရသည်။

ကောလိပ်အဆင့်ရှိ အဆိုပါအသင်းနည်းပြဆရာများသည် လွန်ခဲ့သည့် ၂၀၀၂ ခုနှစ်မှ စတင်ကာ မြန်မာဘတ်စကက်ဘောအသင်းအားကစားသမားများအား လာရောက်သင်ကြားမှုများ ပြုလုပ်ခဲ့ပြီး အသင်းအနေဖြင့်မူ ၂၀၁၂ ခုနှစ်နှင့် ယခုနှစ် ဇူလိုင်လအတွင်းတွင်မြန်မာနိုင်ငံသို့လက်ရည်စမ်းပွဲများ နှစ်ကြိမ်လာရောက်ယှဉ်ပြိုင်ကစားခဲ့သည်။

"Vision Sport အသင်းရဲ့ ဒါရိုက်တာနဲ့ နည်းစနစ်မှူးဖြစ်တဲ့ မစ္စတာစကော့ဂျူအနေနဲ့ လွန်ခဲ့တဲ့ ၂၀၀၇ ခုနှစ်လောက်ကတည်းက မြန်မာနိုင်ငံကို နှစ်စဉ်လာရောက်ပြီး မြန်မာကစားသမားတွေကို သင်ကြားပြသပေးနေတာပါ။ မြန်မာနိုင်ငံကိုလည်း သံယောဇဉ်ရှိနေတဲ့ သူ့အနေနဲ့ ဆီးဂိမ်းပြိုင်မယ့် မြန်မာအသင်းတွေကို တာဝန်ယူဖို့ ဆုံးဖြတ်တာလို့ သိရပါတယ်"ဟုမြန်မာနိုင်ငံဘတ်စကက်ဘော ဒုတိယဥက္ကဋ္ဌဦးမောင်မောင်မြင့်က ပြောသည်။



*Vision sports အသင်းနှင့်မြန်မာအသင်း လက်ရည်စမ်းပွဲ ယှဉ်ပြိုင်နေစဉ်* ဓာတ်ပုံ - အား/ကာ

၂၀၁၃ ဆီးဂိမ်းသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာဘတ်စကက်ဘော အသင်းများအား ပဏာမလက်ရွေးစင် အမျိုးသား၊ အမျိုးသမီး ၁၆ ဦးစီဖြင့် နေပြည်တော်တွင် စခန်းသွင်းလေ့ကျင့်လျက် ရှိသည်။ အမျိုးသမီးအသင်းအနေဖြင့် ဩဂုတ်လ ၆ ရက်မှ စက်တင်ဘာလဆန်းအထိတစ်လကြာ တရုတ်နိုင်ငံ၊ ကူမင်းမြို့တွင် ပူးတွဲလေ့ကျင့်မှုများ သွားရောက်ပြုလုပ်လျက်ရှိသည်။

"အမျိုးသမီး အသင်းကို တရုတ်နည်းပြဆရာက ကိုင်တွယ်နေပြီး အမေရိကန်နည်းပြဆရာကတော့ အမျိုးသားအသင်းကို အဓိကကိုင်တွယ်သွားဖို့ ရှိပါတယ်။ ဒါပေမဲ့ သူ့အနေနဲ့ နှစ်သင်းစလုံးအတွက် နည်းစနစ်ပိုင်းတွေကို သူတာဝန်ယူသွားဖို့ရှိပါတယ်။ အဖွဲ့ချုပ်နဲ့ ညှိနှိုင်းပြီး အကောင်းဆုံး ပြင်ဆင်သွားမှာပါ" ဟု အဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

## ဆီးဂိမ်းအကြို ကရာတေးဒိုပြိုင်ပွဲ နေပြည်တော်တွင် ကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဩဂုတ်-၄

ပြိုင်ပွဲဝင် ငါးနိုင်ငံပါဝင်ယှဉ်ပြိုင်မည့် ၂၀၁၃ ဆီးဂိမ်းအကြို ကရာတေးဒိုပြိုင်ပွဲကိုဩဂုတ်လနောက်ဆုံးပတ်တွင် နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထိုင်း၊ မလေးရှား၊ လာအို၊ ဗီယက်နမ်နှင့် အိမ်ရှင်မြန်မာနိုင်ငံမှ အားကစားသမား စုစုပေါင်း ၁၀၀ ကျော် ပါဝင်ယှဉ်ပြိုင်မည့် အဆိုပါပြိုင်ပွဲကိုဩဂုတ် ၂၈ ရက်မှ ၃၀ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ(၁)၌ လက်ခံကျင်းပသွားမည်ဖြစ်သည်။

လာမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲ၏ ကရာတေးဒိုပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၇ ဆုချီးမြှင့်သွားမည်ဖြစ်ပြီး ဆီးဂိမ်းအကြိုပြိုင်ပွဲတွင်လည်း အဆိုပါ အရေအတွက်အတိုင်း ပြိုင်ပွဲအမျိုးအစားများ ထည့်သွင်းကျင်းပသွားရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်မှ သိရှိရသည်။

"ဆီးဂိမ်းအကြိုပြိုင်ပွဲမှာကတော့ ဆုတံဆိပ်မျှော်မှန်းချက်ထက်ကစားသမားတွေ အတွေ့အကြုံရရှိရေးကို ရည်ရွယ်ပါတယ်။ ကျွန်တော်တို့ရဲ့ အဓိကရည်မှန်းချက်က ဆီးဂိမ်းပြိုင်ပွဲဖြစ်ပါတယ်။ အကြိုပြိုင်ပွဲမှာတော့ ပြိုင်ဘက်တွေရဲ့အနေအထားနဲ့ မိမိအားကစားသမားတွေရဲ့ အားနည်းချက်၊ အားသာချက်တွေကို သိအောင်လုပ်ပြီး ပိုကောင်းအောင် ပြင်ဆင်လေ့ကျင့်သွားဖို့ ရည်ရွယ်ပါတယ်"ဟု အဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

၂၀၁၃ ဆီးဂိမ်းအတွက် ရည်ရွယ်၍ မြန်မာကရာတေးဒိုအားကစားအဖွဲ့အနေဖြင့် ကုမိတဲ့(အတိုက်)အားကစားသမား ၂၃ ဦးကို နေပြည်တော်တွင်လည်းကောင်း၊ ခတ(ကကွက်)အားကစားသမားကိုးဦးကိုရန်ကုန်မြို့၌လည်းကောင်း စခန်းသွင်းလေ့ကျင့်လျက် ရှိသည်။

ထို့အပြင် ကမ္ဘာ့ချန်ပီယံများမွေးထုတ်ပေးနေသည့် ဂျပန်နည်းပြဆရာ၏ ရွေးချယ်ခေါ်ယူမှုအရ မြန်မာ့လက်ရွေးစင်အားကစားမယ် ယင်းဝှါထောင်းလွယ်သည် ဂျပန်နိုင်ငံတွင် ကမ္ဘာ့ချန်ပီယံများနှင့်အတူ ပူးတွဲလေ့ကျင့်မှုများ သွားရောက်ပြုလုပ်လျက်ရှိသည်။








SAMSUNG
Samsung GALAXY Tab3
Portable multimedia for precious moments
Story Album
with 7-inch display
with 8-inch display
with 10.1-inch display
Samsung
GALAXY Tab3
• Super Slim Design • WXGA Display
• S-Travel • Dolby Surround • Story Album
Samsung Customer Service Plaza : အမှတ်(၁၉၅)၊ မဟာဗန္ဓုလပန်းခြံလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – (၀၁) ၃၇၈ ၂၁၆၊ ၃၇၈ ၂၁၇
SAMSUNG Mobile Brand Shops :

7 DAY NEWS JOURNAL
Vol.12, No.22 • AUGUST 7 , 2013



*စပိန်နိုင်ငံအနောက်မြောက်ပိုင်း စီဘရီရော့စ်မြို့ပြင်တွင် လောင်ကျွမ်းနေသောတောမီးကို ငြိမ်းသတ်ရန်ကြိုးစားနေသည့် မီးသတ်သမားတစ်ဦး*

SUSANA VERA/REUTERS

## မက်ဒရစ်မြို့တော် အနောက်ဘက်တွင် တောမီးများလောင်ကျွမ်း

**မက်ဒရစ်၊ ဩဂုတ်-၅**

စပိန်နိုင်ငံမြို့တော် မက်ဒရစ်မြို့ အနောက်ဘက် ၅၇ မိုင်အကွာတွင် တောမီးအကြီးအကျယ် လောင်ကျွမ်းနေသောကြောင့် မီးသတ်လေယာဉ် ၁၇ စီးဖြင့် မီးသတ်သမား ၅၅၀ ကျော်က ငြိမ်းသတ်နေရကြောင်း စပိန်အာဏာပိုင်များက ပြောသည်။

ဩဂုတ် ၃ ရက်က စတင်သတိပြုမိခဲ့သော တောမီးလောင်ကျွမ်းမှုသည် တစ်ရက်ကြာလောင်ကျွမ်းခဲ့ပြီးနောက် ထိန်းသိမ်းမရသည့် အခြေအနေပင်ရှိဆဲဖြစ်ပြီး မကြာမီတွင် ငြိမ်းသတ်နိုင်မည်ဟု မျှော်လင့်ကြောင်း ဒေသဆိုင်ရာ အုပ်ချုပ်ရေးပြောခွင့်ရ ပုဂ္ဂိုလ် ဖရန်စစ္စကို ဂျိုးစ်ဆန်ချက်ဇ်က ပြောသည်။

ယင်းတောမီးကို တမင်ရည်ရွယ်ရှို့ခဲ့သည်ဟူသော အထောက်အထားအချို့ တွေ့ရကြောင်းနှင့် ယင်းကိစ္စကို စုံစမ်းစစ်ဆေးနေကြောင်း ၎င်းကပြောသည်။ မီးငြိမ်းသတ်ရာမှ ဒဏ်ရာရရှိသူတစ်ဦးကို အရေးပေါ်ကယ်ဆယ်ရေးဝန်ထမ်းများက ကယ်ဆယ်ပေးခဲ့ရပြီး အရေးအတွက်အတိအကျ မသိရသော ခြေသလုံးအိမ်တိုင်သမားများ၏ ယာယီစခန်းတစ်ခုကိုလည်း ဘေးကင်းရာသို့ရွှေ့ပြောင်းပေးခဲ့ရသည်။ *—Ref: AP*

# ညွန့်ပေါင်းအစိုးရကို ထောက်ခံကြောင်း ဘာလူစကိုနီပြောကြား

**ရောမ၊ ဩဂုတ်-၅**

အခွန်လိမ်လည်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းကို တရားရုံးချုပ်က ဆက်လက်အတည်ပြုခဲ့ခြင်းအပေါ် ကန့်ကွက်ရန် ရောမမြို့၌ လူပေါင်းထောင်နှင့်ချီ၍ စုဝေးခဲ့ပြီးနောက် အီတလီဝန်ကြီးချုပ်ဟောင်း ဆီဗီယိုဘာလူစကိုနီက နိုင်ငံ၏ယိုင်နဲ့နဲ့ညွန့်ပေါင်းအစိုးရကို ထောက်ခံမှုပေးလိုက်သည်။

ဇူလိုင် ၄ ရက်က ရောမမြို့တွင် ဘာလူစကိုနီကို ထောက်ခံသူနှစ်ထောင်ခန့်က အခွန်တိမ်းရှောင်မှုပြစ်ဒဏ်ကို ကန့်ကွက်ခဲ့ကြရာ ယိုင်နဲ့နဲ့အစိုးရကို လှုပ်ခါသွားစေခဲ့သည်။ သို့သော် ဘာလူစကိုနီက အဖွဲ့ခုနစ်ဖွဲ့ ဆက်လက်တည်တံ့ရမည်ဟု ပြောကြားသည်။

ထောက်ခံသူများအားစကားပြောကြားရာတွင် ဘာလူစကိုနီက လက်ဝဲယိမ်းတရားသူကြီးများဟု ၎င်းက ကင်ပွန်းတပ်ထားသူများကို ထပ်မံ၍ ခါးခါးသီးသီးတိုက်ခိုက်ပြောဆိုပြီး ၎င်းတွင်အပြစ်မရှိကြောင်း ပြောသည်။ သို့သော် ဝန်ကြီးချုပ် အင်ရီကိုလက်တာ၏ ညွန့်ပေါင်းအစိုးရ ဆက်လက်တည်ရှိရမည်ဟု ပြောသည်။

"ကျွန်တော်တို့ တောင်းဆိုခဲ့ပြီး သဘောတူညီခဲ့တဲ့ စီးပွားရေးနဲ့ပတ်သက်တဲ့ အစီအမံတွေကို အတည်ပြုဖို့အတွက် အစိုးရအဖွဲ့ ရှေ့ဆက်ရမယ်လို့ ကျွန်တော်တို့ ရှင်းရှင်းလင်းလင်း ပြောပြီးသားဖြစ်ပါတယ်"ဟု အီတလီဝန်ကြီးချုပ်ဟောင်းက ပြောကြားပြီး ၎င်း၏အချို့သော သဘောထားပြင်းထန်သည့် ထောက်ခံသူများပြောသလို ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပရေး တွန်းအားမပေးလိုကြောင်း ၎င်းကဆက်လက်ပြောသည်။

*—Ref: Reuters*



ALESSANDRO DI MEO/EPA

*အီတလီဝန်ကြီးချုပ်ဟောင်းဖြစ်ပြီး ပီဒီအယ်လ်ပါတီခေါင်းဆောင်လည်းဖြစ်သူ ဘာလူစကိုနီက ရောမမြို့တော်၌ ချီတက်ဆန္ဒပြပွဲတွင် ထောက်ခံသူများအား နှုတ်ဆက်နေစဉ်*

**နောက်ကျောဖုံး မှ**

## မိုးခေါင်ရေရှားမှုဒဏ်ကို ခံနိုင်သော စပါးမျိုးစိတ်သစ် ဂျပန်ပညာရှင်များ စမ်းသပ်တွေ့ရှိ

Kinandang Patong အမည်ရ စပါးမျိုးစိတ်၏ ထူးခြားသောလက္ခဏာမှာ ပူပြင်းခြောက်သွေ့သော မြေဆီလွှာထဲ၌ လိုအပ်သည့်ရေကို ရှာဖွေနိုင်သော အမြစ်ရှည်ပါရှိခြင်းဖြစ်သည်။

၎င်းအမြစ်ရှည်စပါးမျိုးမှ မျိုးရိုးဗီဇကို DR 01 ဟု အမည်ပေးထားပြီး အာရှ၌ အစိုက်များသော TR64 စပါးမျိုးအတွင်း ခွဲသွင်း၍ မျိုးစပ်လိုက်သည်။ ၎င်းနောက် ရရှိလာသော စပါးမျိုးစိတ်သစ်ကို မိုးမခေါင်သော အခြေအနေ၊ သာမန်မိုးခေါင်သောအခြေအနေနှင့် အပြင်းအထန်မိုးခေါင်သော အခြေအနေတို့၌ စမ်းသပ်စိုက်ပျိုးခဲ့ကြရာ ယင်းစပါးမျိုးစိတ်သစ်သည် သာမန်မိုးခေါင်သော အခြေအနေ၌ ပျက်စီးခြင်းမရှိကြောင်းနှင့် ဆိုးရွားပြင်းထန်သည့် မိုးခေါင်မှုမျိုးတွင်လည်း အထွက်နှုန်းအနည်းငယ်သာကျဆင်းကြောင်း သုတေသီများက ရှာဖွေတွေ့ရှိခဲ့သည်။

ယင်းသုတေသနတွေ့ရှိချက်များကို အခြေခံ၍ ဆည်မြောင်းများ မရှိသည့် ကုန်းမြင့်ဒေသများတွင် DR 01 နှင့် IR 64 ပေါင်းစပ်ထားသည့် စပါးမျိုးစိတ်သစ်ကို အသုံးပြုစိုက်ပျိုးခြင်းဖြင့် စပါးအထွက်နှုန်း မကျဆင်းအောင် ထိန်းထားနိုင်သည်ဟု ဂျပန်သုတေသနပညာရှင်များက ပြောကြားသည်။

*—Ref: AFP*

# ရေခဲမြစ်များ လျော့နည်းသွားသော်လည်း တောင်အာရှတွင် ရေလုံလောက်စွာရနေဦးမည်

**ပါရီ၊ ဩဂုတ်-၅**

တောင်အာရှရှိ အဓိကမြစ်နှစ်စင်းသို့ စီးဝင်သော ရေခဲမြစ်များသည် ယခုရာစုနှစ်အတွင်း ဆိုးရွားစွာဆုတ်ယုတ်လျော့နည်း လာမည်ဖြစ်သော်လည်း ရေရရှိနိုင်မှုမှာ လုံလောက်သည့် အခြေအနေပင်ရှိနေဦးမည်ဟု လေ့လာချက်တစ်ရပ်က ဩဂုတ် ၄ ရက်တွင်ဖော်ပြသည်။

ဟိမဝန္တာရှိ ရေခဲမြစ်များ၏ အခြေအနေသည် အနီးကပ်စောင့်ကြည့်ရမည့်ကိစ္စဖြစ်ပြီး လူဦးရေဒီရေအလား တိုးပွားမှုနှင့် အစားအစာလိုအပ်မှုမြင့်တက်လာသည့် တောင်အာရှဒေသအတွက် ယင်းရေခဲမြစ်များ အရည်ပျော်မှုမှ ရေရရှိမှုမှာ အလွန်အရေးကြီးသည်။

ဖန်လုံအိမ်အကျိုးသက်ရောက်မှု ဆက်လက်တိုးပွားလာခြင်းသည် ရေခဲမြစ်များကို ဆုတ်ယုတ်စေကြောင်း သိပ္ပံပညာရှင်များက သဘောတူကြသော်လည်း ရေခဲပြင်ဆုံးရှုံးမှုနှုန်း၊ ပမာဏ၊ ရေရရှိနိုင်မှုနှင့် ရိုက်ခတ်နိုင်သည့် အကျိုးသက်ရောက်မှု အတိုင်းအတာကိုမူ ၎င်းတို့က သဘောတူညီမှုမရှိသလောက်ပင်ဖြစ်သည်။

ဒင်ညူမြစ်အတွင်းသို့ စီးဝင်သည့် ဘော်လ်တိုရိုရေခဲမြစ်နှင့် ဂင်္ဂါမြစ်အတွင်းသို့ စီးဝင်သော လန်တန်းရေခဲမြစ်များသည် ၂၀၁၀ ပြည့်နှစ်တွင် ဆိုးရွားစွာဆုတ်ယုတ်လာမည်ဖြစ်ပြီး ပိုမိုပြင်းထန်လာသည့် ကမ္ဘာကြီးပူနွေးမှုကြောင့် ယင်းရေခဲမြစ်များမှာ အကြမ်းဖျင်းအားဖြင့် ပမာဏထက်ဝက်ခန့် ဆုတ်ယုတ်သွားမည်ဖြစ်သည်။

မုတ်သုံရာသီအတွင်း မိုးရွာသွန်းမှု၏ ၇၀ ရာခိုင်နှုန်းသည် ဂင်္ဂါမြစ်နှင့် ဗြဟ္မပုတ္တရမြစ်အတွင်းသို့ စီးဝင်ပြီး ယင်းမှာ ရေခဲမြစ်များ အရည်ပျော်သော အဓိကအချိန်နှင့် မြစ်အောက်ပိုင်း မိုးရွာသွန်းမှုများ ချိန်တို့နှင့် တိုက်ဆိုင်နေသည်။

*—Ref: AFP*

# မော်စီထောက်ခံသူများက အတိုက်အခံသမားများအပေါ် ညှင်းပန်းနှိပ်စက်မှုကို စုံစမ်းရန် နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့ တောင်းဆို

**ကိုင်ရို၊ဩဂုတ်-၃**

ရာထူးမှ ဖြုတ်ချခံထားရသော အီဂျစ်သမ္မတ မိုဟာမက်မော်စီ ထောက်ခံသူများသည် ကိုင်ရိုမြို့ရှိ အတိုက်အခံများအား နှိပ်စက်ညှဥ်းပန်းမှုများပြုလုပ်နေသည်ဟူသော စွပ်စွဲချက်ကို ချက်ချင်းစုံစမ်းပေးရန် နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့က ဩဂုတ် ၂ ရက်တွင် တောင်းဆိုခဲ့သည်။

သမ္မတမော်စီကို ထောက်ခံသူများသည် ၎င်းတို့နှင့် အတိုက်အခံများအား ဖမ်းဆီးခြင်း၊ ရိုက်နှက်ခြင်း၊ လျှပ်စစ်ဓာတ်ဖြင့် တို့ခြင်းနှင့် ဓား၊ ဆူးချွန် စသည်တို့ဖြင့် ထိုးခြင်းများ ပြုလုပ်နေသည်ဟုသိရသည်။ "မော်စီအတိုက်အခံတွေကို အခုလို ညှဥ်းပန်းနေတယ်ဆိုတဲ့ စွပ်စွဲချက်တွေဟာ တကယ့်ကို ဆိုးရွားပါတယ်။ အဲဒီကိစ္စဟာ အရေးတကြီး စုံစမ်းရမယ့် ကိစ္စတစ်ခုလည်း ဖြစ်ပါတယ်"ဟု အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိက လူ့အခွင့်အရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။



FAYEZ NURELDINE/AFP

*ဩဂုတ် ၂ ရက်က ကိုင်ရိုမြို့တွင်ပြုလုပ်သော အစိုးရဆန့်ကျင်ဆန္ဒပြပွဲများအတွင်း ဖြုတ်ချခံခဲ့ရသည့် သမ္မတ မိုဟာမက်မော်စီကို ထောက်ခံသူများက ကြီးမားသောဓာတ်ပုံပိုစတာကြီးကို ကိုင်ဆောင်၍ ချီတက်လာစဉ်*

သို့ရာတွင် အီဂျစ်ကြားဖြတ်အစိုးရအနေဖြင့် မော်စီထောက်ခံသူများအနေဖြင့် နှိပ်စက်ညှဥ်းပန်းမှုများ မပြုလုပ်ရန် ယင်းလက်ထောက်ညွှန်ကြားရေးမှူးက သတိပေးခဲ့ သည်။

မော်စီ ထောက်ခံသူများသည် မော်စီ အာဏာသိမ်းခံရသည့် ဇူလိုင် ၃ ရက်မှစ၍ သီတင်းပတ်များစွာကြာအောင် ကိုင်ရိုမြို့တွင် အဓိကသပိတ်စခန်းနှစ်ခုဖွင့်၍ ဆန့်ကျင်ဆန္ဒပြမှုများ ပြုလုပ်နေခဲ့ပြီး သမ္မတမော်စီအား ရာထူးပြန်လည်အပ်နှင်းရန် ဆန္ဒပြလျက်ရှိသည်။ မော်စီရာထူးမှဖြုတ်ချခံရပြီးချိန်မှစ၍ အီဂျစ်နိုင်ငံတွင်းဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် လူ ၂၅၀ ကျော်သေဆုံးခဲ့သည်ဟု သိရသည်။

—*Ref: AFP*

# ဝန်ကြီးချုပ်ဟောင်းရုပ်တုများကို ပွတ်သပ်နေခြင်းရပ်တန့်ရန် ဗြိတိန်လွှတ်တော်အမတ်များ သတိပေးခံရ

**လန်ဒန်၊ဩဂုတ်-၅**

ဗြိတိန် အောက်လွှတ်တော်တွင်ထားရှိသော ဝန်ကြီးချုပ်ဟောင်းများ၏ ရုပ်တုများကို ထိကိုင်လျှင်ကံကောင်းစေသည်ဟုယူဆပြီး လွှတ်တော်အဖွဲ့ဝင်များက ထိကိုင်နေကြသောကြောင့် ယင်းရုပ်တုများကို ကာကွယ်ပေးရန် လိုအပ်ကြောင်း ဗြိတိန်ခေါင်းဆောင်များကပြောသည်။

ယင်းအလေ့အထသည် ဝန်ကြီးချုပ်ဟောင်းဝင်စတန်ချာချီ၏ ရုပ်တုမှ အစပြုပုံပေါ်ကြောင်း ဒေးလ်လီးတယ်လီဂရပ်သတင်းကဖော်ပြသည်။ ဗြိတိန်လွှတ်တော်အမတ်များသည် မိမိတို့နိုင်ငံရေးပါတီအလိုက် ဆိုင်ရာရုပ်တုများကို ထိကိုင်ကြပြီး ကွန်ဆာဗေးတစ်ပါတီဝင်များက ဝန်ကြီးချုပ်ဟောင်း ချာချီ၏ရုပ်တုနှင့် မာဂရက်သက်ချာ၏ရုပ်တုများကို ထိကိုင်ကြပြီး လေဘာပါတီအဖွဲ့ဝင်များက ဒုတိယကမ္ဘာစစ်အပြီး ဝန်ကြီးချုပ်ဖြစ်လာသည့် အက်တလီ၏ရုပ်တုကို ထိကိုင်ကြကာ လစ်ဘရယ်ဒီမိုကရက်ပါတီဝင်များက ပထမကမ္ဘာစစ်အတွင်း ဗြိတိန်နိုင်ငံကို ဦးဆောင်ခဲ့သူ ဒေးဗစ်လွိုင်းယော့ဒ်ဂျော့ချ်၏ရုပ်တုကို ထိကိုင်ကြသည်။

လွှတ်တော်ဒုတိယပြတိုက်မှူး မီလန်နီအန်ဝင်က လွှတ်တော်အဖွဲ့ဝင်များထိကိုင်ကြသောကြောင့် ဝင်စတန်ချာချီ၏ ရုပ်တုတွင် သိသာထင်ရှားသော အပျက်အစီးများဖြစ်ပေါ်နေပြီး အခြားသော ရုပ်တုသုံးခုတွင် ချိုင့်များဖြစ်ပေါ်ကာ သိသာစွာ ပျက်စီးနေကြောင်း ပြောသည်။

ယခုအခါ ယင်းရုပ်တုများတွင် "ကြည့်ရန်အတွက်သာ၊ မကိုင်ရ"ဟု ရေးထားသော ဆိုင်းဘုတ်တစ်ခု ချိတ်ထားပြီဖြစ်သည်။

—*Ref: UPI*




7DAY NEWS JOURNAL

# International

Vol.12, No.22 • AUGUST 7 , 2013

## ယီမင်နိုင်ငံသူ ငြိမ်းချမ်းရေး နိုဗယ်ဆုရှင် အီဂျစ် ပြည်ဝင်ခွင့်ပိတ်ပင်ခံရ

**ကိုင်ရို၊ဩဂုတ်-၅**

ယီမင်နိုင်ငံ လူ့အခွင့်အရေးလှုပ်ရှားသူ ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် မစ္စစ် တာဝါကိုလ်ကာမန်းကို အီဂျစ်အာဏာပိုင်များက လုံခြုံရေးအကြောင်းပြချက်ဖြင့် နိုင်ငံတွင်းသို့ ဝင်ရောက်ခွင့်ပိတ်ပင်လိုက်ကြောင်း အီဂျစ်လေဆိပ်အာဏာပိုင်များက အေအက်ဖ်ပီသတင်းဌာနအား ပြောသည်။

မစ္စစ်ကာမန်းသည် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့လေဆိပ်သို့ရောက်ရှိလာစဉ် အီဂျစ်အာဏာပိုင်များက ယီမင်နိုင်ငံသို့ပြန်ရန် အမိန့်ပေးလိုက်ကြောင်း အာဏာပိုင်များက ပြောကြားပြီး အသေးစိတ်အချက်အလက်ကို ပြောကြားခြင်းမရှိပေ။

နိုဗယ်ဆုရရှိသည့် ပထမဆုံးအာရပ်အမျိုးသမီး မစ္စစ်ကာမန်းသည် အီဂျစ်နိုင်ငံ၏ ရာထူးမှဖယ်ရှားခံထားရသော အစ္စလာမ်မစ်သမ္မတ မိုဟာမက်မော်စီသစ္စာခံများကို ထောက်ခံကြောင်း ဇူလိုင် ၃ ရက်က အီဂျစ်စစ်တပ်၏ အာဏာသိမ်းမှုမှာ ဒီမိုကရေစီမဆန်ကြောင်း ပြောကြားဖူးသူဖြစ်သည်။

လှုပ်ရှားတက်ကြွသူများ၊ ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်များကို အီဂျစ်နိုင်ငံသို့ဝင်ရောက်ခွင့်တားမြစ်ခြင်းမှာ အီဂျစ်ဒုတိယယာယီသမ္မတ မိုဟာမက်အယ်လ်ဘာရာဒီတွင် တာဝန်ရှိကြောင်း စစ်တပ်အာဏာသိမ်းမှုကို ဆန့်ကျင်သည့် ညွန့်ပေါင်းအဖွဲ့ (Anti-Coup Alliance)က ပြောသည်။ ယင်းကဲ့သို့ပိတ်ပင်ခြင်းမှာ လူ့အခွင့်အရေးများနှင့် လွတ်လပ်စွာပြောဆိုခွင့်ကို ချိုးဖောက်ခြင်းများဖြစ်ကြောင်း ၎င်းတို့က ပြောဆိုရှုတ်ချကြသည်။ ယင်းကဲ့သို့ တားဆီးပိတ်ပင်မှုများမှာ အီဂျစ်နိုင်ငံသည် ရဲနှင့်စစ်တပ်အုပ်ချုပ်သည့်နိုင်ငံဖြစ်ကြောင်းပြသနေသည့်အထောက်အထားများပင်ဖြစ်ကြောင်း ၎င်းတို့ကပြောသည်။ —*Ref:AFP*



EPA

*နိုင်ငံတကာအာကာသစခန်းသို့ ပထမဆုံးအကြိမ်အဖြစ်စေလွှတ်မည့် ကီရိုကို စကားပြောသောစက်ရုပ်လေးကို မြေဆွဲအားမဲ့အခြေအနေအတွင်း နေနိုင်ခြင်းရှိ၊ မရှိ စမ်းသပ်မှုပြုလုပ်စဉ် စက်ရုပ်တီထွင်သူပညာရှင် တိုမိုတာကာ တာကာဟရှိနှင့် စီမံကိန်းမန်နေဂျာ တာအိုကာတိုနှင့်အတူ တွေ့ရစဉ်*

## တရုတ်နှင့်ရုရှား နယူးဇီလန် နို့ထွက်ပစ္စည်းများ တင်သွင်းမှုရပ်ဆိုင်း

**ဝယ်လင်တန်၊ဩဂုတ်-၅**

အစာအဆိပ်သင့်မှုဖြစ်နိုင်သည်ဆိုသော စိုးရိမ်မှုများကြောင့် တရုတ်နှင့် ရုရှားနိုင်ငံတို့က နယူးဇီလန်နိုင်ငံမှ နို့နှင့် နို့ထွက်ပစ္စည်းများ တင်သွင်းမှုကို ရပ်ဆိုင်းလိုက်ကြောင်း နယူးဇီလန်အစိုးရအရာရှိများက ပြောကြားသည်။

ရုရှားနှင့် တရုတ်နိုင်ငံတို့က တင်ပို့မှုပိတ်ပင်လိုက်သောပစ္စည်းများက ပြန်လည်သိမ်းဆည်းရန် သတ်မှတ်ထားသော ထုတ်ကုန်များထက် ပိုများကြောင်းလည်း သိရသည်။ ယင်းအတွက် စိတ်ချရသော အရည်အသွေးမြင့် ကုန်ပစ္စည်းများ ထုတ်လုပ်သော နိုင်ငံအဖြစ် နယူးဇီလန်နိုင်ငံ၏ ပုံရိပ်ကိုပါ ထိခိုက်စေခဲ့သည်။

နို့နှင့်နို့ထွက်ပစ္စည်းနှင့် အခြားစိုက်ပျိုးရေးထုတ်ကုန်များမှာ နယူးဇီလန်၏ အဓိကနိုင်ငံခြားတင်ပို့ကုန်များဖြစ်ပြီး တရုတ်နိုင်ငံမှာ ၎င်း၏အကြီးမားဆုံးဈေးကွက်လည်းဖြစ်သည်။



MARTY MELVILLE/AFP

*ဝယ်လင်တန်မြို့တော်ရှိ စူပါမားကက်တစ်ခုတွင် စင်များပေါ်တင်ထားသော ဖွန်တာရာကုမ္ပဏီထုတ် ကလေးနို့မှုန့်ဘူးများ ရှင်းလင်းထားသည်ကို တွေ့ရစဉ်*

ရုရှားနိုင်ငံမှာ နယူးဇီလန်နိုင်ငံက ပြန်လည်သိမ်းဆည်းရန် ကုန်ပစ္စည်းများ တင်ပို့ခဲ့သည်ဟူသော နိုင်ငံခုနစ်နိုင်ငံစာရင်းတွင် မပါဝင်သော်လည်း နယူးဇီလန်ထုတ်ကုန်များကို ပို၍ကျယ်ကျယ်ပြန့်ပြန့် ပိတ်ပင်လိုက်သည်။

ရုရှားအစားအစာဘေးကင်းသန့်ရှင်းရေးအေဂျင်စီ Rospotebnadzor က Fonterra ထုတ်ကုန်များ တင်သွင်းခြင်းကို ဆိုင်းငံ့ထားမည်ဖြစ်ကြောင်းနှင့် ၎င်းထုတ်ကုန်များကို စတိုးဆိုင်များမှ ဖယ်ရှားရန် လုပ်ဆောင်နေပြီဟုလည်း ကြေညာချက်တစ်ရပ်တွင် ထုတ်ပြန်ပြောကြားသည်။ ပြည်နယ်များရှိ ၎င်းတို့၏ ရုံးခွဲများနှင့် အကောက်ခွန်ဌာနကိုလည်း ညွှန်ကြားချက်များ ထုတ်ပြန်ထားကြောင်း ရုရှားအေဂျင်စီက ပြောသည်။ —*Ref: AP*

## မိုးခေါင်ရေရှားမှုဒဏ်ကို ခံနိုင်သော စပါးမျိုးစိတ်သစ် ဂျပန်ပညာရှင်များ စမ်းသပ်တွေ့ရှိ

**ပါရီ၊ဩဂုတ်-၅**

ဂျပန်ဇီဝနည်းပညာရှင်များသည် သမားရိုးကျ ဆန်စပါးများကို ပျက်စီးစေသော မိုးခေါင်ရေရှားမှုများတွင် အထွက်နှုန်းမြင့်မားအောင် အကူအညီပေးသည့် အမြစ်ရှည်စပါးပင်အသစ်တစ်မျိုးကို ရှာဖွေစမ်းသပ်တွေ့ရှိခဲ့သည်။ ရာသီဥတုပြောင်းလဲမှုပြင်းထန်လာချိန်၌ တိုးပွားလာသော ကမ္ဘာ့လူဦးရေအတွက် ဆန်စပါးမျိုးစိတ်သစ်ကို တတိယအကြိမ်မြောက် အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဂျပန်သုတေသနပညာရှင်များသည် ဖိလစ်ပိုင်နိုင်ငံရှိခြောက်သွေ့သော ကုန်းမြင့်များ၌ ထွန်ယက်စိုက်ပျိုးသော ဆန်စပါးမျိုးစိတ်တွင် ထူးခြားသော မျိုးဗီဇတစ်မျိုးကို တွေ့ရှိခဲ့ကြသည်။

စာမျက်နှာ ၄၆ ››

